WHISPER OF WORDS
ကိုကိုလေး
ခွင့်လွှတ်ပါ
တင်ဝေနော်ဝေဟာ

အမှတ် ၁၀၀ - D၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၅၀၂၆၇၃

ခွင့်လွှတ်ပါ တင်နော်ဟေကာ

ကိုကိုလေး

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ

အမှာစကား

စာဖတ်သူအား အမှာစကားဖြင့် ပန်ကြားအပ်ပါသည်။

ယေဘုယျ အားဖြင့်မူ ဝတ္ထုများတွင် အမှာစကား မလိုပါ။ သို့သော် စာဖတ်သူထံ တင်ပြရန် စကားအနည်းအပါး ရှိနေပါသည်။ ထို့ကြောင့် ဤ နှုတ်ခွန်းဆက် စကားဖြင့် နိဒါန်းပါးလိုက်ရပါသည်။

ဤကမ္ဘာမြေပေါ်တွင် လူသားအချင်းချင်း ရက်စက်စွာ သုတ်သင်ခဲ့ကြသော ကမ္ဘာစစ် လူသတ်ပွဲကြီးကို နှစ်ကြိမ်တိုင် ဆင်နွှဲခဲ့ ကြပါသည်။ မြန်မာနိုင်ငံတွင် လည်း အင်္ဂလိပ်ကို တိုက်ထုတ်ရင်း ဂျပန်ကို တော်လှန်ရင်း စစ်တလင်းအကြိမ် ကြိမ် ဖြစ်ခဲ့ရပါသည်။

ယခုအခါ ထိုစစ်ပွဲကြီးများ ချုပ်ငြိမ်းခဲ့ကြပြီဖြစ်သော်လည်း စစ်ကြောင့် ဖြစ်လာသော ဆိုးကျိုးများက ယနေ့တိုင် အမာရွတ် ထင်နေဆဲ ရှိပါသည်။ ကြောက်ရွံ့နာကြည်း ခါးသီးနောင်ကြဉ်ဖွယ်ရာ ကမ္ဘာစစ် အနိဋ္ဌာရုံများ ကြောင့် ကျန်ရစ်ခဲ့သည့် ရင်နင့်စရာများကို ယနေ့တိုင် တွေ့နိုင်ပါသေးသည်။

အပြစ်မဲ့ ဂျူးလူမျိုးတွေကို သန်းနှင့်ချီ၍ သတ်ခဲ့ကြပြီး စစ်ကြီးပြီးသော အခါ ဝေးရာသို့ ပြေးခွာကာ ကိုယ်ရောင်ဖျောက်သွားကြသော ဂျာမန် နာဇီစစ် ရာဇဝတ်ကောင်ကြီးများကို မြေလှန်ကာရှာဖမ်းသည့် အစ္စရေး မော့ဆက် တို့၏ စွန့်စားခန်းများကိုလည်း သည်းထိတ်ရင်ဖိုစွာ ဖတ်ရှု ကြရပါသည်။

စစ်ကြောင့် အနာတဟာန် ကျွန်းပေါ်ရောက်ကာ ပြဿနာတွေ ရှုပ်ထွေးကုန်သော ဂျပန်ယောကျ်ား သုံးဆယ်နှင့် မိန်းမတစ်ယောက်တို့၏ ဖြစ်ရပ်မှန်များ ကိုလည်း စိတ်ဝင်စားဖွယ် သိခွင့်ရကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည်ကို မသိ၍လည်းကောင်း၊ မယုံ၍ လည်းကောင်း နှစ်ပေါင်းများစွာ ပုန်းအောင်းလျက် ဆက်လက်တိုက်ပွဲဝင်နေခဲ့ ကြသော ဂူလမ်းကျွန်းပေါ်မှ တပ်ကြပ်ကြီး ရှိုအိချိယိုကွိုင်နှင့် လူဘန်းကျွန်းပေါ်မှ အထီးကျန်စစ်သည် ဟီရိုအိုနိုဒါတို့ အကြောင်းများကို တအံ့တဩ ဖတ်ရပါသည်။ ကလေးငိုသံ ရန်သူကြား၍ တစ်ပြုံလုံး အသတ်ခံရမည့်ဘေးကြောင့် ကိုယ့်ရင်သွေးလည်ပင်းကို လုံ့စွပ်နှင့်ထိုးကာ သတ်ပစ်ကြရသော မန်ချူးရီးယားမှ ဂျပန်မိသားစုများ အကြောင်းကိုလည်း ရင်နင့်စွာ သိရှိကြရပါသည်။

သည်လိုအဖြစ်များစွာအနက် မြန်မာပြည်ရောက် ဂျပန်သူနာပြုဆရာမ

လေးတစ်ယောက်၏ လွမ်းမောဖွယ်ဖြစ်အင်က စိတ်ဝင်စားစရာ ကောင်းလှပါ သည်။

ဂျပန်တပ်များ ကစဥ့်ကလျား ဆုတ်ခွာကြရာတွင် ဒဏ်ရာရကာ သူ ကျကျန်ရစ်ခဲ့ရှာသည်။ သူ့ကို မြန်မာကျေးရွာက ကယ်ဆယ်ကုသ စောင့်ရှောက် ထားခဲ့သည်။ ဤတွင် မြန်မာအမျိုးသားတစ်ဦးနှင့် ဖူးစာဆုံကာ အကြောင်းပါသည်။ စစ်ကြီးပြီးသောအခါ စစ်ရှုံးသော သူ့နိုင်ငံသို့ မပြန်တော့။ ဂျပန်နိုင်ငံရှိ သူ့ မိဘဆွေမျိုးများက သူ့ကို နှစ်အတော်ကြာအောင်ပင် မျှော်တလင့်လင့် ရှိနေကြ ပါသည်။

ဤအဖြစ်သနစ်ကို ၃၁-၁၀-၈၂ နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာတွင် ဖတ်လိုက်ရပါသည်။ ထိုအချိန်မှစ၍ သူ့အကြောင်းကို ကျွန်တော့် ရင်ထဲက ထုတ်၍မရတော့ပါ။ တစ်ခါတစ်ရံ တကယ့်အဖြစ်အပျက်တို့သည် စိတ်ကူးယဉ်ထက်ပင် ပို၍ စိတ်ဝင်စားစရာကောင်းပါသည်။

ဂျပန်ခေတ်တစ်လျှောက်လုံး ဖက်ဆစ်ဂျပန်တို့၏ ရက်ရက်စက်စက် နှိပ်စက်သမျှဒဏ်ကို မြန်မာတို့ အလူးအလဲ ခံခဲ့ကြရပါသည်။ မြန်မာတို့သည် မျိုးချစ်စိတ်ကဲပြီး ဇာတိသွေးရဲသူများ ဖြစ်ကြသည့်အားလျော်စွာ ဂျပန်ကို ထတော်လှန်ခဲ့ကြသည်။ ဂျပန်တို့ အရှုံးကြီးရှုံးကာ သေပြေးရှင်ပြေး ဆုတ်ခွာကြ ရသောအခါ ဒုက္ခကြီးစွာ ရောက်ကြလေသည်။

မြန်မာကျေးလက် တောသူတောင်သားတို့သည် ပြေးလာသော စစ်ရှုံး ဂျပန်တို့ကို မိမိတို့အား နှိပ်စက်ခဲ့ကြသူများပါလားဟု အာဃာတမထား လက်စားချေ နှိပ်စက်ခြင်းမပြု၊ စားစရာပေး ကျွေးမွေးသည်။ ဆေးဝါး ကုသပေး သည်။ ရှင်တော်မြတ်ဗုဒ္ဓ၏ အဆုံးအမအောက်ဝယ် လူလားမြောက်ခဲ့ကြသော မြန်မာတို့၏ ဗြဟ္မစိုရ်တရားများက ထိုအချိန်မှာ အထင်အရှား ပြပါသည်။ မြန်မာတို့၏ မေတ္တာကရုဏာများကို တွေ့သောအခါ ဖက်ဆစ်တို့မှာ ကြီးစွာ အံ့သြကြရပါသည်။

စစ်ကြီးပြီး၍ ဂျပန်ပြည်သို့ ပြန်ရောက်ကြသည့်အခါ မြန်မာနိုင်ငံတွင် နေခဲ့ဖူးသော စစ်ပြန်ဂျပန်များမှာ မြန်မာနိုင်ငံကို စွဲလမ်းတသသ ရှိနေကြသည်။ အခြား မည်သည့်နိုင်ငံကို ရောက်ခဲ့သည့် စစ်ပြန်ဂျပန်တစ်ဦးတစ်ယောက်မျှ သူတို့ ရောက်ခဲ့သည့်နိုင်ငံကို ဒီလောက် စွဲစွဲလမ်းလမ်း မရှိကြပါ။ တန်ပြန်ကလဲ့စားချေခြင်း၊ နှိပ်စက်ခြင်းတို့ထက် သည်းခံခွင့်လွှတ်ခြင်း တရားကို ပိုမိုလက်ကိုင်ထားသော မြန်မာ၊ ဒုက္ခရောက်လာသူကို နွေးထွေးကူညီ ပြုစုတတ်သော မြန်မာ၊ ဒီမြန်မာတွေအပေါ် စစ်ပြန်ဂျပန်များက စွဲလမ်းတသသ ရှိနေကြသည်က သဘာဝကျပါသည်။ ဤအကြောင်းအချက်များက ကျွန်တော့်အား ဤဝတ္ထုကို မရေးဘဲ မနေနိုင်အောင် တွန်းပို့ခဲ့ကြပါသည်။ ဖန်တီးရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်ဖြစ် သော်လည်း တကယ့်ဖြစ်ရပ်များကို အခြေခံထားသောကြောင့်

အချိန်ကာလ၊ နေရာဒေသနောက်ခံကား၊ သက်ရှိပုဂ္ဂိုလ်များနှင့် အဖြစ်အပျက်များကို တတ်နိုင် သမျှ နီးစပ်မှန်ကန်အောင် ကြိုးစားထားပါသည်။

ကိုကိုလေး

(၂၇.၉.၁၉၉၃)

ကျေးဇူးတင်လွှာ

စာပေမျိုးစေ့များဖြင့် မြေတောင်မြှောက်ပေးခဲ့သော ကျေးဇူးရှင် ဖခင်ကြီး ဦးချစ်သိမ်း (ကြေးမုံသတင်းစာ နိုင်ငံခြားသတင်းအယ်ဒီတာ ကွယ်လွန်)နှင့် သွန်သင်ညွှန်ကြားပြသ ဆိုဆုံးမခဲ့သော ဘဘဦးသုခ တို့၏ ကျေးဇူးတရားများကို ရိုသေစွာ ကန်တော့ပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီကြ သည့် ဂျပန်ရေးရာများနှင့် ပတ်သက်၍ သိလိုသမျှ ပြောပြပေးကြ သော မစ္စမာဆာမီဟာရာဒါစံ (OSAKA)၊ မစ္စတာ ဟီဆာနိုရိဒါတေးစံ (TOKYO) တို့အားလည်းကောင်း၊ ဂျပန်တပ်များ စစ်ဆုတ်ခဲ့ရာ စစ်တောင်းမြစ်ဝှမ်း ဒေသတစ်ခွင် စာရေးသူ ကွင်းဆင်း လေ့လာရေးခရီးတွင် ရွာစဉ်တစ်လျှောက် အနှံ့ရောက်အောင် လိုက်လံ ပို့ဆောင်ပေးခဲ့သော ဦးသန်းမောင် (ခင်ကြီးကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ ဥက္ကဋ္ဌဟောင်း)အားလည်းကောင်း၊ ဓာတာစစ်ခန်းအတွက် ဆောင်ရွက်ပေးသော တက္ကသိုလ်စိုးမိုးနိုင် အားလည်းကောင်း၊ မီးဖွားခန်းအတွက် တည်းဖြတ်ပေးသော ဒေါက်တာဒေါ်မြမြ (ပါမောက္ခ၊ သားဖွားနှင့်မီးယပ်) အားလည်းကောင်း သိချင်သမျှ စုံစေ့အောင် ပြောပြခဲ့ကြသော လွတ်လပ်ရေးမော်ကွန်းဝင် စစ်ပြန်ရဲဘော်ဟောင်း ဦးကြီးများအားလည်းကောင်း စစ်တောင်းမြစ်ဝှမ်းဒေသ စစ်ဆုတ်လမ်း ရှိ ရွာစဉ်တစ်လျှောက်မှ ဒေသခံများအားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကိုကိုလေး

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော်လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ

Subscribe Telegram Channel

https://t.me/TheBookR

စာရေးသူ၏ ကိုယ်ရေးအကျဉ်း

၁၉၄၉ ခုနှစ်တွင် အဖ ဦးချစ်သိမ်း (ကြေးမုံသတင်းစာတိုက်၊ နိုင်ငံ ခြားရေး အယ်ဒီတာ)နှင့် အမိ ဒေါ်ထားညွန့် (ကျောင်းဆရာမ)တို့မှ မွေးဖွားသည့် မွေးချင်းလေးယောက်အနက် ဒုတိယမြောက် သားဖြစ်သည်။ မြန်မာ ဗုဒ္ဓဘာသာ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို မြန်မာစာ အဓိကဘာသာဖြင့် ရရှိခဲ့သည်။ ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ မြန်မာနိုင်ငံ ရုပ်ရှင်ကောင်စီမှ ရုပ်ရှင် သရုပ်ဆောင်သင်တန်း (၁၉၇၉) နှင့် ရုပ်ရှင်ဒါရိုက်တာ သင်တန်း (၁၉၈၄) တို့ကို တက်ရောက်အောင်မြင်ခဲ့သည်။

ရုပ်ရှင်ဇာတ်လမ်း မှတ်တမ်းရေးသားခြင်း၊ ဖလင်တည်းဖြတ်ခြင်း၊ ထုတ်လုပ်ရေးမန်နေဂျာ လုပ်ကိုင်ခြင်း၊ ဇာတ်ညွှန်းရေးသားခြင်း၊ ဒါရိုက်တာအဖြစ် ရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့သည်။

"ချစ်လို့ပါ' ဝတ္ထုရှည်ဖြင့် (၁၉၉၄) ခုနှစ်တွင် မျိုးချစ်စိတ်ဓာတ် စာပေ ဝတ္ထုရှည်ဆုကို ရရှိသည်။ "ခွင့်လွှတ်ပါတင်နော်ဟေကာ" ဝတ္ထုရှည်ဖြင့် (၁၉၉၆) ခုနှစ်တွင် စာပေဗိမာန် ဝတ္ထုရှည် ပထမဆုကို ရရှိသည်။ "အနှိုင်းမဲ့ရင်ခွင်" ဇာတ်ကားအတွက် (၁၉၉၈) ခုနှစ်တွင် ဇာတ်ညွှန်းအကယ်ဒမီဆုကို ရရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဖိတ်ကြားသဖြင့် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို (၂၀၀၁) ခုနှစ်တွင် တက်ရောက်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် "ရယူလိုသောကြောင့်" ဗီဒီယိုဇာတ်ကားကို (၂၀၀၂) ခုနှစ်တွင် သွားရောက် ရိုက်ကူးခဲ့သည်။ ဂျပန်နိုင်ငံတွင် သွားရောက်ရိုက်ကူးသော "ချစ်ချင်းငယ်ပြိုင်" ရုပ်ရှင် ဇာတ်ကားကြီး ဇာတ်ညွှန်းတာဝန်ယူ လိုက်ပါရေးသားခဲ့သည်။

"ဘယ်အချစ် အကောင်းဆုံးလဲ" ဒီဗီဒီနှင့် "ခေမိနော' ဗီဒီယို ဇာတ်ကားများ အတွက် ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာအဖြစ် တာဝန်ယူကာ (၂၀၀၃) ခုနှစ် တွင် ဂျပန်နိုင်ငံ၌ ရိုက်ကူးခဲ့သည်။ မြဝတီရုပ်မြင်သံကြား၊ ထုတ်လုပ်ရေးမှူး

သင်တန်းများနှင့် တိုက်ပွဲဝင်စည်းရုံးရေးမှူး သင်တန်းများတွင် ဆရာအဖြစ် တာဝန်ယူ ပို့ချခဲ့သည်။ အမျိုးသားအနုပညာနှင့် ယဉ်ကျေးမှုတက္ကသိုလ်တွင် ရုပ်ရှင်နှင့် ပြဇာတ် ပညာဌာနမှူး ကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအဖွဲ့တွင် အကယ်ဒမီဆု ချီးမြှင့် ရေးအကဲဖြတ်အဖွဲ့ဝင် လူကြီးအဖြစ် တာဝန်ယူဆောင်ရွက်သည်။

ကိုကိုလေး

စာပေဗိမာန်စာမူဆု

ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်

ဝတ္ထုရှည် - ပထမဆု (၁၉၉၆) ခုနှစ် -

"ခွင့်လွှတ်ပါ တင်နော်ဟေကာ'

(စာရေးသူ-ကိုကိုလေး)

မြန်မာ-ဂျပန် ဆက်ဆံရေးကို အထောက်အပံ့ဖြစ်စေ သော သမိုင်းနောက်ခံ မေတ္တာဘွဲ့ ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။ မြန်မာလူမျိုးများ၏ ဖြူစင်သော၊ ခွင့်လွှတ်တတ်သော၊ ညှာတာ ထောက်ထားသော၊ မြင့်မြတ်သော နှလုံးသားကို ပေါ်လွင်အောင် ထင်ဟပ်ထားသည့် ဇာတ်လမ်းဇာတ်အိမ်ဖြစ်သည်။ လူသားဝါဒ ကို အထောက်အကူပြုသဖြင့် ဦးတည်ချက်လည်း ကောင်းမွန် သည်။ အရေးအသား၊ အဖွဲ့အနွဲ့၊ အတင်အပြ၊ အပြစ်ဆိုဖွယ် မရှိအောင် သပ်ရပ်ကောင်းမွန်သည့်အပြင် ရသလည်းမြောက် သဖြင့် ပထမဆုပေးရန် သင့်တော်ကြောင်း ထောက်ခံတင်ပြ ပါသည်။

မြန်မာဇာတ်ဆောင်များ

၁။ ကိုရေအေး = မေတ္တာရှင် မြန်မာရွာသား၊ ရိုးသားသူ

၂။ ဦးစိန်ချစ် = ကိုရေအေး၏ဖခင်၊ ရွာမျက်နှာဖုံး

၃။ ဒေါ်နှင်းမြိုင် = ကိုရေအေး၏မိခင်၊ သဒ္ဓါတရားကောင်းသူ

၄။ ဒေါ်မြချစ် = ဦးစိန်ချစ်၏အစ်မ၊ လေငန်းဝေဒနာရှင်

၅။ မအေးလှ = ကိုရေအေး၏ နှမ

၆။ လှခိုင် = ကိုရေအေး၏ညီ၊ တော်လှန်ရေးသမား

၇။ ခိုင်ထွေးစိန် = ကိုရေအေး၏ နှမအငယ်ဆုံး

၈။ သခင်ကံသာ = ဒေါ်နှင်းမြိုင်၏မောင်၊ နိုင်ငံရေးသမား

၉။ ဦးထွန်းလူ = ရွှေလက်ပံရွာ၊ အထူးအာဏာရသူကြီး

၁၀။ ဘကြီးညို = ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီး

၁၁။ အောင်မောင်း = ရွှေလက်ပံရွာ ကာလသားခေါင်းဆောင်

၁၂။ ဒေါ်လုံး = ရွှေလက်ပံရွာသူ၊ မနာလိုတတ်သူ

၁၃။ မြမောင် = ဒေါ်လုံးသား၊ မိန်းမလို မိန်းမရစိတ်ရှိသူ

၁၄။ စောလယ်ဝါး = မြန်မာ-ဂျပန် စကားပြန်ကရင်လူငယ်

၁၅။ ဆရာမှီ = တိုင်းရင်းမြန်မာဆေးဆရာ

၁၆။ မငြိမ်း = ဝမ်းဆွဲသည်

၁၇။ သခင်အေးမောင် = မျိုးချစ်နိုင်ငံရေးသမား

ဂျပန်ဇာတ်ဆောင်များ

၁။ မတ်ဆိုမိအိနိုစံ = သူနာပြုဆရာမ

၂။ နိုရိုကိုဆုရုတာနိစံ = သူနာပြုဆရာမ

၃။ မိယုကိစံ = သူနာပြုဆရာမ

၄။ အိဝါမစံ = သူနာပြုဆရာမ

၅။ အာဆာဒါစံ = ဂျပန်တပ်ထောက်လှမ်းရေးမှူး

၆။ ဒေါက်တာ ယာမာရှီတာစံ = စစ်ဗိုလ်ဆရာဝန်

၇။ ဒေါက်တာ အိုကူဒါစံ = စစ်ဗိုလ်ဆရာဝန်

၈။ ဗိုလ်မှူးကြီး ကာတိုမိချိ = စာပေဝါသနာပါသော ဗိုလ်မှူးကြီး

၉။ ဗိုလ်မှူး အုချိရ = အင်ဂျင်နီယာတပ် ဗိုလ်မှူး

၁၀။ ဗိုလ်တာနားကား = စစ်ရည်ဝသော ဝါရင့်စစ်ဗိုလ်

၁၁။ ဗိုလ် အာကီဂါဝါ = ကျောင်းဆင်းခါစ ဝါနုစစ်ဗိုလ်

၁၂။ ဗိုလ် ရှိဂေဟာရ = ရက်စက်သော ကင်ပေတိုင်ဗိုလ်

၁၃။ ဗိုလ် ကိုအိဇုမိ = ရက်စက်သော ကင်ပေတိုင်ဗိုလ်

၁၄။ တပ်ကြပ်ကြီး တာနီဇာကီ = စစ်ရည်ဝနေသော တပ်ကြပ်ကြီး

၁၅။ ရဲဘော် ဟီဆာနိုရိုဒါတေး = စာသင်ခန်းမှ စစ်ထဲလိုက်လာသူ

ပထမပိုင်း

အခန်း (၁)

နံနက်ခင်း နေမင်းက ထွက်ပြူစပင်ရှိသေးသည်။ သို့သော် နွေရာသီဖြစ်၍ နေက ထွက်လာသည်နှင့် ပူပြီ။ ရွှေလက်ပံရွာ၏ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ရွာနှင့် မလှမ်းမကမ်းမှာ လူလေးယောက်။

ရွာဆီသို့ လျှောက်လာကြသည်။ သူတို့ လေးယောက်စလုံး လွယ်အိတ်ကိုယ်စီ လွယ်ထားကြသည်။ ရွာနှင့် တစ်ခေါ်သာသာလောက်သို့ ရောက်လာကြသည်။ ကုက္ကိုပင်ကြီး တစ်ပင်အောက်မှာ သူတို့ ရပ်လိုက်ကြသည်။ ရှေ့ဆုံးမှ ပင်နီတိုက်ပုံနှင့်လူက-

"ဒီရွာက ရွှေလက်ပံရွာတဲ့၊ ရွာရဲ့ အရှေ့စူးစူးကို ဆက်သွားရင် စစ်တောင်းမြစ်ကြီးရှိတယ်၊ ရွာရဲ့ အနောက်တည့်တည့်ကတော့ ကညွတ်ကွင်းမြို့တဲ့၊ ရွာထဲရောက်ရင်တော့ အခြေအနေအရ ကြည့်လုပ်ရမှာပဲ"

"ပြန်ထွက်တော့ ဘယ်လမ်းက ပြန်ထွက်မှာလဲ"

စွပ်ကျယ်အင်္ကျီနှင့်လူက ပင်နီတိုက်ပုံနှင့်လူကို မေးသည်။

"အခု ဝင်မယ့်လမ်းအတိုင်း ပြန်ထွက်ကြရမှာပဲ"

ရွာဆီသို့ သူတို့ ဆက်လျှောက်လာခဲ့ကြသည်။ ချောင်းကူးတံတား ကလေးအဆုံးမှာ ရွာတံခါးရှိသည်။ သူတို့ လေးယောက် ရွာတံခါးနှင့် နီးလာကြသည်။

ထိုအခိုက် ရွာထဲမှ လူသုံးယောက်။

ရွာတံခါးမှ ဘွားခနဲ ထွက်လာကြသည်။ ရွာပြင်မှ လူစိမ်းလေးယောက် ခြေလှမ်းများ တုံ့သွားကြ၏။ ထွက်လာကြသော ရွာသားသုံးဦးစလုံး၏ လက်ထဲ မှာ ဓားတွေကိုယ်စီ ကိုင်စွဲလျက်။ ရွာထဲမှ ရင်ပေါင်တန်းကာ ထွက်လာနေကြ သည်။ လူစိမ်းလေးယောက်အနက် နှစ်ယောက်က လွယ်အိတ်ထဲသို့ ဖြတ်ခနဲ လက်နှိုက်လိုက်ကြသည်။ လွယ်အိတ်တွေထဲက မာကျောကျော အရာများကို အသင့်အနေအထားမှာ ဆုပ်ကိုင်မိကြသည်။

ရွာသားများက လူစိမ်းများကို တစ်ချက်ကြည့်ပြီး အနားမှ ဖြတ်လျှောက်ကာ

ကျော်လွှန်သွားကြသည်။ ရွာပြင်မှ ဝါးခုတ်၊ ထင်းရှာ လုပ်စရာတစ်ခုခု သူတို့အမှုနှင့် သူတို့အာရုံ ရှိနေကြပုံရသည်။ ရွာသားတွေ ဝေးသွားကြသည်။ ထိုအခါကျမှ လူစိမ်းများက လွယ်အိတ်ထဲသို့ နှိုက်ထားသော လက်များကို ပြန်နုတ်လိုက်ကြသည်။

ရွာထဲသို့ သူတို့ ဝင်လာခဲ့ကြသည်။

ရွာတည်ပုံကို ကြည့်ရုံဖြင့် စည်းလုံးညီညွတ်ပြီး ဥစ္စာတောင့်တင်းသော ရွာကြီးဖြစ်ကြောင်း သိသာပါသည်။

ရွာလယ်ရှိ ညောင်ပင်ကြီးတစ်ပင်နားသို့ သူတို့ ရောက်လာကြသည်။ ညောင်ပင်အောက်ရှိ ရွာသားလေးယောက်က သူတို့ လာနေကြသည်ကို စူးစူးရဲရဲကြည့်နေကြ၏။ ပင်နီတိုက်ပုံနှင့်လူက စတင်၍-

"ခင်ဗျားတို့ ရွာမှာ ဆန်ရောင်းဖို့ရှိသလားဗျာ'

အမေးကို မဖြေကြ။ ရွာသားအချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ ပင်နီတိုက်ပုံနှင့်လူက ချိုသာစွာ ပြုံးရင်း ထပ်မေးသည်။

"ဘယ်အိမ်မှာ ဆန်ရောင်းဖို့ရှိသလဲဗျာ၊ ကျွန်တော်တို့ ဝယ်ချင်လို့ပါ"

"မရှိဘူးဗျ"

"မရှိရင်လည်း ရှိတဲ့နေရာကို ညွှန်ပါဗျာ"

ဘေးမှာရပ်နေသော ပိန်ပိန်ရှည်ရှည် ရွာသားက -

"ဟိုး... သူကြီးအိမ်ကို သွားမေးကြည့်ပေါ့၊ ဒီလမ်းအတိုင်းသွား၊ ရေကန်ရောက်ရင် ဘယ်ဘက်ချိုးပြီး ဆက်လျှောက်၊ ရေတွင်းကြီးနဲ့အိမ် တွေ့လိမ့်မယ်၊ အဲဒါ သူကြီးအိမ်ပဲ'

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်'

ညွှန်သည့်အတိုင်း သူတို့ ဆက်လျှောက်လာခဲ့ကြသည်။ မကြာမီ သူကြီး အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ကြ၏။ သူကြီး ဦးထွန်းလူ၏ အိမ်က ခြံဝင်းကျယ်ကြီးထဲတွင် ဆောက်ထားသော ခြေတံရှည် ပျဉ်ထောင် အိမ်ကြီး တစ်အိမ်ဖြစ်သည်။

ခြံဝမှာ ခဏရပ်၍ အကဲခတ်ပြီး ခြံဝင်းထဲ ဝင်လိုက်ကြသည်။

စူးစူးဝါးဝါး ထိုးဟောင်လိုက်သော ခွေးဟောင်သံကြောင့် ရေတွင်းဘေး တွင် သူတို့ ရပ်လိုက်ကြသည်။ ထွားကျိုင်းသော ခွေးကြီးနှစ်ကောင်က ကျယ်

လောင်စွာဟောင်၍ မာန်ဖီရင်း ပြေးထွက်လာကြသည်။

“ဟဲ့.. မဲလုံး၊ မဲလုံး၊ ဟဲ့.. နီမ... နီမ'

လူရွယ်က သူတို့လေးယောက်ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း မေးသည်။ လေသံက ဖော်ရွေမှုကင်းသည်။ မျက်နှာထားကလည်း တင်းသည်။ မျက်လုံး ထဲတွင် မသင်္ကာခြင်း၊ စိတ်မချခြင်းနှင့် မယုံကြည်ခြင်း အရိပ်အယောင် များကို တွေ့ရသည်။

“သူကြီး ရှိလား”

“ရှိတယ် ဘာလုပ်မလို့လဲ'

“ကိစ္စရှိလို့ပါ”

ပင်နီတိုက်ပုံနှင့်လူက ဖြေရင်း အိမ်ပေါ်သို့ လှမ်းအကဲခတ်သည်။

အိမ်ပေါ်မှာ မိန်းမကြီး လေးငါးယောက် ပျာယာခတ်နေကြသည်။ ထူးထူးခြားခြား ကိစ္စတစ်ခုရှိနေပုံရသည်။ ထိုစဉ် အိမ်ပေါ် ပြတင်းပေါက်တစ်ခုမှ နှုတ်ခမ်းမွေးနှင့် သူကြီးဦးထွန်းလူက-

“ဘယ်သူတွေတုံးကွဲ့”

“ဘယ်သူတွေလဲတော့ မသိဘူး၊ အဘနဲ့ တွေ့ချင်လို့တဲ့”

“လာကြပါစေကွယ်”

လူရွယ်က လူစိမ်းများကို သုန်သုန်မှုန်မှုန်ကြည့်ပြီး ထွက်သွားသည်။ လူစိမ်းလေးယောက်က အိမ်ပေါ်သို့ တက်ကြသည်။ အိမ်ပေါ်ရှိ မိန်းမတစ်သိုက်က ဧည့်သည်များကို အထူးအဆန်းသဖွယ် ရပ်ကြည့်နေကြသည်။ ဧည့်သည်များက ကြမ်းပြောင်ပြောင်မှာ ထိုင်လိုက်ကြသည်။

“အား ... အမလေး... ကျွတ်.. ကျွတ်'

မိန်းမတစ်ယောက် အော်ဟစ်ညည်းညူလိုက်သည့် အသံက အိပ်ခန်းထဲ မှ ရုတ်တရက် ပေါ်ထွက်လာသည်။ ရပ်ကြည့်နေကြသော မိန်းမများ အခန်းတွင်း သို့ ပြေးဝင်သွားကြပြန်သည်။

ဧည့်သည်များက အိပ်ခန်းတွင်းဆီသို့ လှမ်းကြည့်လိုက်သည်။ သူကြီး ဦးထွန်းလူက ဧည့်သည်များရှေ့တွင် လာ၍ထိုင်ချလိုက်ပြီး-

“ကိုင်း.. ဆိုကြပါဦး၊ ဘယ်ကလာကြတာတုံး”

“ဒိုက်ဦးက လာတာပါ”

“ကိစ္စက”

“ကိစ္စကတော့… ဒီရွာမှာ ဆန်ရောင်းစရာများ ရှိမလားလို့ ဝယ်ချင်လို့ပါ”

“မောင်ရင်တို့ အရင်က ဆန်လာဝယ်တာ မတွေ့ဖူးပါဘူး၊ နေတော့ ဘယ်မှာနေကြလို့တုံး”

“မြို့ပေါ်မှာပါပဲ သူကြီး”

“ဆန်က ဘယ်လောက်လိုချင်တာတုံး”

“ရနိုင်သလောက် လိုချင်ပါတယ်၊ ပေါက်စျေးပေးပါ့မယ်”

ပင်နီတိုက်ပုံနှင့် လူက သူကြီးနှင့် စကားပြောနေစဉ် စွပ်ကျယ်အင်္ကျီနှင့် လူက အပြင်ဘက်သို့ လှမ်းကြည့်ပြီး အကဲခတ်သည်။

သူကြီးအိမ်က ပြတင်းပေါက်များမှာ ခါးတစ်ဝက်လောက် အမြင့်မှာ ဖောက်ထားသော ပြတင်းပေါက်မျိုးမဟုတ်။ ကြမ်းပြင်အထိ ဖောက်ထားသော ပြတင်းပေါက်မျိုးဖြစ်၏။ ကြမ်းပြင်မှ ခါးထောက်အထိ အမြင့်ကိုမူ သံတိုင်များ စိုက်ထားသည်။ ကြမ်းပြင်မှာ ထိုင်နေသောသူသည် အပြင်ဘက်ကို ထိုပြတင်းပေါက် သံတိုင်များကြားမှ လှမ်းမြင်နေရသည်။

အိမ်အပြင်ဘက်တွင် လူတချို့ ရှိနေသည်။ ရစ်ဝဲရစ်ဝဲ လုပ်နေကြသည်။ သူတို့ မျက်လုံးများတွင် မသင်္ကာခြင်းနှင့် ရန်လိုခြင်းများက ထင်ရှားစွာပေါ်လွင်နေကြသည်။

စွပ်ကျယ်အင်္ကျီနှင့်လူက သူ့ဘေးမှ ထိုင်နေသော ဝါးပတ်ဦးထုပ်နှင့် လူကို အသာလက်ကုပ်လိုက်သည်။ ဝါးပတ်ဦးထုပ်နှင့်လူက အပြင်သို့ လှမ်းကြည့်လိုက်သည်။ ထိုခဏမှာပင် အပြင်ကလူများ အလျှိုလျှို ပျောက်သွားကြပြန် သည်။ သူကြီး မေးသည်။

“မောင်ရင်တို့ ဆန်က စားဖို့လား၊ ရောင်းဖို့လား”

“ဒီလိုပါသူကြီး၊ ကျွန်တော်တို့…

ပင်နီတိုက်ပုံနှင့် လူမှာ စကားဆုံးအောင်ပင် မပြောလိုက်ရ။

“အမလေး… အမလေးနော်၊ အင်း၊ ဟင်း… ဟင်း”

ဝေဒနာတစ်ရပ်ကို ပြင်းပြင်းပြပြ ခံစားရသလို အော်ဟစ်လိုက်သော မိန်းမအသံကို ထပ်ကြားရသည်။ အခန်းထဲမှာ ခပ်ဝဝ မိန်းမတစ်ယောက် ထွက်လာသည်။ ထိုမိန်းမက သူကြီးကို မျက်စိမျက်နှာပျက်နှင့် လှမ်းကြည့် သည်။ သူကြီးက ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်သည်။ ပင်နီတိုက်ပုံနှင့် လူက သူကြီးကိုကြည့်၍ မေးသည်။

"ဘာဖြစ်လို့လဲ သူကြီး"

သူကြီးက ကြည့်ရသည်မှာ အတော်စိတ်အိုက်နေပုံရသည်။ ဖြေရမှာလည်း ဝန်လေးနေဟန် တူသည်။

"ကျုပ်… ကျုပ်ချွေးမပါ၊ မီးဖွားနေတာ"

"အခက်အခဲ ဖြစ်နေတယ်ထင်တယ်"

သူကြီးက ဘာလုပ်ရမှန်းမသိသလို ကြောင်တောင်တောင်ဖြစ်လျက် မတ်တတ်ကြီး ဆက်ရပ်နေသည်။ ပြန်မထိုင်မိ။

"ဗိုက်နာတာ ကြာပြီလား"

"အင်း…"

ခပ်ဝဝ မိန်းမက အနားရောက်လာသည်။ ဘယ်လိုလုပ်ကြမလဲဟူသော အဓိပ္ပာယ်ပါသည့် မျက်လုံးများဖြင့် သူကြီးကို ကြည့်သည်။ ပင်နီတိုက်ပုံနှင့် လူက သူကြီးကို ဆက်မေးသည်။

"ဘယ်အချိန်က နာတာလဲဗျ"

ခပ်ဝဝမိန်းမက ပင်နီတိုက်ပုံနှင့်လူကို လှမ်းကြည့်သည်။

"မနေ့က ညကတည်းက နာနေတာ တစ်ညလုံးပဲ"

"မွေးပေးနိုင်တဲ့လူ မရှိဘူးလား"

ခပ်ဝဝမိန်းမက ဒီလူနှယ် ယောကျာ်းတန်မဲ့ စပ်စုရန်ကောဟု တွေးမိသည်။ ဘာပဲဖြစ်ဖြစ် သူ မေးတာကိုတော့ ဖြေလိုက်သည်။

"လက်သည် မငြိမ်းတော့ ရှိတာပေါ့၊ ကျုပ်တို့ တစ်ရွာလုံး ဒီဝမ်းဆွဲနဲ့ မွေးနေကျပဲဟာ၊ သူလည်း ညကတည်းက ကြိုးစားနေတာပဲ၊ အခုဟာက တော်တော့်ကို ခက်နေတာ"

ပင်နီတိုက်ပုံနှင့်လူက သူကြီးကို ကြည့်ကာ-

"ဆရာဝန်တို့ ဆရာမတို့ မရှိဘူးလား"

သူကြီးက စိတ်ပျက်စွာ ခေါင်းယမ်းသည်။

စွပ်ကျယ်အင်္ကျီနှင့်လူက သူ့အဖော်ကို လက်ကုပ်ကာ အပြင်ဘက်သို့ မေးဆတ်ပြလိုက်သည်။ အိမ်အပြင်ဘက်တွင် ရွာသားအချို့ကို တွေ့ရသည်။ စောစောကလူတွေ မဟုတ်ကြတော့။ တစ်ခုထူးသည်မှာ သူတို့လက်ထဲတွင် ဓားတွေ၊ တုတ်တွေ ကိုင်စွဲထားကြခြင်းဖြစ်၏။ အန္တရာယ်ရှိလာပြီဟု သိလိုက် ကြသည်။ ကွမ်းဝါးနေသူက သွားကြစို့ဟူသော အဓိပ္ပာယ်နှင့် ခေါင်းငဲ့ပြလိုက် ၏။

ပင်နီတိုက်ပုံနှင့်လူက စဉ်းစားနေသည်။ အခု အခြေအနေမှာပဲ ဒီအတိုင်း ထပြန်ရလျှင် ကောင်းမည်လား။ လိုချင်တာရမှပင် ပြန်ရ ကောင်းမည်လား၊ ဒါမှမဟုတ် ဒုက္ခရောက်နေသော မီးဖွားလူနာအား မိမိ တတ် မြောက်ကျွမ်းကျင်သော ပညာကို အသုံးချပြီး ဝင်ရောက် ကယ်တင်ရမည်လား။

ဒီလိုလည်းမဖြစ်သေး၊ မိမိ ဘယ်သူဘယ်ဝါ ဆိုသည်ကို သိသွားသည် နှင့် မိမိတို့ ရှေ့ရေးမှာ မတွေးဝံ့စရာပင်။ ကိုယ့်သေတွင်း ကိုယ်တူးရာ ကျတော့ မည်။ ယခုပင် မိမိအဖော်များက တပ်ဆုတ်ကြဖို့ အချက်ပြနေပြီ။ ကိုယ့်ကိစ္စ မဟုတ်တာ လျစ်လျူရှုထားခဲ့ရုံပဲပေါ့။

"အမလေး.. ဟင်း... ဟင်း"

အိမ်ခန်းထဲက မီးနေသည်၏ မချိမဆန့် အော်ဟစ်ညည်းညူသံက ပေါ်လာပြန်သည်။ မိမိရှေ့မှာ လူနာတစ်ယောက် သေလုမြောပါး ဝေဒနာ ခံစားနေရသည်။ အသက်ဘေးနှင့် အလွန်နီးကပ်နေသည်။ အခန့်မသင့်လျှင် မိခင်ရော ကလေးပါ မရဏမင်း လက်တွင်း ဆင်းသက်သွားနိုင်သည်။

ဆေးပညာကို မိမိ သင်ယူခဲ့ခြင်းက လူသားတို့၏ အသက်များကို ကယ်တင်နိုင်ဖို့ ဖြစ်ပါသည်။ ချက်ချင်း ဝေခွဲမရဘဲ ခဏကြာအောင် စဉ်းစားနေမိသည်။ ပြီးမှ စိတ်ကို ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်သည်။

"ကဲ... ဒီလိုလုပ်ပါသူကြီး၊ မီးဖွားတဲ့ အခက်အခဲကို ကျွန်တော် ကူညီ ပါ့မယ်၊ ဆန်ရဖို့ကိစ္စ သူကြီး ကူညီပါ"

ဘာကို ဆိုလိုမှန်းမသိ။ နားမလည်။ အဓိပ္ပာယ်မရှင်း။ သူကြီးက သူ့ကို ပြူးကြောင်ကြောင် ငေးကြည့်နေသည်။

"ဘယ်လို... ဘယ်လို"

“ဒီလိုပါ၊ မီးဖွားတာကို ချောချောမောမောဖြစ်အောင် ကျွန်တော် လုပ်ပေးပါ့မယ်'

“အို.. မဟုတ်တာ”

သူကြီးက ခေါင်းကို တွင်တွင် ယမ်းသည်။

“ဟုတ်ပါတယ် သူကြီး၊ ကျွန်တော်က ဆရာဝန်ပါ”

“ဟင်... ဟုတ်ကဲ့လား”

သူကြီးက ပင်နီတိုက်ပုံနှင့်လူကို တအံ့တသြကြည့်ရင်း ပြန်ထိုင်ချလိုက်သည်။

“ဟုတ်ပါတယ် သူကြီး၊ မယုံမရှိပါနဲ့”

သူကြီးမှာ မယုံရခက်၊ ယုံရခက်။

ဆရာဝန်ဆိုလျှင် ဆန်လာရှာသည့်အဖွဲ့မှာ အဘယ့်ကြောင့် ပါလာရသနည်း။ ဆေးရုံက လူနာတွေ ကျွေးဖို့လား။ ဒီလို ကျွေးဖို့ဆိုလျှင်လည်း ဆေးရုံက တခြားဝန်ထမ်းတွေ လွှတ်မှာပေါ့။ ဆရာဝန်ကိုယ်တိုင် လိုက်ပါ့မလား။ ဟုတ်လျှင်တော့ အကြောင်းမဟုတ်။ မဟုတ်လျှင်တော့ မီးနေသည်ပါ ဒုက္ခရောက်လိမ့်မည်။

သူကြီးက သူ့ကိုကြည့်ပြီး စဉ်းစားနေသည်။

ထိုစဉ်က အဖော်တွေဘက်သို့ တစ်ချက်ကြည့်လိုက်သည်။ သူ့ရဲဘော်သုံးယောက်က ကန့်ကွက်သည့် အရိပ်အယောင်များနှင့် သူ့ကို ပြန်ကြည့်နေကြသည်။

ပင်နီတိုက်ပုံနှင့်လူကမူ သူ့ဆုံးဖြတ်ချက်ကို မပြင်တော့။

ပေါင်ပေါ်က လွယ်အိတ်ကို ကြမ်းပေါ်ချသည်။ လွယ်အိတ်ထဲမှ သားရေအိတ်ကလေးတစ်လုံးကို ဆွဲထုတ်သည်။ အိတ်ကို သူ ဖွင့်လိုက်သည်။ ဆရာဝန်ကိုင်နားကြပ်၊ ဆေးထိုးအပ်ဘူး၊ ဆေးပုလင်းများ၊ ဂွမ်း၊ ပတ်တီး စသည့် ဆရာဝန်သုံးပစ္စည်းများကို သပ်ရပ်သိုသိပ်စွာ ထည့်ထားသည်ကို တွေ့ရသည်။ ရပ်နေသော ခပ်ဝဝမိန်းမက မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။

သူကြီးမှာ ထူးဆန်းထွေလာ မျက်လှည့်ပြပွဲတစ်ခုကို ကြည့်နေရသလိုဖြစ်နေသည်။ သူကြီးက အကဲခတ်ရင်း စဉ်းစားနေသည်။ သူ့ မျက်နှာ အသွင်

အပြင်က ဥပဓိရုပ်ကောင်းသည်။ ဣန္ဒြေရပြီး တည်တည်ကြည်ကြည် ရှိသည်။

လူရည်သန့် ပညာတတ်တစ်ယောက်ပုံစံ ပေါ်သည်။ ပြီးတော့ ပါလာသည့် ပစ္စည်းတွေက ဆရာဝန်သုံးပစ္စည်းတွေ။

သူကြီးက ယုံကြည်သွားသည်။ ခပ်ဝဝမိန်းမက အံ့သြနေသည်။

"ဟင်.... ရှင်.. ရှင်က ဆရာဝန် ဟုတ်လား'

"ဟုတ်ပါတယ်၊ ကျွန်တော်က ဆရာဝန်ပါ"

ထိုမိန်းမက ဝမ်းသာအားရနှင့်-

"အမလေးတော်. ဘုရားသိကြားမတာပါပဲ၊ ကဲ... ကဲ... ဆရာကြီး ရယ်၊ ကြွပါ၊ ကြွပါ၊ သူတော်ကောင်းကို နတ်ကောင်းမတယ်ဆိုတာ ဒါပါပဲ"

ပင်နီတိုက်ပုံနှင့် ဆရာက ပစ္စည်းများကို ကောက်ယူကာ ထိုင်ရာမှထ သည်။ ကျန်အဖော်သုံးယောက်လည်း ထလိုက်ကြသည်။ ထိုအခါမှ သူကြီးသည် ကပျာကယာ ထကာ-

"ကဲ... လုပ်ပါ ဆရာဝန်ကြီးရယ်၊ လုပ်ပါ၊ ဆန်ရဖို့တော့ ကျုပ် တာဝန် ထားပါ"

ပြောပြောဆိုဆိုနှင့် သူကြီးက အိမ်ဘေးဘက်သို့လှည့်ကာ-

"ရွှေမောင်၊ ထွန်းရတို့ လာကြစမ်းဟေ့"

ပြန်ထူးသံ မကြားရ၊ တစ်ယောက်မှလည်း ပေါ်မလာ။

"ရွှေမောင်၊ ဟေ့... ထွန်းရ၊ အာ... ဒီကောင်တွေ ဘယ်ရောက်သွား ကြပါလိမ့်၊ စောစောက ဒီအနားရှိသား"

သူတို့ လှမ်းကြည့်လိုက်ကြသောအခါ စောစောက မြင်လိုက်ရသော ရွာသားများကို မတွေ့ရတော့။ ဘယ်အချိန်က အလျှိုလျှို ပျောက်ကုန်ကြပြန် သည်မသိ။ ပင်နီတိုက်ပုံဆရာက သူ့အဖော်များဘက်သို့ လှည့်ကာ-

"ပစ္စည်းရတာနဲ့ ယူပြီး ခင်ဗျားတို့ သွားနှင့်ကြတော့၊ ကျုပ်ကို စောင့် မနေကြနဲ့၊ ဒီကပြီးတာနဲ့ ချက်ချင်းလိုက်ခဲ့မယ်၊ ကဲ... သွားကြတော့"

သူ့ရဲဘော်တစ်ယောက်က တစ်စုံတစ်ခု ပြန်ပြောဖို့ ဟန်ပြင် လိုက်သည်။ ပင်နီတိုက်ပုံဆရာက နားထောင်မနေတော့၊ ချာခနဲလှည့်ပြီး အိမ်ခန်းတွင်းသို့

ဝင်သွားလေသည်။

အခန်း (၂)

အခန်းက ကျဉ်းရုံမက အနည်းငယ်မှောင်ပြီး လှောင်နေသည်။ ပြတင်းပေါက်တွေက အလုံပိတ်ထားသည်။ မိန်းမတစ်သိုက်က လှူနာပတ်လည်မှာ ဝိုင်းအုံနေကြသည်။ အခန်းလေးထဲမှာ နနွင်းနံ့၊ စမုန်နက်နံ့၊ မြန်မာဆေးနံ့များ နှင့် လူငွေ့များကြောင့် မွန်းကြပ်နေပါသည်။

အခန်းထဲမှာ မီးဖိုလေးတစ်ဖို ဖိုထားသည်။ အုတ်နီခဲ သုံးလေးလုံး ကိုလည်း မီးဖိုဘေးမှာ တွေ့ရသည်။ ခြေရင်းဘက်တွင်မူ အနီးများ ခေါက် ထည့်ထားသော ဆန်ကောတစ်ချပ်၊ ရေဇလုံ၊ ရေခွက်၊ စဥ္စအင်တုံ စသည်တို့ရှိနေ ကြသည်။

လူစိမ်းယောကျ်ားတစ်ယောက် မီးနေခန်းထဲဝင်လာသဖြင့် မိန်းမတစ်သိုက် လန့်ဖျပ်ပြီး အံ့သြစွာ ဝိုင်းကြည့်ကြသည်။ ရှေ့ကဝင်လာသော ခပ်ဝဝမိန်းမက ဝမ်းသာအားရစွာ-

“သူက ဆရာဝန်ကြီးတဲ့တော့၊ သူ မွေးပေးမယ်တဲ့'

ပိုပြီး အံ့သြရရုံမက သူတို့ ဝမ်းသာသွားကြသည်။

ပင်နီတိုက်ပုံနှင့်လူက မိန်းမတစ်သိုက်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး-

“ခင်ဗျားတို့ အပြင်ထွက်ပေးကြပါ”

မိန်းမတွေက သူ့ ကိုသာ ဝိုင်းကြည့်နေကြသည်။ တစ်ယောက်မှ မလှုပ်ကြ။ ဘယ်သူမှ ထွက်ပေးလိုဟန်မရှိကြ။

“ကျွန်တော် တောင်းပန်ပါတယ်၊ အပြင်ထွက်ပေးကြပါ၊ ဟိုဒင်း တစ်ယောက်ပဲ နေခဲ့ပါ၊ ကျန်တဲ့လူတွေ ထွက်ပေးကြပါ”

အရေးထဲကျမှ ဒီစကားလုံးက မေ့သွားပြန်သည်။ ရုတ်တရက် ဖော်မရ သောကြောင့် “ဟိုဒင်းတစ်ယောက်”ဟု သုံးလိုက်ရ၏။ ခုနကပဲ အခန်းပြင်မှာ ခပ်ဝဝမိန်းမက ဒီစကားလုံးကို ပြောလိုက်သေးသည်။ ဘာပါလိမ့်... အဲ... သတိရပြီ၊ ချက်ချင်း သတိရပြီ “လက်သည်”ဟုတ်ပြီ၊ “လက်သည်” ဆိုသည့် စကားလုံး။

“ခင်ဗျားတို့ထဲက လက်သည် ဘယ်သူလဲ၊ လက်သည်”

ခပ်ဝဝမိန်းမက လူနာဗိုက်ကို နှိပ်ပေးနေသည့် မိန်းမကိုပြရင်း-

“မငြိမ်းလေ သူပေါ့”

ပင်နီတိုက်ပုံဆရာက မငြိမ်းကို တစ်ချက်ကြည့်သည်။ မငြိမ်းကမူ မျက်စိမျက်နှာပျက်သည်။

"သူရယ်၊ မငြိမ်းရယ်ပဲနေခဲ့ပါ၊ ကျန်တဲ့လူတွေ ထွက်ပေးပါ'

ခပ်ဝဝမိန်းမနှင့် မငြိမ်းတို့ နှစ်ယောက် နေခွင့်ရသည်။ မိန်းမတစ်သိုက် အခန်းထဲမှ မလှုပ်တလှုပ်နှင့် ထွက်သွားကြသည်။ သူက ပင်နီတိုက်ပုံကို ချွတ်၍ လူနာ၏ ညာဘက်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ရှပ်အင်္ကျီလက်ကို လျင်မြန်စွာ ခေါက်တင်ရင်း...

"ပြတင်းပေါက်တွေ ဖွင့်လိုက်ပါ'

"ဆရာကြီး လေစိမ်းတွေတိုက်ရင်..."

"ဖွင့်သာဖွင့်ပါ"

ခပ်ဝဝမိန်းမက ပြတင်းပေါက် ထဖွင့်သည်။ ပင်နီတိုက်ပုံဆရာက လူနာအမျိုးသမီးကို မေးငေါ့ညွှန်ပြရင်း မငြိမ်းအား မေးသည်။

"သူ့နာမရယ် ဘယ်သူလဲ"

"မမြတဲ့"

သူက သားရေအိတ်ထဲက ပစ္စည်းတွေကို ထုတ်သည်။ လူနာမိန်းမမှာ ပင်ပန်းလှပြီဖြစ်၍ မျက်စိမှိတ်ကာ ညည်းနေသည်။

"မမြ... မမြ၊ ကျွန်တော်ခေါ်တာ ကြားလား'

"အင်း"

ညည်းသံလိုလို၊ ထူးသံလိုလို အသံမျိုးနှင့် ဖြေသည်။ "ကျွန်တော် ဆရာဝန်ပါ၊ ခင်ဗျား ဘာမှ မပူပါနဲ့"

မမြက ငြိမ်နေသည်။

'လျှာထုတ်ပါ၊ လျှာထုတ်ပြပါ"

လူနာက မျက်စိမဖွင့်ဘဲ လျှာကို ဖြည်းဖြည်းထုတ်ပြသည်။ လျှာက ခြောက်သွေ့နေသည်။ လူနာမှာ ကိုယ်တွင်း အရည်ဆုတ်ယုတ်နေပြီဖြစ်ကြောင်း သူ သိလိုက်သည်။ လူနာ၏ အောက်မျက်ခွံကို သူ့လက်မဖြင့် ဆွဲချကာ မျက်လုံးကို စစ်ဆေးကြည့်သည်။ လူနာ၏ လက်ကောက်ဝတ်တွင် သွေးခုန်နှုန်းကို စမ်းသည်။

“မမြ… ကျွန်တော် စမ်းကြည့်မယ်နော်”

သူက ခွင့်တောင်းပြီး လူနာ့ဗိုက်ပေါ်မှာ ရှုပ်နေသော မုဒ့်စောင်ကို ခွာ ထုတ်လိုက်သည်။ ကျန်နေသေးသော လုံချည်ကိုပါ လျှော့ချလိုက်သည်။ ကိုယ်ဝန်ကို ဗိုက်ပေါ်မှ စစ်ဆေးကြည့်သည်။ နားကြပ်နှင့် ဗိုက်ကိုထောက်၍ နားထောင်ကြည့်သည်။

သန္ဓေသား၏ နှလုံးခုန်သံကို သူ ကြားနေရသည်။ သန္ဓေသားက အသက် ရှင်လျက် ရှိနေသေးသည်။ ကြိုးစားလျှင် ရမီနိုင်သေးသည်။

“ယဥ္စသာဒေတိ တခ်ဏေ

ထေရသဃဂ်ုလိ မာလသာ”

နားကြပ် ချွတ်လိုက်တော့ ရွတ်ဖတ်သံတစ်ခုကို အနီးကပ် ပီသစွာ ကြားရသည်။ ရွတ်နေသူက မငြိမ်း။ ရွတ်သည့် စကားလုံးများကို သူ နားမလည်။ ဘာတွေ ရွတ်နေပါလိမ့်ဟုလည်း သူ မတွေးအား။ လိုချင်သည်ကို သာလျှင် အလျင်အမြန် တောင်းရသည်။

“ရေနွေးယူခဲ့ပါ၊ ရေနွေးဆူဆူနော်”

သူ့လက်တွေကို ရေအေးလောင်းပြီး ဆပ်ပြာနှင့်ဆေးသည်။ ထို့နောက် ရေထဲသို့ ဒက်တောအနည်းငယ်ထည့်ပြီး မွှေသည်။ ထိုရေနှင့် ထပ်ဆေးပြန် သည်။ လက်ဆေးပြီးချိန်မှာ အခန်းပြင်မှ ခေါ်သံကြားရသည်။

“သွားကြမယ်၊ သွားကြမယ်”

“ဒီမှာ အခက်အခဲတွေ့နေတယ်၊ ကျုပ် လုပ်ပေးမှဖြစ်မယ်၊ မကြာပါဘူး”

သူက အခန်းထဲမှ ပြန်ပြောသည်။

“မဖြစ်ဘူးဗျာ သွားကြမယ်”

“ခင်ဗျားတို့ သွားနှင့်ကြ၊ ကျုပ် ဒီကပြီးတာနဲ့ လိုက်ခဲ့မယ်”

အိမ်ပေါ်မှ ဆင်းပြေးသွားသော ခြေသံကို ကြားရ၏။ ခြေသံက တစ်သံ တည်းဖြစ်၏။ တစ်ယောက်တည်း အရင်ထွက်နှင့်တာဖြစ်မည်။ သူ့လူတွေ ခွဲထွက်ကြပြီဟု သူ တွေးမိသည်။ အိမ်ရှေ့ ဧည့်ခန်းမှာတော့ နှစ်ယောက် ကျန် လိမ့်ဦးမည်။ ထိုအခိုက် ရေကန်ဘက်ဆီမှ ခွေးဟောင်သံများကို ကြားရသည်။ အပြင်ဘက်က အကြောင်းတွေကို သူ့ခေါင်းထဲမှ ကြိုးစားပြီး မောင်း

ထုတ်ပစ်လိုက်သည်။ စိတ်ကို တည်ငြိမ်အောင် ကြိုးစားသည်။ လူနာကို အာရုံစိုက်သည်။ နားကြပ်နှင့် တစ်ဖန်နားထောင်ပြန်သည်။ သန္ဓေသား၏ နှလုံး ခုန်သံက မဟန်တော့။ ခုန်ချက်ကလည်း မမှန်ချင်တော့။

ဝမ်းထဲက ကလေးမှာ သွေးတွင် အောက်ဆီဂျင်နည်းခြင်း (hypoxia) ဒဏ်ကို ခံစားနေရသည်။ ကလေး၏ မွန်းခြင်း (asphyxia) မှာ ဖြစ်ရိုးဖြစ်စဉ် ထက် ကျော်လွန်စပြုလာပြီဖြစ်၏။ မိခင်ဝမ်းမှ ကျွတ်လွတ်မှု နှောင့်နှေးခြင်း ကြောင့် သန္ဓေသား ပင်ပန်းနေခြင်းဖြစ်သည်။

အခြေအနေ သည့်ထက်ဆိုးမလာခင် အသက်ကို ရအောင် လုရပေတော့မည်။ အချိန်ကလည်း သိပ်မကျန်တော့။ အလေ့အကျင့်များ ခဲ့ပြီဖြစ်သော သူ့ လက်များက ကျွမ်းကျင်စွာ လှုပ်ရှားကြသည်။ ခပ်ဝဝမိန်းမနှင့် ဝမ်းဆွဲသည် မငြိမ်းတို့က သူကို ဝိုင်းကူနေကြသည်။

ထိုအခိုက် အခန်းဝမှာ ရုတ်ရုတ်သဲသဲအသံများကို ကြားရသည်။ အခန်း ထဲဝင်မည်ဟု ဒေါနှင့်မောနှင့် ပြောနေသော သူ့ ရဲဘော်အသံက အတော်ကျယ်သည်။ မဝင်ရန် တောင်းပန်နေကြသော မိန်းမများအသံက ဗလုံးဗထွေး၊ ဖွတ်တိုးဝင်လာသော ခြေသံနှင့်အတူ သူ့ရဲဘော် အထဲ ရောက်လာသည်။

"ကဲ... လာဗျာ၊ ဆန်လည်းမရဘူး၊ သွားကြမယ်"

"မဖြစ်ဘူး၊ ဒီမှာ မပြီးသေးဘူး၊ သွားနှင့်ကြ"

သူက လှည့်မကြည့်ဘဲပြောသည်။ လူနာမိန်းမအတွက် လုပ်စရာရှိတာ ကိုသာ ဆက်လုပ်နေသည်။

"မပြီးလည်း ထားခဲ့ဗျာ၊ မသွားလို့မဖြစ်တော့ဘူး"

ဖွတ်ပေကာ အတင်းခေါ်နေသည်။ ဒီတော့မှ သူက ထိုင်ရာမှ ထရပ်ပြီး သူ့ရဲဘော်ကို မျက်နှာတင်းတင်းနှင့် ကြည့်ရင်း-

"ကျုပ် အမိန့်ပေးနေတယ်၊ ကျုပ်ကိုထားခဲ့၊ ခင်ဗျားတို့သွားတော့၊ ဒါ အမိန့်ပဲ"

စွပ်ကျယ်နှင့်လူမှာ အမိန့်ကို နာခံရင်း တောင့်တောင့်ကြီး ဖြစ်သွားသည်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွားသည်။

ထိုရဲဘော်၏ လက်ထဲမှာ ဂျပန်နမ်ဘူ ပစ္စတိုတစ်လက်။ စောစောကမှ ဒီဟာကို လွယ်အိတ်ထဲတွင် ပုန်းလျှိုးကွယ်လျှိုး ထည့်ခဲ့သည်။ ယခုမူ အခြေအနေ အရ လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကာ ပေါ်ပေါ်ထင်ထင် ကိုင်သွားသည် ကို

တွေ့ရ၏။

ဝိုင်းကူလုပ်ပေးနေကြသော ခပ်ဝဝမိန်းမနှင့် ဝမ်းဆွဲသည် မငြိမ်းတို့က သူတို့ကို တအံ့တသြ ကြည့်နေကြသည်။

ဆရာဝန်က နဖူးပြင်မှာ သီးလာသော ချွေးများကို သုတ်ပစ် လိုက်သည်။ အိမ်ပြင်မှာ သူ့အတွက် သေမင်းက စောင့်နေပြီ။ သို့သော် ဤအခန်းလေးထဲ မှာလည်း သေမင်းက မီးနေသည်အတွက် ရှိနေသည်။ သူ့အတွက်ရော မီးနေ သည်အတွက်ပါ နှစ်ခုစလုံးကို အနိုင်တိုက်၍ဖြင့် မရနိုင်ပါ။

သူ့ စိတ်နှလုံး တုံးတုံးချလိုက်သည်။

သည်အခန်းလေးထဲက မီးနေသည်နှင့် ကလေး၏ အသက်တို့ကိုသာ သေမင်းလက်က မရရအောင် သူ လုယူတော့မည်။ မိမိအတွက်မူ မကြာခင် အိမ်ပြင်မှ ဝင်လာတော့မည့် သေမင်းကို ဒူးထောက်ပေးရုံသာ ရှိတော့သည်။

မမြမှာလည်း "ယောက်ျားဖောင်စီး၊ မိန်းမမီးနေ" ဆိုသည့်အတိုင်း အသက်အန္တရာယ် ချောက်နှုတ်ခမ်းမှာ တဲတဲကလေးသာ။ မိန်းမတို့၏ အာဝေဏိက ဒုက္ခဖြင့် မသက်သာ။

သူ့အာရုံကို လူနာအပေါ် ပြန်စုစည်းလိုက်သည်။

"မမြ... မမြ "

သူက လူနာ နာမည်ကိုခေါ်သည်။ လူနာ အမျိုးသမီးက တစ်ချက် လွန့်ရင်း အင်း... ဟု အသံထွက်လာသည်။

"မမြ၊ မမြ... ပါးစပ်ဟထား၊ ပါးစပ်နဲ့ အသက်ရှူပါ"

လူနာက သူပြောသည့်အတိုင်း လိုက်လုပ်သည်။

"မမြ မကြောက်နဲ့နော်၊ ဘာမှမဖြစ်ဘူး၊ မကြောက်ပါနဲ့" လက်တွေကလည်း သွက်လက်စွာ လှုပ်ရှားကြသည်။

"မမြ၊ စိတ်ကို ငြိမ်ငြိမ်ထားနော်၊ ပြီးတော့မယ်"

လုပ်ရင်းကိုင်ရင်း လူနာကို အားပေးနေရသည်။ သူ့ကိုယ်သူလည်း ပြန်အားပေးနေရသလိုရှိသည်။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်နေပြီ။

"... တေန သစ္စေန၊ သောတ္ထိတေ

ဟောတု၊ သောတ္တိ ဂဗ္ဘသ…”

မငြိမ်းက ကူညီလုပ်ကိုင်ပေးနေရင်း ရွတ်လက်စ ပရိတ်ကိုလည်း နှုတ်က ဆက်ရွတ်နေသည်။ အင်္ဂုလိမာလသုတ်၏ တန်ခိုးရှိန်စော် အာနုဘော် ကြောင့် မပင်မပန်း ချမ်းချမ်းမြမြ သက်သာရာရကာ သားသန္ဓေဝန်ကို ကရားရေသွန် သလို လွယ်ကူဘေးရှင်း ဖွားမြင်ခြင်းအမှု ပြီးမြောက်စေချင်သည်။

ထိုစဉ် လူနာက မငြိမ်သက်၊ ထို့ကြောင့် ဆရာဝန်က-

“မငြင်း သူ့ခြေထောက်တွေကို ကိုင်ထားပါ”

မငြိမ်းဟူသော နာမည်ကို မငြင်းဟု ကြားရသည်။ စကားမပီသော ဆရာဝန်ကို မငြိမ်းက မော့ကြည့်လိုက်မိသည်။

“သူ့ခြေထောက်တွေကို နည်းနည်းကားလိုက်ပါ”

မငြိမ်းက မီးနေသည်၏ ဒူးနှစ်ဖက်ကို ချဲ့ကားပေးလိုက်သည်။ ထိန်း ကိုင်ပေးထားရာမှ မငြိမ်းက ဆရာဝန်၏ မျက်နှာကို ကြည့်သည်။ အသားဖြူ သည်။ စကားဝဲသည်။ တရုတ်ကပြားလား၊ ရှမ်းစပ်လား။ ဒါပေမယ့် စကားဝဲပုံ က တစ်မျိုး။ မငြိမ်း စဉ်းစားနေသည်။

ဆရာဝန်မှာမူ ဘာမျှစဉ်းစားနေချိန်မရတော့။ တရစပ် လှုပ်ရှားကာ သေမင်းလက်က လူနာကို အရလုနေရသည်။ သူ အတော်ကြာအောင် ကြိုးစား ခဲ့ရသည်။

သူ ကြိုးစားရကျိုး နပ်ပါသည်။

'ကဲ…ရပြီ၊ ရပြီ… ရပြီ”

“ဟော… မွေးပြီတော့.. မွေးပြီ”

မငြိမ်း အသံက ဝမ်းသာမှုကြောင့် တက်ကြွနေသည်။

ဆရာဝန်က ချက်ကြိုးဖြတ်သည်။ ကြည့်လိုက်တော့ ကလေးက အသက် မရှူနိုင်ဘဲ ဖြစ်နေသည်။ ချွဲတွေပိတ်နေသည်။ ဆရာဝန်က ကလေး၏ ပါးစပ် ထဲမှ ချွဲများကို မိမိပါးစပ်ဖြင့် စုပ်ယူသည်။ ပြီးမှ ကလေးကို ခြေထောက်နှစ် ချောင်းကကိုင်ကာ ဇောက်ထိုးဆွဲမြှောက်သည်။ ကလေး၏ တင်ပါးဆုံကလေးကို သူ့လက်နှင့် ရိုက်လိုက်သည်။

“ဝါး” ခနဲ အော်လိုက်သော မွေးကင်းစလေး နီတာထွေး၏ အသံက

အခန်းပြင်သို့ လျှံထွက်သည်။ ကျူပ် လူ့လောကကြီးကို ရောက်လာပြီဗျို့ဟု ဟစ်ကြွေးလိုက်သလိုရှိသည်။

ကြားရသူတိုင်းမှာ ပီတိအပြုံးဖြင့် ဟဲ့ ဘာလေးတုံးဟု အခန်းပြင်က လှမ်းမေးသည်။ ယောကျ်ားလေးတော့၊ ယောကျ်ားလေးဟု မငြိမ်းက ဝမ်းသာ အားရ ပြန်ဖြေသည်။ ထိုအခိုက်-

ရွာထဲကလူတွေ ပြေးလာကြသံများကို ကြားရသည်။

ကန်ဘောင်ရိုးဆီမှ အော်ဟစ်ပြေးလွှားသံများကိုလည်း ကြားရသည်။ သူတို့ ဝင်လာခဲ့ကြသော ရွာတံခါးဘက်ဆီက သေနတ်သံများကိုပါ ကြားရသည်။ ရုတ်ရုတ်သဲသဲ ညာသံပေးလာသော လူသံတွေက ကျယ်သည်ထက် ကျယ်လာ သည်။

အိမ်ကို ဝိုင်းလိုက်ကြပြီဟု သူ သိလိုက်သည်။

ရဲဘော်တွေအတွက် သူ စိတ်ပူသွားသည်။ လွတ်အောင်ထွက်မှ ထွက်နိုင် ကြရဲ့လား။ သူ့အတွက်ကတော့ ကိစ္စမရှိ။ ဒီလိုဖြစ်လာမည်ကို ကြိုတင်တွက် ပြီးသား။ သူ့အား ဘာသာကွဲပြား လူမျိုးခြား တိုင်းတစ်ပါးမှ ရန်သူတစ်ယောက်ဟု သတ်မှတ်ခြင်းခံရပေမယ့် သူက ဆရာဝန်၊ လူနာ အတွက်ဆိုလျှင် စေတနာထားဖို့ နှင့် အနစ်နာခံဖို့က အဓိက မဟုတ်ပါလား။ သည်အတွက် သူ့ကိုယ်သူ ဂုဏ်ယူ ကျေနပ်သည်။

အိမ်ပေါ်တက်လာကြသည့် အသံများကို ကြားရသည်။ အသံတွေက အိပ်ခန်းဝသို့ ရောက်လာသည်။

ငှက်ကြီးတောင်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လုခိုင်က ရှေ့ဆုံးမှ တက်လာသည်။

“မဝင်ကြပါနဲ့တော်၊ မဝင်ကြပါနဲ့၊ တောင်းပန်ပါတယ်”

“ဘာလို့ မဝင်ရမှာလဲ၊ ဝင်မယ် ဖယ်စမ်းပါ”

“ရှိကြီးခိုးပါရဲ့တော်၊ မဝင်ကြပါနဲ့”

“ဝင်ရမယ်၊ ဘာလို့မဝင်ရမှာလဲ၊ ဒီအထဲမှာ ရှိတယ်မဟုတ်လား”

“ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် မီးဖွားနေလို့ပါ”

“မီးနေခန်းထဲကို ဒီဂျပန်ကောင်က ဘာဝင်လုပ်နေတာလဲ”

"သူက ဆရာဝန်ပါ၊ မွေးပေးနေတာပါ"

"ခင်ဗျားတို့နော်၊ ရန်သူကို အကာအကွယ်ပေးရင် ခင်ဗျားတို့ပါ ဒုက္ခရောက်ကုန်မယ်'

"အကာအကွယ်ပေးတာ မဟုတ်ပါဘူး၊ မီးနေသည် လန့်ပြီး သွေးတက်သွားမှာစိုးလို့ပါ"

အပြင်က အသံတွေကို အတိုင်းသား သူကြားနေရ၏။ စိတ်ကို တည်ငြိမ်အောင် ဆောက်တည်ရသည်။ ကလေးကို သူ စစ်ဆေးကြည့်သည်။ ပြီးတော့ မှ မငြိမ်းလက်သို့ ကလေးလှမ်းပေးရင်း-

"အားလုံး ကောင်းပါတယ်"

"အင်္ဂါလည်း စုံတယ်နော်"

"စုံပါတယ်"

သူက ဆေးတစ်လုံး မီးနေသည်ကို ထိုးပေးလိုက်သည်။ လူနာ အမျိုးသမီးက မှိန်းနေသည်။ မငြိမ်းက ကလေးကို ရေချိုးပေးနေသည်။ ဆရာဝန်က ဆေးထိုးအပ်၊ နားကြပ် စသည့်ပစ္စည်းတွေကို တစ်ခုချင်း ပြန်သိမ်းနေသည်။ ပစ္စည်းသိမ်းရင်း သူ စဉ်းစားသည်။

အခန်းပြင်မှာ သူ့ကို ဖမ်းမည့်သူက အဆင်သင့်စောင့်နေကြပြီ။ ကြောက်ရွံ့စိတ်မှုကား နည်းနည်းလေးမှမဖြစ်။ သို့သော် မိမိတို့ လူမျိုးအနေနှင့် အဖမ်းခံရခြင်းဆိုသည်မှာ ရှက်ဖွယ်လိလိ ဖြစ်ပါဘိတော့သည်။

နိပ္ပွန်တစ်ယောက်အတွက် လက်နက်ချရခြင်းထက် သေခြင်းက ပို၍ မြတ်သည်။ အညံ့ခံရခြင်းအားဖြင့် နေမျိုးနွယ် ဘုရင်မင်းမြတ်၏ ဂုဏ်သိက္ခာကို မညစ်နွမ်းစေလို၊ ငါတို့သည် ဘယ်သောအခါမျှ လက်နက်မချ။ အညံ့မခံ။ ရွေးစရာက တစ်လမ်းတည်း ရှိသည်။

"ဟာရာကီရိ"

မိမိကိုယ်မိမိ အဆုံးစီရင်ခြင်းသာ အကောင်းဆုံးဖြစ်မည်။ ဝမ်းဗိုက်ကို ဓားနှင့်ခွဲ၍ သေပွဲဝင်လိုက်မည်။ ဒီနေရာမှာ သုံးနိုင်လောက်သည့် ဓားက လက်ထဲမှာ ယခုမရှိ။ ဒါပေမယ့် ကိစ္စမရှိ။ သူ့မှာ သေနတ်တစ်လက်ရှိနေသည်ပဲ။ လွယ်အိတ်ထဲက ဆွဲထုတ်လိုက်သည်။

ရှစ်မီလီမီတာ ဂျပန်တိုင်ရှိ ပစ္စတိုတစ်လက်။

ကျည်ဆန်က အပြည့်ရှိနေသည်။ သေနတ်ကို လက်ထဲတွင် အားရပါးရ ဆုပ်သည်။ အသက်ကို ဝအောင်ရှူသည်။ ပြောင်းဝကို နားထင်မှာတေ့လိုက် သည်။ နောက်ဆုံး သူ့နှုတ်က အသံထွက်ပြီး ပီပီသသ ရွတ်ဆိုလိုက်သည်။

"တင်နော်ဟေကာဘန်ဇိုင်း'

မိမိကိုယ်မိမိ အဆုံးစီရင်လေ့ရှိသော ဂျပန်စစ်သည်တော်တို့ နောက်ဆုံး ကြွေးကြော်နေကျ စကားဖြစ်သည့် ကြွေးကြော်ချက်-

"ဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ"ဟု သေနတ် ခလုတ်ကို ဖိဆွဲချလိုက်မည်အလုပ်တွင်-

အလို.. သူ ရုတ်တရက် သတိရလိုက်သည်။

လူနာ… လူနာ အမျိုးသမီး။

သူ့မျက်လုံးများက လူနာအမျိုးသမီးထံ ရောက်သွားသည်။ အမျိုးသမီးက သူ့ လှုပ်ရှားမှုတွေကို ကြည့်နေသည်။ ကြောက်လန့်ပြီး မျက်လုံးတွေ ပြူးထွက်နေသည်။ ပါးစပ်ဟနေသည်။ အော်ဟစ်ရန် ကြိုးစားနေသည်။

အမျိုးသမီးနှုတ်မှ စကားလုံးများက မပီသ။ မငြိမ်းက ကလေးကို အနီးနှင့်ထွေးကာ ပွေ့ထားသည်။ သေနတ်နှင့် ဆရာဝန်ကိုကြည့်ရင်း ကြက်သေသေ နေသည်။ ခပ်ဝဝမိန်းမမှာမူ တဆတ်ဆတ်တုန်နေသည်။

ဆရာဝန့်အနေနှင့်တော့ ကိစ္စမရှိ။ ခလုတ်မောင်းကို ဆွဲညှစ်ချလိုက်ရုံပဲ ဖြစ်သည်။ သည့်နောက် လောကကြီးကို သူ ဘာမှ သိတော့မည်မဟုတ်။

သို့သော် မီးနေသည် ဘယ်လိုဖြစ်သွားမည်ကို သူ သတိရသည်။ "ဒိုင်း" ခနဲ အနီးကပ်မြည်ဟည်းပေါက်ကွဲမည်။ တုံးခနဲ ပစ်လဲကျမည်။ သွေး တွေ ပွက်ပွက်ထွက်မည်။ ရုပ်ပျက်ဆင်းပျက် အသက်ပျောက်သွားမည်။

ပြင်းထန်သော သေနတ်သံနှင့် ကြောက်စရာ မြင်ကွင်းတို့က လူနာ အမျိုးသမီးကို လိပ်ပြာနုတ်ပြီး ဇီဝိန်ချုပ်သွားစေနိုင်ပါသည်။ သူ ခက်ခ ခက်ခက်ခဲခဲ အသက်ကယ်ထားရသော လူနာ။ သူ့လုပ်ရပ်ကြောင့် သွေးတက်ကာ ကိစ္စချော သွားနိုင်သည်။

"အိုယုရုရှိတေး ခုဒါဆိုက် တင်နော်ဟေကာ"

ကျွန်တော်မျိုးကို ခွင့်လွှတ်တော်မူပါ အရှင်မင်းမြတ် သူ ရေရွတ်သည်။ သေနတ်ကို လွယ်အိတ်ထဲပြန်ထည့်သည်။ သူ့စိတ်ကို သူလျှော့ချလိုက်သည်။

လူနာအမျိုးသမီးကို ကြည့်၍-

“နေကောင်းအောင် ကြိုးစားပါ”

အမျိုးသမီးက အားယူကာ ခေါင်းကိုဖြည်းညင်းစွာ ညိတ်သည်။

“ကျွန်တော် သွားတော့မယ်”

ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်ဟု ပြန်ပြောသော်လည်း အမျိုးသမီးမှာ အသံမထွက်။ လည်ချောင်းထဲမှာ ဆို့နင့်နေသည်။ ဆရာဝန်က မငြိမ်းနှင့် ခပ်ဝဝ မိန်းမဘက်သို့လှည့်ကာ

“ကလေးကို ဂရုစိုက်ကြပါ”

အမျိုးသမီးနှစ်ယောက်က ခေါင်းညိတ်ပြသည်။ မငြိမ်းမှာ ကလေးကို ပွေ့ထားရင်း မျက်ရည်တွေ စီးကျနေသည်။

ပင်နီတိုက်ပုံကို သူ ပြန်ဝတ်သည်။ လွယ်အိတ်ကို ပခုံးမှာလွယ်ပြီး ထိုင်ရာက ထသည်။ နုံးချည့်နေသဖြင့် အားယူပြီး ထရသည်။ သေမင်းနှင့် စစ်ခင်းလိုက်ရသဖြင့် ပင်ပန်းသွားသည်။ တင်းထားသောစိတ်များ လျှော့ချလိုက်ရသောကြောင့်လည်း နုံးသွားခြင်းဖြစ်သည်။

ပြတင်းပေါက်မှ သူ လှမ်းကြည့်သည်။ အိမ်ပတ်လည်မှာ ဝိုင်းထားသော မျိုးချစ်ဗမာ့တော်လှန်ရေး ရဲဘော်များကို မြင်ရသည်။ လက်နက်ကိုယ်စီ စွဲကိုင်ထားကြသည်။ သစ်ပင်ပေါ်ရောက်နေသော လူတစ်ယောက်က သူ့ဆီသို့ သေနတ်နှင့် လှမ်းချိန်ထားသည်ကို ပြတင်းပေါက်မှ သူ မြင်ရသည်။

သူ အခန်းထဲက ထွက်လိုက်သည်။

အခန်းပြင်မှာ သူ့ကိုစောင့်နေကြသည်။ အိမ်ရှေ့ခန်းသို့ သူ ရောက်သည် နှင့် လူတစ်ယောက် ဓားလွတ်တစ်ချောင်းကို ကိုင်မြှောက်ကာ အရှိန်နှင့် ပြေးဝင်လာသည်။ သူ ရှောင်ချိန်မရလိုက်တော့။

“ဟေ့… လှခိုင် မလုပ်နဲ့၊ လှခိုင် မလုပ်နဲ့”

အောင်မောင်းက မလုပ်နဲ့ဟု အော်ရင်း သူတို့ကြားသို့ ဝုန်းခနဲခုန်ဝင်လိုက်သည်။ အဖြစ်အပျက်က မြန်ဆန်လွန်းသည်။ ဓားသွားက သူ့ဇက်နားမှာ ဝှီးခနဲဖြတ်သွားသည်။ သီသီကလေးပဲ ဖြစ်ပါသည်။

လှခိုင်မှာ ရှူးရှူးရှားရှား ဖြစ်နေသည်။ သူ့ဓားက ဖက်ဆစ်တွေအတွက်

သွေးဆာနေသည်။

ဆရာဝန်က သက်ပြင်းချသည်။ "ခင်ဗျားတို့ ဝါးလုံးထဲကရေပဲဗျာ"ဟု ပြောမည်ပြုလိုက်ပြီးမှ သူ့စကားလုံး လွဲနေသည်ထင်၍ မပြောဘဲနေလိုက်သည်။ ထောက်လှမ်းရေး သင်တန်းတက်စဉ်တုန်းက မြန်မာစကားကို ကောင်းစွာသင်ခဲ့ရသည်။ ဆိုရိုးစကားတွေ စကားပုံတွေပါ သင်ယူလေ့ကျင့်ခဲ့ရသည်။

ယခုလို အခြေအနေမျိုးထဲကျတော့ စကားလုံးက စဉ်းစား၍မရ။ "ခင်ဗျားတို့ လက်ခုပ်ထဲက ရေပဲဗျာ" ဟူသောစကားကို မေ့နေသည်။ ထိုအခိုက် သူကြီး ဦးထွန်းလူက-

"ဟေ့ကောင် လှခိုင်၊ အဲဒီလို အရမ်းမလုပ်နဲ့"

"ဒါ ရန်သူပဲ ဦးလေးရ"

"ရန်သူပေမယ့် ကိုယ့်လက်ထဲရောက်နေပြီပဲ"

အိပ်ခန်းဝတွင် ရပ်နေသော ခပ်ဝဝမိန်းမက-

"သူ အစောကြီးထဲက ထွက်ပြေးရင် လွတ်သွားပဲ၊ ဒီမှာ မီးနေသည်ကို ဝင်မွေးပေးနေလို့ အဖမ်းခံရတာ၊ မမြနဲ့ ကလေးအသက်ကို ကယ်ထားတာလဲ ကြည့်ဦးမှပေါ့တော်"

ပင်နီတိုက်ပုံနှင့် ဆရာက မလှုပ်မယှက်ရပ်လျက်။ ဗမာ့တော်လှန်ရေး ပြောက်ကျားရဲဘော်များက သူ့ ကို ဝိုင်းကြည့်နေကြ၏။

"ပြီးပါပြီ၊ ကျွန်တော့်ကို ဖမ်းလို့ရပါပြီ"

"အော်… ခင်ဗျားက ဗမာစကားတတ်သားပဲ၊ အခန်းထဲမှာ ခင်ဗျားလူ ကျန်သေးလား"

"မရှိတော့ပါဘူး"

လှခိုင်က သူ့ဆီက လွယ်အိတ်ကို တောင်းယူသည်။ လွယ်အိတ်ထဲက ပစ္စည်းကို သိမ်းယူသည်။ အောင်မောင်းက ဆရာဝန့်ကိုယ်ပေါ်မှာ လက်နက်ရှိမရှိ လျှောက်စမ်းပြီး ရှာကြသည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ယာမာရှိတာ"

"ခင်ဗျား ဘယ်တပ်ကလဲ"

သူမဖြေ။

"ခင်ဗျားတို့တပ်တွေ အခု ဘယ်မှာလဲ"

သူ နှုတ်ပိတ်နေသည်။

"အခု ခင်ဗျားတို့ ဒီကိုလာတာ ဘယ်နှယောက်လဲ"

သူ ပြန်မပြော။ သူက လှခိုင်ကို စေ့စေ့ကြည့်ကာ-

"ခင်ဗျားတို့ ခေါ်သွားစရာရှိတဲ့ နေရာကို ခေါ်သွားပါ၊ ဒီနေရာမှာ ဒီမေးခွန်းတွေ ကျွန်တော် မဖြေနိုင်ဘူး"

"ကောင်းပြီ၊ ဒါဖြင့် သွားကြမယ်"

သူတို့အားလုံး အိမ်ပေါ်က ဆင်းသွားကြသည်။

သူ့ရဲဘော်တွေ ဘယ်လိုကြမ္မာမျိုးနှင့် ကြုံတိုးရပါလိမ့်ဟု သူ တွေးကြည့်သည်။ အဖမ်းခံရသည်ကို သူ မဖြူ။ အနှိပ်စက်ခံရမှာကိုလည်း သူမမှု။ အသတ်ခံရမှာကိုလည်း သူ မကြောက်။ သို့သော် အရေးရှုံးနိမ့်သူဘဝနှင့်သာ ပြည်တော်ပြန်ရလျှင် ရှေ့အဖို့ လူဖြစ်ရကျိုး ရှုံးပြီ။

သူတို့ ဆင်းသွားကြသည်ကို အိပ်ခန်းဝမှ မငြိမ်းက ကလေးပွေ့ကာ ငေးရင်း ကျန်ရစ်ခဲ့လေသည်။

■

ဒုတိယပိုင်း

အခန်း (၃)

ပဒ္မှန်မင်းက မာန်ဟုန်ပြင်းစွာ သဲသဲမဲမဲ ရွာချလျက်ရှိ၏။ ပဲခူးရိုးမ တောင်ပေါ်မှာ မုတ်သုံမိုးက အားကြီးလှသည်။ နေ့ညမပြတ် ဆက်တိုက်ရွာနေသည်။

မတ်ဆုမိအိနိုစံက မိုးရေစက်များကိုကြည့်ကာ စိတ်ပျက်နေသည်။ မြန်မာနိုင်ငံမှာ ဇူလိုင်လမိုးက ရွာနိုင်ရန်ကောဟု စဉ်းစားမိသည်။ တဲအဝတွင်ရပ်၍ မိုးကာအင်္ကျီကို ခြုံလိုက်သည်။ ဆေးထိုးအပ်ဘူးကို လက်တစ်ဖက်က ကိုင်သည်။ ကျန်တစ်ဖက်က မက်ခွတ်ကိုကိုင်သည်။ မတ်ခွက်ထဲက ရေနွေးပူပူများက အငွေ့တထောင်းထောင်း ထနေသည်။

တဲအပြင်သို့ သူ ထွက်လိုက်သည်။ မိုးသီးမိုးပေါက်ကြီးများက သူ့ကိုယ်ပေါ်သို့ အရှိန်ပြင်းစွာ ကျလာသည်။ ဆေးထိုးအပ်ဘူးကို ကိုင်ထားသောလက်ဖြင့် မိုးကာအင်္ကျီကို တင်းတင်းဆွဲစေ့လိုက်သည်။

မိုးတွေ ဘယ်လောက်ရွာရွာ သူနာပြုရမှာက သူ့အလုပ်။ မိုးရေထဲမှာ သူ လျှောက်လာသည်။ ပတ်ဝန်းကျင်တစ်ပြင်လုံးမှာ ဗွက် ထနေသည်။ မိုးရေစက်များကြောင့် ဝေးဝေးသို့ မမြင်ရ။

ပဲခူးရိုးမတောင်တစ်ကြောမှာ သစ်ပင်ဝါးပင်တွေက ထူထပ်လှသည်။ သူတို့ စခန်းချဖို့ ဒီနေရာကို တမင်ရွေးခဲ့သည်။ မဲဇာလီချောင်း ကမ်းနံဘေးမှာ ဖြစ်ပါသည်။ တောင်စောင်းမှာ ကွက်လပ်ရှိသည်။ အနေအထားကောင်းသည်။ စစ်ရေးအမြင်နှင့်ကြည့်လျှင် တပ်စခန်းချရန် သင့်တော်သော နေရာမျိုးပင်။

ကုန်းစောင်းမှာ ဝါးတဲကြီးတွေထိုးပြီး စခန်းချတပ်စွဲထားကြ၏။ မုတ်ဆုမိစံတို့တဲကို အခြားတဲများနှင့် နည်းနည်းခွာထားသည်။ ပြီးတော့ ကန့်သတ်ဇရိယာအဖြစ် သတ်မှတ်ထားသည်။ ခွင့်ပြုမိန့်မရဘဲ မည်သူမျှ မဝင်ရ။ မလာရ။

လာ၍လည်းမဖြစ်။ မိန်းမသားတွေချည်းစုကာ နေရာချထားသော တဲကြီးဖြစ်၏။ ဂျပန်တပ်တွေ စစ်ဆုတ်ကြရာတွင် ဒီမိန်းမတွေက ဘယ်ကပါလာကြပါသနည်း။

ဂျပန်ခေတ်တစ်လျှောက် မြန်မာပြည်ကို ဂျပန်တွေ ရောက်လာ ကြသည်။

စစ်သားတွေသာမက အရပ်သားများလည်း ပါလာကြ၏။ အတတ် ပညာရှင်တွေ၊ အမှုထမ်းတွေ၊ လုပ်ငန်းရှင်တွေ၊ ကုန်သည်တွေ စသည်ဖြင့် ဆေးရုံ၊ ရုံး၊ ရေနံမြေလောင်စာဆီဌာန စသည်များမှာ အလုပ် လာလုပ်ကြသည့် ဂျပန်တွေရှိသည်။ လူလွတ်တွေချည်းသာမက အိမ်ထောင်သည်များလည်း ပါသည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မြန်မာတစ်မျိုးသားလုံးက ဖက်ဆစ်ဂျပန်ကို စတင်တော်လှန် တိုက်ခိုက်ခဲ့ကြသည်။

အလုံးအရင်းနှင့်ချီ၍ ဂျပန်တွေ စစ်ဆုတ်ကြသည်။

ဂျပန်အရပ်သားတွေလည်း မြန်မာပြည်မှာ ကျန်နေခဲ့၍ မဖြစ်တော့။ တပ်တွေနှင့်အတူ လိုက်၍ဆုတ်ကြရသည်။ ဤတွင် အမျိုးသမီးတွေလည်း ပါလာကြသည်။ အိမ်ရှင်မတွေ၊ အမှုထမ်းတွေ၊ မတ်ဆုမိစံတို့လို သူနာပြုဆရာမလေးတွေ၊ သူတို့လည်း တပ်နှင့်အတူ လိုက်ပါကြရသည်။

အမျိုးသမီးများဆို၍ ဤမျှမကသေးပါ။ ပြည့်တန်ဆာမတွေပင် ပါလာကြသည်။ ကိုရီးယားမ၊ တရုတ်မ၊ ဂျပန်မများ ဖြစ်ကြသည်။ ဂျပန်စစ်တပ်တွင် အသုံးတော်ခံလာကြရသူများဖြစ်၏။

ခုတော့ စစ်သားရော အရပ်သားပါ အားလုံး ဆုတ်ခဲ့ကြပြီ။ သူတို့တပ်တွေ ပဲခူးရိုးမတောတောင်ထဲသို့ ရောက်လာကြ၏။ အမှတ် ၂၈ ဂျပန်စစ်တပ်ကြီးကို ဒုတိယဗိုလ်ချုပ်ကြီး ဆာကူရိုင်းရှိုဇိုက အုပ်ချုပ်သည်။ ဗိုလ်ချုပ်က စစ်ဆုတ်ရာတွင် အားလုံးကို တပ်ပုံစံအတိုင်း ချီတက်စေသည်။

စစ်မှုထမ်း မဟုတ်သူများကို ယာယီအဖြစ် စစ်ထဲသွင်းသည်။ အရပ်သားစစ်မှုထမ်းများ ဖြစ်စေသည်။ ၎င်းကို “ဂွန်ဇိုကု”ဟု ခေါ်သည်။ စစ်စည်းကမ်းလိုက်နာစေသည်။ အားလုံး စစ်ယူနီဖောင်းဝတ်ရသည်။

မတ်ဆုမိစံက ဗွက်ထဲမှာ လမ်းလျှောက်ရင်း လူနာဆောင်ကို လွန်လာသည်။ အရာရှိ တန်းလျားဘက်သို့ ဆက်မလျှောက်ဘဲ ချိုးကွေ့သည်။ အပေါ် ဘက်ကုန်းထိပ်သို့တက်သည့် လမ်းကလေးရှိသည်။ အထက်နားတွင် တဲကြီးတစ်လုံးရှိသည်။ ထိုတဲက စစ်ဌာနချုပ်ရုံးအဖြစ် စခန်းချနေသော တဲကြီးဖြစ် သည်။

လမ်းကလေးအတိုင်း တက်လာခဲ့ပြီး ရုံးတဲကြီးအဝသို့ သူ ရောက်လာ သည်။ တဲဝတွင် လက်နက်ကိုင် စစ်သားများ စောင့်နေကြသည်။ ရှေ့ဆုံးမှ ရဲဘော်က သူ့ ကို ဆီးတားသည်။

“မဝင်ရဘူး”

ဘယ်လိုဖြစ်တာလဲ၊ ခါတိုင်း ဒီတဲကြီးသို့ သူ လာနေကျ။ ဝင်နေကျ။ ယခုမူ အစောင့်ရဲဘော်က ဝင်ခွင့်မပေး။

"ဘာဖြစ်လို့လဲ"

"အစည်းအဝေးရှိတယ်၊ မဝင်ရဘူး"

"ကျွန်မ သူနာပြုဆရာမ မတ်ဆုမိအိနိုစံ တာဝန်နဲ့လာတယ်လို့ ဗိုလ်ချုပ် ကို သွားသတင်းပို့ပေးပါ"

အစောင့်ရဲဘော်က တဲထဲဝင်သွားသည်။ သူက မတ်ခွက်နှင့် ဆေးထိုး အပ်ဘူးကို ဝါးကြမ်းပေါ်မှာချသည်။ မိုးကာအင်္ကျီကိုချွတ်ပြီး စောင့်နေသည်။ မကြာမီ အစောင့်ရဲဘော် ပြန်ထွက်လာသည်။ သူ့ကို ဝင်ခွင့်ပြုလိုက်သည်။ အထဲသို့ သူ ဝင်လာခဲ့သည်။

ဝါးတဲရှည်ကြီးထဲတွင် အစည်းအဝေး ကျင်းပနေသည်။ အစည်းအဝေး တွင် အရာရှိငယ်များကို မတွေ့ရ။ တပ်မှူးကြီးများ၊ ဦးစီးအရာရှိကြီးများသာ တက်ကြရသည်။ အခန်းထဲတွင် ဗိုလ်ချုပ်၊ ဗိုလ်မှူးကြီး စသော ထိပ်တန်းအရာ ရှိကြီးများသာ ဝိုင်းထိုင်နေကြသည်။

ဝင်သွားသောအခါ စစ်ဦးစီးတစ်ဦးက တင်ပြနေသည်။

သူ "ကျွန်တော်တို့ တပ်တွေကို တောင်ငူမြို့ရဲ့ တောင်ဘက်ကနေပြီး စစ်တောင်းမြစ်ကို ကူးမယ်ဆိုရင်တော့ အင်မတန် ခက်လိမ့်မယ်၊ အဲ့ဒီနေရာ တွေမှာ မြစ်က အကျယ်ကြီးဖြစ်နေတယ်"

ကျန်တပ်မှူးများက နားထောင်ရင်း သူ့မျက်နှာကို စိုက်ကြည့်နေကြသည်။ သူနှင့် မျက်စောင်းထိုးကျသော နေရာတွင် ထိုင်နေသော အရာရှိကြီးက စိတ်မရှည်တော့သည့်ဟန်ဖြင့်-

"ခင်ဗျား ပြောနေတာက စစ်တောင်းမြစ်ကို တောင်ငူမြို့ရဲ့ မြောက်ဘက် က ကူးချင်တယ်လို့ ဆိုချင်တာလား"

"ဟုတ်တယ်"

"ဟာ... မဟုတ်တာ"

မေးသူက ချက်ချင်း ကန့်ကွက်သည်။

"အဲဒီလို ဖြတ်ကူးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ အမြောက်ကြီးတွေကို

ဒီဘက်ကမ်းမှာ ထားခဲ့ရဦးမှာ'

နောက်တစ်ယောက်က ဝင်ဆွေးနွေးသည်။

“ဒါကတော့ ရှင်းနေတဲ့ကိစ္စပဲဗျ၊ ဒီရိုးမတောထဲက စထွက်တာနဲ့ ခုနစ်ဆယ့်ငါးမီလီထက်ကြီးတဲ့ အမြောက်တွေ စွန့်ခဲ့ကြရမှာပဲ”

မတ်ဆုမိစံက သူတို့ ဆွေးနွေးနေသည်များကို မကြားသလိုနေရင်း စစ်ဦးစီးချုပ် ထိုင်နေရာသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ အနီးသို့ ရောက်သော် ခြေစုံရပ်၍ အလေးပြုလိုက်သည်။

“အပြင်းဖျားနေတဲ့ တပ်မှူးနှစ်ယောက် ဒီမှာ အစည်းအဝေးလာတက်နေပါတယ် ဗိုလ်ချုပ်၊ အဲဒါ ဆေးထိုးဖို့ အချိန်ကျနေလို့ ကျွန်မ လာပါတယ်”

စစ်ဦးစီးချုပ်က သူ့ကို တစ်ချက်မျှ မျက်မှောင်ကြုတ်ကာ လှည့်ကြည့်လိုက်ပြီး ပြန်လှည့်သွားသည်။ မတ်ဆုမိက ဆေးထိုးပေးရမည့် တပ်မှူးရှိရာသို့ လျှောက်သွားသည်။ သူတို့ ဆက်ဆွေးနွေးကြသည်။

“ကျွန်တော် ငြင်းနေတာ မဟုတ်ဘူးဗျ၊ လမ်းရွေးတဲ့နေရာမှာ ဒီကိစ္စက အဓိက မဟုတ်လား'

“ဟုတ်တယ်လေ”

“ကျွန်တော်တို့ရဲ့ ရဲဘော်တွေအားလုံးရဲ့ အသက်ဟာ အောင်မြင်အောင် ဖောက်ထွက်နိုင်ရေးပေါ်မှာ တည်တာပဲ”

မတ်ဆုမိစံက ဖျားနေသော တပ်မှူးအနီးသို့ ကပ်သွားပြီး အလေးပြုလိုက်သည်။ တပ်မှူးကြီးက အဖျားတက်ပြီး တစ်ကိုယ်လုံး တုန်နေသည်။ လူကလည်း အားနည်းနေသည်။ သို့သော် စစ်သွေးမာန်ကြောင့် သူ့မျက်နှာကမပျော့။ မေးကြောကြီးများ ထောင်သည်အထိ တင်းမာနေသည်။ တပ်မှူးကြီးကို ဆေးတစ်လုံးထိုးရန် မတ်ဆုမိက ခွင့်တောင်းသည်။

တစ်ယောက်တစ်ခွန်း အခြေအတင် ဆွေးနွေးနေကြသည့်ကြားက စစ်ဦးစီးချုပ်၏အသံက အောင်မြင်စွာ ထွက်လာသည်။

“အခု ခင်ဗျားတို့ ပြောတာတွေကို ခြုံလိုက်ရင် စစ်တောင်းမြစ်ကို တောင်ငူမြို့ တောင်ဘက်က ဖြတ်ကူးတာပဲ ကောင်းတယ်လို့ အဖြေထွက်တယ်၊ ဒီတော့ အဲဒါကိုပဲ အတည်ပြုမယ်”

မတ်ဆုမိစံက ဆေးထိုးအပ်ဘူးကိုဖွင့်၍ အပ်ကိုကိုင်သည်။

လုပ်စရာရှိသည်ကို အေးဆေးတည်ငြိမ်စွာ လုပ်သည်။ ဆွေးနွေးနေကြသည့်ကိစ္စက အရေးကြီးသည်။ သူတို့၏ ရှေ့ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့်ကိစ္စ ဖြစ်သည်။

"နောက်တစ်ခုက ရိုးမထဲက ဖောက်ထွက်ဖို့ စစ်ဆင်ရေးစတဲ့နေ့ သတ်မှတ်ရမယ့်ကိစ္စပဲ"

"ဗိုလ်ချုပ်ခင်ဗျား၊ ဖောက်ထွက်ဖို့ စစ်ဆင်ရေးစတဲ့နေ့ကို သတ်မှတ် ပေးတာ စောနေတယ်'

"ဟုတ်ပါတယ်၊ ဒီထက်ပိုနောက်ကျနိုင်ရင် ကောင်းမယ်"

တပ်မှူးတစ်ယောက်က ဝင်ထောက်ခံသည်။

"ကျွန်တော်ကတော့ အဲဒီနေ့ပဲ ကြိုက်တယ်'

နောက်တစ်ယောက်က တင်ပြသည်။

"ဗိုလ်ချုပ်ခင်ဗျား၊ ဇူလိုင်လ နှစ်ဆယ့်သုံးရက်ဆိုရင် ကောင်းတယ်"

အခြားတစ်ယောက်က ဝင်ပြောပြန်သည်။

"အစီအစဉ်တွေအားလုံး လုပ်ပြီးနေပြီမို့ ဇူလိုင်လ နှစ်ဆယ့်တစ်ရက် နေ့ပဲ သတ်မှတ်သင့်တယ်"

မတ်ဆုမိစံက ဆေးထိုးပြီးသွားသည်။ နောက်တစ်ယောက်ထံ ဆက်သွားသည်။ ဒီတစ်ယောက်က ဆေးထိုးစရာမလို။ ဆေးတိုက်ရသည်။ ဆေးလုံးနှင့် ရေနွေးမတ်ခွက်ကို လှမ်းယူလိုက်သည့် ဗိုလ်မှူးကြီးလက်က ချစ်ချစ်တောက် ပူနေသည်။ ဒီလောက်ဖျားနေသော်လည်း မာန်ကတင်းနေသည်။

"ရက်သတ်မှတ်သည့်ကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ အငြင်းအခုံ ပြဿနာ မဖြစ်စေချင်ဘူး၊ တကယ်တော့ နှစ်ဆယ်ရက်နေ့ အကောင်းဆုံးပဲ"

"ဟုတ်ပါတယ် ဗိုလ်ချုပ်၊ ကျွန်တော်တို့အနေနဲ့ အဲဒီ ဇူလိုင်လ နှစ်ဆယ်ရက်နေ့ကို အမှတ် ၂၈ စစ်တပ်ကြီးရဲ့ အမိန့်အဖြစ် သတ်မှတ်တယ် ဆိုရင်တော့ လိုက်နာကြရုံပဲရှိတယ်"

မတ်ဆုမိစံက ဆေးထိုး၊ ဆေးတိုက်သည့်အလုပ် ပြီးသွားသည်။ တစ်ချက် အလေးပြုလိုက်ပြီး နေရာမှခွာကာ အစည်းအဝေးခန်းမထဲက ထွက်လာခဲ့သည်။ အပြင်မှာ မိုးက ကောင်းနေဆဲ။ မိုးရေထဲ လမ်းလျှောက် လာရင်း သူ စဉ်းစားလာသည်။

ရှေ့ဆက်ကြရဦးမည့် ခရီးကို မှန်းကြည့်သည်။

ဒုတိယကမ္ဘာစစ်ကာလတွင် ဂျပန်တွေ မြန်မာမြေပေါ် ရောက်လာကြသည်။ မြန်မာပြည်သို့ ရောက်ရှိလာသော ဂျပန်တပ်ကြီး သုံးတပ်ရှိသည်။ အမှတ် ၁၅၊ ၂၈ နှင့် ၃၃ တို့ဖြစ်သည်။ အမှတ် ၁၅ နှင့် ၃၃ တို့မှာ နွေဦးကာလ မှာပင် တနင်္သာရီဘက်သို့ ဆုတ်ခွာသွားနှင့်ကြလေပြီ။ အမှတ် ၂၈ စစ်တပ်ကြီးသာ ကျန်ခဲ့သည်။

သူတို့တပ်တွေ မြန်မာနိုင်ငံ အနောက်ဘက်မှ ဆုတ်ခွာခဲ့ကြသည်။ အရှေ့ဘက်သို့ ခရီးနှင်ပြီး ဧရာဝတီမြစ်ကိုကူးသည်။ ထို့နောက် ပဲခူးရိုးမသို့ ဝင်ကြသည်။ ယခုတော့ ရိုးမတောင်ပေါ်က တောကြီးမျက်မည်းထဲမှာ ရှေ့လည်း မတိုးသာ နောက်လည်းဆုတ်မရ။ မြန်မာ့မျိုးချစ်တပ်မတော်နှင့် အင်္ဂလိပ်တို့က နောက်ကလည်း လိုက်တိုက်သည်။ ရှေ့ကစောင့်၍လည်း ပိတ်တိုက်သည်။ မတ်ဆုမိစံတို့ ရိုးမပေါ်မှာ ပိတ်မိနေကြပြီ။

မတ်ဆုမိစံက စဉ်းစားရင်း ဗွက်ထဲမှာ လျှောက်လာသည်။

မိုးမှာ ရွာအားကောင်းလျက်ပင် ရှိနေသည်။ သူတို့နေထိုင်ရာ တဲကြီးသို့ ပြန်ရောက်လာသည်။ မိုးကာကို တဲဝမှာချိတ်ပြီး အထဲဝင်ခဲ့သည်။ ဒီတဲကြီးထဲ တွင် သူတို့အတွက် အခန်းလေးကန့်ပေးထားသည်။ အခန်းလေးထဲမှာ သူနာပြု ဆရာမလေးတွေချည်း စုကာနေရသည်။

ဝါးတဲကြီးတွေ ဆောက်ရာတွင် ဂျပန်စစ်သားများက ဇာတိမစွန့်ဘဲ လက်စွမ်းပြကြသည်။ ဂျပန်ဆောက်လုပ်ရေး လက်ရာကို မလျှော့။ လူတွေက အင်အားကုန်ခန်း ခြေလက်နွမ်းနယ်ကာ စစ်ပန်းနေကြသည်။ ဘေးဒုက္ခနှင့် အန္တရာယ်တွေ ကြားမှာလည်း ရောက်နေသည်။ သို့သော် ဝါးတဲဆောက်ရာတွင် အပင်ပန်းခံသည်။ စိတ်ရှည်ပြီး သေသပ်သည်။ အနုပညာဆန်ပြီး လှပသည်။

စစ်ဦးစီးအရာရှိများ နေထိုင်သော ဝါးတဲဆိုလျှင် အိပ်ခန်း၊ ရုံးခန်း၊ မီးလှုံရန် မီးဖို စသည်များနှင့် စနစ်တကျ ဆောက်ထားသည်။

မတ်ဆုမိစံက သူ့အခန်းထဲဝင်ကာ ဝါးကြမ်းပေါ်တွင် ထိုင်ချလိုက်သည်။ အစည်းအဝေးခန်းမှာ သူ ကြားခဲ့ရသော စကားတွေကို သူပြန်စဉ်းစားနေမိသည်။

သူတို့ ရိုးမထဲက ထွက်ကြရတော့မည်။ မိုးကုန်အောင်စောင့်နေ၍ မဖြစ်။ ဖြစ်သည့်နည်းနှင့် ထွက်ကြရမည်။ ရန်ကုန်၊ မန္တလေး ကားလမ်းကို ဖြတ်ရမည်။ ရထားလမ်းကိုလည်း ကျော်ရမည်။ လယ်ကွင်းတွေထဲ အဝေးကြီး လျှောက်ရဦးမည်။ ထို့နောက် စစ်တောင်းမြစ်ကို ကူးရမည်။ ဟိုဘက်ကမ်းရောက် လျှင် တပ်တွေ

ပြန်စုရမည်။ အဲဒီကျမှ အင်္ဂလိပ်ကို ပြန်တိုက်မည်။

ဂျပန်ပြည်ကို ပြန်ရောက်ဖို့ဆိုတာက ခရီးမိုင်ပေါင်းများစွာ လိုသေးသည်။ မတ်ဆုမိစံ စစ်ဆုတ်လမ်းကို မျှော်မှန်းကြည့်သည်။ အခက်အခဲ တွေက ပရပ္ပ။ အန္တရာယ်တွေက အနန္တ။ ဘာပဲဖြစ်ဖြစ် ဆုတ်ကြရတော့မည်။

နေပါဦး။ တို့ ဘာဖြစ်လို့ ဆုတ်ရတာတုံး။ ဆုတ်တယ်ဆိုတာ ရှုံးတဲ့ လက္ခဏာတစ်ခုပဲ။ တို့ဂျပန်တွေ စစ်ရှုံးနေပြီလား။ အခုအချိန်ထိတော့ ရှုံးတယ်လို့ ဘယ်သူကမှ မပြောသေး။ တို့နိပွန်ပြည်တော်ပြန်လှည့်ရမှာပေါ့။

မတ်ဆုမိစံ စိတ်ထဲမှာ တွေးမည့်သာ တွေးနေရသည်။ တွေးရင်းက ရင်ထဲမှာ ပူလာသည်။ သူ ရင်လေးနေသည်။ ရှေ့ဆက်ရမည့် ခရီးက ခက်ခဲ ပင်ပန်း ကြမ်းတမ်းလိုက်ပါဘိတော့။

■

အခန်း (၄)

အရာရှိရိပ်သာ ဝါးတဲကြီးထဲတွင်ဖြစ်သည်။

"ခင်ဗျားက မိုင်စစ်ဆင်ရေးအပေါ်မှာ ဘယ်လိုသဘောထားလို့ ဒီလို ပြောရတာလဲ တာနာကားစံ"

ဖျတ်လတ်တက်ကြွလျက်ရှိသော စစ်ဗိုလ်ကလေးက ရေနွေးခွက် ကိုချရင်း မေးသည်။ သူ့ရှေ့မှာထိုင်နေသော ဂင်တိုတိုနှင့် ဗိုလ်တာနာကားက ကပျာကယာ လက်ကာလိုက်ရင်း-

"အောင်မလေး အာကီဂါဝါစံ၊ ကျုပ်ကိုတော့ ဒီလို တရားခံမရှာပါနဲ့"

သူတို့ဘေးမှာ ဂျပန်စစ်ဗိုလ်တွေ ဝိုင်းထိုင်နေကြသည်။ ရေနွေးသောက်ရင်း စကားဝိုင်းဖွဲ့နေကြခြင်း ဖြစ်၏။ ဗိုလ်တာနာကားက-

"ဒီမှာ မောင်ရင် စစ်ဆင်ရေးစီမံချက်ဆိုတာ ကျုပ်တို့က ဘယ်လို သဘောထားတယ်၊ မထားဘူးဆိုတာတွေ ပြောလို့မရဘူး။ ဒါက အမိန့်ပဲ၊ ကျုပ်တို့ အလုပ်က အမိန့်အတိုင်း လုပ်ဖို့ပဲရှိတယ်"

မိုင်စစ်ဆင်ရေးဆိုသည်မှာ ပဲခူးရိုးမထဲက အမှတ် ၂၈ စစ်တပ်ကြီး ဖောက်ထွက်ရေးကိစ္စ။ အာကီဂါဝါစံက ထပ်မေးသည်။

"ဒါဖြင့် ခင်ဗျား ခုနပြောတဲ့ အင်္ဂလိပ်ကောင်တွေကို ပြန်တိုက်ဖို့ မဖြစ်နိုင်ဘူးဆိုတာ..."

"ဟိုး. ဟိုး.. ဒီလိုမဟုတ်ဘူး၊ မောင်ရင့်စကားက အနှောင့်အသွား မလွတ်ဘူး၊ ကျုပ်ပြောတာ အဲဒါမပါဘူး၊ ကျုပ် ဆိုလိုတာက အခု ကျုပ်တို့ ရိုးမထဲရောက်နေပြီ၊ မိုင်စစ်ဆင်ရေးရဲ့ ပထမအဆင့်ပြီးပြီ"

"ဟုတ်တယ်လေ"

"အေး... ဒုတိယအဆင့်အနေနဲ့ အင်္ဂလိပ်ကို အသေအလဲ ပြန်ဆော်ဖို့ ကျတော့ လိုသေးတယ်၊ အဲဒါကို ပြောတာကွ"

"ဘာဖြစ်လို့လဲ"

ဗိုလ်ကလေး အာကီဂါဝါက ပြန်မေးသည်။

သူ့အသွင်က ဘာဖြစ်လို့ မဖြစ်ရမှာလဲဟူသော မာန်ဖြင့်ထန်နေသည်။ အနားမှာ ရေနွေးလာထည့်ပေးသော တပ်ကြပ်ကြီး တာနီဇာကီက ဗိုလ်လေး အာကီဂါဝါစံကို အထင်မကြီးသော အကြည့်ဖြင့် ကြည့်သည်။

အာကီဂါဝါစံက ကျောင်းဆင်းပြီးစ ဗိုလ်ပေါက်စ။ သူတို့လို လူမျိုးတွေက ရန်သူတွေ့လျှင် တိုက်၊ မဲမဲမြင်လျှင် ပစ်၊ တစ်ဇွတ်ထိုး သေသေ ကျေကျေ ဆော်ပစ်လိုက်ချင်သည်။ တာနီဇာကီက အရာရှိတော့မဟုတ်။ သို့သော် အသက်လည်း ကြီးပြီ။ တိုက်ပွဲပေါင်းများစွာမှ အတွေ့အကြုံလည်းစုံပြီ။ စစ်ရေးလည်း ဝပြီ။ ကမူးရှူးထိုး ဆင်ကန်းတောတိုးမလုပ်။ သေနင်္ဂပရိယာယ်ကို ပိုပြီးနားလည်သည်။

ဗိုလ်တာနာကားက ဆက်ပြောသည်။

“ဒီမှာ မောင်ရင် တိုက်ပွဲတိုင်းဟာ စစ်ဆင်ရေးစီမံချက်ထဲကအတိုင်း ဖြစ်ရမယ်ဆိုပြီး ဇွတ်တိုက်လို့ရတာ မဟုတ်ဘူးကွ၊ လူအင်အား၊ လက်နက်အင် အား၊ ရိက္ခာ၊ ရေမြေ၊ ရာသီဥတု၊ အဲဒီအနေအထားတွေအားလုံးကို ကြည့်ရတယ်”

ဗိုလ်တာနာကားက စကားကိုခဏရပ်ပြီး ဗိုလ်ပေါက်စမျက်နှာကို ကြည့် သည်။

“အေး... တိုက်သင့်ပြီဆိုရင်တော့ ဇွတ်ကို အသေအကျေ ဆော်ရမှာပေါ့၊ ဒါပေမယ့် အင်္ဂလိပ်မြင်တိုင်း ချသာချကွာဆိုလို့ မရဘူး၊ ကြောက်လို့မဟုတ်ဘူး ဒါ စစ်ပရိယာယ်ရဲ့သဘော၊ အဲဒါကိုပြောတာကွ”

“ဒါလောက်တော့ ကျွန်တော်လည်း သိတာပေါ့ဗျ၊ အခုနပြောတာက” ဗိုလ်ကလေး စကားကမဆုံး၊ ချိုသာကြည်လွင်သော နှုတ်ခွန်းဆက်သံက တံခါးဝမှ ပေါ်လာသည်။

“အိုဟိုင်းယို ဂိုဇိုင်းမတ်စ်”

ကောင်းသောနံနက်ခင်းပါ ဟူသော အသံကြောင့် သူတို့အားလုံး အပေါက်ဝသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။ တံခါးဝမှာ မတ်ဆုမိစံ ရပ်နေသည်။

“ဟော.. ဆရာမ၊ စောစောစီးစီး ဘာကိစ္စ”

သည်စခန်းမှာ အရာရှိတွေက မတ်ဆုမိစံကို သိကြပါသည်။ ပျူငှာဖော် ရွေမှု၊ သွက်လက်ဖျတ်လတ်မှုနှင့် အားတက်သရော ကူညီတတ်မှုတို့ကြောင့် သူ့ကို လူတိုင်းက ခင်မင်ကြသည်။ ပြီးတော့ တပ်နှင့် ပါလာသမျှ မိန်းမသားအားလုံးတွင် မတ်ဆုမိစံက အချောဆုံး၊ အထင်ရှားဆုံး ဆွဲဆောင်မှုအရှိဆုံး။

"ဗိုလ်မှူးကြီး ကာတိုမိချိရှိလား"

"ရှိတယ် ဆရာမ၊ ဟိုဘက်ခန်းမှာ"

သူက တစ်ဖက်ခန်းသို့ လှမ်းဝင်ခဲ့သည်။ သည်အခန်းထဲမှာ စာရွက်စာတမ်းတွေ၊ ဖိုင်တွဲတွေ၊ စာအုပ်တွေ၊ မြေပုံတွေရှိသည်။ ထရံမှာလည်း စာတွေကပ်

ထားသည်။ အခန်းထဲမှာ အရာရှိသုံးလေးယောက်ရှိနေသည်။

"ဆေးထိုးမလို့လား ဆရာမ၊ ကျုပ် ဘာမှမဖြစ်ဘူး"

"ဗိုလ်မှူးကြီးကလည်း ကျွန်မကိုမြင်တာနဲ့ ဆေးထိုးတော့မယ်ချည်းပဲ မှတ်နေပြီလား"

"ကဲ… ဆိုစမ်းပါဦး၊ ဘာကိစ္စ"

"ကျွန်မ မိုးရေကာ ဖျဉ်စလေးတစ်စရလို့ အိတ်ကလေးတစ်လုံး ချုပ်ထားတယ်၊ အဲဒါ ပေးမလို့ ဗိုလ်မှူးကြီး စာအုပ်တွေ ရေမစိုအောင် ထည့်ဖို့ပါ"

သူက အိတ်ကလေးကို ဗိုလ်မှူးကြီးထံ လှမ်းပေးလိုက်သည်။ ဗိုလ်မှူးကြီး ကာတိုမိချိက စာပေဝါသနာပါသူဖြစ်သည်။ စစ်ကြီးပြီးလျှင် စာရေးဆရာ လုပ်မည်ဟု ပြောဖူးသည်။ စစ်မတိုက်ရသည့် အခါများတွင် စာတွေသာ တကုပ်ကုပ် ရေးသည်။ ဂျပန်ပြည် ပြန်ရောက်လျှင် စာအုပ်ထုတ်မည်ဟုဆိုသည်။

"ကျေးဇူးတင်တယ် ဆရာမလေး၊ ကျုပ်အတွက် ဒါမျိုးက သိပ်အသုံးကျတယ်၊ ရေလုံတယ် မဟုတ်လား"

"လုံပါတယ် ဗိုလ်မှူးကြီး"

စကားပြောနေရင်း ဗိုလ်မှူးကြီး၏ နောက်က ထရံပေါ်တွင် ကပ်ထား သော စာရွက်တစ်ရွက်ကို သူ သတိပြုမိသည်။ စာရွက်ပေါ်တွင် ဂျပန်စာသုံး ကြောင်း ရေးထားသည်။

ဟိုက္ကူကဗျာတစ်ပုဒ်ဖြစ်သည်။ သူက အသံထွက်ပြီး ဖတ်လိုက်သည်။

筍の

太きも親の

恵みかな

"တာကေနိုကိုနို့

ဖုတောကံမော အိုယနို့

မဲငုမိခန ”

ကဗျာလေးမှာ ဟိုက္ကူကဗျာပုံစံအရ စပ်ထားသည်။ ပထမစာကြောင်း တွင် ဝဏ္ဏငါးလုံးပါသည်။ ဒုတိယတွင် ခုနစ်လုံးပါပြီး တတိယမှာ ငါးလုံးပါဝင် ၏။ ရေးဖွဲ့ပုံ မှန်ကန်သည်။ ဖတ်၍လည်း ကောင်းသည်။

ဂျပန်စစ်သားတွေ ငတ်လာတော့ တောထဲမှာတွေ့သမျှအရွက်တွေ ခူးစားရတော့တာပေါ့

“အမယ်… ဗိုလ်မှူးကြီးက ဟိုက္ကူကဗျာ စပ်ထားလိုက်တာ တယ်ဟုတ် ပါလား'

“ကျုပ်စပ်တာ မဟုတ်ပါဘူး၊ သဘောကျလို့ ရေးပြီးကပ်ထားတာ၊ ကဗျာစာဆို ဆိုးကန်စံစပ်ခဲ့တဲ့ ကဗျာပဲ'

စစ်ဌာနချုပ် စခန်းချရာ ဝါးတဲကြီးထဲမှာ

"ဆိုးကန်စံ"

"ဟုတ်တယ်၊ ဆိုးကန်စံက ဆာမူရိုင်း သူရဲကောင်းတစ်ယောက်ပဲ၊ စစ်ချီတက်ရင်း သူ့သခင်မင်း ယယ်ယယ်ရွှယ်ရွှယ်နဲ့ ကံကုန်သွားတာကိုကြည့်ပြီး အနိစ္စတရားကိုမြင်လို့ ဘုန်းကြီးဝတ်သွားတဲ့ ပုဂ္ဂိုလ်ပဲ"

ဗိုလ်မှူးကြီးကိုကြည့်ရင်း စာပေဝါသနာပါတဲ့သူများကြတော့ စကားပြောတာတောင် စာသံပေသံနဲ့ မကင်းဘူးဟု သူ့စိတ်ထဲမှာ မှတ်ချက် ချသည်။ ကဗျာကိုဖတ်ပြီး အဓိပ္ပာယ်ကို သူ တွေးကြည့်သည်။

"မျှစ်စို့ဝါးရုံထဲ

ဝဝတုတ်တုတ်ဖြစ်တာလဲ

မိဘကျေးဇူးပဲ"

"ဘာဖြစ်လို့ ဒီကဗျာကိုမှ ရွေးပြီးရေးထားရတာလဲရှင့်"

ရင်းနှီးပြီးသားလူတွေမို့ မတ်ဆုမိစံက စပ်စုသည်။ ဗိုလ်မှူးကြီးက မဖြေ၍ အနားရှိ ဗိုလ်ကြီးတစ်ဦးက ဝင်ပြောသည်။

"ကျုပ်တို့ ဗိုလ်မှူးကြီးလည်း မျှစ်သံသရာထဲက မထွက်နိုင်တာနဲ့ ဒီကဗျာကို သွားသတိရတယ် ထင်ပါရဲ့"

အခန်းထောင့်ရှိ ဗိုလ်မှူးကြီးတစ်ဦးက ထိုင်ရာမှထလာရင်း-

"အေးဗျာ ကျုပ်တို့မလဲ ဒီတောဒီတောင်ထဲ ရောက်ကတည်းက အစား အသောက် ရှားပါးလိုက်တာ၊ ကျုပ်တို့ ထမင်းပွဲတွေလည်း တမျှစ်တည်းမျှစ်နေ

လိုက်တာ အနပ်တိုင်းပဲ”

ပြောလည်း ပြောစရာပင်။ စခန်းတစ်ခုလုံးလည်း မှျစ်စော်နံနေပြီ။ စားနပ်ရိက္ခာကလည်း ရှားမှရှား။ ရိုးမပေါ်မှာ မှျစ်ကလည်း ပေါပါဘိ။ ထို့ကြောင့် သူတို့၏ နေ့တစဉ အာဟာရမှာ မှျစ်သာလျှင်ဖြစ်တော့သည်။ ဗိုလ်မှူးကြီးက-

“အမှန်က ရိက္ခာပြဿနာကို ဒီရိုးမပေါ် မရောက်ခင်တည်းက ကျုပ်တို့ ကြိုတင်တွက်ထားပြီးသားပါ၊ ဆေးဝါးနဲ့ ရိက္ခာတွေရှာပြီးစုဖို့ အများကြီး ကြိုးစားခဲ့တယ်၊ ဒါပေမယ့် အချိန်မမီခဲ့ဘူး”

ယခင်ကမူ စားနပ်ရိက္ခာ ရရန်လွယ်သည်။ မြန်မာကျေးရွာ များမှရသည်။ ဝယ်ယူသည်။ တောင်းယူသည်။ အနိုင်ကျင့်ကာ အတင်းအဓမ္မ လုယက်သိမ်းယူသည်။ နည်းမျိုးစုံနှင့် ရိက္ခာရသည်။ ယခုမူ ထိုရွာတွေက ဆန်ကိုမပေး၊ တော်လှန်ရေးသာ ဆင်နွှဲကြသည်။

မြန်မာတွေ တော်လှန်မည်ကို သူတို့ ကြိုတင်မသိခဲ့ကြပေ။ မြန်မာတို့ဘက်ကလည်း ပိရိလှသည်။ ဂျပန်တွေကို တော်လှန်တိုက်ခိုက်ရန် စစ်မြေပြင် သို့ ချီတက်ကြသည်။ မချီတက်မီ တပ်ထွက်ပွဲနှင့် စစ်ဆင်ရေး စစ်ရေးပြပွဲ အခမ်းအနားကိုပင် ကျင်းပလိုက်သေးသည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ ယခု တပ်မတော်ပန်းခြံနေရာတွင် ဖြစ်သည်။

၎င်းတွင် ဗိုလ်ချုပ်အောင်ဆန်းက ထိထိမိမိရှိလှသော စစ်ထွက်မိန့်ခွန်း ကို တိုတိုတုတ်တုတ် ပြောသည်။ ဂျပန်စစ်ဘက် ထိပ်တန်းအရာရှိကြီးများရှေ့ တွင် ခပ်တည်တည်ပင် ကျင်းပသည်။ သို့သော် သူတို့ကို ပြန်ချဖို့ဆိုသည်ကို ဂျပန်တွေကိုယ်တိုင်က မရိပ်မိခဲ့ကြ။ မြန်မာတွေထပြီး တော်လှန်ကြသောအခါ သူတို့မှာ ပြင်ဆင်ချိန်မရတော့။ မဟာမိတ်တပ်များကလည်း သူတို့ထင်ထားသည်ထက် ပို၍လျင်မြန်စွာ ချီတက်လာကြသည်။

ဗိုလ်မှူးကြီး မတ်ဆုမိစံကိုကြည့်ကာ-

“လက်တွေ့မှာ မလွယ်ဘူးဆရာမ၊ ရိက္ခာရှာရတာက စစ်ဆင်ရေးတစ်ခု ထက်တောင် ပိုခက်နေသေးတယ်၊ တစ်နေရာနဲ့ တစ်နေရာ သွားရေးလာရေး ကလည်း သိပ်ခက်တယ်”

ယခုအခါ မုတ်သုံမိုးက သွန်းချ၍ ရွာလေပြီ။ နေရာအနှံ့ ရေတွေလွှမ်း ကာ လမ်းဟူသမျှ ဗွက်တွေထလျက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် ရိက္ခာရှာဖို့ စုဖို့ဆိုသည်များက မလွယ်ကူရေးချ မလွယ်။ ဗိုလ်ကြီးက-

"ကျုပ်တော့ဗျာ၊ ဂျပန်ရောက်ရင် မျှစ်ကို သေတောင် မစားတော့ဘူး" နောက်တစ်ယောက်က ဝင်ထောက်ခံသည်။

"တကယ်ပါပဲဗျာ၊ အနပ်တိုင်း မျှစ်ထဲနစ်နေရတာ"

သူတို့အဖို့ ကျေးရွာများသို့ ယခင်ကလို အခမ့်ဝင်ရောက် လုယက်၍လည်း မရတော့။ ဗမာ့မျိုးချစ်တပ်မတော်၊ ဗမာ့ပြောက်ကျားတပ်၊ အင်္ဂလိပ်တပ်၊ အိန္ဒိယတပ် စသည့်တပ်တွေက နေရာအနှံ့၊ ဂျပန်တို့ မထိုးဖောက်နိုင်။ ရိုးမ ပေါ်မှာကလည်း ရိက္ခာရစရာ ကျေးရွာမရှိ။

"ဒါပေမယ့် ဗိုလ်ချုပ်ကြီးတို့ တစ်နေ့က တပ်မှူးတွေ အစည်းအဝေးလုပ်တဲ့ ညစာစားပွဲမှာတော့ ဟင်းကောင်းလေးဘာလေး စားရမှာပေါ့နော်"

"ညစာစားပွဲဆိုလို့ အထင်မကြီးနဲ့ ဆရာမရေ၊ မျှစ်ပဲဗျ၊ မျှစ်ပဲ"

သူတို့တွေ ရိုးမတောထဲက ဝင်လာစဉ်က အရာရှိအရာခံ၊ အကြပ်တပ်သား အားလုံး ရိက္ခာသယ်နိုင်သမျှ သယ်ယူလာရမည်ဟု အမိန့်ထုတ်ခဲ့သည်။ ကိုယ်ပိုင် ရိက္ခာ ပါမပါကိုလည်း ရိုးမထဲအဝင်မှာ ကင်ပေတိုင် စစ်ပုလိပ်များက ဆီး၍ ကြပ်မတ်စစ်ဆေးကြပါသည်။ ယခုမူ ရိက္ခာတွေက တစ်တိတစ်တိနှင့် မရှိတော့။

ဆိုးဝါးလာသည့် အငတ်ဘေးကိုတွေးရင်း မတ်ဆုမိစံ ရင်လေးနေမိတော့သည်။

■

အခန်း (၅)

ကတ်ကြေးက တုံးလှသဖြင့် ပတ်တီးကို လိုသလိုညှပ်၍ မရဘဲ ဖြစ်နေသည်။ မတ်ဆုမိစံက ဖြတ်စကို သေသပ်အောင် ကြိုးစားနေသည်။ သူနာပြုဆရာမကြီး နိုရိုကိုဆုရုတာနိစံက အနားသို့ရောက်လာသည်။ လက်ထဲမှာ ကတ်ကြေးသွေးဖို့ ကျောက်ခဲတစ်လုံး ပါလာသည်။

"ပေး.. ပေး.. မမ၊ ကတ်ကြေးသွေးလိုက်ဦးမယ်"

မတ်ဆုမိစံက ကတ်ကြေးကို နိုရိုကိုစံထံ ကမ်းပေးလိုက်သည်။ ထိုအခိုက် တဲထဲသို့ သူနာပြုဆရာမလေး အိဝါမစံ ဝင်လာသည်။

"အိဝါမစံ ဂျူတီချိန်မဟုတ်လား၊ ဘာလို့ ဒီကိုပြန်လာရတာလဲ" မတ်ဆုမိစံက ဆီးမေးသည်။

"အဟဲ... ဟိုဟာလေ၊ ဂျူတီခဏဝင်ပေးပါလို့ မတ်ဆုမိစံကို လာပြော တာ၊ ကျွန်မလေ အခု ဟိုဟာတွေ ဆင်းလာလို့" အိဝါမစံက ပြုံးစစ လျှာတစ် လစ်ဖြင့် ပြောသည်။

"အင်း... တို့များလည်း အဲဒါက ဒုက္ခပဲ၊ ရှေ့လျှောက် ဒီခရီးက အရှည် ကြီးသွားရဦးမှာ၊ ဒီလောက်ကြမ်းတမ်းတဲ့လမ်းမှာ သူတို့ယောကျ်ားတွေက ပြဿနာမရှိဘူး၊ တို့တွေမှာသာ ဒီကိစ္စက သွားရင်းလာရင်း ဒုက္ခ"

နိုရိုကိုစံက မတ်ဆုမိစံမျက်နှာကို ပြုံးကြည့်ရင်း...

"ဒါကတော့ မတ်ဆုမိစံရယ်၊ သဘာဝပဲကွယ်၊ အရောက်အရောက်ပေါ့"

သူတို့အုပ်စုထဲမှာ နိုရိုကိုစံက အသက်အကြီးဆုံး၊ အတည်အငြိမ်ဆုံး။ အရာရာကို ဣန္ဒြေရရ အပြုံးဖြင့် ဖြေရှင်းပေးတတ်သူဖြစ်သည်။ မတ်ဆုမိစံတို့ အားလုံးက အစ်မကြီးပမာ အားထားကြရသည်။

"ကျွန်မဖြင့်လေ သွားရမယ့်ခရီးကြမ်းကိုကြည့်ပြီး ရင်မောတယ်"

"အောင်မလေး မတ်ဆုမိစံရယ်၊ ရောက်မလာသေးတဲ့ဒုက္ခကို ကြိုပြီး ခံနေတာကိုး၊ ကျွန်မတော့ မစဉ်းစားဘူး"

အိဝါမစံက သူ့ဝသီအတိုင်း လွယ်လွယ်ပဲပြောသည်။ မတ်ဆုမိစံက မိုးကာကိုယူကာ တဲထဲမှ ထွက်ခဲ့သည်။

အပြင်မှာ မိုးက သည်းသည်းမဲမဲ ရွာချလျက်ရှိသည်။

လူနာဆောင်တဲကြီးထဲသို့ မတ်ဆုမိစံ လှမ်းဝင်လိုက်တော့ ဆေးနံ့တွေ နှာခေါင်းဝသို့ တိုးဝင်လာသည်။ တဲကြီးထဲမှာ လူနာတွေ ပြည့်နေသည်။ ရိုးမ တောကြီးထဲရောက်မှ ရောဂါဘယတွေက ပိုပြီးထူပြောလာသည်။ ရဲဘော် တော်တော်များများမှာ ဝမ်းကိုက်သူကိုက်၊ ဝမ်းလျှောသူလျှော။ ဒါကြောင့် စခန်းရှိ ရဲဘော်များကို ရေစိမ်းမသောက်ရ၊ ရေကို ကျိုချက်ခိုင်းပြီး ရေနွေးဖြစ်ဖြစ် ရေကျက်အေးဖြစ်ဖြစ် သောက်ရမည်ဟု အမိန့်ထုတ်ထားသည်။ သည်ကြား ထဲ ဝမ်းပျက်သူတွေက တစ်ယောက်ပြီးတစ်ယောက်။

သည်ရောဂါတွေထဲမှာ ဒုက္ခအပေးဆုံးက ငှက်ဖျား။ လောလောဆယ် မှာ တိုက်ပွဲကျ၍ သေသည်ထက် ငှက်ဖျားကြောင့်သေသည့် စစ်သားက ပိုများ နေသည်။

တဲကြီးထဲတွင် ဖျားနာသော ရဲဘော်များနှင့် ဒဏ်ရာရနေသော ရဲဘော် များ၏ ညည်းသံများကို မိုးသံလေသံတွေကြားမှာပင် ကြားနေရသည်။

မတ်ဆုမိစံက ဆေးခန်းထဲသို့ လှမ်းဝင်လိုက်သည်။ ဒေါက်တာ အိုကူဒါရှိုဂေမိုတိုစံက ဆေးပုလင်းတွေ ရွေးထုတ်နေသည်။ ဒေါက်တာရှေ့မှာ နွမ်းနယ်စုတ် ပြတ်နေသော ဗိုလ်ကြီးတစ်ယောက် ရောက်နေသည်။ သည်တပ်စခန်းက ဗိုလ်ကြီးမဟုတ်ကြောင်း ကြည့်ရုံနှင့်သိသည်။ မတ်ဆုမိစံ ဝင်သွားတော့ သူတို့ နှစ်ယောက် စကားလက်ဆုံကျနေကြသည်။

“ကျွန်တော်တို့ ဒီကို ဝိုင်ယာလက်နဲ့ သတင်းပို့ဖို့ ကြိုးစားသေးတယ်၊ ဒါပေမယ့် ဘက်ထရီတွေက အားမရှိတော့ဘူး၊ ဒါကြောင့် လူကိုယ်တိုင် ရောက်အောင်လာကြရတာ'

“လမ်းခရီးက တော်တော်ဆိုးမယ်”

“ဟာ... ဆိုးတာပေါ့ဗျာ၊ ဗွက်တွေရေတွေထဲမှာ ရုန်းလိုက်ရတာ၊ ဒီကြားထဲ လမ်းမှာ ကျားနဲ့တိုးသေးတယ်”

“ဟုတ်လား”

“နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ ကျွန်တော်တို့ တပ်စိပ်က အပစ်ဦးလို့ ထွက်ပြေးသွားတယ်”

မတ်ဆုမိစံကို တစ်ချက်လှမ်းကြည့်ပြီး ဧည့်သည်ဗိုလ်ကြီးက စကားကို လက်စသတ်သည်။ သူ့ စစ်ဖိနပ်ကို ကုန်းချွတ်သည်။ ဒေါက်တာ ရွေးထုတ် ထားသော ဆေးကိုကြည့်ရုံနှင့် သူ ဘာလုပ်ရမှာကို မတ်ဆုမိစံ သိသည်။ ဂွမ်း နှင့်

ဇာဂနာကို ယူသည်။

ညွှေ့သည်ဗိုလ်ကြီးက ခြေအိတ်ကိုချွတ်သည်။ ကြည့်လိုက်တော့ ခြေထောက်မှာ အနာတွေ ပွနေသည်။ မိုးရေထဲ ဗွက်ထဲမှာ လျှောက်ရလွန်းအား ကြီး၍ ဖြစ်လာသော အနာတွေပင်။ မတ်ဆုမိစံက ဖန်ရေဖြင့် အရင်ဆေးသည်။

"ခင်ဗျားတို့တပ်တွေ ရိက္ခာအခြေအနေရော"

"ပိုတောင်ဆိုးလာသေးတယ်၊ ရိက္ခာရှာထွက်တဲ့ အဖွဲ့တွေလည်း တော် တော်ကျကုန်တယ်၊ နွေတုန်းက ရိက္ခာရှာထွက်ရင်း ကျွန်တော်တို့တပ်က ဆရာဝန်တစ်ယောက် ဆုံးရှုံးတာ အနာဆုံးပဲ"

"ဘယ်လိုဖြစ်တာတုံးဗျ"

"ဒီလိုဗျ၊ အဲဒီဆရာဝန်က ဗမာစကား တော်တော်ကျွမ်းကျင်တယ်၊ ဗမာ လိုဝတ်တယ် စားတတ်၊ နေတတ်၊ ထိုင်တတ်တယ်၊ ရွာတွေအဝင် အဆင်ပြေအောင် သူကိုယ်တိုင်ကလည်း တာဝန်ယူချင်ပါတယ်ဆိုလို့ ထည့်လွှတ်လိုက်တာ"

"နောက်တော့ရော"

"နောက်ဆုံးသတင်းရတာက ရွာက မီးနေသည်တစ်ယောက်ကို ကလေး ဝင်မွေးပေးရင်း အဖမ်းခံရတာတဲ့"

လူနာအပေါ် စေတနာကဲသည့်စိတ်ကို ဒေါက်တာအိုကူဒါစံက ဆရာဝန် ချင်းမို့ ကိုယ်ချင်းစာမိသည်။ မတ်ဆုမိစံ ညွှေ့သည်ဗိုလ်ကြီး၏ ခြေထောက်မှ အနာတွေကို ညင်သာစွာ ဆေးထည့်ပေးရင်း နားထောင်နေသည်။

"ဒါပေမယ့် သူက ရန်သူ့လက်မှာ နေမှာမဟုတ်ဘူး၊ ဟာရာကိရီလုပ်ပြီး သူ့ကိုယ်သူ သတ်သေမှာပေါ့"

မတ်ဆုမိစံ ဆေးထည့်ပေးသည့်ကိစ္စ ပြီးသွားသည်။

"ကျွန်တော်တို့တပ်မှာ ဆရာဝန်တစ်ယောက် လျော့သွားတယ်ဆိုရင် လူနာရဲဘော်တွေအတွက် တစ်အားလျော့တာပဲ၊ ဟိုမှာကလည်း ငှက်ဖျားမိတဲ့ လူကို မနည်းဘူးဗျ"

"ဒါပေါ့ ဗိုလ်ကြီးရာ၊ စစ်သားနဲ့ ငှက်ဖျားဆိုတာ အမြဲတွဲနေတာပဲ၊ စစ်ဘုရင်ကြီး အလက်ဇန္ဒားတောင် ငှက်ဖျားရောဂါနဲ့ အနိစ္စရောက်တာပဲ မဟုတ်လား"

“ဒီမြန်မာပြည်မှာလည်း ငှက်ဖျားတော်တော်ပေါတယ်နော်၊ ဒေါက်တာတို့ ဆေးဝါးအနေနဲ့ ရေရှည်မှာ ဘယ်လိုနေမလဲ”

“ကျွန်တော်တို့အတွက်ကတော့ သိပ်ပြီး ပူစရာမရှိပါဘူး၊ ကွီနိုင်ဆေးထုတ်တဲ့ စင်ကိုးနားပင်ပေါက်ရာ ဂျာဗျားကျွန်းက ကျွန်တော်တို့ နီပွန်အင်ပိုင်ယာ အောက်မှာ ရှိတာပဲ၊ ဆေးအတွက်တော့ ပူစရာမရှိပါဘူး”

ထိုအခိုက် အခန်းဝသို့ ဆေးတပ်သား ရဲဘော်တစ်ယောက် ရောက်လာသည်။ ခြေစုံရပ် အလေးပြုပြီး သတင်းပို့သည်။

“ငှက်ဖျားမိလာတဲ့ လူနာတစ်ယောက် ရောက်လာပါတယ် ဆေးမှူး”

“ကဲဗျာ... အခုပဲ ပြောရင်းဆိုရင်း”

ဒေါက်တာ အိုကူဒါစံက ထိုင်ရာမှထသည်။ လူနာများထားရာသို့ လျှောက်သွားသည်။ မတ်ဆုမိစံက သူ့ဆရာနောက်က လိုက်ရသည်။

ဆေးတပ်သားများက လူနာတစ်ယောက်ကို ပွေ့ကာ အိပ်ရာပေါ် တင်နေကြသည်။ သူတို့ဘေးမှာ ဗုကန်းဆိုသော တာဝန်မှူးပါလာသည်။ ဗုကန်းကိုယ်တိုင် လိုက်ပို့သည့် လူနာဆိုတော့ အရေးကြီးသော လူနာတစ်ယောက် ဖြစ်မှန်း ချက်ချင်းသိလိုက်ကြသည်။

မတ်ဆုမိစံက လူနာကို လှမ်းကြည့်လိုက်သည်။ ရဲဘော်တွေ ကွယ်နေသဖြင့် မျက်နှာကို မမြင်ရသေး။ လူနာမှာ စစ်ယူနီဖောင်းနှင့် မဟုတ်။ သူတို့တပ်စခန်းက လူတွေအားလုံး ယူနီဖောင်း ဝတ်ကြရသည်။ ယခုလူနာမှာ ပုဆိုး နှင့် ရှပ်အင်္ကျီနှင့်။

ဂျပန်စစ်သားဆိုသည်မှာ အရာရှိ၊ အရာခံ အကြပ်၊ တပ်သားအားလုံး ဦးပြည်းခေါင်းတုံး ထားကြရသည်။ ယခု သယ်ယူလာသော လူနာမှာ ဗိုလ်ကေ ဆံပင်နှင့် ဘယ်ကရွာသား နယ်ကျွံလာတာလဲ၊ ဒါမှမဟုတ် မြန်မာတော်လှန် ရေး ပြောက်ကျားတစ်ယောက်ကို အရှင်ဖမ်းမိလာတာလား။

လူနာကို အလိုက်သင့် နေရာချထားပေးပြီး ဆေးတပ်သားများက ဘေးသို့ ရှဲပေးလိုက်ကြသည်။ ယခုမှပင် လူနာ၏ မျက်နှာကို သေသေချာချာ မြင်ရသည်။

“အလို... အာဆာဒါစံပါလား

သူ့ရင်ထဲတွင် အပူတစ်ခု လှိုက်ခနဲဖြစ်သွား။ ဘယ်လိုဖြစ်တာလဲ အာဆာဒါစံရယ် ဖြစ်မှဖြစ်ရလေကွယ်ဟု စိတ်ထဲက ရေရွတ်မိသည်။ လူနာ၏ ကိုယ်မှာ ချစ်ချစ်တောက် ပူလျက်ရှိ၏။ သတိလစ်နေသဖြင့် ဆေးတိုက်၍မရ။

သွေးကြောထဲက သွင်းပေးရမည်။ ဆေးတပ်သားတစ်ယောက်က အာဆာဒါစံ၏ လက်မောင်းကို ကိုင်ပေးထားသည်။ မတ်ဆုမိစံက ကွီနိုင်ကို ဂလူးကို့စ်ရေနှင့် ရောကာ လက်မောင်းသွေးကြောထဲသို့ ထိုးသွင်းပေးရန် ပြင်ဆင်နေသည်။



"ကျွန်မ လုပ်ပေးပါ့မယ် အာဆာဒါစံရယ်"

သွေးကြောရှာကာ ထိုးသွင်းသည်။ မမိ။ ထပ်ကြိုးစားသည်။ မရ။ အာဆာဒါစံကိုယ်မှ အပူရှိန်က သူမဆီသို့ စီးဝင်လာသည်။ ဆေးထိုးအပ်ကိုင်ထားသော လက်တွေက ကတုန်ကယင် ဖြစ်နေသည်။ ဒေါက်တာက သူ လုပ်ကိုင်နေသည်ကို ကြည့်နေသည်။ လက်တုန်နေသည်ကို ဒေါက်တာ ရိပ်မိသည်။ စိတ်လှုပ်ရှားနေသောကြောင့်ဖြစ်သည်ဟု ဒေါက်တာ သိနေသည်။

"ကျွန်တော်တို့ ဒီစခန်းရောက်အောင် မနည်းလာရတာ"

အမှန်က ဒီစခန်းမှ မတ်ဆုမိစံက ဒေါက်တာအိုကူဒါစံ အားအကိုးရဆုံး သောသူနာပြုဆရာမ၊ ယခုမူ ဘယ်နှယ့်ကြောင့် လက်တုန်နေသည်မသိ။

'ပေး...ပေး မတ်ဆုမိစံ”

‘ဆောရီး ဆရာ”

မတ်ဆုမိစံက သူ့ ချွတ်ယွင်းချက်အတွက် မလုံမလဲဖြစ်သွားသည်။ ဂလူးကို့စ်ရေပုလင်းကို ဝါးလုံးတိုင်တွင် သူ ချည်သည်။ ပင်ပန်းသည့်အလုပ် မဟုတ်ပါဘဲလျက် မောဟိုက်သလို ဖြစ်နေသည်။

“ဆရာ... သူ ငှက်ဖျားပိုး ဦးနှောက်ထဲများ...”

သူ့စကားမဆုံးခင် ဒေါက်တာက-

“ဒီအဆင့်အထိ မရောက်သေးပါဘူး မတ်ဆုမိစံ၊ မနက်ကျရင် ကောင်း သွားမှာပါ၊ မပူပါနဲ့လေ”

မပူပါနဲ့လေဟု ပြောရင်း ဒေါက်တာက နှုတ်ခမ်းကို တွန့်ရုံမျှ ပြုံးသည်။ ထိုအပြုံးအတွက် မတ်ဆုမိစံ မနေတတ်။

■

အခန်း (၆)

ချောင်းရေက တဝေါဝေါမြည်ကာ အရှိန်အဟုန်ဖြင့် ဝါးလုံးထိုးဆင်းနေသည်။ မတ်ဆုမိစံက ချောင်းကမ်းနားဘေးတွင် တစ်ယောက်တည်း ထိုင်နေ သည်။ လူက ငြိမ်သက်စွာ ထိုင်နေသော်လည်း စိတ်ကမငြိမ်။ အတွေးတွေက ဟိုရောက်ဒီရောက်နှင့်။

တစ်နေ့က ဒေါ်သည်ဗိုလ်ကြီး ပြောပြသွားသော ကျားကြီးအကြောင်းကို သတိရသည်။ တို့များလမ်းမှာ ကျားနဲ့တိုးရင်တော့ ဒုက္ခပဲဟု တွေးမိသည်။ ကျားကိုက်ခံရ၍ အသားတွေ အတစ်လိုက် ပါသွားသော လူနာကို သူ ပြုစုပေးခဲ့ဖူးသည်။ သတိရသဖြင့် ကျောထဲက စိမ့်သွားသည် ထို့နောက် သူ့နောက်မှာ ချုံတောတိုးသံတစ်သံကို ရုတ်တရက် ကြားလိုက်ရသည်။ ထိတ်ထိတ်လန့်လန့်နှင့် ကပျာကယာ သူ လှည့်ကြည့်လိုက်သည်။ ချုံတွေ လှုပ်သွားသည်မှအပ ဘာမျှမတွေ့ရ။ ရှေ့သို့ ပြန်လှည့်လိုက်သည်။

"အလိုလေး..."

သူ့ရှေ့မှာ လူတစ်ယောက် ကပ်ရပ်လျက် မားမားကြီးရပ်နေသည်။ မျက်နှာကို မမြင်ရ။ ဝါးခမောက်ကြီးကို ငိုက်လျှော့စွာ ဆောင်းထား၏။ ခဏကလေးမှာ ဘယ်လို ရှေ့ကိုရောက်လာသည်မသိ။ မိုးပေါ်ကကျလာသလား။ မြေကြီးထဲက ထွက်လာသလား ထင်ရ၏။

ဖျင်ကြမ်းရှပ်အင်္ကျီနှင့် ပုဆိုးကွက်ကျဲကို ဝတ်ဆင်ထားသည်။ လက်ထဲမှာ ငါးဖမ်းပိုက်ကွန်တစ်ခု ကိုင်လျက် ပခုံးတွင်မူ ပလိုင်းတစ်လုံးကို လွယ်ထားသည်။ ထိုလူက ခမောက်ကိုပင့်ကာ မတ်ဆုမိစံကို ပြုံးကြည့်သည်။

"လန့်လိုက်တာ အာဆာဒါစံရယ်"

အာဆာဒါစံက ပိုက်ကွန်ကို မြေပေါ်သို့ပစ်ချပြီး သူ့ဘေးမှာ ထိုင်လိုက်သည်။

"ဖြုန်းခနဲ မြင်မြင်ချင်း ဗမာရွာသားတစ်ယောက်မှတ်လို့'

'တူလို့လား ဆရာမရဲ့ မြောက်မနေစမ်းပါနဲ့"

"တကယ်တူတာပါ'

"ဒီလိုမှ တူပါ့မလားလို့ဗျာ"

"အခုလို ဂျပန်စကားသာ မပြောရင် တကယ့်ဗမာပဲ"

“ဒီလိုတူအောင် မနည်းကို ကြိုးစားထားရတာ”

“ဗမာနဲ့တူတယ်ဆိုလို့လည်း ဒီတိုင်းပြည်မှာ မနေခဲ့နဲ့ဦးနော်”

“ဟာ... ဆရာမကလည်း ကြံကြံဖန်ဖန်”

“နေမကောင်းသေးဘဲနဲ့ ဘာလို့ထွက်လာတာလဲ”

“အခုတော်တော်ကောင်းလာပါပြီ၊ ပြီးတော့ အဖျားကလည်း ညနေကျမှ တက်တာ၊ မနက်ဆိုရင် ဘာမှမဖြစ်ဘူးဆရာမရဲ့၊ တာဝန်တွေ ရှိသေးတယ်လေ”

ကျွန်မတို့အလုပ်က လူနာကို မနာအောင်ပြုစုဖို့အလုပ်

ရွှန်းလဲ့သော မျက်ဝန်းများက လေးစားသောအကြည့်ဖြင့် အာဆာဒါစံကို သူကြည့်သည်။ အရည်အချင်းတွေ အများကြီးရှိနေသော အာဆာဒါစံက သူများတွေထက်ပို၍ အလုပ်လုပ်နိုင်သည်။ အာဆာဒါစံကို ဟာယာဟေတိုင်ခေါ် မုန်တိုင်းထောက်လှမ်းရေး တပ်ဖွဲ့ ဝင်တစ်ဦးအဖြစ် သိကတည်းက သူအထင်ကြီးခဲ့ပါသည်။

အမှတ် ၂၈ စစ်တပ်ကြီး၏ လက်အောက်မှာ ထောက်လှမ်းရေးတပ်ဖွဲ့တွေ ရှိနေကြသည်။ ဟာယာဟေတိုင်၊ ဆူကီနိုကီကန်၊ ကာမိကာဇေ၊ အာကီရာကီကန် စသည်ဖြင့် ၎င်းတို့အနက် ဟာယာဟေတိုင်ခေါ် တပ်ဖွဲ့က အရေးအပါဆုံး ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ပဲခူးရိုးမမှာ ခိုအောင်းနေကြသော တပ်ဖွဲ့များ ဖောက်ထွက်ချီတက် ကြတော့မည်။ ၎င်းအတွက် ထောက်လှမ်းရေးသတင်းတွေ အလွန်အရေးကြီးသည်။ ထိုတာဝန်ကို ၎င်းအဖွဲ့က ယူရသည်။ စေ့စပ်အောင် စုံစမ်းထောက်လှမ်း လှုပ်ရှားရသည်။



"ချီတက်တဲ့အခါ ဆရာမအနားမှာ ကျွန်တော် အမြဲတမ်းရှိနေမယ်" ပြောလို့ အားရှိလိုက်တာ အာဆာဒါစံရယ်။

သူတို့ ထောက်လှမ်းရေးတပ်ဖွဲ့တွေကို စတင်ဖွဲ့စည်းကတည်းက သေသေချာချာ လူရွေးသည်။ မြန်မာနှင့်တူသူ ဖြစ်ရမည်။ စိတ်ဓာတ်ကြံ့ခိုင်ရမည်။ ကျန်းမာသန်စွမ်းရမည်။

သူတို့ကို အထူးသင်တန်းတွေပေးသည်။ မြန်မာစကားကို ကျွမ်းကျင် အောင် လေ့ကျင့်ပေးသည်။ အရေးအဖတ်လည်း သင်ပေးသည်။ မြန်မာအဝတ် အစားကို အသားကျအောင် ဝတ်ခိုင်းသည်။ မြန်မာဓလေ့စရိုက်ကို သင်ပေးသည်။ မြန်မာအစားအစာတွေ လျှာယဉ်ပါးအောင် လေ့ကျင့်ပြီး ဂျပန်တွေက စပ်လွန်း ပူလွန်းသော အစားအစာကို မစားတတ်။ ထို့ကြောင့် ငရုတ်သီးစပ်လွန်းသော မြန်မာဟင်းများ၊ ငါးပိ၊ ငံပြာရည်များကိုပါ အလေ့အကျင့်ရအောင် စားစေသည်။

စစ်သားလို ဘွတ်ဖိနပ်မစီးစေဘဲ မြန်မာတွေလို ခြေညှပ်ဖိနပ်တို့ ခုံဖိနပ် တို့ စီးချင်စီး၊ မစီးလျှင် ဖိနပ်မပါဘဲ လျှောက်ရသည်။ ဂျပန်စစ်သည်မှန်သမျှ ကတုံးတုံးရသော်လည်း သူတို့ကျတော့ ဗိုလ်ကေဆံပင်နှင့်ဖြစ်သည်။

ယုတ်စွအဆုံး အခင်းကြီး အခင်းငယ်သွားသည်ကိုပင် မြန်မာနှင့်တူအောင် လေ့ကျင့်ရသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့ စစ်ဘက် ထောက်လှမ်းရေးဌာန၏ "နာကာနို" သင်တန်းကျောင်းမှ ပုဂ္ဂိုလ်များက အာဆာဒါစံတို့ကို သင်ပေးကြ သည်။

အာဆာဒါစံက ယောကျ်ားပီသသော ဥပဓိရုပ်မျိုးရှိသည်။ အသားမဖြူ၊ ခပ်လတ်လတ်ထဲကဖြစ်သည်။ ခန္ဓာကိုယ် ကြံ့ခိုင်သလောက် သွက်လက်ဖျတ်လတ်သည်။ အသံသြဇာကောင်းပြီး စကားပြော ယဉ်ကျေးချိုသာသည်။ မတ်ဆုမိစံက အာဆာဒါစံကိုကြည့်၍-

"ငါးဖမ်းမလို့လား"

အာဆာဒါစံက ခေါင်းခါပြသည်။

"ဒါဖြင့် ဘာလုပ်ဖို့လဲ"

"ရွာတွေဘက်သွားရင် လက်ထဲမှာ ဒါမျိုးတစ်ခုခုပါသွားတော့ မယုံသင်္ကာ အဖြစ်ခံရဖို့ သက်သာတာပေါ့၊ မိုးတွင်းဆိုတော့ ငါးဖမ်း ထွက်ချင်ယောင်ဆောင်ပြီး လျှောက်သွားရတာ ပိုပြီး အဆင်ပြေတယ်"

အာဆာဒါစံက ပလိုင်းထဲ အထုပ်ကလေးတစ်ထုပ်ကို ထုတ်ယူလိုက်သည်။ ဆီစိမ်စက္ကူနှင့် ထုပ်ထားသည်။ မတ်ဆုမိစံကို ပေးသည်။

"ဘာတွေလဲ"

"ဆရာမ စားဖို့"

သူက ချက်ချင်း မယူမိ။

"ရော့ပါ ... ယူစမ်းပါ

သူ အသာလှမ်းယူလိုက်သည်။ ဖြေကြည့်တော့ မြေပဲလှော်နှင့် ထန်းလျက်ခဲများကို တွေ့ရသည်။ ထူးခြားအဖိုးတန်သည် မဟုတ်ပေမယ့် တောကြီးမျက်မည်းထဲမှာ ရိက္ခာရှားလှ၍ ငတ်ပြတ်နေကြသည့် အချိန်မှာ ဒါတွေက အကောင်းစားတွေ ဖြစ်နေသည်။

မတ်ဆုမိစံက အစားအသောက် ငမ်းငမ်းတက်သူ မဟုတ်ပါ။ သို့သော် ကိုယ်အထင်ကြီးသော ယောကျ်ားတစ်ယောက်က အခုလို ကိုယ့်အပေါ် ဂရုတစိုက် ရှိလှသည်ကို ကျေနပ်သည်။ မိမိအတွက် အရေးတယူ စေတနာ ထားတာကို မြင်ရတော့ ပီတိဖြစ်ရသည်။ ပြီးတော့ သူက အချို အဆိမ့်ကြိုက်သည်။ ဒါကို အာဆာဒါစံက သိနေသည်။ စားကောင်း သောက်ဖွယ်လေး များရလျှင် လာပေး နေကျ။

'နေပါစေ၊ မယူချင်ပါဘူး အာဆာဒါစံရယ်"

'ယူလိုက်ပါ ဆရာမရယ်၊ စားစေချင်လို့ပါ"

တခြားနေရာတွေမှာ ရဲရင့်ပြတ်သားသော၊ ခက်ထန်တင်းမာသော လူစွမ်း ကောင်းကြီးက မိမိရှေ့မှာ ပျော့ပျောင်းညင်သာနေသည်ကို မတ်ဆုမိစံ ပီတိတွေ ဖြာနေသည်။

အာဆာဒါစံက သူ့ကို ခင်တွယ်သည်။ သံယောဇဉ်ရှိသည်။ အရေးထား ပြီး

လိုသမျှ ကူညီသည်။ သို့သော် တင်းကျပ်သော စစ်စည်းကမ်းများကြားဝယ် သည်ထက်မပိုခဲ့။

"ဒီနေ့မနက် ဆေးသောက်ပြီးပြီလား"

အာဆာဒါစိံက ခေါင်းညိတ်ပြသည်။

"အာဆာဒါစိံ ပျောက်နေတာ ရက်တော်တော်ကြာပြီနော်"

"ဟုတ်တယ်"

"ဘယ်တွေ လျှောက်သွားနေတာလဲဟင်"

"အင်း... "

အာဆာဒါစိံ သက်ပြင်းချလိုက်ပြီးမှ-

"ကျွန်တော်တို့ ချီတက်ရမယ့်လမ်းတွေ လျှောက်ကြည့်တာ"

"ဘယ့်နှယ်လဲ"

"အခြေအနေက သိပ်တော့မလွယ်ဘူး၊ နေရာတိုင်းမှာ ရွံ့တွေ၊ ရေတွေ ပြည့်နေတယ်၊ အဓိကကတော့ စစ်တောင်းမြစ်ကြီးပဲ၊ ရေစီးက သိပ်သန်တယ်၊

ကူးဖို့လည်းခက်တယ်၊ ကျွန်တော်တို့ ဖြတ်ကူးလို့ မရနိုင်အောင် သူတို့က ရှိသမျှလှေတွေ သမ္ဗန်တွေကို ဖျက်ဆီးပစ်နေကြတယ်လေ"

မတ်ဆုမိစံက စစ်တောင်းမြစ်ကြီးကို စိတ်ဖြင့် မှန်းဆကာ မြင်ယောင် ကြည့်သည်။ သူ့မျက်နှာပေါ်က အပူရိပ်ကို အာဆာဒါစိံ အကဲခတ်မိသည်။ ကိုယ့်စကားကြောင့် မိန်းမသားတစ်ယောက် သောကပွားရလျှင် မကောင်း။ ထို့ကြောင့်-

"ဒါပေမယ့် ဆရာမရယ် မပူပါနဲ့၊ ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ ဖောင်တွေ လုပ်ပြီး ကူးကြမှာပေါ့"

မပူပါနဲ့ဆိုပေမယ့် မတ်ဆုမိစံ မနေနိုင်။

"ရိုးမထဲက ထွက်တာနဲ့ ကျွန်တော်တို့ ရန်ကုန်-မန္တလေးလမ်းကို ဖြတ် မယ်၊ ဖြတ်ပြီးရင် လယ်ကွင်းတွေကို လွန်တာနဲ့ စစ်တောင်းမြစ်ကို ရောက်တာ ပဲ၊ မြစ်ကိုကူးပြီးရင် ပြီးပြီ"

နှုတ်က ဘာမှပြန်မပြောမိသော်လည်း မတ်ဆုမိစံ ရင်ထဲက ပြောနေ သည်။

အမလေး.. ပြောတော့ လွယ်လွယ်လေးပါပဲ အာဆာဒါစံရယ်၊ သူများ စိတ်သက်သာအောင်ပြောနေတာ မဟုတ်လား။ ဒီမိုး၊ ဒီလေ၊ ဒီလူတွေနဲ့ ဒီရေမြေ၊ ဒီကန္တာရှည်ကြီးကိုဖြတ်ဖို့ ဘယ်လောက် ဒုက္ခရောက်ကြတော့မယ် ဆိုတာ ကျွန်မ သိနေပါတယ်လေ။

သူ ငေးငိုင်နေသည်ကိုကြည့်၍ အာဆာဒါစံက-

"ကျွန်တော် ပြောပြတာကို နားထောင်ပြီး စိတ်မောသွားပြီလား ဆရာမ၊ စိတ်မညစ်ပါနဲ့လေ၊ ဆရာမတို့ သူနာပြုဆရာမတွေရဲ့ဘေးမှာ ကျွန်တော် အမြဲ ရှိနေမှာပါ"

အရောင်တောက်နေသော အာဆာဒါစံ၏ မျက်လုံးများကိုကြည့်ရင်း သူ အားတက်သလိုလို တွေ့ရှိသည်။

"ကျွန်တော်တို့ကို ဗိုလ်ချုပ်အီဝါကူရိုစံက အမြဲဆုံးမတဲ့ ဂျပန်ရှေးဟောင်း စကားပုံတစ်ပုံရှိတယ်၊ မင်းတို့ဘက်က အစွမ်းကုန်သာ ကြိုးစားကြလေ့တဲ့၊ နောက်ပိုင်း အခြေအနေကိုတော့ ကံတရားရဲ့ စီမံရာကို နာခံဖို့သာ ပြင်ထား ကြတော့တဲ့"

"ဒါကတော့ ဒါပေါ့လေ၊ ဒါပေမယ့်..."

"ဒါပေမယ့်တွေ ဘာတွေ လုပ်မနေပါနဲ့ ဆရာမရယ်၊ ကျွန်တော်တို့ ဟိုဘက်ကမ်းရောက်ရင် တပ်တွေ ပြန်စုမယ်၊ အဲဒီကျရင် အားသစ်လောင်းပြီး အင်္ဂလိပ်ကို ပြန်ချမယ်"

မတ်ဆုမိစံက ချောင်းရေပြင်ကို ငေးကြည့်နေရာမှ အာဆာဒါစံကို လှည့်ကြည့်လိုက်ရင်း...

"ကျွန်မတို့ ပြန်တိုက်လို့ နိုင်နိုင်ပါဦးမလားဟင်"

ဟာ... ဆရာမကလည်း ဘာလို့မနိုင်ရမှာလဲ၊ နိုင်ရမှာပေါ့ဟု ပြော၍သာ နားထောင်ရသည်။ မမိုတ်မသုန် ယုံကြည်ဖို့ ခက်လှသည်။ တကယ်လို့ တို့ နီပွန်တွေ ဒီစစ်ပွဲမှာ အရေးနိမ့်ခဲ့ရင်ဟူသော အတွေးကို မတွေးဝံ့။ မတွေးဝံ့ ပေမယ့် ခေါင်းထဲ ဝင်ဝင်လာသည်။ ဒီအတွေးက သူ့ရင်ကို ပူစေသည်။

"ကျွန်တော်တို့ ဒီစစ်ကြီးပြီးရင် ဂျပန်ပြည် ပြန်ရောက်ကြတော့မှာပါ၊ အဲဒီကျရင်တော့ ကျွန်တော် တပ်က အနားယူတော့မယ်၊ တိုကျိုပြန်ရောက်ရင် ဆရာမကတော့ သူနာပြုဆရာမပဲ ဆက်လုပ်ဦးမှာ မဟုတ်လား"

"လုပ်မှာပေါ့"

"ကျွန်တော်တို့အားလုံး ဒီဗမာပြည် ရောက်နေကြတာ ကြာပါပြီ၊ ခုဆိုရင် မကြာခင် ကိုယ့်တိုင်းပြည်ကိုယ် ပြန်ရောက်ကြတော့မှာ မဟုတ်လား'

ခရီးရှည် ချီတက်ရဦးမည့်အကြောင်းကို စဉ်းစားစိတ်လေးနေမိရာမှ မနက်ဖြန် သန်ဘက်ခါပဲ ကိုယ့်ဇာတိမြေ ပြန်ရောက်တော့မလို ပြောနေသော အာဆာဒါစံ စကားကြောင့် စိတ်နည်းနည်း လန်းလာသလိုရှိသည်။

"ဟိုရောက်ရင် ဆရာမဆီကို ကျွန်တော် လာခဲ့မယ်၊ ဆရာမ ဘယ်ဆေးရုံမှာလုပ်လုပ် ဆရာမရှိမယ့်နေရာကို ကျွန်တော် တွေ့အောင် ရှာနိုင်ပါတယ်၊ ယုံတယ် မဟုတ်လား"

"ယုံပါတယ်ရှင်"

"ကျွန်တော် လာတွေ့မယ်၊ အဲဒီကျမှ ပြောစရာတွေ အများကြီးရှိတယ်"

ဂျပန်ပြည်ကို ပြန်ရောက်ဖို့ စိတ်အာရုံမှာ ထင်လာသည်။ အေးချမ်းသာယာသည့် ပုံမှန်ဘဝတွင် ပြန်နေကြဖို့ မျှော်လင့်ချက်ရောင်ခြည် အားတက်လာသည်။

အာဆာဒါစံ မျက်နှာကို သူ ကြည့်သည်။ တစ်ဖက်သားအားရှိအောင် ပြောတတ်လိုက်တာ အာဆာဒါစံရယ်၊ ဒီလို လင်းရောင်ခြည်ပေးနိုင်တဲ့ လူမျိုးမို့လည်း ရှင့်နာမည်ကို အာဆာဒါကို အိချိစံလို့ မှည့်ထားတာလား။ နာမည်ရဲ့ အဓိပ္ပာယ်က တစ်နေ့တာရဲ့ ပထမဆုံးအလင်းရောင်ဖြစ်တဲ့ တက်သစ်စ နေရောင်ခြည်လို့ ဆိုတာပဲလေ။ ဒါပေမယ့်... ဒါပေမယ့်.. သည်စစ်ပွဲကြီး ပြီးတဲ့အထိ ကျွန်မတို့ နီပွန်တွေ အောင်လံလွှင့်ထားနိုင်ပါ့မလား။

တကယ်လို့များ ရှုံးခဲ့ရင်......။

ရှုံးခဲ့ရင်... မတွေးဝံ့စရာပါတကား။

■

အခန်း(၇)

ဆေးကုသဆောင် ဝါးတဲကြီးတစ်ဆောင်လုံး လူနာတွေ ပြည့်နေသည်။ ရောဂါတွေကလည်း မျိုးစုံသည်။ ဝမ်းလျှော၊ ဝမ်းကိုက်၊ ပလိပ်၊ ငှက်ဖျား၊ အာဟာရချို့တဲ့သဖြင့် ဖြစ်ပေါ်လာသော ဘယ်ရီဘယ်ရီ ရောဂါ။ လူနာတွေက တစ်နေ့တခြား များလာသည်။ မတ်ဆုမိစံက ဆေးထိုးပိုက်ဖြင့် ဆေးကိုစုပ်ယူနေသည်။

"ဆရာမ၊ ခရီးဆက်ကြရင် ကျွန်တော် ဘယ်လိုလုပ် လိုက်ရမှာလဲဟင်"

လောလောလတ်လတ် ခြေထောက်တစ်ဖက် ဖြတ်လိုက်ရသော ရဲဘော်ကလေး ဟီဆာနိုရိဒါတေးစံ၏ အမေးကို သူ ချက်ချင်းမဖြေနိုင်ပါ။ အနာက တော်တော်နှင့် ကျက်ဦးမှာမဟုတ်။ အကောင်းဆုံးအဖြေကို သူ စဉ်းစားနေသည်။

အိပ်ရာပေါ်မှ လူနာက သူ့အဖြေကို ငံ့လင့်နေသည်။

"အဲဒီအချိန်ကျရင် အနာက ကျက်သွားပြီပေါ့"

မဖြစ်နိုင်မှန်းသိလျက် ဖွတ်အားပေးလိုက်ရသည်။

"ဒီလောက်ရက်ပိုင်းနဲ့ ကျွန်တော် သွားနိုင်ပါ့မလား ဆရာမရယ်"

"ချိုင်းထောက်နဲ့ လျှောက်နိုင်မှာပါ၊ မင်းအတွက် ဝါးချိုင်းထောက် တစ်ခုတောင်လုပ်ခိုင်းထားလိုက်ပြီ"

မုသာဝါဒဖြစ်ပေမယ့် သူနာပြုတို့ရဲ့အလုပ်က လူနာကို အားတက်စေဖို့ပဲလေ။ ဒီလို ကြံဖန်ပြီး အားပေးရတာက သူ့ထုံးစံအလုပ် ဖြစ်နေပြီ။

"တကယ်လို့ ကျွန်တော် မလျှောက်နိုင်ရင်ရော"

"ထမ်းစင်နဲ့ သယ်သွားမှာပေါ့"

"အားလုံးချီတက်သွားရင် ကျွန်တော် မကျန်ခဲ့ချင်ဘူး"

"အို... ဘာဖြစ်လို့ ကျန်ခဲ့ရမှာလဲ"

"ကျွန်တော်လေ ကျောင်းစာကိုပစ်ပြီး စစ်ထဲလိုက်ခဲ့တာ၊ ကျွန်တော်တို့မှာ အမေတစ်ခု သားတစ်ခုနေကြတာပါ၊ အမေက ကျွန်တော့်ကို သိပ်ချစ်တာ၊ မျက်စိအောက်က အပျောက်ခံနိုင်တာ မဟုတ်ဘူး၊ ကျွန်တော် မရှိတော့ အမေ မုဆိုးမကြီးတစ်ယောက်တည်း ဘယ်လိုနေရှာမလဲလို့ ခဏခဏ တွေးမိတယ်၊

တွေးမိတိုင်းလည်း အိမ်ကို အရောက် ထပြေးလိုက်ချင်တယ်”

ကျောင်းသားအရွယ် စစ်သားငယ်ကိုကြည့်ရင်း သူ့ရင်မှာ နာကျင်လာ သည်။

“အမေ ခံစားနေရမှာကို တွေးမိတိုင်း ကျွန်တော် သိပ်ဝမ်းနည်းတယ်၊ ကျွန်တော် စစ်သား ယောကျ်ားပဲဆရာမရယ် မငိုပါဘူး၊ ဒါပေမယ့် ကျွန်တော့် ရင်ထဲမှာ ငိုနေတာ ကိုယ့်ဟာကိုယ်ပဲသိတယ်”

ဟီဆာနိုရိစံကို သူက ကရုဏာသက်စွာ ကြည့်သည်။ အမိနို့နံ့မှ မပြယ်သေးမီ ကမ္ဘာစစ်တည်းဟူသော လူသတ်ပွဲကြီးထဲတွင် ပါဝင်ဆင်နွှဲနေသော လူငယ်လေး။ စစ်သွေးဆာနေသော စစ်ဝါဒီအာဏာရှင် ဂျပန်စစ်ခေါင်းဆောင်ကြီးများ ဆင်နွှဲလိုကြသော စစ်တုရင်ခုံပေါ်က နယ်အရုပ်ကလေးတစ်ရုပ်။

သူ့ရင်ထဲမှာ ဆို့နင့်လာသည်။ စိတ်ကို ပြန်တင်းလိုက်သည်။

“ကဲ… ဆေးထိုးရအောင် ဟီဆာနိုရိစံ”

“တပ်တွေထွက်ရင် ကျွန်တော့်ကို မထားခဲ့ကြပါဘူးနော်”

“မထားခဲ့ပါဘူးကွယ်၊ မဟုတ်တာတွေ တွေးမနေစမ်းပါနဲ့”

“ကျွန်တော်လေ… ကိုယ့်တိုင်းပြည်ကို ပြန်ရောက်ချင်လှပြီ၊ အမေနဲ့ ပြန်တွေ့ချင်လှပြီ၊ ကျွန်တော် ဒီမြေပေါ်မှာ မကျန်ခဲ့ချင်ဘူး ဆရာမရယ်၊ ဒီတိုင်းပြည်မှာ မကျန်ခဲ့ပါရစေနဲ့နော်”

ဒီမြေပေါ်မှာ မကျန်ခဲ့ချင်ဘူးဟူသော အသံက သူနားထဲမှာ ပဲ့တင်ထပ် ကာ စွဲသွားသည်။ ဆေးထိုးပေးပြီးနောက် သူက ဆေးထိုးကိရိယာနှင့် ဆေး ပုလင်းများကို ကောက်ယူလိုက်သည်။ ထိုအခိုက်မှာပင် -

“ရဲဘော်တွေ နေရာယူ အသင့်ပြင်

ကျယ်လောင်စွာ အော်ဟစ်အမိန့်ပေးလိုက်သံကြီးက ဆေးကုသ ဆောင်ဝါးတဲကြီးတစ်ခုလုံး ဟိန်းသွားသည်။

“လာကုန်ပြီ၊ လာကုန်ပြီ၊ ရဲဘော်တွေ အားလုံးထွက်ကြ၊ ထွက်…”

မတ်ဆုမိစံ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။ တဲအလယ်ရှိ လူနာတွေကြားမှရပ်ပြီး အသံဝါကြီးနှင့် အော်ဟစ်အမိန့်ပေးနေသူက တဲဝသို့ တအားပြေးထွက်သွားသည်။ မတ်ဆုမိစံ လှမ်းကြည့်လိုက်သည်။ အမိန့်ပေးနေသူ က ကင်ပေတိုင်ဗိုလ်ကြီး ရှီဂေဟာရ။

အော်သံကြောင့် လူနာတွေ ထိုင်သူထိုင်၊ ထသူထ၊ ပြေးသူပြေး ဝရုန်းသုန်းကား ဖြစ်ကုန်သည်။ ဆေးတပ်သားတစ်ယောက် တဲဝသို့ အပြေးရောက်လာသည်။ ရှီဂေဟာရစံနှင့် မျက်နှာချင်းဆိုင်ရပ်မိသည်။ ရဲဘော်က တစ်စုံတစ်ခု ကို ပြောပြသည်။

ရှီဂေဟာရစံက ရဲဘော်၏ပါးကို အရှိန်ဖြင့် ဖြန်းခနဲ လျင်မြန်စွာ ရိုက်ချလိုက်သည်။ ပြီးတော့ ဒေါသတကြီး အော်ဟစ်နေသည်။

"ဟိုမှာ မတွေ့ဘူးလား၊ လာနေကြပြီ၊ မင်းအမေ့လင် ဗမာတွေ၊ ဗမာ တွေ၊ လက်နက်တွေနဲ့ တို့ကိုပြန်ချဖို့ လာနေကြပြီ"

မတ်ဆုမိစံက တဲအပြင်သို့ လှမ်းကြည့်သည်။ ဘာမှမတွေ့ရ။

အော်သံကြား၍ ဆေးကုသဆောင်ဘက်သို့ ပြေးလာနေကြသော ဂျပန် စစ်ဗိုလ်နှင့် စစ်သားအချို့ကို တွေ့ရသည်။

"တို့ကို ကလဲ့စားချေကြတော့မယ်၊ တိုက်ကြပါတော့လား၊ လာကုန်ကြပြီ၊ ဒီကောင်တွေ ကလဲ့စားချေမလို့ လာနေကြပြီ၊ တိုက်..."

ရဲဘော် သုံးလေးယောက်က ရှီဂေဟာရစံနားသို့ အပြေးရောက်သွား သည်။ ရှီဂေဟာရစံက သူ့အမိန့်ကို နာခံဖို့ အော်နေသည်။ ရဲဘော်များက ရှီဂေဟာရစံကို ဝုန်းခနဲ ဝင်ဖက်လိုက်ကြသည်။ ရှီဂေဟာရစံက အတင်းရုန်းကန် အော်ဟစ်နေသည်။

"ဗမာတွေ၊ ဗမာတွေ၊ ငါ့ကို သတ်ကြမလို့ လာနေကြပြီ၊ ငါ့ကို သတ်ကြ တော့မယ်"

ရှီဂေဟာရစံက ငှက်ဖျားလူနာအဖြစ် ဒီတဲကြီးထဲ ရောက်နေသူ ဖြစ်သည်။ သူ ကယောင်ကတမ်း ထလုပ်သဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ မတ်ဆုမိစံ အနားရောက်သွားသည်။ ဒေါက်တာ အိုကူဒါစံလည်း အနား ရောက်လာသည်။ ဒေါက်တာက မတ်ဆုမိစံကို ပြောသည်။

"မော်ဖိန်း"

မတ်ဆုမိစံက ဆေးထိုးအပ်နှင့် မော်ဖိန်းဆေးကို အမြန်ဆုံး ပြင်ဆင်သည်။ ရဲဘော်များက ရှီဂေဟာရစံကို ဝါးကြမ်းပေါ် လှဲချကာ မလှုပ်နိုင် အောင် ဝိုင်း ချုပ်ထားကြသည်။ မတ်ဆုမိစံက ဆေးကို အကြောထဲသို့ တစ်ချက်တည်း နှင့် ကျွမ်းကျင်လျင်မြန်စွာ ထိုးသွင်းလိုက်သည်။

"သိပ်အဖျားကြီးလာလို့ ကယောင်ချောက်ချား ဖြစ်သွားတာပါ"

တဲထဲသို့ ဝင်လာသော စစ်ဗိုလ်တစ်ယောက်ကို ဒေါက်တာက ရှင်းပြ သည်။ မတ်ဆုမိစံက ဆေးခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ ဆေးပစ္စည်းတွေကို နေရာတကျစီသည်။ အလုပ်လုပ်ရင်း ရှီဂေဟာရစံတို့အကြောင်းကို စဉ်းစား မိသည်။

ရှီဂေဟာရစံတို့၊ ကိုအိဇုမိစံတို့လို ကင်ပေတိုင် ဗိုလ်မှန်သမျှ ရက်စက် ကြမ်းကြုတ်မှု၊ သနားကြင်နာစိတ် ကင်းမဲ့မှုတွေကြောင့် သူ မနှစ်မြို့ခဲ့။ ကင်ပေတိုင်တွေနှင့် သူ့အလုပ်က သဘာဝချင်း လုံးဝဆန့်ကျင်ဘက်။

ဒီလူတွေက မနာသူကို နာအောင်နှိပ်စက်ကြသူများဖြစ်၏။

မတ်ဆုမိစံတို့က နာနေသူကို မနာအောင် ပြုစုကြသူများဖြစ်၏။

လက်မရွံ့သည့်နေရာတွင် ဒီအာဏာသားတွေက နာမည်ကြီးလှသည်။ သူတို့ ဖြတ်သန်းခရီးနှင့် လာခဲ့ကြသော ရွာစဉ်တစ်လျှောက်မှာ ဒီလူတွေ ဘယ်လောက် လက်သန်ပြောင်သည်ကို မတ်ဆုမိစံ မျက်ဝါးထင်ထင် မြင်ခဲ့ရသည်။ မြန်မာရွာသားများအား နှိပ်စက်နေပုံကို မတွေ့ချင် မြင်နေလျက်သား ဖြစ်ခဲ့ သည်။ အပြစ်မဲ့ မြန်မာရွာသားများ ကြီးစွာ ဒုက္ခရောက်ခဲ့ကြသည်။

တောင်းတာမပေးနိုင်၊ မေးတာမဖြေနိုင်သမျှ ရွာသားတို့ဘဝ မသက်သာ၊ အပြစ်မရှိ အပြစ်ရှာကာ နည်းမျိုးစုံနှင့် နှိပ်စက်၏။ ပွက်ပွက်ဆူသောရေနွေး နှင့် လောင်းသည်။ လက်သည်းခွံတွေကို ပလာယာနှင့် ဆွဲခွာသည်။ အရှင်လတ် လတ် မီးရှို့သည်။ ဇက်ဖြတ်ကာ အဆုံးစီရင်သည်။

ကိုအိဇုမိစံတို့က သွေးအေးအေးနှင့် ရက်စက်သည်။ ရှီဂေဟာရုံစံတို့ ကျတော့ ကြမ်းကြမ်းရမ်းရမ်း ဒေါသတကြီး ရက်စက်သည်။ သို့သော် စိတ် ကြမ်းလူကြမ်းသမား ကင်ပေတိုင်ကြီးများမှာ ရိုးမထဲသို့ရောက်၍ ငှက်ဖျားတွေ၊ ဝမ်းတွေ၊ ပလိပ်တွေနှင့် တွေ့သောအခါ ကြမ်းလည်း မကြမ်းနိုင်၊ မာလည်း မမာနိုင်တော့။

“မြန်မာပြည်သူ ပြည်သားတွေအပေါ် အစွမ်းကုန် ရက်စက်ကာ နိုင်လိုမင်းထက် နှိပ်စက်ကလူ ပြုခဲ့ကြသူများ၏ ကံကြမ္မာက ယခုတော့ သံသရာတစ်ပတ် လည်ပြီ။

ရိက္ခာကနည်း၊ မိုးကလည်း ဗွက်ထဲမှာကုန်း နွားလိုရုန်းရင်း ချွတ်ယွင်း ပျက်စီးလာသော ကျန်းမာရေးကြောင့် ရှီဂေဟာရစံ ဘုန်းဘုန်းလဲတော့သည်။ ဆေးကုသဆောင်တင်ရသော လူနာဘဝ ရောက်ရသည်။

မဟာမိတ်တပ်များနှင့် ပူးပေါင်းကာ မြန်မာတွေ ထတော်လှန်ကြပြီ ဆိုကတည်းက သူတို့အတွက် တုန်လှုပ်စရာ ဖြစ်လာသည်။ စစ်ဆုတ်ကြရပြီ

ဆိုသောအခါ စိတ်ခတ်ကျစရာ ပိုဖြစ်လာသည်။

သူ နှိပ်စက်ခဲ့သည့် မြန်မာတွေ။

သူ့ကို ကလဲ့စားချေကာ ပြန်နှိပ်စက်ကြတော့မည့်အရေးကို သူ့အာရုံမှာ တွေးထင်လာသည်။ ဒီဘေးအန္တရာယ်ကို တွေးရင်း ရှိဂေဟာရစ်ကြောက်လာသည်။ တူဖြစ်တုန်းက တအားနှက်လာခဲ့သမျှ ပေဖြစ်တော့ ခံရမှာကို စဉ်းစားရင်း ချောက်ချားလာခဲ့သည်။

မတ်ဆုမိစံ ကိုယ်တိုင်မှာလည်း တစ်ခါမှ မတွေးမိခဲ့သော တွေးစရာ တွေက ခေါင်းထဲဝင်လာသည်။ မပြောကောင်းပြောကောင်း တကယ်လို့များ တို့ကို မြန်မာလူမျိုးတွေက ဖမ်းမိသွားရင် ဘယ်လိုနေမလဲဟု မှန်းဆ၍ မရနိုင်သော်လည်း မတ်ဆုမိစံတွေးရင်းက တစိမ့်စိမ့် ကြောက်မိသည်ကတော့ အမှန်ပင်။

■

ဒီနေ့ မိုးမရွာသည်ကို မတ်ဆုမိစံ သဘောကျနေသည်။ အရင်နေ့များက မိုးရွာလွန်း၍ စိတ်ပျက်လှသည်။ သူက တောင်စောင်းအတိုင်း လျှောက်လာရာမှ ချောင်းကမ်းလေးသို့ လှမ်းကြည့်သည်။ ဂျပန်စစ်သားတွေ အလုပ်များ နေကြသည်။ မတ်ဆုမိစံက သူတို့ထံ လျှောက်သွားသည်။ ရဲဘော်တချို့ တောထဲမှ ဝါးတွေ ခုတ်ပြီး သယ်ယူလာကြသည်။ တချို့က ဖြတ်ပြီး တချို့က ချည်နေကြသည်။

ရဲဘော်တွေ လုပ်ကိုင်နေကြသည်ကို အင်ဂျင်နီယာတပ်မှ အုချီရာစံက ဗိုလ်မှူးကာတိုမိချိနှင့် အရာရှိကြီးများကို ရှင်းပြနေသည်။

“ကျွန်တော်တို့ စမ်းကြည့်တော့ ဒီလိုဝါးလုံးမျိုး ဆယ့်ခြောက်ပေအရှည် နှစ်ဆယ့်လေးလုံးတွဲရင် ရဲဘော်နှစ်ဆယ့်လေးယောက်နိုင်တဲ့ ဖောင်တစ်ခု ရပါတယ်”

ချောင်းစပ်တွင် ရဲဘော်တချို့က လုပ်ပြီးသား ဖောင်များ ရေချကာ တက်စီးကြည့်နေကြသည်။

“ခင်ဗျားတို့ ဖောင်က ဒီချောင်းထဲမှာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် စစ်တောင်းမြစ်ကြီးထဲမှာ ရေစီးအားနဲ့ဆိုတော့ ဖြစ်ပါ့မလား”

“ဖြစ်ပါတယ် ဗိုလ်မှူးကြီး”

“ဖောင်တွေ အများကြီးလုပ်ဖို့ ကြိုး ဘယ်ကရမလဲ”

“ဒီတောထဲက ဟို... အရွက်ကြီးကြီးနဲ့ အပင်က အခေါက်တွေခွာပြီး စမ်းကျစ်ကြည့်တာ သုံးလို့ရတယ်၊ ဟောဒီမှာ တော်တော်ခိုင်ပါတယ်”

ကြိုးက အုန်းဆံကြိုး ခပ်ကြမ်းကြမ်းနှင့် တူသည်။ ဗိုလ်မှူးကြီးက ကြိုးကို အားနှင့်ဆွဲဆန့်ကြည့်သည်။

"ဒီတောထဲမှာ ဒီအပင်တွေက တော်တော်ပေါပါတယ်။ ကြိုးရဖို့ ပူစရာ

မရှိပါဘူး"

ချောင်းစပ်တွင် အင်ဂျင်နီယာတပ်မှ ရဲဘော်များက ကျန်ရဲဘော်များကို ဝါးဖောင်ပေါ်တက်နည်း၊ စီးနည်း၊ လှော်နည်းများ ပြနေသည်။

မတ်ဆုမိစံက ချောင်းနံဘေးမှ ထွက်လာခဲ့သည်။

မြယာပင်အုပ်နား ရောက်သောအခါ တောထဲမှထွက်လာသော တပ်စု နှင့်တွေ့သည်။ ရှေ့ဆုံးမှ တပ်ကြပ်ကြီး တာနီဇာကီဖြစ်သည်။

"ဟော... တာနီဇာကီစံ၊ ဘယ်ကပြန်လာကြတာလဲ'

"လမ်းလျှောက်က ပြန်လာတာ ဆရာမ"

"လေ့ကျင့်တာ တော်တော်ဟန်ကျနေပြီလား"

"ဘယ်... ဟန်ကျဖို့နေနေသာသာ စံချိန်တောင် တဖြည်းဖြည်း ကျလာပြီ"

"ဟုတ်လား"

"ဟုတ်တယ်၊ ရဲဘော်တွေက အားနည်းလာကျတော့ ဒီနေ့ဆို နှစ်မိုင်ခွဲ လောက်ပဲရတယ်၊ ကဲ... သွားဦးမယ် ဆရာမ"

တာနီဇာကီစံတို့အုပ်စု တဲတန်းလျားဘက်သို့ ဆက်လျှောက်သွားကြ သည်။ ခရီးရှည် ချီတက်ဖို့ စစ်သားတွေကို နေ့စဉ် ငါးမိုင် လမ်းလျှောက် ကျင့်ပေး သည်။ သို့သော် အစာအာဟာရက မဝတဝ။ ကျန်းမာရေးတွေက ချို့တဲ့။ ရာသီဥတုက ဆိုးဝါး။ လျှောက်နိုင်စွမ်းအားတွေက လျော့ကျလာသည်။

ရိုးမကထွက် ချီတက်ဆုတ်ခွာကြဖို့ သူတို့တပ်ကြီးတစ်ခုလုံး အလုပ်များနေကြပြီ။ အစီအစဉ်တွေဆွဲကြ၊ ပြင်ဆင်ကြနှင့် အလုပ်ရှုပ် နေကြသည်။

တကယ်တော့ သူတို့၏ အန္တရာယ်များမှာ မဟာမိတ်တပ်များနှင့် မြန်မာ မျိုးချစ်တော်လှန်ရေး တပ်များသာ မဟုတ်ပါ။ ဒီအပြင် သူတို့ရင်ဆိုင် ကြရမည့် ရန်သူကြီးသုံးခု ရှိနေကြပါသည်။

မုတ်သုံမိုးဟူသော ရန်သူကြီး

ရောဂါဘယဟူသော ရန်သူကြီးနှင့်

စစ်တောင်းမြစ်ဟူသော ရန်သူကြီးတို့ပင် ဖြစ်ကြလေသည်။

အခန်း (၈)

ရိုးမတောင်ပေါ်စခန်းမှ စိတ်ပျက်ငြီးငွေ့ဖွယ်ရာ ရက်များကို မိုးရေစက်တွေထဲမှာ ကုန်လွန်လာခဲ့သည်။

၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်။

မတ်ဆုမိစံတို့အားလုံး တောင်ပေါ်တောတွင် စခန်းကို စတင်စွန့်ခွာ ကြလေပြီ။

ရိုးမတောင်ကြောအတွင်းဝယ် လမ်းဟူ၍ မည်မည်ရရမရှိ။ ဆင်သွားသည့်လမ်းကြောအချို့ လောက်သာ ရှိသည်။ ဒီလောက်များပြားလှသော လူအင်အားနှင့် သစ်ပင်ဝါးပင်တွေကြား ဇွတ်တိုးကာ သွားကြရသည်။

မတ်ဆုမိစံတို့ သူနာပြုဆရာမများ၊ ဆရာဝန်များနှင့် ဆေးတပ်သားများက လူနာများနှင့်အတူ လိုက်ကြရသည်။ ကိုယ့်ကိုယ်ကိုယ်ပင် အနိုင်နိုင် သယ်ရသည့် ခရီးမှာ သူတို့ ဆေးတပ်ဖွဲ့က သယ်ရသည့် ဆေးဝါးပစ္စည်း ကိရိယာတွေက မနည်းလှ။

ကျန်တပ်ဖွဲ့များကို ကြည့်လိုက်တော့ ဂျပန်ရဲဘော်တိုင်းမှာ ဝန်စည်စလွယ်တွေ၊ ကျောပိုးအိတ်တွေ သေနတ်တွေအပြင် ဝါးနှစ်လုံးစီ သယ်ရ သေးသည်။ ဖောင်ဖွဲ့ပြီး မြစ်ကူးဖို့ဖြစ်သည်။ ဒီလောက်များသည့် လူအုပ်ကြီး အတွက် မြစ်နားရောက်မှ ဝါးလုံးက ရှာ၍ရမည်မဟုတ်။ ဒီတော့ ခုတည်းက သယ်ကြပေရော့။ တစ်လမ်းလုံး။ ဖောင်ဖွဲ့သည့်အခါ ချည်ဖို့ ကျစ်ထားသည့် ကြိုးကလည်း တစ်ယောက်ကို သုံးကိုက်ကျော်ကျော် ပါရသေးသည်။

ရှေ့သို့ လှမ်းမျှော်ကြည့်တိုင်း အုပ်ဆိုင်းမြင့်မားသော ပင်စည်ကြီးများ နှင့် ထူထပ်သော ချုံနွယ်ပိတ်ပေါင်းများကိုသာ မြင်ရသည်။ ဒါတွေကြားထဲကသာ ဖြစ်သလို တိုးသွားရသည်။ တစ်ခါတစ်ရံ မတ်စောက်သော ချောက်ကမ်းပါးနားက ကပ်သွားရသည်။ တချို့နေရာများကြတော့ ကောက်ကောက် ကွေ့ကွေ့နှင့် အတက်အဆင်းတွေက များလှသည်။ ရိုးမတောင်ကြော သစ်တောတွင်းမှ ကန္တာရက ကြမ်းတမ်းလှပါဘိ။

ရောမ လျှိုကြီးတစ်ခုအရောက် တပ်တွေ စခန်းတစ်ထောက် နားကြသည်။ မတ်ဆုမိစံတို့မှာ မောမောနှင့် ရောက်သည့်နေရာမှာ လှဲအိပ်ချ လိုက်ချင်သည်။

"ဝုန်း..."

ပြင်းထန်သော မြည်ဟည်းပေါက်ကွဲသံကြောင့် အကြီးအကျယ် လန့်သွားကြသည်။ သူနာပြုဆရာမတစ်သိုက်မှာ ထွက်ပြေးရမလား၊ ဝပ်ချလိုက်ရမလား၊ ဝေခွဲမရ။ ရန်သူဘက်က ပစ်တာလား၊ တို့ကို တွေ့သွားပြီ ထင်ပါရဲ့။ ဆေးတပ် သားတချို့ ပေါက်ကွဲသည့်နေရာသို့ ပြေးသွားကြသည်။ ဒီတော့မှ မတ်ဆုမိစံတို့ လည်း ထလိုက်သွားမိသည်။

သစ်ပင်အောက်က ထမ်းစင်ပေါ်မှ လူနာရဲဘော်မှာ မှောက်လျက် အသက်ပျောက်နေသည်။ ပက်လက်ဆွဲလှန်လိုက်သောအခါ ရင်ဘတ်တစ်ခုလုံး ရစရာမရှိအောင် ပွင့်နေပြီ။ လူနာက သူ့အခြေအနေ သူသိကာ သယ်ရသည့် ရဲဘော်များကို ဆက်ပြီး ဒုက္ခမပေးချင်တော့သဖြင့် လက်ပစ်ဗုံးကို ရင်မှာခွဲကာ သူ့ကိုယ်သူ အဆုံးစီရင်သွားခြင်းဖြစ်သည်။

“ဒါမှ သူရဲကောင်းကွ၊ ဟား... ဟား... ဟား၊ မင်းစိတ်ဓာတ်ကို ငါ ချီးကျူးတယ်ဟေ့၊ ချီးကျူးတယ်”

ကင်ပေတိုင် ဗိုလ်ရှီဂေဟာရက ရဲဘော်အလောင်းကို လက်ညှိုးထိုးကာ ရူးသွပ်စွာ အော်ဟစ်နေသည်။

လူနာတစ်ယောက် ဒီလိုပုံစံနှင့် အသက်ပျောက်ရသည်ကို သူနာပြု တစ်ယောက်အနေနှင့် မတ်ဆုမိစံက စိတ်မကောင်းဖြစ်ရသည်။ အလောင်းကို ရဲဘော်တွေ ဝိုင်းမနေကြသည်။ ရှီဂေဟာရစံကို သူနာပြုဆရာမ နိုရိကိုစံက အလောင်းမှဝေးရာသို့ ချော့ခေါ်လာခဲ့သည်။ မတ်ဆုမိစံက နိုရိကိုစံ၏ နောက်က လိုက်လာခဲ့သည်။ ရှီဂေဟာရစံက သူမဘက်သို့လှည့်ကာ-

“တွေ့လား ဆရာမ၊ အခုတော့ ဒီကောင့်ကို ဘယ်သူမှ နှိပ်စက်လို့မရ တော့ဘူးလေ၊ ဒီကောင့်ကို ဘယ်ဗမာကမှ လက်စားချေခွင့် မရတော့ဘူးဗျ၊ ဒါဟာ သူ အနိုင်နဲ့ပိုင်းသွားတာပေါ့”

ရှီဂေဟာရစံက သူ့အယူအဆကို တွန်းပြောနေသည်။

“အခုနေ ကျုပ်တို့ထဲက တစ်ယောက်ယောက်များ ဗမာရွာထဲ ကန်ခဲ့ကြည့်ပါလား၊ သတ်ရုံတင်မကဘူး အမှုန့်တောင် ချေပစ်ကြမှာ၊ ဒါပေမယ့် ကျုပ် ကတော့ ဟင်း... ဘယ်တော့မှ သူများလုပ်တာ ခံရမယ့်ကောင် မဟုတ်ဘူး”

မတ်ဆုမိစံတို့ လူသိုက် သစ်ပင်အောက် ရောက်လာသည်။ မီးဖိုခွင့်၊ ထမင်းချက်စားဖွင့် အမိန့်ရသည်။ ပြင်ကြဆင်ကြသည်။ စီရာရှင်ခေါ် ရိက္ခာက တစ်နေ့တခြား နည်းပါးလာသည်။ ဆန်က တစ်နေ့လျှင် ဂရမ်လေးရာမှ နှစ်ရာ့ရှစ်ဆယ် အထိ လျော့ကျလာသည်။

ဟင်းလျာကလည်း မျှစ်မှတစ်ပါး အခြားမရှိ။ တောတောင်ထဲမှာ တွေ့သမျှ စား၍ဖြစ်သမျှ အရွက်အရိုးတွေကို မျှစ်နှင့်ရောကာ ရေလုံပြုတ်ပြီး ဟင်းလုပ်၍ ဖြစ်ကတတ်ဆန်း ချက်ပြုကြရသည်။ သူ မီးမွှေးနေစဉ် ရှီဂေဟာရုစံ အနားရောက်လာသည်။

"ဒီမယ် ဆရာမ၊ ခင်ဗျား သိလား"

"ဘာကိုပါ လိမ့်"

"ကမ္ဘာ့အနောက်ခြမ်းမှာ ဂျာမနီက လက်နက်ချသွားပြီလေ၊ တကယ် ပြောတာဗျ၊ အော် အိန္ဒိယရေဒီယိုက ကြေညာတာ၊ ဟင်း သူတို့ ဥရောပမှာ ဂျာမနီလိုကောင်တွေ လက်နက်ချပေမယ့် ဟောဒီအာရှမှာ ကျုပ်တို့ နီပွန်တွေ ဘာလို့ လက်နက်ချရမှာလဲ၊ ဘယ်တော့မှ ဒူးမထောက် အညံ့မခံဘူး"

မတ်ဆုမိစံက ဘာမျှမပြောဘဲ ကြည့်နေသည်။

"ခင်ဗျား မသိဘူးဆရာမ၊ အခု ကျုပ်တို့ နီပွန်နိုင်ငံတော်ကြီးဟာ ဆိုဗီယက်က တစ်ဆင့် အမေရိကန်ကောင်တွေနဲ့ ငြိမ်းချမ်းရေးစကား ကမ်းလှမ်း နေပြီဆိုတာ ကျုပ် ကြားရတယ်"

ရှီဂေဟာရုစံ ပြောရင်း မောနေသည်။

"စကားတွေအများကြီး ပြောလို့ မောနေမှာပေါ့ ဗိုလ်ကြီး"

"ဒီမယ် ဆရာမ၊ ခင်ဗျား စဉ်းစားကြည့်စမ်းပါ၊ ကျုပ်တို့ကတော့ ဒီမှာ ရင်ကို မြေကတုတ်လုပ်ပြီးတော့ ငတ်တတ်ပြတ်ပြတ်နဲ့ အသေအလဲ တိုက်ပွဲဝင်

နေရတယ်၊ ဂျပန်ပြည်မကလူတွေက ဟိုရန်သူ ခွေးကောင်တွေနဲ့ စကားကမ်း လှမ်းနေကြပြီဆိုတော့ ဘယ်လောက် ဒေါသဖြစ်ဖို့ကောင်းသလဲ"

ရှီဂေဟာရုစံ မျက်နှာကြီးက နီရဲပြီး အကြောကြီးများ ထောင်နေသည်။

"အဲဒါတွေ စဉ်းစားမနေပါနဲ့ ဗိုလ်ကြီး၊ လောလောဆယ် ကျန်းမာရေးကိုပဲ ဂရုစိုက်ပြီး ခဏနားလိုက်ပါလား"

"တောက်..."

ပြင်းထန်သော တောက်ခတ်သံကြောင့် မတ်ဆုမိစံ လန့်သွားသည်။ မကျေမနပ် တောက်တစ်ချက်ခတ်ပြီး ရှီဂေဟာရုစံ လှည့်ထွက်သွားသည်။ ဘာကို မကျေမနပ် ဖြစ်သွားပါသနည်း။ လက်ရှိ တိုက်ပွဲအခြေအနေကိုလား။ ဂျပန်ပြည်မက

လူတွေကိုလား၊ သူစကားကို ထောက်ခံမပြောသော မတ်ဆုမိစံ ကိုပဲလား။ မတ်ဆုမိစံ စဉ်းစားချိန်ပင် မရလိုက်ပါ။

"တင်နော်ဟေကာဘန်ဇိုင်း"

"ဝုန်း..."

ရိုဂေဟာရစံ၏ ဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ ဟူသော ကြွေးကြော်သံနှင့် တစ်ဆက်တည်းမှာပင် ပေါက်ကွဲသည်။ ရိုဂေဟာရစံ စနက်တံ ဖြုတ်လိုက်သည်ကိုရော၊ ရင်ဘတ်မှာ လက်ပစ်ဗုံးကွဲသွားသည်ကိုပါ မတ်ဆုမိစံ မြင်လိုက်သည်။

စိတ်မချမ်းမြေ့ဖွယ်ရာ မြင်ကွင်းကြောင့် အားကုန်ကာ နုံးချည့် သွားသည်။ မတ်ဆုမိစံ မြေကြီးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ထိုင်ချလိုက်မှ သူ သတိထားမိသည်။ မလှမ်းမကမ်းမှ စစ်ဦးစီးအရာရှိကြီး လေးငါးယောက်။ ရိုဂေဟာရစံ ဗုံးခွဲပြီး အဆုံးစီရင် သွားသည့်နေရာနှင့် ဆိုလျှင် ဘာမှမဝေး။ သို့သော် သူတို့က ဝိုင်းထိုင်လျက် ဘာမှမဖြစ်သလို သူတို့ အလုပ် သူတို့ လုပ်နေကြသည်။ လှည့်၍မျှပင် မကြည့်။ သူတို့ရှေ့မှာ မြေပုံ ကားချပ်ကြီးတစ်ခု ချထားသည်။

"ဒီမြေပုံတွေက သိပ်ကိုဟောင်းနေပါပြီ၊ ဒီပေါ်မှာ ပြထားတဲ့ တချို့ ရွာတွေဆိုရင် မရှိကြတော့ဘူး၊ ပြောင်းကုန်ကြပြီ၊ တချို့ ချောင်းရိုး မြောင်းရိုး အကွေ့အကောက်တွေကလည်း မြေပုံထဲကလို မဟုတ်တော့ဘူး၊ ရေစီးကြောင်း ပြောင်းကုန်ပြီ"

ဂျပန်စစ်အရာရှိကြီးများက သူပြောတာကို အာရုံစိုက် နားထောင်နေကြသည်။

"အခု ချီတက်ကြဖို့ ကျွန်တော်တို့ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တွေ ရှာထားတဲ့ လမ်းကြောင်းက ဟောဒီလိုပါ"

ပြောဆိုကာ ပြသနေသူက မြန်မာလိုဝတ်ထားသော အာဆာဒါစံ။

■

နောက်တစ်နေ့ ခရီးဆက်ကြတော့ မိုးတွေ ရွာလာသည်။ စိုစိုရွှဲရွှဲ ဗွက် တွေထဲမှာ ရုန်းကြရသည်။ နာမကျန်းသူများနှင့် ဒဏ်ရာရထားသူများက တောင်ဝှေးတွေ ချိုင်းထောက်တွေကို အားပြုကာ တရွေ့ရွေ့ ကြိုးစားပြီး လျှောက်ကြရသည်။

မတ်ဆုမိစံက သူနာပြုဆရာမ မိယုကိစံတို့၊ အိဝါမစံတို့ အုပ်စုနှင့်အတူ လျှောက်သည်။ တောင်ကုန်းအတက်ကလေးတစ်ခုမှာ မော၍ ခာရပ်သည်။ ထမ်းစင်တွေက သူတို့နား ဖြတ်ဖြတ်သွားကြသည်။

"ဆရာမ... ဆရာမ"

ခေါ်သံကြား၍ လှည့်ကြည့်လိုက်သည်။ ခြေထောက်တစ်ဖက် ဖြတ်ရသော လူနာကလေး ဟီဆာနိုရိစံ။ ထမ်းလာသော ရဲဘော်များကလည်း ရပ်၍မဖြစ်။ ချော်မလဲအောင်ထိန်းရင်း ဖြည်းဖြည်း တက်သွားကြရသည်။ မတ်ဆုမိစံက ပြုံးပြလိုက်နိုင်စဉ်မှာ ဟီဆာနိုရိစံ ထမ်းစင်က တရွေ့ရွေ့ တက်သွားသည်။

■

တစ်ရက်ကနှစ်ရက်၊ နှစ်ရက်ကသုံးရက် ရက်တွေကြာလာသော်လည်း ခရီးကမတွင်။ ခြေလှမ်းတွေက နှေးကွေးလာသည်။ ခြေကုန် လက်ပန်းကျလာသည်။ ယူနီဖောင်းကလည်း လူတစ်ကိုယ် အဝတ်တစ်စုံမို့ မိုးရေထဲမှာ ချုံတောတိုးရင်း စုတ်ပြတ်လာကြ၏။ အာဟာရချို့တဲ့သည့်ကြားက ရိက္ခာက လျော့နည်းရှားပါးလာသည်။ ပိုဆိုးသည်မှာ မိုးအဆက်မပြတ် ရွာနေ သဖြင့် တော်တော်နှင့် မီးမွှေး မရ၊ ချက်ပြုတ်၍ မရခြင်းဖြစ်သည်။

ကျန်းမာရေးမကောင်းကြသည့်ကြားက ရာသီဥတုက ဆိုးဝါးလာသဖြင့် ဖျားနာသူတွေ ပို၍ များများလာသည်။ မကျန်းမာသူတွေ များလာ လေလေ ပစ္စည်းသယ်နိုင်သူတွေ နည်းလာလေလေဖြစ်သည်။

မတ်ဆုမိစံတို့ သူနာပြုဆရာမအုပ်စုမှာ ချီတက်ရသည့် ပင်ပန်းမှုဒဏ် အပေါ် သူနာပြုစုရသည့် အလုပ်ပင်ပန်းမှုဒဏ်က ထပ်၍ဖိစီးလေသည်။ သို့သော် သူတို့ တစ်ယောက်မှ မညည်းညူကြ၊ မခိုကပ်ကြ၊ တတ်နိုင်သမျှ စေတနာ အပြည့်အဝနှင့် ပြုစုပေးကြသည်။

သူတို့အထဲမှာ မိယုကိစံတို့၊ အိဝါမစံတို့က အပင်ပန်းအခံနိုင်ဆုံး၊ ကျန်းမာရေးအကောင်းဆုံး ဖြစ်ကြသည်။ နိုရိကိုစံကမူ အသက်အကြီးဆုံးဖြစ်၍ သူများထက် ပိုပင်ပန်းနေသည်။

ဆင်ခြေလျှောတွေက ရွှံ့စေးတွေနှင့် ချောနေသဖြင့် သတိတစ်ချက် လစ်သည်နှင့် ဘိုင်းခနဲ ပစ်လဲတော့သည်။ ရိုးရိုးလူလဲတာထက် ထမ်းစင်ထမ်း လာသော ရဲဘော် ခြေချော်လဲသောအခါ လူနာခမျာ မသက်သာ။ ထမ်းစင်ပေါ်မှ လွင့်ကျတော့သည်။ မချိမဆံ့ ဖြစ်သွားသော လူနာကို ဗွက်ထဲမှ ပြန်ကောက်ရ သည်။

"ဝုန်း..."

လက်ပစ်ဗုံးခွဲသံ တစ်သံမှန်း အားလုံးသိကြပါသည်။ သတ်သေသူတွေ တစ်နေ့တခြား များလာသည်။ အဆုံးစီရင်သည့်ကိစ္စမှာ ရောဂါဆိုးကြီးတစ်ခုပမာ လူနာတွေ တစ်ယောက်ပြီးတစ်ယောက် ကူးစက်နေသည်။ တကယ်တော့ ဟာရာကီရီခေါ် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရသည့် အလုပ်က သူတို့ ဂျပန်လူမျိုးများအဖို့ ထုံးတမ်းစဉ်လာတစ်ခုအဖြစ် ရှိခဲ့သည်။ မည်သို့ပင်ရှိစေ သူနာပြုဆရာမများမှာ များစွာ စိတ်မချမ်းမသာ ဖြစ်ကြရသည်။

မတ်ဆုမိစံက လျှောက်လာရင်း ရှေ့မှ ဖြည်းဖြည်းသွားနေသော နိုရိကိုစံမီလာသည်။ နိုရိကိုစံကို ကြည့်ရသည်မှာ ပုံမှန်မဟုတ်။

"မမ ဘာဖြစ်နေသလဲ၊ ဘယ်လိုနေလို့လဲ"

"မမ ဗီဘာရနေပြီ မတ်ဆုမိစံ"

သူက နိုရိကိုစံလက်ကို ဆွဲလိုက်သည်။ နိုရိကိုစံက ဖျားနေပြီဖြစ်၍ အသားတွေ ချစ်ချစ်တောက်ပူနေသည်။ မျက်နှာက ညှိုးလျှနေသည်။ သူတို့ ဖြည်းဖြည်း ဆက်လျှောက်ကြသည်။

သူတို့ရှေ့နားတွင် ဗိုလ်လေးအာကီဂါဝစံက ရဲဘော်သုံးယောက်ကို တစ်စုံတစ်ခုကို ခိုင်းနေသည်။ မတ်ဆုမိစံတို့ လျှောက်ရင်း သူတို့အနား ရောက်သွားသည်။ ရဲဘော်တွေက အသံဖမ်း ဝါယာလက်စက်ကို တောင်စောင်းမှ ပစ်ချလိုက်ကြသည်။ တစ်တပ်နှင့်တစ်တပ် ဆက်သွယ်ရေး ဝါယာလက်စက် မရှိ၍မဖြစ်။ အခုတော့ နက်ရှိုင်းသော ချောက်ကြီးထဲသို့ ပစ်ချလိုက်ပြီ။

"ဘာဖြစ်လို့လဲဟင်"

မတ်ဆုမိစံက မေးကြည့်သည်။

"အလကားဗျာ၊ ဘက်ထရီတွေကမှ အားမရှိတာ၊ သုံးလို့မှမရတာ၊ သယ်သွားလည်း အပိုပဲ၊ ဒီစက်ရှိမှ ဆက်သွယ်လို့ရတာ မဟုတ်ပါဘူး၊ မရှိလည်းရတယ်၊ ကျွန်တော် လုပ်ပြမယ်၊ ကျွန်တော့်အဘိုးက ဆာမူရိုင်းသူရဲကောင်း တစ်ယောက်ပဲ"

အနားရောက်လာသော အိဝါမစံက ပြုံးမဲ့မဲ့လုပ်ကာ လှမ်းကြည့်သည်။ အသံဖမ်းစက် လွှင့်ပစ်ခိုင်းသည့်ကိစ္စမှာ အဘိုးက ဆာမူရိုင်းသူရဲကောင်း ဖြစ်ခဲ့တာကို မဆီမဆိုင် ထည့်ပြောရန်ကောဟု တွေးမိသည်။ နောက်နေ့ ခရီးဆက်ကြရာ လမ်းတွေက ကျဉ်းသည်ထက် ကျဉ်းလာသည်။ မတ်ဆုမိစံတို့ ခြေတွေလက်တွေ မသယ်ချင်ကြတော့။ တစ်ကိုယ်လုံး ထုထောင်းရိုက်နှက်ထားသလို နာကျင်ကိုက်ခဲနေသည်။ မောမောနှင့် ရှေ့ကို မျှော်ကြည့်လိုက်တော့ တောင်ကုန်းတစ်ခုကို

တက်ရဦးမည်။

သေလိုက်ပါတော့ဟုသာ အော်ချင်သည်။ ဒါပေမယ့် ဗိုလ်လေး အာကီဂါဝါက ဒီတောင်ကုန်းပြီးရင် အဆင်းချည်းပဲဆို၍သာ တော်သေးသည်။ လျှောက်ရင်း လမ်းကလေးက ပို၍ကျဉ်းလာသည်။ တစ်ယောက်သွားရုံပဲ ရှိတော့သဖြင့် ရှေ့နောက်တန်းစီလျှောက်ရသည်။ တစ်ဖက်မှာ မတ်စောက်သော တောင်ကမ်းပါးယံကြီးရှိသည်။ ကျန်တစ်ဖက်တွင်မူ နက်ရှိုင်းသော ချောက်ကြီးရှိသည်။

"ဟော့… ဟော့… ဟယ်"

"အား… အမေ့"

ထမ်းစင်ရဲဘော် ခြေချော်ကာ ပစ်အလဲမှာ ထမ်းစင်ပေါ်က လူနာလေထဲတွင် လွှင့်ထွက်သွားသည်။ တောင်လုံးဟိန်းအောင် အော်လိုက်သော အမေ့ဟူသော အသံနှင့်အတူ လူနာ ချောက်ကြီးထဲသို့ လွင့်ကျကာ ထိုးကျသွားတော့၏။ ချောက်နှုတ်ခမ်းမှာ တွဲလောင်းကြီးဖြစ်နေသော အထမ်းသမားရဲဘော်ကိုမူ နီးရာရဲဘော်များက ဝိုင်းဆွဲတင်နေကြသည်။

ချောက်ထဲသို့ ဝိုင်းငုံ့ကြည့်ကြသည်။ ချောက်အောက်ရှိ မြေနိမ့်ထဲမှာ ကျနေသော လူနာတွေကို တွေ့ကြရသည်။ ဒေါက်တာ အိုကူဒါစံနှင့် ဆေးတပ်ရဲဘော်များ ရောက်လာကြသည်။ အခြေအနေကို လျင်မြန်စွာ သုံးသပ်ပြီး ဒေါက်တာက-

"ဆင်းကြမယ်"

ကြိုးတွေ ဝါးလုံးတွေနှင့် ဖြည်းဖြည်းချင်း ခက်ခက်ခဲခဲ ဆင်းကြသည်။ မတ်ဆုမိစံတို့က ချောက်နှုတ်ခမ်းမှ ထိုင်စောင့်ကြသည်။

သတိကြီးစွာထားပြီး ဆင်းသွားကြသူများ အောက်ရောက်သွားကြသည်။ တော်တော်ကြာသည်။

ဒေါက်တာတို့လူစု ပင်ပန်းကြီးစွာ ပြန်တက်ကြသည်။ ကျသွားသော လူနာကတော့ ပြန်ပါမလာ။

"မရတော့ဘူး ဆုံးသွားပြီ"

"ဘယ်လူနာလဲ ဆရာ"

"ဟီဆာနိုရိစံ"

"ဟယ်... ဖြစ်မှဖြစ်ရလေ"

မတ်ဆုမိစံ ရင်ထဲမှာ ထိခိုက်သွားသည်။ ကျွန်တော် ဒီမြေပေါ်မှာ မကျန်ခဲ့ချင်ဘူး ဆရာမရယ်ဟု တဖွဖွပြောခဲ့သော ကျောင်းသားအရွယ် စစ်သည်ငယ်၊ အမေ့ထံပြန်ရောက်ချင်လှသော သား။ ဘယ်တော့မှ ပြန်မရောက်နိုင်ရှာပြီကော။

■

ဒီနေ့တော့ မိုးမရွာသဖြင့် ထူးခြားသည်။ နေ့ခင်းမှာ မတ်ဆုမိစံတို့ ခဏနားခွင့်ရသည်။

"တောင်ကုန်းအမှတ် တစ်လေးတစ်တစ်၊ တပ်အားလုံးရောက်ပါပြီ၊ စခန်းချ အနားယူ အမိန့်ပေးပြီး ရန်သူမြေပြင်လှုပ်ရှားမှုမရှိ"

အသံကို မတ်ဆုမိစံ နားထဲမှာ ကျက်မိပြီးသားဖြစ်ပါသည်။ လှည့်ကြည့်လိုက်တော့ ဗိုလ်မှူးကြီးတစ်ယောက်ကို အစီရင်ခံနေသော အာဆာဒါစံကို တွေ့ရသည်။ နီးနေသဖြင့် သူ့ကို အာဆာဒါစံက မြင်လိမ့်မည်ဟု မတ်ဆုမိစံ ထင်သည်။ သို့သော် သတင်းပို့ပြီးနောက် သူ့ဆီမလာ။ တစ်ဖက်သို့ လှည့်ထွက်သွားသည်။

တကယ် မမြင်လို့လား၊ မမြင်ဘဲမနေ။ နေရာက မြင်နိုင်လောက်သည့်နေရာ။ အာဆာဒါစံ ဘယ်လောက်လျင်သည် ပါးသည်ကိုလည်း သူ သိထားသည်။ မခေါ်ချင်၍ မမြင်ဟန်ဆောင်သွားလေသလား။ ခရီးစမထွက်ခင်တုန်း ကတော့ အနားမှာ ကျွန်တော် အမြဲရှိနေမှာပါတဲ့။ အခုတော့ လှည့်ကြည့်ဖော်ပင် မရပါလား။

စိတ်ထဲမှာ ဝမ်းနည်းသလိုလို ရှိလာသည်နှင့် မတ်ဆုမိစံက လူရှင်းရာဘက်သို့ လျှောက်လာခဲ့သည်။ တောင်ကုန်းကလေး၏ထိပ်ရှိ ကွက်လပ်ကလေး သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

တောင်ကုန်းပေါ်မှ စီးကြည့်ရသော မြန်မာ့ရေမြေသဘာဝက ရှုမငြီး အောင်လှနေသည်။ စိမ်းလဲ့ရွှမ်းစိုသော စစ်တောင်းမြစ်ဝှမ်းဒေသကြီး တစ်ခုလုံးကို မျက်စိတဆုံး မြင်ရသည်။

လွင်ပြင်ကြီးတစ်ခုလုံးမှာ ရေပြည့်လျှမ်းနေသော လယ်ကွင်းတွေချည်းဖြစ်သည်။ ဟိုနားတစ်ခု ဒီနားတစ်ခု စိမ်းညို့ညို့ ကုန်းမို့မို့ကျွန်းသဖွယ် အဝန်းအဝိုင်းကြီးတွေက ကျေးရွာများဖြစ်ကြသည်။ နေရောင်တွင် ရေပြင်က အရောင်တဖျတ်ဖျတ်ထွက်လျက် တလက်လက် တောက်ပနေခြင်းက လှပသော ကမ္ဘလာမှာ ငွေဇာချည် တလက်လက် ပြိုးပြိုးပြက်ပြက် ရှိနေသကဲ့သို့

တစ်မျိုး ကြည့်ကောင်းလှသည်။ မတ်ဆုမိစံက သာယာရှု မောဖွယ်ကောင်းသော သဘာဝ၏ စိမ်းလန်းစိုပြည်သည့် ရှုမျှော်ခင်းကို ငေးကြည့် မိသည်။

တကယ်တော့ သူ့နိုင်ငံနဲ့သူ သဘာဝအလှအပတွေကတော့ ရှိကြတာချည်းပဲ။ ခုတော့ စစ်ဆိုတဲ့ အန္တရာယ်ကြောင့် ဒီအလှအပတွေ ပျက်စီးရတော့ တယ်။ တို့သူနာပြုတွေမှာလည်း ဒုက္ခကြီးလှပါဘိတယ်။ တကယ်လို့များ ဒီကမ္ဘာကြီးပေါ်မှာ စစ်ဆိုတာသာမရှိခဲ့ရင်.. မရှိခဲ့ရင်... မတ်ဆုမိစံ အတွေးနယ် ချဲ့နေမိသည်။

ဒီနေရာကကြည့်လျှင် ဂျပန်ပြည်ကြီး ဘယ်အရပ်မျက်နှာ ဘယ်မှာရှိပါလိမ့်ဟု ရော်ရမ်းမှန်းဆကြည့်သည်။ အခုနေများဆို ဖေဖေ၊ မေမေနှင့်တကွ အိမ်သားတွေ ဘယ်လိုနေကြမလဲဟု တွေးနေမိသည်။

'ဝိုး... ဝေါ... ဒက်... ဒက်... ဒက်"

စဉ်းစားခန်းဝင်နေခိုက် ဘယ်ကပေါ်လာလိုက်မှန်းမသိသော လေယာဉ် တစ်စင်း၊ စက်သေနတ်ကို တရစပ်ဆွဲရင်း အစာသုတ်တော့မည့် သိန်းငှက်ကြီး တစ်ကောင်လို တစ်ဟုန်ထိုး နိမ့်ဆင်းလာသည်။



ဘယ်ကပေါ်လာမှန်းမသိသော အင်္ဂလိပ်လေယာဉ်တစ်စင်း စက်သေနတ်ကို တရစပ်ဆွဲရင်း

မတ်ဆုမိစံ ရပ်နေသည့် တောင်ကုန်းကလေးဆီသို့ တည့်တည့်။ သူရပ်နေသည့် နေရာကလည်း တောင်ကုန်းထိပ်မှာ ကွက်လပ်ကြီး ထီးထီးဖြစ်နေသည်။

သူ ရှေ့သို့အမြန်ပြေးသည်။

ရှေ့မှာ မတ်စောက်သော တောင်ခါးပြတ်။ ညာဘက်သို့ လှည့်ပြေးသည်။ ချုံနွယ်ပိတ်ပေါင်းတွေ ပြည့်နေသည်။

လေယာဉ်က နီးလာသည်။

စက်သေနတ်သံတွေက ကျယ်လောင်လာသည်။ ထိုအခိုက် တစ်စုံတစ်ယောက်က ဝုန်းခနဲနောက်မှ ဝင်ဖက်ကာ မြေပြင်ပေါ်သို့ လှဲချပြီး ဘေးသို့လှိမ့်လိုက်ခြင်း ခံရသည်။ ခွန်အားကောင်းပြီး လျင်မြန်သောအရှိန်ကြောင့် ဘာမှန်း မသိလိုက်ချိန်မှာပင် သူ မြေပြင်ပေါ်တွင် ပြားကပ်နေအောင် တက်ဖိထားခြင်း ခံရသည်။ သူ့မှာ မလှုပ်နိုင်။

လေယာဉ်က နိမ့်နိမ့်ကလေးကပ်ပြီး ဝေါခနဲ ပျံသန်းသွားသည်။ စက်သေနတ်သံကို တရစပ် ဆူညံစွာကြားရသည်။ ပတ်ဝန်းကျင်ရှိ မြေပြင်တွင် ဆက်တိုက်ထိမှန်သော ကျည်ဆန်ရာတို့ကြောင့် မြေသားတွေ ဖွာထွက်လွင့်စင်ကုန်သည်။ ချုံနွယ်ပင်အချို့လည်း ပြတ်ထွက်ကုန်သည်။ ခဏအတွင်းမှာ လေယာဉ်ပျံ က ဝေးသွားသည်။

“ကြောက်လိုက်တာ အာဆာဒါစံရယ်"

တင်းကျပ်စွာဖက်ပြီး ဖိထားသူက သူ့ကိုလွှတ်လိုက်ကာ နေရာမှထသည်။ သူကြည့်လိုက်တော့ အာဆာဒါစံ။

ကမ်းပေးနေသော အာဆာဒါစံလက်ကို ဆွဲယူအားပြုပြီး လဲနေရာမှ သူထသည်။

“ကြောက်လိုက်တာ အာဆာဒါစံရယ်”

“ဒီနေရာမှာ ဘာလာလုပ်နေတာလဲ”

အာဆာဒါစံ အမေးက စိုးရိမ်သံနှင့် အပြစ်တင်သံရောနေသည်။

“ဘာမှမလုပ်ပါဘူး၊ ခဏနားရင်း ရှူခင်းလှလို့ ကြည့်နေမိတာပါ”

လေယာဉ် ဝေးသွားသည့်တိုင် အကြောက်မပြေနိုင်သေး၊ ရင်တွေတအားခုန်နေသည်။

"ဆရာမ ဆေးတပ်ဖွဲ့ရှိတဲ့နေရာကို သွားပြန်နေတော့၊ ဒီနေရာက လေကြောင်း အန္တရာယ် မလုံခြုံဘူး"

"သိပ်ကျေးဇူးတင်တာပဲ၊ အာဆာဒါဒ်စံသာ မကယ်ရင်တော့ ကျွန်မအတွက် မတွေးဝံ့စရာပါ"

ကျေးဇူးတင်စကားပြောရင်း မတ်ဆုမိစံက နေရာမှ မရွေ့။ အာဆာဒါဒ်စံ ကို ရပ်ကြည့်နေသည်။

"သွားတော့လေ"

အမိန့်ပေးသံက တိကျပြတ်သားသည်။

မတ်ဆုမိစံ နေရာမှ ထွက်လာခဲ့သည်။ သုံးလေးလှမ်းခန့် လှမ်းပြီးသော အခါ သူ ထွက်လာသည်ကို နောက်ကရပ်ပြီး ကြည့်နေဦးမည့် အာဆာဒါဒ်စံ ဘက်သို့ သူ ပြန်လှည့်ကြည့်လိုက်သည်။

မရှိတော့။

■

အခန်း (၉)

ဖက်ဆစ်ဂျပန်များက မြန်မာတို့အပေါ် သုံးနှစ်သုံးမိုးလုံးလုံး နည်းမျိုးစုံဖြင့် ကမ်းကုန်အောင် ရက်ရက်စက်စက် နှိပ်စက်ကြခြင်း၏ အဆုံးဝယ် တော်လှန်ရေးသည် ဖြစ်ပေါ်၍လာ၏။

ဖက်ဆစ်ဂျပန် လူရမ်းကားတွေ၏ ရန်ကို တော်လှန်တိုက်ခိုက်ဖို့ ဗမာမျိုးချစ်တပ်မတော်က မြန်မာတစ်နိုင်ငံလုံး တိုင်းကြီးခုနစ်တိုင်းခွဲကာ စစ်ဆင်ရေးအစီအစဉ်များ ပြုလုပ်သည်။ စစ်ဌာနချုပ်များကို ပဲခူးယကုန်းတွင် တိုင်း (၁)၊ ပဲခူးတွင် တိုင်း (၄)၊ ဆွာတွင် တိုင်း (၆) စသည်ဖြင့် ဖွင့်လှစ်ကာ အခြေစိုက် တပ်စွဲထားကြ၏။ တောင်နှင့်မြောက် တန်းလျက်ရှိသော ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် စီတန်းကာ ပိတ်ဆို့ပြီး စောင့်နေကြသည်။

မတ်ဆုမိစံတို့ ဂျပန်တပ်တွေက ထိုသို့စီတန်းနေသည့်လမ်းကို ဖွတ်တိုးကာ ဖြတ်ကြရတော့မည်။

တိုင်း (၁) စစ်ဌာနချုပ် လက်အောက်ရှိ တပ်တွေကို စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်တွင် တပ်များဖြန့်ကာ နေရာယူထားသည်။ ပဲခူးယကုန်းတွင် အမှတ် ၆၃ မဟာမိတ်တပ်များရှိသည်။ ကညွတ်ကွင်းတွင် ဘလူးဖို့စ်ခေါ် တပ်မ ၂၀ ရှိသည်။

မြန်မာ မျိုးချစ်ပြောက်ကျားများကိုလည်း အုတ်တွင်း၊ ကွဲပွဲ၊ ဇေယျာဝတီ၊ ကညွတ်ကွင်း၊ ကျောက်ကြီး၊ ရွှေကျင်၊ ထန်းတပင်၊ မုံး၊ ပဲခူး စသည်ဖြင့် နေရာ အနှံ့ တပ်ဖြန့်ထားသည်။

ဂျပန်ခေတ်တစ်လျှောက်လုံး နိုင်ထက်ကလူ မင်းမူနှိပ်စက် လူမဆန်စွာ ရက်စက်အုပ်စိုးခဲ့ကြသည့် မတရားအမျိုးတွေကို မောင်းထုတ်ကြမည့် တော်လှန်ရေးတပ် အသီးသီးတို့မှာ သေနတ်ကို တင်းတင်းဆုပ်ရင်း အံတကြိတ်ကြိတ် ရှိနေကြသည်။

ရိုးမထဲတွင် ထွက်လာကြမည့် ဂျပန်တပ်များကို ဒီနေရာကဆီး၍ တပ်လုံးဖြုတ်ကြဖို့ အဆင်သင့်စောင့်နေကြလေပြီ။

မတ်ဆုမိစံတို့ ရိုးမတောင်ခြေသို့ ရောက်လာကြသည်။

တောင်ပေါ်ကအဆင်းမှာ တောက်လျှောက်မနားခဲ့ရ။ တောင်ခြေ မြေပြန့်ရောက်မှ ခဏနားကြရသည်။ စစ်သည်တွေထက် သူနာပြုတွေက ပိုပြီးဒုက္ခကြီးသည်။ သူတို့ ပိန်လှီလာကြသည်။ အင်အားဆုတ်ယုတ်ကာ တစ်နေ့တခြား

ခြေလှမ်းတွေက လေးလံလာကြသည်။ ရွေ့ကို မရွေ့ချင်တော့။

အဖျားမပျောက်သော နိုရိကိုစံမှာ ယိမ်းယိုင်လာပြီ။ ကျန်းမာသန်စွမ်းလှသော မိယုကိစံတို့ အိဝါမစံတို့လည်း ပုံပျက်ပန်းပျက် ဖြစ်ကုန်ကြပြီ။ သူနာ ပြုဆရာမများ၊ အရပ်သူ အမျိုးသမီးများနှင့် စစ်တပ်သုံး ပြည့်တန်ဆာမလေး များမှာလည်း အားတင်းကာ အနိုင်နိုင်လှမ်းရင်း ချီတက် ဆုတ်ခွာနေကြရသည်။ မတ်ဆုမိစံလည်း မဟန်နိုင်တော့။ ဆက်မလျှောက် နိုင်သေးဘဲ သစ်ပင် အောက်မှာထိုင်၍ အသက်မှန်မှန်ရှူရင်း အမောဖြေနေသည်။ သူ့ရှေ့သို့ လူ တစ်ယောက် လာရပ်သည်။ တောင်ဝှေးကို အားပြု ထောက်ရင်း-

"ဆရာမ ပတ်တီးရှိရင် နည်းနည်းပေးပါ"

ထိုလူ၏မျက်နှာကို သူ သေသေချာချာကြည့်သည်။ အတော် ကြည့်ပြီးမှ ရုပ်ကို မနည်းဖမ်းယူရသည်။

ကင်ပေတိုင် ဗိုလ်ကိုအိဇုမိ။

ချက်ချင်း မမှတ်မိနိုင်လောက်အောင် ရုပ်ကျသွားသည်။ ရောဂါဝေဒနာ ကြောင့် ပိန်လှီဖျော့တော့ကာ လူက ကမ္ဘာဦးရုပ်ပေါက်နေသည်။

ကိုအိဇုမိစံနှင့် မတ်ဆုမိစံတို့မှာ အကြောင်းခံတစ်ခု ရှိခဲ့ဖူးသည်။ စတင် စစ်ဆုတ်ကြ၍ မတ်ဆုမိစံ ဒီတပ်သို့ ရောက်ရောက်ချင်း ပထမဆုံး ပြဿနာ စတက်ခဲ့ရသည့်လူ။ ရွာတစ်ရွာ အရောက်မှာ ကိုအိဇုမိစံနှင့် ထိပ်တိုက်ဖြစ်ရသည့် အဖြစ်ကို သူ မမေ့။

ထိုစဉ်က မြန်မာရွာသား သက်ကျားအိုအချို့ကို ကင်ပေတိုင်က ဖမ်းလာသည်။ အင်္ဂလိပ်စစ်တပ် ဘယ်မှာရှိသလဲလို့မေးသည်။ လိုချင်သော အဖြေကို မရတိုင်း ကျွဲရိုက်နွားရိုက် နှိပ်စက်လိုက်ကြသည်မှာ မြင်ရက်စရာမရှိ။

ပြီးတော့ မတ်ဆုမိစံကို ပတ်တီးတောင်းသည်။ ဘာသုံးဖို့မှန်း ပထမတော့ သူမသိ။ ထုတ်ပေးလိုက်သည်။ ပတ်တီးကို ဘယ်လိုအသုံးချသည်ကို မြင်တော့မှ သူ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသေးသည်။

ကိုအိဇုမိစံက ရွာသားတို့၏ လက်ငါးချောင်းတွင် လက်မကိုချန်ကာ ကျန်လေးချောင်းကြားမှ သစ်သားချောင်းတွေ တစ်ချောင်းစီညှပ်သည်။ ထို့နောက် လက်လေးချောင်းစလုံးကို စုပြီး ပတ်တီးနှင့် တင်းနေအောင်ချီသည်။

ပတ်တီးစ၏ တစ်ဖက်မှာ ချည်ခင်စွတ်ပမာ ကွင်းလုပ်ထားသည်။ ထိုကွင်းထဲသို့ တုတ်တစ်ချောင်း လျှိုသွင်းလိုက်သည်။ ပထမတွင်

ပြောပလောက်အောင် မနာသေး။ မေးခွန်းတစ်ခွန်းမေး၍ အဖြေကို မကျေနပ်တိုင်း တုတ်ချောင်း ကို လှည့်ပေးသည်။ အဝတ်ကို ရေညှစ်သလို တအားလိမ်၍ ညှစ်တော့သည်။

ခံရသူ မြန်မာရွာသားကြီးများမှာ အသည်းခိုက်အောင် နာကျင်ကာ မချိမဆံ့ ဖြစ်ရလေသည်။ အရိုးကွဲမတတ် နာကျင်၍ ငယ်သံပါအောင် အော် လိုက်သည့်အသံတွေက သူ့ရင်ကို ထိခိုက်စေသည်။

နောက်တစ်ကြိမ် ပတ်တီးလာတောင်းသည့်အခါတွင်မူ မတ်ဆုမိစံက မပေးဘဲ ငြင်းသည်။ တာဝန်ပိုင်းအရ၊ ရာထူးအာဏာအရ၊ အခြေအနေအရ မတ်ဆုမိစံအနေနှင့် ကင်ပေတိုင်ဗိုလ်တစ်ယောက် အမိန့်ကို ငြင်းဆန်ခွင့်မရှိ။ ဤတွင် ပြဿနာတက်တော့သည်။ ကိုအိဇုမိစံက ဒေါသပြင်းစွာထွက်ပြီး ပါးရိုက်ဖို့ ဆွဲလားရမ်းလားလုပ်သည်။ ဂျပန်ဓားရှည်ကြီးကို ဓားအိမ်မှ ဆွဲချွတ်ကာ ဓားနဲ့ခုတ်မယ်လုပ်သည်အထိ ရှုံးရှုံးရှားရှား ဖြစ်လာသည်။ ဒေါက်တာ အိုကူဒါစံနှင့် အာဆာဒါစံတို့ အချိန်မီဝင်ရောက် ဖြေရှင်းပေးလိုက်သဖြင့် သူ သက်သာရာရခဲ့သည်။

ဒီအဖြစ်ကို မတ်ဆုမိစံ မမေ့နိုင်ခဲ့။

ယခုမူ ကိုအိဇုမိစံက သူ့ရှေ့မှာ လူနာအဖြစ် ရောက်နေသည်။

အပြစ်မဲ့ရွာသားတွေကို ပတ်တီးတစ်စဖြင့် နှိပ်စက်ခဲ့သော ကင်ပေတိုင် ဗိုလ်မှာ ကြမ္မာရဟတ် တစ်ပတ်လည်ကာ ခံရမည့်အလှည့်ရောက်ပေပြီ။ ပတ်တီး တစ်စဖြင့် မအုပ်နိုင်သော သူ့လက်မောင်းက အနာကြီးမှာ ဟင်းလင်းပွင့်နေသည်။ အသားနီလန်ကာ အရေတွေလွှဲနေပြီး ယင်ကောင်တွေ တလောင်းလောင်း နှင့် မြင်မကောင်းအောင် ရှိနေတော့သည်။

ကိုယ်မှာလည်း အနာတွေပွနေသည်။ ညှီစို့စို့ ပုပ်ဟောင်ဟောင် အနံ့တို့က မတ်ဆုမိစံ နှာဝသို့ ဆိုးရွားစွာ တိုးဝင်လာကြသည်။ ထိုင်နေရာမှ အားယူကာထသည်။ ဆေးတပ်သားတစ်ယောက်၏ ဆေးအိတ်ထဲမှ အနာထည့် ဆေးရည်၊ ဂွမ်း၊ ပတ်တီးနှင့် ဖရောင်းချက်များကို သူ ထုတ်ယူသည်။

တစ်ဖက်သားအပေါ် ကောင်းခဲ့သူဖြစ်စေ၊ မကောင်းခဲ့သူဖြစ်စေ၊ သူ့ဟာ သူ ဘယ်လိုလူမျိုးပင်ဖြစ်စေ၊ လူနာတစ်ယောက်အဖြစ်ဖြင့် မိမိရှေ့ ရောက်လာသည်ရှိမှတော့ ပြုစုပေးရမည်က သူနာပြုဆရာမတစ်ဦး၏ တာဝန်ပင်။

မကောင်းဘေး မကောင်းဒဏ် တစ်လှည့်တစ်ပြန် ခံရမှာက သူ့ကိစ္စ။ ဝေဒနာကို နေသာအောင် စေတနာဆောင်ကာ ပြုစုပေးရမှာက ကိုယ့်ကိစ္စ။

ခရီးရှည်ဆုတ်ခွာရင်း အားကုန်လာသဖြင့် ဘယ်သူမှ

ရှေ့ဆက်မလျှောက်ချင်တော့။ ဂျပန်စစ်သားအချို့ဆိုလျှင် နောက်ချန် နေခဲ့ကြသည်။ ထိုသို့ ချန်နေခဲ့သူများကို တပ်မှူးများက အတင်းဆွဲခေါ်ကာ ရှေ့သို့တွန်းပြီး မောင်းကြသည်။ မရပ်ရ၊ မဆိုင်းရ၊ ချန်မနေရစ်ခဲ့ရ။

နောက်ချန် နေရစ်သူများကို ဗိုလ်မှူးတွေက တောထဲမှ ဝါးလုံးတွေခုတ်ကာ ရိုက်နှက်ပြီး နွားအုပ်မောင်းသလို မောင်းသည်။ ဒီလောက် လူတွေကို ရိုက်ရဖန်များတော့ ဝါးလုံးတွေပင် ဖွာလန်ကြဲလာသည်။ နောက်ထပ် ဝါးလုံး ထပ်ခုတ်ကာ ထပ်ရိုက်ပြီး မောင်းရပြန်သည်။ ဂျပန်စစ်သားများမှာ ဝါးရင်းတုတ် အရှိန်ကြောင့် တရွေ့ရွေ့ လျှောက်နေကြရသော်လည်း စိတ်ဓာတ်တွေ ကျသည် ထက်ကျလာသည်။ အိပ်ပျော်နေခိုက် အိပ်မက်မက်ကာ ယောင်ယမ်းပြီး ထလမ်းလျှောက်နေသူများပမာ တွေငိုက်စွာ ဖြည်းဖြည်းချင်း သွားနေကြသည်။ အချို့မှာ တောထဲတောင်ထဲ လမ်းမသိဘဲ တိုးသွားရင်း လမ်းပျောက်ကာ တပ်တွေ ကွဲကုန်သည်။

မတ်ဆုမိစံက အားတင်းပြီး ဆက်လျှောက်သည်။

“ဒိန်း... ဒိန်း... ဒိန်း'

“အုန်း... ဝုန်း...”

'အား... အီး”

ကျယ်လောင်လှသော အမြောက်မြည်ဟည်းပေါက်ကွဲသံတွေက ရုတ်တရက် ဆူညံသွားသည်။ အော်ဟစ်သံများနှင့်အတူ သူတို့ ခြေဦးတည့်ရာ လျှောက်ပြေး ကြသည်။ တပ်တွေ ဖရိုဖရဲ ဖြစ်ကုန်သည်။

“စွတ်မပြေးနဲ့... ဝပ်နေ”

“ဟေ့... စွတ်မပြေးနဲ့၊ သေကုန်တော့မယ်၊ ဝပ်နေ... ဝပ်နေ”

ဗိုလ်မှူးတစ်ယောက်က ဂျပန်ဓားရှည်ကြီးကို ဝင့်ကာမြှောက်ရင်း အော်ဟစ် အမိန့်ပေးနေသည်။ သူ့ကိုယ်မှာလည်း ယူနီဖောင်းဆို၍ ဘောင်းဘီတိုနှင့် ခါး တစ်လက်သာရှိတော့သည်။ အမိန့်ကို အစဉ်တစိုက် တစ်သဝေမတိမ်း နာခံခဲ့ကြသော ဂျပန်စစ်သားများမှာ ဒီတစ်ခါတော့ မနာခံဘဲ ကမ္ဘာပျက်သလို သွေးရူးသွေးတမ်း ဖြစ်ကုန်ကြသည်။ ထိုနေ့က တစ်နေ့လုံး အမြောက်ဆန်တွေကြားမှာ သူတို့ ပြေးလွှားကြရသည်။ သူနာပြုဆရာမလေးများ မျက်နှာတွင် သွေးမရှိကြတော့။ ကြောက်လွန်း၍ ဒူးတွေသာမက အသားတွေပါ တဆတ်ဆတ်တုန်နေကြရှာသည်။

■

တောအုပ်ကလေးတစ်ခုက ထွက်လိုက်တော့ ရေစီးသံတဝေါဝေါကို ကြားရသည်။ တို့တစ်တွေ စစ်တောင်းမြစ်ကိုတောင် ရောက်ပါပေါ့လားဟု မတ်ဆုမိစံတို့ ဝမ်းသာသွားသည်။

"ကျွန်မတို့ ဒီလောက်ခရီးနဲ့ စစ်တောင်းမြစ်ကြီးကို ရောက်လာတာ တော်သေးတာပေါ့နော် မတ်ဆုမိစံ"

အနားရောက်လာသော မိယုကိစံက အားတက်သရောပြောသည်။ မတ်ဆုမိစံက-

"ဟုတ်ပါရဲ့၊ ဒီနေ့လောက်နဲ့ ဒီနေရာရောက်လာခဲ့လိမ့်မယ်လို့ တို့လည်း မထင်ခဲ့ဘူး"

ထိုအခိုက် သူတို့နားသို့ ဗိုလ်တာနာကားစံ ရောက်လာသည်။ အိဝါမစံက တဝေါဝေါစီးဆင်းနေသော ရေပြင်ကိုကြည့်ကာ..

"စစ်တောင်းမြစ်ကြီးက သူတို့ပြောသလောက်လည်း မကျယ်ဘူးနော်"

"ဘယ်ကဟုတ်မှာလဲ၊ ခင်ဗျားတို့ကလည်း"

"ဟင်.... ဘာမဟုတ်တာလဲ တာနာကားစံ"

"ဒါ စစ်တောင်းမြစ်မှ မဟုတ်ဘဲ"

"ဟောတော့... ဒါဖြင့် ဒါက ဘာလဲ'

"ကွမ်းချောင်းတဲ့၊ စစ်တောင်းမြစ်က လိုသေးတယ်ဗျ၊ သွားရဦးမှာ"

"ဟယ်... သေလိုက်ပါတော့"

"ဟုတ်သားပဲ၊ တို့တွေ ရန်ကုန်-မန္တလေးလမ်းကိုမှ မကျော်ရသေးတာ၊ အဲဒါကိုကျော်၊ လယ်ကွင်းတွေကို ဖြတ်ပြီးမှရောက်မှာ"

သူတို့အားကုန်ကာ နုံးချည့်သွားသည်။ ကွမ်းချောင်းကို ဖြတ်ကြရသည်။

"မြဲမြဲကိုင်ထားနော်၊ တစ်ချက်လွတ်သွားရင်ပြီးရော၊ ရေစီးက သိပ်သန်

တယ်"

အင်ဂျင်နီယာတပ်မှ ဗိုလ်မှူးအူချီရာက လိုက်သတိပေးနေသည်။ လူတွေက

တစ်အုပ်ကြီး၊ အကြောက်တရားကြောင့် ခြေဖျားလက်ဖျားတွေက ရေခဲတုံးတမျှ အေးစက်နေသည်။ ချောင်းရေအလျင်က သူတို့ကို ဝါးမျို ပစ်တော့မည့် မကောင်းဆိုးဝါးတစ်ကောင်အလား တဝေါဝေါမြည်ကာ စီးဆင်းနေသည်။ သူတို့ မျက်စိအောက်တွင် ကြည့်နေခိုက်မှာပင်...

"ဟယ်.... ကျသွားပြီ.. ကျသွားပြီ"

အော်ရင်း အမြန်ဆုံး လိုက်ဆွဲကြသည်။ ကျသွားသူက နိုရိကိုစံ။ ရုန်းရင်းကန်ရင်း ရေစီးတွင် မျောပါသွားလေပြီ။

"ဝါးလုံး... ဝါးလုံးပစ်ပေး"

ဝါးလုံးပစ်ပေးသူက ပစ်ပေးလေသည်။ နိုရိကိုစံက ရေမကူးတတ်သူ ဖြစ်၍ နစ်ချီပေါ်ချီနှင့် ရေစီးမှာ ပါသွားသည်။ ရေကူးတတ်သူဖြစ်လျှင်တောင် ဒီလောက်ဖျားနေသူက ဒီလိုရေစီးမျိုးမှာ ကူးယက်နိုင်ဖို့ရာ မလွယ်ပါ။ ကမ်း ပေါ်က ပြေးလိုက်ကာ ကြိုးပစ်ပေးသူ ရဲဘော်က ပစ်ပေးသည်။ နိုရိကိုစံမှာ ဝူးဝူးဝါးဝါး ယက်ကန်ရင်း ရေစီးထဲပါသွားသည်။

မတ်ဆုမိစံတို့ တစ်သိုက်မှာ မြင်နေပါလျက် ဘာမှမတတ်နိုင်။ နိုရိကိုစံ နာမည်ကိုသာ ငယ်သံပါအောင် အော်ခေါ်ရင်း နှလုံးသွေးပျက်ကာ ကမ်းပေါ်မှာ ဟိုဒီပြေးလွှား ယောက်ယက်ခတ်နေကြသည်။

နိုရိကိုစံကား နောက်ဆုံးမှာ စုံးစုံးမြုပ်သွားရှာလေတော့သည်။ မတ်ဆုမိစံ တို့ မြေပြင်မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ချုံးပွဲချ ငိုကြွေး မိကြလေတော့သည်။

■

"ရိုးမပေါ်မှာတုန်းက ဒုက္ခရောက်လှပြီမှတ်တာ၊ ရိုးမထဲက ထွက်လာမှ ဒုက္ခတွေ ပိုတောင်များနေပါရောလား၊ အာဆာဒါစံရယ်"

အာဆာဒါစံက နှုတ်ဆိတ်ကာ အဝေးသို့ ငေးနေသည်။

"ဒီ ဒုက္ခတွေ ဘယ်တော့မှ ဆုံးမှာလဲဟင်"

အာဆာဒါစံက သူ့ဘက်သို့ လှည့်လာသည်။

"ဆရာမရယ် ဒီအချိန်မှာ ဒုက္ခအကြောင်းကို မစဉ်းစားတာ အကောင်းဆုံးပါပဲ"

"မစဉ်းစားပေမယ့် လက်တွေ့ခံစားနေရတာကိုး၊ အမှန်တော့ ဒီဒုက္ခတွေ

အားလုံးဟာ စစ်ကြောင့်ပဲ၊ တကယ်လို့ ဒီစစ်ကြီးသာ မဖြစ်ခဲ့ရင် လူတွေ ဒီလို ဒုက္ခရောက်ကြမှာ မဟုတ်ဘူးနော်”

အာဆာဒါစံက သူ့မျက်နှာကို စိုက်ကြည့်နေသည်။

“အစတုန်းကတော့လေ၊ ကျွန်မ နီပွန်တစ်ယောက်အနေနဲ့ ဒီစစ်ကြီးမှာ ကျွန်မတို့ ဂျပန်တွေ သိပ်နိုင်စေချင်တာ၊ ဒါပေမယ့် အခုလို စစ်ရဲ့ ဆိုးကျိုးဒဏ်တွေကို ကိုယ်တိုင် ခံစားလာရတော့ နိုင်စေချင်တာထက် အစတည်းက ဒီစစ်ကြီး မဖြစ်ခဲ့ရင် ကောင်းမှာပဲဆိုတဲ့ အတွေးမျိုးတွေ ဝင်လာတယ်”

“စိတ်မချမ်းသာစရာတွေ တွေးမနေပါနဲ့ဆရာမရယ်၊ ကိုယ့်ကျန်းမာရေး သာ ကိုယ်ဂရုစိုက်ပါ၊ သူနာပြုဆရာမတစ်ယောက်ကို အခုလို ဆရာလုပ်ရတာ တော့ မကောင်းဘူးပေါ့လေ၊ ဒါပေမယ့် ဆရာမကို ကြည့်ရတာ နေမကောင်းဖြစ်နေ သလိုပဲ”

“ကျွန်မလေ ချီတက်ရတာ စိတ်ကုန်လာပြီ”

“နည်းနည်းပဲ လိုပါတော့တယ်၊ အားတင်းလိုက်ပါဦးလေ၊ အဲ... ကျွန်တော် လုပ်စရာတာဝန်တွေ ရှိသေးလို့ သွားလိုက်ဦးမယ်”

အာဆာဒါစံက ထိုင်ရာမှထသည်။ မတ်ဆုမိစံလည်း အတူ လိုက်ထသည်။ ဖျင်ကြမ်းရုပ်အင်္ကျီ၊ ပုဆိုးကွက်နှင့် ခမောက်ဆောင်းထားသော အာဆာဒါစံကို ကြည့်ရသည်မှာ မတ်ဆုမိစံအာရုံထဲတွင် မြန်မာတစ်ယောက် ဟုသာ စွဲမြဲထင် မြင်နေသည်။

“နောက်မှ ထပ်လာတွေ့ဦးမယ်နော်”

မတ်ဆုမိစံက ခေါင်းညိတ်ပြသည်။ အာဆာဒါစံက နေရာမှခွာသည်။ တရွေ့ရွေ့ ထွက်ခွာသွားသော အာဆာဒါစံ၏ ကျောပြင်ကို ငေးမောကြည့်ရင်း သူ ကျန်ရစ်သည်။

နောက်မှ ထပ်လာတွေ့ဦးမယ်နော်ဟု အာဆာဒါစံ ပြောသွား သော်လည်း ဒီတစ်ခါ တွေ့လိုက်ရတာ နောက်ဆုံးအကြိမ် ဖြစ်ကြောင်းကို ထိုစဉ် အခါက သူတို့နှစ်ယောက်လုံး မသိခဲ့ကြပေ။

မြေပြန့်မှာ လမ်းဆက်မလျှောက်နိုင်အောင် ဖြစ်လာသော ရဲဘော်များက အရာရှိများအလစ်တွင် နောက်ချန်နေရစ်ခဲ့ကြသည်။ ချီတက် ဆုတ်ခွာရာ လမ်းကြောင်းမှ ဘေးထွက်ကြသည်။ တပ်တွေလည်း ဝါးအစည်းပြေသလို ဖြစ်ကုန် သည်။

ဗမာနဲ့တူတယ်ဆိုလို့လဲ မြန်မာပြည်မှာ မကျန်ခဲ့ပါနဲ့ဦး အာဆာဒါစံရယ်

တစ်တပ်လုံး ရှေ့သို့ရောက်ဖို့ကိုသာ အာရုံစိုက်နေသဖြင့် အရာရှိများမှာ ကျန်နေရစ်သူများကို ရိုက်ပြီးမောင်းမနေနိုင်တော့။ အရေးကြီးသော နယ်မြေကို ဖြတ်ရတော့မည်ဖြစ်၍ သူတို့ကို စောင့်ခေါ် နေချိန်မရတော့။

တချို့လည်း ဘယ်လိုမှ ဆက်မလှမ်းနိုင်ကြတော့သည့်အဆုံး ဖြစ်လိုရာ ဖြစ်စေဟု သဘောထားကာ ရွှံ့ထဲကို လှဲချလိုက်ကြသည်။ ထိုသူမျိုးမှာ တစ်ဖန်ပြန်၍ မနိုးသောအိပ်ခြင်းဖြင့် အပြီးတိုင် အိပ်ပျော် သွားကြလေ တော့သည်။

အချို့လူနာများက ဖွဲတင်းပြီးလျှောက်သည်။ မတော်တဆ ခြေချော်လဲ ကြသည်။ ရွှံ့ထဲလဲလျှင် နီးရာရဲဘော်တွေက ချက်ချင်း ဆွဲထူပေးကြရသည်။ ထူမပေးလျှင် မထနိုင်တော့။ ရွှံ့ထဲနစ်ဝင်ကာ သေဆုံးကြရသည်။ အရှင် လတ်လတ် မြေမြှုပ်ခြင်းတစ်မျိုးပင်။

ဒီည ရန်ကုန်-မန္တလေး ကားလမ်းနှင့် ရထားလမ်းကို ဖြတ်ကြရတော့မည်။

ဖြတ်သန်းရာခရီးတစ်လျှောက်မှာ အတုံးအရုံး ကျဆုံးနေကြသော ဂျပန်

စစ်သားအလောင်းတွေကို နေရာအနှံ့မှာ တွေ့ရလေသည်။

■

၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ တနင်္လာနေ့

ရန်ကုန်-မန္တလေးလမ်းကို ဖြတ်ကြမည်။

မတ်ဆုမိစံ ဖျားနေပြီ။ ကိုယ်တွေချစ်ချစ်တောက် ပူလာသည်။ ဆေးသောက်သော်လည်း ကိုယ်ပူရှိန်က မကျ။

တပ်တွေက နေ့ခင်းဘက်တွင် တောအုပ်ထဲမှာ နားကြသည်။ ကိုယ်ယောင်ဖျောက်ကြသည်။ ဒီညမှာ ရန်ကုန်-မန္တလေး အဝေးပြေး ကားလမ်းမကြီးကို အရင်ဖြတ်မည်။ တစ်ဆက်တည်းပင် မီးရထားလမ်းကို ဖြတ်ကြမည်။ အမှောင် ထုကို အားပြုရမှာမို့ ညရောက်ဖို့ စောင့်ရသည်။

မတ်ဆုမိစံတို့ သူနာပြုအမျိုးသမီးများက အမှတ် ၂၈ စစ်တပ်ကြီး၏ စစ်ဌာနချုပ်ရုံးအဖွဲ့ နှင့်အတူ ဖြတ်ကူးရန် စုဝေးနေရသည်။

သူတို့အုပ်စု ရောက်နေသည့်နေရာမှာ ရန်ကုန် မန္တလေး အဝေးပြေးကား လမ်းမကြီး၏ မိုင်တိုင် ၁၃၆ အနီးမှာဖြစ်သည်။ ထိုနေရာကား ကညွတ်ကွင်းမြို့ မြောက်ဘက်က ညောင်ပင်သာရွာအနီးမှာ ဖြစ်သည်။

လမ်းဖြတ်ကူးသည့်အခါ ကိုယ့်တပ်နှင့်ကိုယ် ကူးကြရန်၊ အသံလုံးဝ မထွက်ရန်နှင့် မြန်မြန်ကူးကြရန်များကို ဂျပန်စစ်ဦးစီးမှူးများက လိုက်လံ ညွှန်ကြားနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာမူ ငြိမ်သက်လျက်ရှိသည်။

■

ညမိုးချုပ်သောအခါ ...

ဝါဆိုလဆန်း တစ်ဆယ့်လေးရက်ဖြစ်သဖြင့် မနက်ဖြန်ပြည့်တော့မည့် လမင်းက အားယူကာ ထိန်ထိန်သာလျက်ရှိသည်။

တောအုပ်တွင်းမှ ဂျပန်စစ်သားများ တစ်အုပ်ပြီးတစ်အုပ် ထွက်လာကြ သည်။ ကားလမ်းနှင့် ရထားလမ်းကို ဖြတ်ကျော်ကြသည်။ တိတ်ဆိတ်ငြိမ်သက် နေသော ပတ်ဝန်းကျင်မှာ လုံးဝ ပြောင်းလဲသွားသည်။

ပြေးကြသည့် ခြေသံများ၊ တစ်ယောက်ကိုတစ်ယောက် တိုက်မိသံများနှင့် ကိုယ်ပေါ်မှ ချိတ်တွယ်သယ်ယူလာသော ပစ္စည်းချင်း ထိခတ်သံများ ကြားရသည်။

အော်ခေါ်သံ၊ ဟစ်အော်သံနှင့် အချင်းချင်း အားပေးသံများကလည်း ဆူညံနေတော့သည်။ သူတို့သယ်လာသော ဝါးလုံးများ ထိရိုက်သံ၊ ဝါးလုံး ဒရွတ်ဆွဲသံများလည်း ပေါ်ထွက်လာသည်။ အချို့တပ်စုများမှာ ကိုယ့်ကိုယ်ကိုယ် အားပေးသည့်အနေနှင့် ဂျပန်ရိုးရာ ကျေးလက်သီချင်းများနှင့် စစ်ချီသီချင်းများကို အော်ဆိုကြသည်။ ထိုအထဲတွင် အမျိုးသမီးအုပ်စု အော်ဟစ်ညည်းညူသံများကလည်း ညဥ့်ယံမှာ ဖောက်ထွက်လာသည်။

ဆုတ်ပြေးနေကြသော တပ်ဖွဲ့များမှာ စနစ်တကျ မဟုတ်တော့။ ဖရိုဖရဲ ဖြစ်ကုန်သည်။ နှေးသွားသော ရှေ့ကတပ်တွေကို နောက်ကတပ်တွေက တိုးကြသည်။ တပ်ချင်းရောပြီး ရှုပ်ထွေးကုန်သည်။ စစ်ကြောင်းမှူးတွေလည်း ဘာမှ မတတ်နိုင်တော့။

လမ်းကူးပြီးသောအခါ မတ်ဆုမိစံတို့ ရေပြည့်နေသော လယ်ကွင်းများကို ဖြတ်ရသည်။ လမ်းလျှောက်ရလွန်းသဖြင့် ဖိနပ်ကြီးထဲက သူ့ခြေထောက်မှာ အနာတွေပွနေပြီ။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ ခြေထောက်နာသည်က ပိုဆိုးသည်။ ခြေလှမ်းလိုက်တိုင်း သံစူးချွန်တွေအပေါ် နင်းနေရသလို အလွန် နာလှသည်။

မတ်ဆုမိစံက သူ့ဖိနပ်ကြီးကို ချွတ်ပစ်လိုက်သည်။ ဒီလိုချွတ်ပစ်လိုက် ခြင်းက သူ့ဘဝ အနာဂတ်ခရီးကို အပြောင်းလဲကြီး ပြောင်းလဲသွားစေမည့် အချက်တွေထဲက တစ်ချက်ဖြစ်သွားကြောင်း ထိုစဉ်က သူ မသိခဲ့။

ဖိနပ်ချွတ်လျှောက်တော့ နည်းနည်းပေါ့သွားသည်။

သူတို့မှာ တာဝန်အရ လူနာများနှင့်အတူ ဆုတ်ခွာကြရသည်။ သို့သော် တပ်တွေက ရောထွေးပြီး လူနာတွေလည်း ဘယ်ရောက်ကုန်သည် မသိတော့။ မိယုကိစံကမူ ရှေ့အတော်လှမ်းလှမ်း ရောက်သွားပြီ။ မတ်ဆုမိစံက အိဝါမစံနှင့် လူချင်းမကွဲအောင်သာ ကြည့်၍လျှောက်နေရသည်။

ထိုအခိုက် ကောင်းကင်၌ အစိမ်းရောင် မီးရှူးမီးပန်းတစ်ခု လင်းလက် လာသည်။ ကြာမြင့်စွာ လင်းနေသော မီးကျည်အရောင်ကြောင့် ပတ်ဝန်းကျင် ကို မြင်ရသည်။

'ဒိန်း... ဒိန်း... ဒိန်း”

အမြောက်သံတွေက အဆက်မပြတ် မြည်ဟည်းလေတော့သည်။ လူတွေ ထိန်းမရတော့ဘဲ တပ်ပျက်ကာ ဖရိုဖရဲဖြစ်ကုန်ကြသည်။ ခြေဦးတည့်ရာ စွတ် ပြေးကြသည်။ မတ်ဆုမိစံတို့လည်း အားသွန်ပြေးသည်။ အိဝါမစံနှင့် လက်ချင်း

မြဲမြဲတွဲကာဆွဲရင်း ရွှံ့တွေရေတွေထဲမှာ ပြေးသည်။

“ဒက်… ဒက်… ဒက်”

စစ်သေနတ်သံတွေက မိုးယံကို ဖောက်ထွက်လာသည်။

'ဒိုင်း… ဒိုင်း… ဒိုင်း.. ဒိုင်း”

ရိုင်ဖယ်သံတွေကပါ ထပ်ဆင့်ပြီး ညံလာသည်။ မီးကျည်ရောင်အောက် မှာ တဖြုတ်ဖြုတ်လဲကုန်သော စစ်သားများကို တွေ့ရသည်။ အသက်လုကာ ပြေးနေကြသည့် စစ်တလင်းမှာ ကမ္ဘာပျက်သည့်ပမာ။

“အား…”

စူးစူးရှရှ ငယ်သံပါအောင် အော်လိုက်သောအသံနှင့်အတူ အိဝါမစံ နောက်သို့ လန်ကျသွားသည်။ သူမျက်နှာကို လက်နှင့်အုပ်ရင်း ကန်သင်းရိုး ပေါ်သို့ ပစ်ကျတော့သည်။ မတ်ဆုမိစံက ချက်ချင်း ဒူးထောက်ထိုင်ချလိုက်သည်။ အိဝါမစံကို ကောက်ပွေ့လိုက်သည်။ မျက်နှာအုပ်ထားသည့် အိဝါမစံ လက်တွေ ကို ဆွဲဖယ်လိုက်သောအခါ-

“အား…”

မြင်လိုက်ရသည့် မြင်ကွင်းက မတ်ဆုမိစံ ရင်ဝကို မြင်းကန်လိုက်သလို ဒိန်းခနဲ ဝင်ဆောင့်တော့သည်။ ကျည်ဆန်က အိဝါမစံ၏ ညာဘက်မျက်လုံး တည့်တည့်ကို ဖောက်ဝင်သွားသည်။ မျက်တွင်းဟောက်ပက်က သွေးတွေ ဒရဟောထွက်နေသည်။ မတ်ဆုမိစံက သိပါလျက်နှင့် အိဝါမစံ လက်ကောက် ဝတ်ကို ကယောင်ကတမ်း စမ်းကြည့်မိသေးသည်။

အိဝါမစံ အသက်မရှိတော့။

အလောင်းကို ကန်သင်းရိုးပေါ် ချလိုက်သည်။ ကြောက်မက်ဖွယ်ရာ အိဝါမစံ မျက်နှာကြီးကို ထပ်မကြည့်ဝံ့။ ဒီနေရာမှာ ဆက်နေ၍လည်း မဖြစ်တော့။ တုန်ယင်ချောက်ချားစွာ အမြန်ဆုံး ကုန်းရုန်းထကာ ထွက်လာခဲ့သည်။

ကိုယ့်ကိုယ်ကိုယ် မသယ်နိုင်သည့်ကြားက အားသွန်ပြီး လျှောက်သည်။ ဗွက်တွေရေတွေထဲမှာ ရုန်းနေရသည်မှာ ခရီးကမတွင်။ လျှောက်ရင်း တစ်နေရာ အရောက် မတ်ဆုမိစံ မှောက်လျက်လဲတော့သည်။ တစ်စုံတစ်ခုပေါ် မှောက်လျက် သား ကျသွားသဖြင့် ကြည့်လိုက်သည်။

“အမယ်လေး…”

စစ်သားအလောင်းကောင်ကြီး တစ်လောင်းဖြစ်နေသည်။

မျက်လုံးကြီးပြူးထွက်ကာ ပါးစပ်ကြီးဟလျက် ရုပ်ပျက်ဆင်းပျက် သေနေသည်။ မတ်ဆုမိစ် ကြောက်အားလန့်အားနှင့် ကုန်းထသည်။ ရှေ့သို့ အားတင်းအံကြိတ်ရင်း ဆက်လျှောက်သည်။

အဆက်မပြတ် ပစ်နေသော အမြောက်သံ သေနတ်သံများက နားကို အူနေပြီ။ ချောင်းရိုးကလေးတစ်ခုထိပ်သို့ သူ ရောက်လာသည်။ ထိုအခိုက် သူ့ခြေဖဝါးမှာ မီးစနှင့် ထိုးလိုက်သည့်ပမာ ဩောင့်ကြီးတစ်ခုက စူးဝင်သွားတော့သည်။ လူကလည်း ဟန်ချက်ပျက်ကာ လဲကျသွားသည်။ ကုန်းစောင်းကလေးမှ သစ်မြစ်ဆုံကြီးတစ်ခုနှင့် ပြေးဆောင့်လေတော့သည်။

မျက်လုံးထဲမှာ မီးဝင်းဝင်းတောက်သွားသည်။ ခြေထောက်တစ်ခုလုံး ပူပြီး နာလာသည်။ ရင်ထဲက ကတုန်ကယင်ဖြစ်ပြီး ခေါင်းတွေမူးလာသည်။

ဂျပန်စစ်သားများ သူ့ဘက်သို့ လျှောက်လာကြသည်ကို လဲနေရာမှ မှုန်ပျပျ မြင်နေရသည်။ ဒီတပ်စိတ်နှင့်အတူ ပါသွားအောင် ထပြီးလိုက်မှဖြစ်မည်။ အားယူကာ ကြိုးစား၍ သူ ထသည်။ လူက တစ်ဆံခြည်မျှပင် မကြွနိုင် တော့။ လုံးဝကို မထနိုင်တော့။

ဂျပန်ရဲဘော်တွေက သူ့အနားနီးလာကြသည်။

“ကျွန်မ… ကျွန်မကို…”

အော်ပြောဖို့ ကြိုးစားသော်လည်း အသံကထွက်မလာ။ရဲဘော်တွေက သူ့အနားမှ တရွေ့ရွေ့ ဖြတ်လျှောက်သွားကြသည်။

“ကျွန်မကို ထူပေးကြပါ၊ တွဲခေါ်ကြပါ၊ ခေါ်သွားကြပါ”

အသံကထွက်မလာ။ လည်ချောင်းထဲမှာပင် လုံးဝပျောက်ကွယ် သွားသည်။ ရဲဘော်များက သူ့ဘေးမှလွန်ကာ ချောင်းထဲသို့ ဖြတ်ဆင်းကြသည်။ သူကိုလည်း အလောင်းတစ်လောင်းဟုပင် မှတ်ထင်သွားကြသည်။

လိုက်သွားဖို့ အားယူပြီး သူ ထသည်။ လုံးဝလှုပ်၍ပင်မရတော့။ ငါ သေရတော့မယ်ထင်ပါရဲ့ဟူသော အာရုံက ခေါင်းထဲဝင်လာသည်။ တစ်သက်နှင့် တစ်ကိုယ် မကြုံဖူးသော အကြောက်တရားက ဖိစီးလာသည်။

“ကျွန်မကို မထားခဲ့ကြပါနဲ့၊ ကျွန်မကို ခေါ်သွားကြပါ၊ ကျွန်မ မကျန်ခဲ့ပါရစေနဲ့၊ ခေါ်သွားကြပါ… ခေါ်သွား”

အသံကုန်ဟစ်ကာ ဘယ်လိုပင် ကြိုးစား၍ အော်ပါသော်လည်း အသံက တစ်စက်မှ တကယ်ထွက်ကိုမလာနိုင်တော့ပေ။

စစ်သားတွေက ဝေးသည်ထက် ဝေးသွားကြပြီ။ ခေါင်းထဲက တရိပ်ရိပ် တက်ကာ မူးလာသည်။ ငါ သေရတော့မှာပါလားဟူသော အသိတရားက တစ်စတစ်စ ကြီးထွားလာသည်။

ဘုရား... ဘုရား...

မရဏ...မရဏ...

မျက်စိထဲမှာ မှောင်လာသည်။

ဘေးပတ်ဝန်းကျင်က အလင်းရောင်တွေ မှေးမှိန်မှောင်ကျသွားပုံမျိုးမဟုတ်။ မျက်လုံးအိမ်ထဲက မြင်လွှာမှသာ တဖြည်းဖြည်း မှောင်ပိန်းလာခြင်းမျိုးဖြစ်၏။

ကျယ်လောင်စွာ နားထဲမှာ ကြားနေရသော အသံတွေလည်း တဖြည်းဖြည်း တိုးတိုးသွားရာမှ ဘာမျှမကြားရတော့။

နောက်ဆုံးတွင် မတ်ဆုမိစံ လောကကြီးကို ဘာမျှမသိတော့ဘဲ ငြိမ်ကျ သွားတော့လေသည်။

■

တတိယပိုင်း

အခန်း (၁၀)

တစ်နေ့လုံး နေသာနေရာမှ ညနေကျတော့ အနောက်ဆီက မိုးသားတွေ ညို့တက်လာသည်။

ကိုရေအေးက ရွာကို နေမဝင်မီ ပြန်ရောက်ချင်သည်။ ထို့ကြောင့် လှေကို ခပ်သွက်သွက်လှော်သည်။ မိုးသည်းလျှင် ခက်တော့မည်။ ခမောက်ပါ သော်လည်း မိုးကြီးလျှင် မလုံနိုင်။ သစ်ပတ်ချောင်းက ရေစီးမသန်သော်လည်း ရေဆန်မို့ ခရီးကမတွင်။

သေနတ်သံတွေကို တစ်နေ့လုံး ကြားနေရသည်။ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်မှ တိုက်ပွဲတွေက နေ့စဉ်နှင့်အမျှ ရှိနေကြသည်။ ရိုးမတောင်ပေါ်က လိမ့်ဆင်းလာကြသော ဂျပန်တွေကို ဆီးကြိုသုတ်သင် နေကြသည့် တိုက်ပွဲတွေက နေရာအနှံ့။

ဒီလိုအခါမျိုးမှာ ဘယ်မှမသွားချင်သော်လည်း ကိုရေအေးမှာ မနေသာ။ အိမ်မှာက သွက်ချာပါဒ အဒေါ်ကိစ္စက ရှိနေသည်။ အိမ်မှာ ကုန်နေသောဆေး ကို သဘော်ကျွန်းရွာက ဆရာတော်ထံ သွားယူဖို့ သူ့တာဝန်ဖြစ်၏။

ကိုရေအေးက ချောင်းဘေးဝဲယာကို မျက်ခြည်မပြတ် အကဲခတ်ရင်း လှေကို အားစိုက်လှော်လာသည်။ စစ်တလင်းမြေ ကျည်ဆန်တွေကြားမှာ သွားရလာရ အန္တရာယ်များလှသည်။ လှေတစ်စီး လူတစ်ယောက်သော်မျှ မမြင်ရသော ချောင်းရိုးတစ်လျှောက်မှာ တစ်ယောက်တည်း သတိထားကာ လှော်လာခဲ့သည်။

တစ်ခါတစ်ခါ ချောင်းရေပြင်မှာ မျောပါလာသော ဂျပန်စစ်သား အလောင်းကြီးများနှင့် တိုးမိသည်။ နေဝင်ရီသရောမှာ ဒီလို တိုးမိသောအခါ ထိတ်ခနဲ ဖြစ်ရသည်။ ချောင်းကမ်းဝဲယာတစ်လျှောက်မှာလည်း ဂျပန်စစ်သား အလောင်းကြီးများကို မကြာခဏ တွေ့ရသည်။

ထိန်တောကွေ့ကို လွန်သောအခါ သေနတ်သံတွေကို မကြားရ။ လူရှင်းသော ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေခြင်းက တစ်မျိုးပင် ချောက်ချား စရာ ကောင်းနေပါသည်။

ကိုရေအေးက လှော်တက်ဆွဲသော ရေသံကို အဖော်ပြုရင်း မရပ်မနား

လှော်ခတ်လာခဲ့သည်။ လက်ညောင်းလာသော်လည်း လှေကိုမရပ်။ ထိုအခိုက် သူ ကြားလိုက်သည်။

အလို... လူညည်းသံပါလား။

သုသာန် တစပြင်သဖွယ် လူပြတ်သော ဒီလိုနေရာမျိုးနှင့် ဒီလို နွားရိုင်း သွင်းချိန်မျိုးမှာ လူညည်းသံကို ကြားလိုက်ရသဖြင့် ကိုရေအေး ကျောထဲက စိမ့်သွားသည်။ လှေကို သူ ဆက်လှော်သည်။

ညည်းသံကို ထပ်ကြားရသည်။

သေသေချာချာ ပီပီသသဖြစ်သည်။ ကိုရေအေးက တောင်မြောက်ဝဲယာကို လျင်မြန်စွာ ကြည့်သည်။ တွေ့ပါပြီ ကမ်းခြေရေစပ်မှာ-

ဂျပန်စစ်သားအလောင်းတစ်လောင်း။

မှောက်ခုံကြီးလဲနေသည်။ ချောက်ချားစရာ မြင်ကွင်းကြောင့် ကိုရေအေးက လှေကို ဆက်လှော်ရန် လှော်တက်ကို ရေမှာနစ်၍ အားစိုက်ပြီး ခပ်သွက်သွက် ဆွဲလိုက်သည်။

အင်း... ဟင်း... ဟင်း... ဟူသော ညည်းသံကြီးကို ထပ်ကြားရသည်။ ရေစပ်ရှိ အလောင်းကောင်ကြီးထံမှဖြစ်သည်။ မကောင်းဆိုးဝါး ချောင်းရိုး ကြားမှာ သူ ဆက်နေ၍မဖြစ်တော့။ ဒီနေရာက အမြန်ဆုံး လွတ်မြောက် မှဖြစ်မည်။ လှေကို မရပ်ဘဲ အားစိုက်ပြီး သူ ဆက်လှော်သည်။ လဲနေသော အလောင်းကြီးကို လွန်ကာ လှေက တရွေ့ရွေ့ဆန်တက်သွားသည်။ ကိုရေအေးက လှေလှော်ရင်း တစ်ချက်လှမ်းကြည့်သည်။ သူ မလုံမလဲ လှမ်းကြည့် လိုက်စဉ်မှာပင် အလောင်းကြီး၏ လက်တစ်ဖက် လှုပ်လာသည်ကို အထိတ်တလန့် မြင်ရသည်။ ရွှံ့ဗွက်တွေ လူးနေသော လက်မဲမဲကြီး ကြွတက်လာသည့်ပုံက အသည်းထိတ်စရာ။

ကိုရေအေးက ရေဆန်ကို ခြေကန်ကာ တအားကျုံးလှော်သည်။ လှေ အလျင်က ရေပြင်မှာ အရှိန်ရလာသည်။ သို့သော် သူ လှေလှော်ရင်း ပြန်စဉ်း စားသည်။ ညည်းသံကိုလည်း ကြားရသည်။ လှုပ်သည်ကိုလည်း မြင်ရသည်။ နာနာဘာဝ ဝိနာဘာဝတော့ မဟုတ်နိုင်။ အသက်ရှင်နေသေးတာပဲ ဖြစ်လိမ့်မည်။ တကယ် မသေသေးဘူးဆိုလျှင်တော့ လူ့အသက်တစ်ချောင်း ကယ်ဖို့ကောင်း သည်။

သို့သော် လူ့ဘဝဆိုသည်က ရခဲလှသည့်ဒုလ္လဘ။ ဒီအတိုင်း မသိကျိုးကျွန် ပြုကာ ထားခဲ့ပါလျှင် ထိုဂျပန်စစ်သား သေသွားမည်က မုချ။

ဗုဒ္ဓဘာသာဝင် မြန်မာတစ်ယောက်အနေနှင့်

သူတစ်ပါးအသက်တစ်ချောင်းကို ကယ်ဖို့ကောင်းလှ ပါသည်။ ကယ်မည်။ ဆုံးဖြတ်ချက်ချပြီး လှေကို အလှော်ရပ်လိုက်သည်။ လှေက ရေစီးနှင့် တဖြည်းဖြည်း ပြန်မျောလာသည်။ အနားရောက်၍ သူ သေသေချာချာ ကြည့်လိုက်တော့မှ ထူးခြားချက် တစ်ခုကို သူ သတိထားမိသည်။ စောစောကမူ မြင်ပါလျက်နှင့် သတိမထားခဲ့ ခြင်းဖြစ်သည်။

ထူးခြားသည်က ဆံပင်။

ကိုရေအေး မြင်ဖူးသမျှ ဂျပန်စစ်ဗိုလ် စစ်သားဆိုသည်မှာ အားလုံး ကတုံးချည်းဖြစ်သည်။ ဒီတစ်ယောက်မှာမူ အဘယ်ကြောင့် ဆံပင်အရှည်နှင့် ဖြစ်နေပါသနည်း။

လှေကို ကမ်းသို့ ထိုးဆိုက်လိုက်သည်။

လှေကို ရေစပ်ရှိ သစ်မြစ်ဆုံကြီးမှာ ချည်သည်။ အနားသို့ သတိထားပြီး ကပ်သွားသည်၊ မှောက်လျက်လဲနေသူကို ပခုံးမှ ဆွဲကိုင်ကာ လှန်လိုက်သည်။

သူ အလွန်အမင်း အံ့သြသွားသည်။

လှပသော ဂျပန်မလေးတစ်ယောက်ပါလား။

မိန်းမသားတစ်ယောက် ဖြစ်မည်ဟု ဘယ်လိုမှ မတွေးထင်ခဲ့မိ။

ကိုရေအေးက ဒူးထောက်ထိုင်ချလိုက်သည်။ သူ ဘာလုပ်ရမှန်းမသိ။ တောင်မြောက်ဝဲယာကို ကြည့်သော်လည်း ဘယ်သူမျှမရှိ။ သူက လဲနေသူထံ ငုံ့ကာ အသံပြု၍ ခေါ်ကြည့်သည်။

"မာစတာ… မာစတာ

ခေါ်လိုက်ပြီးမှ သတိရသည်။ ဂျပန်စစ်သား ယောကျ်ားတွေကို မာစတာ မာစတာဟု ခေါ်နေကျ။ သို့သော် မိန်းမဆိုလျှင် မာစတာလို့ပဲ ခေါ်ရမလား၊ မခေါ်ရဘူးလား သူမသိ။

'အင်း ...'

ညည်းသံကို ထပ်ကြားရသည်။ လဲနေသူ၏ မျက်နှာကိုကြည့်သည်။ မတ်ဆုမိစံ၏ အသားအရေက ရွှံ့ထဲမှာပင် ဝင်းဝါစိုပြည်နေသည်။ မှိတ်ထားသော မျက်လုံးများမှာ မျက်တောင်ကြီးများက ကော့ရွှန်းနေသည်။ သွယ်လျသော မေးဝန်းလေးက အချိုးကျလှသည်။ ပါးအိုလေးများ နီရဲနေသော်လည်း နှုတ်ခမ်း နှစ်လွှာမှာ နီရင့်ရောင် ဖျော့လျက်ရှိ၏။ ကိုရေအေး မျက်စိထဲတွင် ဤမျှ

ချောမောလှပသော မိန်းကလေးနှင့် ဤမျှကြမ်းတမ်းစုတ်ပြတ် ညစ်ပေရေနေသော စစ်ဝတ်စုံကြီးကို ဘယ်လိုမှ ဆက်စပ်မရအောင်ရှိသည်။ ပြုတ်နေသော အပေါ်ကြယ်သီးများကြောင့် ရင်ညွန့် အစုံ မို့မို့ကိုပင် အဖွေးသား မြင်နေရသည်။

ကိုရေအေးက ဆုံးဖြတ်ပြီးဖြစ်၍ အချိန်ဖြုန်းမနေတော့။ လက်လျှိုကာ ပွေ့ချီပြီး လှေပေါ်သို့တင်သည်။ အဖျားတက်နေသဖြင့် မတ်ဆုမိစံက ချစ်ချစ် တောက်ပူနေသည်။ လှေကို ထိုနေရာမှ အမြန်ဆုံး လှော်ထွက်ခဲ့သည်။

■

ရေစပ်တွင် သတိမရတစ်ချက် ရတစ်ချက်ဖြစ်ကာ လဲနေရှာသော မတ်ဆုမိစံအဖို့ ကယ်တင်ရှင် ကိုရေအေးနှင့် တွေ့လိုက်ရသည်မှာ သူ့ဘဝ အသက်ရှင်ဖို့ ကြီးစွာကံကောင်းခြင်းဖြစ်သည်။ သေတွင်းနှုတ်ခမ်းဝမှာ ကျလုနီးနီး အခြေအနေရောက်ပြီးမှ သေကံမရောက် သက်မပျောက်ခဲ့။ သတိ လစ်နေသော်လည်း ကိုရေအေး၏ လှေပေါ်မှာ အသက်မှန်မှန်ရှူလျက် ပါလာခဲ့သည်။

ကိုရေအေးက ဘာဆက်လုပ်ရမလဲဟု စဉ်းစားလာသည်။ ဂျပန်မလေးကို သူကြီးအိမ်သို့ မအပ်ချင်။ မဟာမိတ်တပ်များလက်သို့လည်း မပို့ချင်သေး။ အိမ်ကို သယ်သွားချင်သည်။ အစာအာဟာရတွေ ဝလင်အောင် ကျွေးမည်၊

နေကောင်းလာမှ အခြေအနေအရ ကြည့်လုပ်မည်။ ခုလောလောဆယ်တော့ ဒီလောက်ပဲ စဉ်းစား၍ရသည်။ ရန်သူ့ဘက်တော်သား တစ်ယောက်ကို စစ်တပ်သို့ အပ်တာမျိုးမလုပ်ဘဲ အိမ်ကိုသယ်မည်ဆိုတော့ လုံးဝလူသိခံ၍ မဖြစ်သေး။

စောစောကတော့ မိုးမချုပ်ခင် ရွာကိုဝင်ချင်သည်။ အခုတော့ ဒီလိုမဟုတ်။ မှောင်မှ ရွာကို ရောက်ရချင်သည်။ သစ်ပတ်ချောင်းက ရွှေလက်ပံရွာ ကို အရှေ့ပိုင်းနှင့် တောင်ပိုင်းမှ ပတ်ပြီး စီးဆင်းသည်။ လှေတွေဆိုက်လေ့ရှိသည့် သရက်ဆိပ်က ရွာအရှေ့ဖျားမှာရှိသည်။ သူ့အိမ်က ရွာအနောက်ပိုင်းမှာရှိသည်။ မတ်ဆုမိစံကို အိမ်အရောက်သယ်သွားဖို့ ရွာလယ်ကို ဖြတ်ရမည်။ တစ်ရွာလုံးကို ကြေညာပြီးသား ဖြစ်တော့မည်။

ပြီးတော့ ဒီနေ့က ဒုတိယဝါဆိုလပြည့်နေ့။ ညမှောင်လျှင် လရောင်က ထိန်ထိန်သာတော့မည်။

ယခု ချောင်းရိုးအတိုင်း ဆန်သွားလျှင် ရွာတောင်ပိုင်းသို့ အရင်ရောက်မည်။ သို့သော် ထိုနေရာတစ်ဝိုက်မှာ လှေဆိုက်၍မရ။ ကမ်းပါးယံတွေက မတ် မတ်စောက်စောက်နှင့် တက်စရာလမ်းမရှိ။ သို့သော် ကိုရေအေးက လှေကို

အရှေ့ဘက်က လှေဆိုက်နေကျ သရက်ဆိပ်ရောက်အောင် သွားမနေတော့။ ရွာတောင်ပိုင်း ကမ်းပါးယံတွေ အောက်ခြေမှာပင် လှေကိုဆိုက်သည်။

မတ်ဆုမိစံကို ပခုံးမှထမ်းကာ မတ်စောက်သော ကမ်းပါးယံကို သူတက်သည်။ ခက်ခက်ခဲခဲ ကုတ်ကပ်တွယ်တက်ရသည်။ လမထွက်ခင် အမှောင်ကို အရောက်ပုန်းရမည်မို့ အချိန်လုရသည်။ ပင်ပန်းကြီးစွာ တက်လာခဲ့ရာမှ ချွေးသံတရွှဲရွှဲဖြင့် အပေါ်ရောက်လာသည်။

ကမ်းပါးထိပ်မှာ ရွာတောင်ကျောင်းရှိသည်။

ကိုရေအေးက အုပ်ဆိုင်းနေသော သစ်ပင်ရိပ် အမှောင်ထုကို အားပြုကာ

ကျောင်းဝင်းထဲသို့ ဝင်ခဲ့သည်။ ခွေးတစ်ကောင်ကောင် ထိုးဟောင်မှာကို သတိနှင့် လျှောက်ရင်း ဆွမ်းချက်ရုံနားသို့ သူ ရောက်လာသည်။

ထိုအခိုက် မိုးက ဆိုင်းမပါဗုံမဆင့် သွန်းချလာလေတော့သည်။ မိုးရေထဲမှာ ကိုရေအေးရော မတ်ဆုမိစံပါ ရွှဲနစ်သွားတော့သည်။

"ဘကြီးညို… ဘကြီးညို"

မိုးသံကြောင့် တော်တော်ခေါ်ယူရသည်။

"ဟေ… ဘယ်သူတုံးဟဲ့"

"ဘကြီးညို ကျွန်တော်ပါ ရေအေးပါ"

တံခါးဖွင့်ဖွင့်ချင်းကို အထဲသို့ ကပျာကယာဝင်လိုက်သည်။

"ဟဲ့… ရေအေး၊ ဒါက ဘယ်သူတုံး၊ ဘာဖြစ်လာတာတုံး"

"ဘယ်သူမှန်းတော့ ကျွန်တော်လည်း မသိပါဘူး ဘကြီးညိုရယ်၊ လမ်းမှာ သတိလစ်ပြီး လဲနေတာတွေ့လို့ သယ်လာတာပဲ၊ ကိုယ်တွေလည်း ချစ်ချစ်တောက်ပူလို့"

ကိုရေအေးက မတ်ဆုမိစံကို ကြမ်းပြင်ပေါ်သို့ အသာချသည်။

"ဟဲ့… မိန်းကလေးပါလား"

"ဟုတ်တယ် ဘကြီးညို၊ ဖျားလည်းဖျားနေတယ်၊ ခြေထောက်မှာလည်း ပြောင့်ကြီးစူးထားသေးတယ်"

"ဘယ်ကတွေ့ လာတုံး"

"ထိန်တောကွေ့က ချောင်းစပ်မှာ တွေ့တာနဲ့ လှေပေါ်တင်ခဲ့တာ"

ဘကြီးညိုက ကညင်ဆီမီးတိုင်ကလေးကိုကိုင်ရင်း အနားကပ်၍ ထိုင်ချလိုက်ပြီး မတ်ဆုမိစံကို သေသေချာချာကြည့်သည်။

"ဟဲ့ ... ရေအေး၊ မင်းဟာက ဗမာမိန်းကလေး မဟုတ်ပါလား၊ ဒါ..ဒါ... ဒါက ဂျပန်မလေးလား"

"ဟုတ်ပါတယ် ဘကြီးညို"

ဘကြီးညိုက မတ်ဆုမိစံကို မမှိတ်မသုန်ကြည့်ရင်း စဉ်းစားပြီး ပြောသည်။

"သူ့အဝတ်အစားတွေက ကြည့်ရတာ စစ်တပ်ကနဲ့တူတယ်၊ ဒီကို ခေါ်လာလို့ ဖြစ်ပါ့မလား'

ကိုရေအေးက ချက်ချင်းမဖြေနိုင်။ ဘကြီးညိုက ကိုရေအေးတစ်လှည့် မတ်ဆုမိစံကိုတစ်လှည့် ကြည့်ရင်း ချီတုံချတုံ ဖြစ်နေသည်။ လူကြီးဆိုတော့ အန္တရာယ်ကို ပိုမြင်သည်။ ဘုန်းတော်ကြီးကျောင်း၏ သာသနာ့အရိပ်မှာ အေးအေးချမ်းချမ်း နေထိုင်ရာက လူရမ်းကား ဂျပန်တပ်များနှင့် ပတ်သက်ပြီး ပြဿနာတွေ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ရမှာကို ကြောက်သည်။

"ဖြစ်ပါတယ် ဘကြီးညိုရယ်၊ သူများအသက် ကယ်တာပဲ၊ ကုသိုလ်ရတဲ့ အလုပ်ကိုလုပ်တာ အပြစ်မဖြစ်နိုင်ပါဘူး"

ဘကြီးညိုက မတ်ဆုမိစံကို အကဲခတ်သည်။ ပကတိ အပြစ်ကင်းစင်သော မျက်နှာကလေးက သနားစရာကောင်းနေသည်။ ဒုက္ခရောက်လာသော ဝေဒနာရှင်ကို ကယ်တင်ရသည်က ကုသိုလ်ရသည့်အလုပ်၊ ကြည့်နေရင်းက ကပ္ပိယကြီးရင်မှာ ကရုဏာများ ဖြစ်ပေါ်လာသည်။

"ကဲပါလေ၊ သတ္တဝါတစ်ယောက်ရဲ့ အသက်တစ်ချောင်းကို ကယ်ကောင်းပါတယ်၊ ဇီဝိတဒါနပေါ့"

ကိုရေအေးက မတ်ဆုမိစံ ကိုယ်ပေါ်က ရွှံ့တွေကို လက်နှင့်သုတ်ပစ်သည်။ ဘကြီးညိုက အဝတ်ပိုင်းကလေးတစ်ခု ယူပေးသည်။ ကိုရေအေးက ထိုအဝတ်ပိုင်းနှင့် ရွှံ့တွေကို စင်အောင်သုတ်သည်။

ဖျားနေသည့် လူနာကို အဝတ်အစားတွေ ရေစိုကြီးဖြင့် ဒီအတိုင်းထား၍ မဖြစ်။ ကိုရေအေးက အိမ်ပြန်၍ သူ့ညီမ ခိုင်ထွေးစိန်ကိုခေါ်ကာ မိန်းမအဝတ်အစားတစ်စုံ ယူလာပြီး လဲခိုင်းရလျှင် ကောင်းမည်လားဟု စဉ်းစားမိသည်။ သို့သော် ဒီမိန်းကလေး၏နှုတ်ကို သူ ဘယ်လိုမှ လုံအောင်ပိတ်နိုင်မည် မဟုတ်။ အိမ်ပြန်ပြီး

အဝတ်အစားတစ်စုံကို ကိုယ်တိုင်ယူ လာပြီး လဲပေးဖို့ စဉ်းစားသည်။

အချိန်မတော်ကြီးကျမှ အပြင်က ပြန်ရောက်ပြီး ဘာကိစ္စကို အကြောင်းပြကာ အိမ်ထဲက ချက်ချင်းပြန်ထွက်၍ ရပါမည်နည်း။

ဘကြီးညိုနှင့် တိုင်ပင်ကြည့်သည်။

ငါ့အဝတ်တွေနဲ့သာ လဲပေးလိုက်ကွာဟု ဆိုသည်။ အိပ်ရာအောက်မှာ ဖိထားသော ရှပ်အင်္ကျီနှင့် ပုဆိုးတစ်ထည်ကို ထုတ်ပေးသည်။ ကိုရေအေးက ဘကြီးညို ပေးသော အဝတ်တစ်စုံကို ကိုင်ရင်း ဘာလုပ်ရမှန်းမသိသလို ငူငူကြီး ဖြစ်နေသည်။

"ဒါတွေ လဲပေးရဦးမယ်"

သူ့ကိုယ်သူပြောသလိုလို၊ ဘကြီးညိုကို ပြောသလိုလိုနှင့် ပြောသည်။

"အဝတ်လဲတဲ့ကိစ္စက မင်းဟာမင်းကြည့်လုပ်ကွာ"

ဘကြီးညိုက အခန်းလေးထဲက ထွက်သွားသည်။ ဘယ်နှယ့်လုပ်ရပါ့။ လူနာက သတိလစ်နေသဖြင့် သူဘာသာသူ မလဲနိုင်။ ဘယ်သူကိုင်တွယ်လဲ ဖယ်ပေးမလဲဟု စဉ်းစားရင်း ရင်တွေခုန်လာသည်။ ဒီရောက်အောင် ခေါ်လာမိမှတော့ ဖြစ်အောင်လုပ်ရပေတော့မည်။

မတ်ဆုမိစံ ရင်ဘတ်က ကြယ်သီးများကို ဖြုတ်သည်။

သူ့လက်တွေက တုန်ယင်နေကြသည်။

မိန်းမတို့၏ ကောင်းခြင်းငါးဖြာအနက် အသားအရေ၏ ကောင်းခြင်းကို မီးရောင်မှာ မြင်ရသည်။

စစ်အင်္ကျီကြီး ချွတ်ပေးပြီးသောအခါ ဘကြီးညို၏ ရှပ်အင်္ကျီကို ထပ်ဝတ်ပေးမည်ပြုသည်။ ဒီတော့မှ တစ်ခုသတိရသည်။ အတွင်းခံဘော်လီမှာ ရွှဲ့ရွှဲ စိုလျက်။ ဒီအတိုင်းပင် အပေါ်က ထပ်ဝတ်ပေးလိုက်လျှင်တော့ ဘာမှမထူး။ ဘော်လီအစိုက ရှပ်အင်္ကျီကို ပြန်စိုကာ တစ်ညလုံး အအေးပပ်တော့မည်။

ခုမှတော့ ပေါက်သည့်နဖူး မထူးပါဘူးလေဟု အားတင်းသည်။ ဒီအရွယ်ထိ ဘယ်မိန်းကလေးနှင့်မှ နီးနီးစပ်စပ် ထိထိကပ်ကပ် နေခဲ့ဖူးသည်မဟုတ်။ ယောကျ်ားလေးပေမယ့် အရှက်အကြောက်တရားနှင့် ကြီးပြင်းလာသော ကိုရေအေး။ လက်ဖျားခြေဖျားတွေ အေးလာသည်။ သွေးခုန်နှုန်းက မြန်လာသည်။

လဲပေးစရာရှိသည့် အဝတ်တို့ကို စိတ်လှုပ်ရှားစွာ လဲဖယ်ပေးသည်။ ဖြူဝင်းစိုပြည့်သော နဂိုအတွင်းသားကို မီးရောင်မှာ အထင်းသား တွေ့မြင်နေရသည်။

နူးညံ့ညက်ညောသော အသားဆိုင်များနှင့် အထိအတွေ့ကြောင့် ကိုရေအေးရင်တွေ တဒိတ်ဒိတ်ခုန်သည်။ စေ့စေ့မကြည့်ရဲသော်လည်း မျက်နှာမလွှဲနိုင်တော့ဘဲ မရဲတရဲကြည့်ရင်း လုပ်စရာရှိသည်တို့ကို ခပ်သွက်သွက် လုပ်ရသည်။

ဘောင်းဘီရှည်ကြီးကို လဲပေးရသော စွန့်စားခန်းမှာ ကိုယ့်နှလုံးခုန်သံ ကိုယ်ပြန်ကြားနေသည်။ သူ့အတွက်မူ တစ်သက်နှင့်တစ်ကိုယ် မကြုံစဖူး ထူးခြားလှသော ဤအတွေ့အကြုံသစ်က ဘယ်တော့မှ မမေ့နိုင်စရာဖြစ်သည်။

အခန်းထဲသို့ ဘကြီးညို ပြန်ဝင်လာတော့ လက်ထဲမှာ ဆေးပုလင်းအချို့ ပါလာသည်။ မြန်မာ့တိုင်းရင်းဆေးများဖြစ်သည်။ နိုင်ငံခြားဆေးဝါး ရှားပါးလှသော ဤလို ခေတ်ဆိုး၊ ခေတ်ပျက် စစ်မက်ကာလကြီးထဲမှာ အစွမ်းထက်လှ သော မြန်မာ့တိုင်းရင်းဆေးတွေက အသုံးဝင်လှ၍ အားကိုးရသည်။

ငန်းဆေးကြီးကို ကွမ်းရွက်ရည်နှင့်ဖျော်ကာ ပါးစပ်ထဲသို့ နည်းနည်းချင်း လောင်းချသည်။ အတော်ပင် အချိန်ယူကာ ခက်ခက်ခဲခဲ တိုက်ရသည်။

မတ်ဆုမိစံ ခြေထောက်တွင် စူးဝင်နေသော ငြောင့်ကို နုတ်ဖို့ သူ လက်တွန့်နေသည်။ ဆွဲနုတ်လိုက်လျှင် နာသွားရှာမည်ကို စိုးရိမ်နေသည်။ မနုတ်ဘဲထားလျှင် ပိုဆိုးမှာပေါ့ဟု ဘကြီးညိုကပြောသည်။

မတ်ဆုမိစံ ခြေဖဝါးကို ဆုပ်ကိုင်၍ ခြေဖဝါးတွင် စူးဝင်နေသော ငြောင့် အရင်းကို ကိုရေအေး ဆွဲကိုင်လိုက်သည်။ မတ်ဆုမိစံ တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားပြီး တအင်းအင်းနှင့် ညည်းသံထွက်လာသည်။

တစ်ချက်တည်းနဲ့ ပါအောင်အပိုင်ဆွဲရမှာ ရေအေးရဲ့ဟု ဘကြီးညိုက ပြောပြီး ခြေထောက်ကို ဝိုင်းကိုင်ပေးသည်။ နာမှာကို ကြာကြာမထားနိုင်တော့ ဘဲ ကိုရေအေးက တစ်ချက်တည်း ဆွဲနုတ်လိုက်သည်။ ဆူးငြောင့်က ကျွတ်ပါ လာသည်။

နာသည့်ဒဏ်ကြောင့် ခြေထောက်လေး ဆတ်ဆတ်တုန်နေသည်။ စီးထွက်လာသော သွေးများနှင့် အနာဝမှ ရွှံ့များကို ရေဆေးကာ ဂရုတစိုက် သုတ်ပေးသည်။ ဆေးမှုန့်တွေကိုသိပ်ပြီး ထည့်ပေးသည်။ ထို့နောက် ပုဆိုးဟောင်းတစ်စကို ဆုတ်ဖြဲကာ ပတ်တီးအဖြစ် စည်းပေးထားလိုက်သည်။

လုပ်စရာကိစ္စတွေ ပြီးသွားသည့်အခါ မတ်ဆုမိစံ၏ စစ်ယူနီဖောင်းကြီး ကိုယူကာ ကိုရေအေး ဘုန်းကြီးကျောင်းထဲက ထွက်လာခဲ့သည်။ အဝတ်တွေကို

ကျောက်ခဲနှင့်ထုပ်ပိုးပြီး ချောင်းစပ်သို့ ဆင်းလာခဲ့သည်။ အဝတ်ထုပ်ကို အားနှင့် လွှဲပစ်လိုက်သောအခါ ချောင်းလယ်တွင်ကျကာ စုံးစုံးမြုပ်လေ၏။

လှေကို သရက်ဆိပ်မှာ သွားထားရဦးမယ်။ သို့သော် လှေကို သူ ရှာမတွေ့။ စောစောက ဒီနားမှာ ဆိုက်ထားခဲ့ပါလျက် ထိန်လင်းလာသော လရောင်မှာ ယခု ရှာသောအခါ မရှိတော့။

ခုမှသတိရသည်။ စောစောက စိတ်တွေများပြီး ကမ်းသို့ ဒရောသောပါး တက်ခဲ့သည်။ လှေကို ငုတ်စိုက်မထားခဲ့မိ။ နီးရာအပင်မှာလည်း မချည်ခဲ့မိ။ ဘယ်ဆီမျောလေပြီမသိ။ ချောင်းရေက လရောင်တွင် တဖျပ်ဖျပ်။ ချောင်းစပ်က ကိုရေအေးရင်မှာ တလှပ်လှပ်။

ခပ်သွက်သွက်လျှောက်ကာ အိမ်သို့ပြန်လာခဲ့လေသည်။

■

အခန်း (၁၁)

မနက် အရုဏ်တက် တုံးခေါက်သံများ ပေါ်ထွက်လာချိန်မှာ ဘုန်းကြီးကျောင်းသို့ ကိုရေအေး ရောက်လာသည်။ ထိုအချိန်တွင် မတ်ဆုမိစံ အာရုံထဲမှာ အသိတရားများ နိုးကြားလာသည်။ ပထမဆုံး ကိုယ့်ကိုယ်ကိုယ် သိလိုက်သည် မှာ ငါ မသေသေးပါလားဟုပင်။ သတိလည်လာပြီဖြစ်သော်လည်း မျက်စိဖွင့် မရ။ ဘာကိုမှ မမြင်ရသေး။

အခု ဘယ်ကိုရောက်နေသလဲဟု စဉ်းစားကြည့်သည်။ တောင်ပေါ်စစ်စခန်းရှိ ဆေးရုံအဆောင် ဝါးတဲကြီးထဲမှာထင်သည်။

အို... မဟုတ်ပါဘူး၊ တို့တောင်ပေါ်က ဆင်းခဲ့ကြပြီပဲ။ အာရုံတွေက ချက်ချင်း စုစည်း၍မရသေးဘဲ ဝေဝါးထွေပြားနေသည်။ အသိကို သတိနှင့်ထိန်း ကာ ဖြည်းဖြည်းချင်း ပြန်စဉ်းစားယူရသည်။ မြေပြန့်မှာ ကားလမ်းတွေ ရထားလမ်းတွေကို ဖြတ်ခဲ့ပြီ။ လယ်ကွင်းပြင် ကျယ်ပြန့်ကြီးထဲမှာ ရှုန်းကန်ခဲ့သည်။ ဖျားသည့်ဒဏ်ကြောင့် ယိုင်လဲလုလုကို အားတင်းကာ ဆက်လျှောက်ခဲ့သည်။ နောက်ဆုံးတွင် ပြောင့်စူးကာ လဲကျသွားသည်။

ဟုတ်ပြီ ပြန်စဉ်းစား၍ အစီအစဉ်အတိုင်း သတိရလာသည်။ ဖြစ်စဉ်များ တစ်ခုပြီးတစ်ခု ပေါ်လာသည်။

သေတွင်းကဖြင့် လွတ်ခဲ့ပြီ။ ဒါဖြင့် အခု ဘယ်နေရာမှာ ရောက်နေသလဲ။ မျက်လုံးဖွင့်ကြည့်ရန် သူ ကြိုးစားသည်။ ဖွင့်၍မရသေး။ မျက်လုံးအိမ်တွေက ပူလှသည်။ တစ်ကိုယ်လုံးလည်း မီးအုံးသလို တရှိန်ရှိန် ပူလောင်နေသည်။

ခန္ဓာကိုယ်အနှံ့ နေရာမလပ်အောင် ထောင်းထုရိုက်နှက် ခံထားရသလို နာကျင် ကိုက်ခဲလျက်ရှိသည်။

ဘာကိုမှ မမြင်ရသေးသော်လည်း မတ်ဆုမိစံနားတွင် အသံတွေ ကြားနေရသည်။

ကိုရေအေးနှင့် ဘကြီးညိုတို့ ပြောဆိုနေကြသည်များ နားထဲဝင်လာသော်လည်း မြန်မာစကားကို အနည်းအပါး ထမင်းစားရေသောက် သဘောလောက်သာ တတ်သဖြင့် လုံးစေ့ပတ်စေ့ သူ နားမလည်။

နွားနို့ခွက်လေးနှင့် ကိုရေအေးက မတ်ဆုမိစံဘေးမှာ အသာထိုင်ချလိုက်ပါသည်။ နွားနို့ကို ဇွန်းနှင့်ခပ်ကာ မတ်ဆုမိစံ ပါးစပ်ထဲသို့ ဖြည်းဖြည်းချင်း

လောင်းချပေးသည်။ ပူနွေးနေသော နွားနို့တွေပါလားဟူသော အသိဖြင့် သူက မျိုချသည်။

လည်ချောင်းတစ်ခုလုံး ပူပြီး ကျဉ်းကျပ်နေသည်။ အရည်ကိုပင် လွယ်ကူ စွာ မျိုချ၍မရ။ သို့သော် သူ ကြိုးစားပြီး မျိုချသည်။ ဝမ်းခေါင် း ထဲမှာလည်း ဆာလောင်မွတ်သိပ်မှုကြောင့် ပူလောင်နေသည်။ တိုက်သမျှ နွားနို့ကို ဝင်အောင် သောက်မှဖြစ်မည်။ ဘယ်သူကများ ငါ့ကို နွားနို့တွေ တိုက်နေပါလိမ့်ဟု စဉ်းစား ရင်း မျက်လုံးကို အားယူကာ ဖွင့်ကြည့်သည်။

မျက်ခွံများက မေးမေးသာ ပွင့်နိုင်သည်။ အခန်းကကျဉ်းပြီး အလင်း ရောင်ကနည်းသည်၊ နွားနို့တိုက်နေသူ၏ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။ ထိုသူ၏ အဝတ်အစားကို မတ်ဆုမိစံ ကြည့်သည်။ ဖျင်ကြမ်းရုပ်အင်္ကျီနှင့် ချည်ပုဆိုး ကွက်ကျဲကို မြင်ရသည်နှင့် မတ်ဆုမိစံ ဝမ်းသာသွားသည်။

အလို. အာဆာဒါစံပါလား။

ကျေးဇူးတင်လိုက်တာ အာဆာဒါစံရယ်။

ကျွန်မ ချောင်းစပ်မှာ သတိလစ်ပြီး လဲနေတာတွေ့လို့ ပွေ့ခေါ်လာ ခဲ့တာ မဟုတ်လား။ ပြီးတော့ တဲတစ်လုံးထဲမှာထားပြီး ပြုစုနေတယ်နော်။ ဒါကြောင့်မို့ အာဆာဒါစံကို အားကိုးရတာပါရှင်ရယ်။ မတ်ဆုမိစံ စကားပြော ချင်သော်လည်း ပြော၍မရ။ နည်းနည်းချင်း အဆက်မပြတ် လောင်းထည့်ပေး နေသော နွားနို့များကို လျှာသိမ်းရင်း မျိုချနေသည်။ ရှင်က ကျွန်မရဲ့ အသက် သခင်ပဲ့ပဲ အာဆာဒါစံရယ်ဟု စိတ်ထဲက ပြောနေမိပါသည်။

ထိုစဉ် ကိုရေအေးက ဘကြီးညိုဘက်သို့ လှည့်ပြောလိုက်သည်။

“သူ ကောင်းကောင်းသတိရနေပြီ ဘကြီးညို၊ နွားနို့လည်း တော်တော် ဝင်တယ်၊ ဆာနေတယ်ထင်ပါရဲ့ ဘကြီးညိုရယ်”

အသံကြားလိုက်ရမှ မတ်ဆုမိစံ အံ့ဩသွားသည်။

ဟင်... အာဆာဒါစံ အသံလည်း မဟုတ်ပါလား။ မတ်ဆုမိစံက အသံ ထွက်အောင် အားယူပြီးမေးသည်။

“အာဆာဒါ စံဒွဲစ်ကား”

ဘကြီးညိုက မတ်ဆုမိစံ အသံ ကြားလိုက်သဖြင့်-

“ဘာတဲ့လဲ ရေအေး'

"ဂျပန်လိုပြောနေတာ ဘကြီးညို၊ ကျွန်တော်လည်း နားမလည်ဘူး၊ တအား ဆာတာပဲလို့ ပြောတာလားမသိဘူး"

"အားဆာဒါစံ ဂျနအိဒစ်ကား"

အာဆာဒါစံ မဟုတ်ဘူးလားဟင်ဟု ထပ်မေးသည်။ လေးလံသော မျက်ခွံများကို အားတင်းပြီးဖွင့်သည်။ ကိုရေအေးကို မြင်ရသည်။

"ဟင်... အာဆာဒါစံလည်း မဟုတ်ပါလား"

ဒါက ဗမာလူမျိုးတစ်ယောက်ပါလား ဘုရားဘုရား၊ ငါ အဖမ်းခံနေရပြီလား၊ တော်လှန်ရေးစခန်းထဲမှာ များလား။

"အိမ ဝါတာရှိဝ ဒို့ကိုနိ အိတ်မတ်စ်ကား"

ကျွန်မ ဘယ်နေရာ ရောက်နေတာလဲဟင်ဟု မေးသော်လည်း ကိုရေအေး နားမလည်ပါ။

မတ်ဆုမိစံ ရင်ထဲမှာ စိုးရိမ်သောကတွေ ဖြစ်ပေါ်လာကြသည်။ ငါ့ကို ဖမ်းထားကြတာပဲဖြစ်မည်။ တို့တပ်ဖွဲ့တွေ ခုလောက်ရှိ ဘယ်ဆီရောက်ကုန်ကြ ပြီလဲ။ ကျဆုံးကုန်ပြီလား။ စစ်တောင်းမြစ် ရောက်ပြီလား။

မတ်ဆုမိစံ တွေးနေစဉ်မှာ ကိုရေအေးက ပွေ့ကာထူသည်။ ဘကြီးညို လက်က ဆေးခွက်ကိုယူပြီး တိုက်သည်။ ရေနှင့်ဖျော်ထားသော မြန်မာ့ပရဆေး အရသာကို မကြုံဖူးသဖြင့် ကြိတ်မှိတ်ကာ မျိုချရသည်။ ဆေးသောက်ပြီးတော့မှ ကိုယ့်ဟာကိုယ် သတိထားပြီး ငုံ့ကြည့်မိသည်။

သူ့ကိုယ်ပေါ်က အဝတ်အစားတွေကို မျက်တောင်မခတ် ငုံ့ကြည့်နေမိသည်။ လယ်ကွင်းထဲမှာတုန်းက စစ်ဝတ်စုံနှင့်။ ယခုတော့ မြန်မာယောကျ်ားဝတ် ပုဆိုးတွေ အင်္ကျီတွေနှင့် သတိလစ်နေတုန်းက လဲပေး ကြတာဖြစ်မည်။ မိန်းမသားလည်း တစ်ယောက်မှမတွေ့ရ။ ကိုရေအေးနှင့် ဘကြီးညိုတို့နှစ်ယောက် ကို သူ မြင်သည်။

ငါ့အဝတ်အားလုံးကို သူတို့ ဘယ်လိုချွတ်ပြီး ဘယ်လိုဝတ်ပေးကြပါလိမ့်ဟု တွေးကာ ရှက်စိတ်ကြောင့် ရင်ထဲက နွေးခနဲ လှိုက်ဖိုသွားသည်။ မျက်နှာ၊ နားထင်နားရင်းနှင့် နားရွက်တွေမှာ တရှိန်းရှိန်း တမြမြ ခံစားရသည်။

ရှက်စိတ်က မွန်နေသည်။

သို့သော် ဒီအခြေအနေမှာ ဘာတတ်နိုင်မှာနည်း။ ဒီလို အဝတ်ရေစိုတွေကို လဲဖယ်ပေးပြီး နွေးထွေးအောင် လုပ်ပေးသည်ကိုပင် ကျေးဇူးတင်ရဦးမည်။

အိပ်ရာပေါ်မှာ လှဲရတော့ လုပ်ဖော်ကိုင်ဖက် သူနာပြုဆရာမတွေကို သတိရသည်။ မိယုကိစံတစ်ယောက်တော့ သေဘေးက လွတ်မြောက်လောက်ပြီ ထင်သည်။ ရေစီးမှာ မျောပါနစ်မြုပ်ရှာသော နိုရိုကိုစံကို သတိရသည်။ အိဝါမစံ သေနတ်မှန်ကာ ရုပ်ပျက်ဆင်းပျက် အသက်ထွက်ရပုံကို ပြန်ပြီးမြင်ယောင်လာသဖြင့် မတ်ဆုမိစံ ရင်တွေတုန်လာသည်။

သေနတ်သံ၊ ဗုံးသံများကို နားထဲမှာ ပြန်ကြားယောင်လာသည်။

ဗုံးခွဲကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားသော လူနာများကို သတိရသည်။ ထိုလူများထဲက ကင်ပေတိုင်ဗိုလ်ကြီး ရှီဂေဟာရစံကို အမှတ်ထင်ထင် ရှိလှသည်။ သူ နှိပ်စက်ခဲ့သည့် မြန်မာတွေဟာ သူ့ကို ပြန်ပြီး ကလဲ့စားချေကြ တော့မည်ဟု သွေးရူးသွေးတန်း ဖြစ်ခဲ့သော ရှီဂေဟာရစံ။

“အခုနေ ကျုပ်တို့ထဲက တစ်ယောက်ယောက်များ ဗမာရွာထဲ ကျန်ခဲ့ကြည့်ပါလား၊ သတ်ရုံတင် မကဘူး အမှုန့်တောင်ချေပစ်ကြမှာ”

ရှီဂေဟာရစံ၏ စကားသံများကို မတ်ဆုမိစံ နားထဲမှာ ပြန်ပြီးကြား ယောင်လာသည်။ အခုတော့ သူကိုယ်တိုင်မှာ ရှီဂေဟာရစံ ပြောသည့်ဘဝကို ရောက်နေပြီ။

တကယ်ဆိုတော့ မိမိဘဝက သူနာပြုဆရာမ။ မည်သည့် မြန်မာ တစ်ယောက်ကိုမျှ နာကျင်အောင် လုပ်ခဲ့ဖူးသည်မဟုတ်။ မိမိ ပြုစုပေးလိုက်၍ ဝေဒနာသက်သာသွားကြသော မြန်မာများလည်း ရှိခဲ့ဖူးပါသည်။

သို့သော် အခုလို တော်လှန်ရေးကာလ စစ်သွေးကြွနေချိန်မှာ ပြော၍ မရ။ မိမိက ဂျပန်တပ်မှ ကျန်ရစ်ခဲ့သူသာဖြစ်သည်။ မိမိ ဝတ်လာခဲ့သည်က ဂျပန်ဝတ်စုံ၊ မိမိကိုယ်တိုင်ကလည်း မြန်မာစကား ကောင်းကောင်းမကျွမ်းကျင်သော ဂျပန်သူအစစ်။ ဒီတော့ ဒေသခံ မြန်မာတွေဘက်က ကြည့်လျှင် ရန်သူ့ အသိုင်းအဝိုင်းထဲက တစ်ယောက်သာပင်။

မတ်ဆုမိစံ တွေးရင်း ရင်လေးလာသည်။

ဖက်ဆစ်တို့၏ဒဏ်ကို အလူးအလဲခံခဲ့ကြရသဖြင့် ဂျပန်အားလုံးကို သိမ်းကျုံးမုန်းတီးနေသော မြန်မာ့တော်လှန်ရေး အင်အားစုတွေအလယ်မှာ မိမိရှေ့ခရီး ကံကြမ္မာကို မတ်ဆုမိစံ မတွေးရဲအောင် ရှိတော့သည်။ အကြောက်တရားတို့ ဖိစီးလာသဖြင့် မတ်ဆုမိစံ အသက်ရှူမဝသလို ရင်ထဲက တင်းတင်းကျပ်ကျပ် ဖြစ်လာသည်။

ဂျပန်စစ်ဗိုလ် စစ်သားများ အခမ္ဘ အနိုင်ကျင့်မှုကြောင့် နဂိုနေသက်ဆင်း

ကာ အပျိုရည်ပျက်ယွင်းပြီး ရေတိမ်မှာနစ်ကြရရှာသော မြန်မာမိန်းကလေး ဒုနှင့်ဒေး အကြောင်းများကိုလည်း မတ်ဆုမိစံ ကြားဖူးနား၀ ရှိခဲ့ပါသည်။ ယခုမူ မိမိလို ဖြူဖွေးလှပချောမောသည့် ဂျပန်သူ အပျိုစင် တစ်ယောက်ကို သူတို့လက်ထဲ ရောက်ပြီဆိုသောအခါ တစ်ရွာလုံးက အတိုးချပြီး ကလဲ့စားချေ ကြရင်ဖြင့်... ချေကြရင်ဖြင့်...

မတ်ဆုမိစံ ရှေ့ဆက်မတွေးဝံ့တော့။ အားငယ်ခြင်း၊ စိုးရိမ်ကြီးစွာ ထိတ်လန့်ခြင်းတို့က မျက်လုံးအိမ်ထဲမှ အရည်ပျော်ကာ စီးကျလာကြလေတော့ သည်။

■

အခန်း (၁၂)

"မင်း ညက ဘာလို့မိုးချုပ်တာလဲ ရေအေး"

"အပြန်မှာ အပစ်အခတ်တွေ ရှောင်နေရလို့ပါ အဖေ"

စည်းကမ်းကြီးသော ဦးစိန်ချစ်က သားသမီးတွေ အရွယ်ကြီး လာပေမယ့် သူ့စည်းကမ်းကိုမလျှော့။ သွားချိန်တန်သွား၊ ပြန်ရောက်ချိန် တန်ရောက်မှ ကြိုက်သည်။

"တက်တော့ ဘယ်ဆိပ်ကမ်းတက်သလဲ"

"သရက်ဆိပ်ကပါပဲ အဖေ"

"သရက်ဆိပ်က တက်တယ်ဆိုရင် လှေက သရက်ဆိပ်မှာ ရှိရမှာပေါ့၊ အခု လှေက သရက်ဆိပ်မှာ မရှိဘူးဆို ဟုတ်သလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘယ်ရောက်သွားလဲ"

"ညက မိုးချုပ်တော့ ကျွန်တော်လည်း အိမ်ပြန်ရောက်ချင်ဇောနဲ့ လှေကို မချည်ခဲ့မိဘူးထင်တာပဲ အဖေ"

ဖြေလိုက်ရပေမယ့် လိပ်ပြာမလုံ၊ လှေဆိုက်ထားခဲ့လျှင် ချည်ခဲ့ရမှာက မေ့ကောင်းသည့်အလုပ်မဟုတ်၊ ငါ့သား ကြည့်ရတာ ဘာများ ကမူးရှူးထိုး ဖြစ်လာပါလိမ့်ဟု ဦးစိန်ချစ်က အကဲခတ်သည်။ စကားပြတ်သွားခိုက် ဒေါ်နှင်းမြိုင်က ဝင်မေးသည်။

"နင် မနက်ကလည်း မိုးမလင်းခင် ထွက်သွားသေးတယ်ဆို"

ကိုရေအေးက ခေါင်းကိုညိတ်သည်။

"ဘယ်သွားတာတုံး"

"တောင်ကျောင်းသွားတာပါ အမေ၊ မနေ့က ဘကြီးညို မှာလိုက်တဲ့ဆေး သွားပေးတာ"

"ဆေးသွားပေးတာကလည်းတော် စောပဲစောနိုင်လွန်းတယ်"

"သဘော်ကျွန်းဆရာတော်က ဒီဆေးကို အရုဏ်တက်မှာ သောက်ရမယ် မှာလိုက်လို့ သောက်စေချင်လို့ပါ အမေ"

ဘယ်တုန်းကမှ လိမ်ညာမပြောခဲ့သော ကိုရေအေး အထူးသဖြင့် မိဘကို မလိမ်ဖူးခဲ့။ အခုတော့ ဘယ်က ဉာဏ်နီဉာဏ်နက်တွေ ထွက်လာပြီး လိမ်နေပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် အံ့သြမိသည်။

အဖေ့နမ ဒေါ်လေးမြချစ်က ဝင်မပြောသော်လည်း အပြစ်တင်သော မျက်လုံးများဖြင့် ကိုရေအေးကို ကြည့်နေသည်။ ခိုင်ထွေးစိန်က ကိုရေအေး မနေ့က ယူလာသော ဆေးဆီဖြင့် ဒေါ်လေးမြချစ် လက်မောင်းနှင့် ပခုံးများကို လိမ်းရင်းနှိပ်ပေးနေသည်။

"သွားတဲ့လာတဲ့အခါ သတိထားသွား၊ ဒီလိုအခါမျိုးဆိုတာက အသက်ကို ဖက်နဲ့ထုပ်ပြီး သွားနေကြရတာ နောက်ကို အပြင်သွားရင် မိုးမချုပ်စေနဲ့'

"ဟုတ်ကဲ့ အဖေ"

ဦးစိန်ချစ်က ထိုင်ရာမှထကာ ဇနီးသည်ဘက်လှည့်၍-

"ငါ ထွန်းလူတို့အိမ် သွားလိုက်ဦးမယ်"

ဒေါ်နှင်းမြိုင်က ဆေးလိပ်ဖွာရင်း ခေါင်းညိတ်သည်။ ဦးစိန်ချစ်က အိမ်ထဲက ထွက်သွားသည်။

ဦးထွန်းလူက ရွှေလက်ပံရွာ အထူးအာဏာရသူကြီးဖြစ်သည်။ နှုတ်ခမ်းမွေးကြီးတယားယား၊ နှစ်လုံးပြူးသေနတ်ကြီး တကားကား၊ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းနှင့် သတ္တိဗျတ္တိ အလွန်ကောင်းသော သူကြီးဟု နာမည်ကြီးသည်။ ဆယ်အိမ်ခေါင်းအင်အား၊ ကာလသားအင်အား နောက်လိုက်နောက်ပါ တပည့်အင်အား များစွာနှင့် ဦးထွန်းလူ၏ အာဏာက မသေးလှ။

ရွှေလက်ပံရွာသည် ပတ်ဝန်းကျင်ရှိ ရွာတွေထဲမှာ အကြီးဆုံးရွာဖြစ်သည်။ လူညီပြီး တက်ကြွသည်။ ရွာစည်းရိုး၊ ကတုတ်တမံတွေ လုံခြုံပြီး ကာကွယ်ရေး

အစီအစဉ် စနစ်ကျသည်။ တော်ရိုလူဆိုး၊ ဓားပြတွေ ဒုက္ခမပေးနိုင်ခဲ့။ အင်္ဂလိပ် လက်ထက်ကတည်းက အစဉ်အလာကောင်းခဲ့သော ရွာကြီးဖြစ်သည်။

သို့သော် တော်လှန်ရေးခေတ် ဒီလို စစ်မက်ကာလမျိုး၌ နေရာတိုင်းမှာ လက်နက်တွေကပွ၊ တောကြောင်တွေကထနှင့် လုံခြုံရေးက စိတ်မချရတော့။ ဒီအခြေအနေတွင် ရွှေလက်ပံရွာကို ဓားပြဝင်တိုက်သွားသည်။ အရင်တစ်ပတ်က တစ်ညတည်း အိမ်ကြီးအိမ်ကောင်း သုံးလုံးကို ဝင်တိုက်သွားသည်။ ပိုဆိုးသည်မှာ

အိမ်ရှင်အချို့ကိုပါ သတ်သွားခြင်းဖြစ်သည်။

ဒီရွာမှာ ဦးစိန်ချစ် မိသားစုက အချမ်းသာဆုံးဖြစ်သော်လည်း ထိုညက ဓားပြတိုက်ခံရသည့်အထဲမှာ မပါ။ မပါသော်လည်း ရွာမှာ ပြဿနာတစ်ခုခု ပေါ်တိုင်း ရွာမိရွာဖ ဦးစိန်ချစ် မပါ၍မရ။ ရပ်ရေးရွာရေးတိုင်းမှာ ဦးစိန်ချစ် မိသားစုက ရှေ့ဆုံးမှပါပြီး အလှူအတန်း အပေးအကမ်းလည်း ရက်ရောသည်။ ရွာသူရွာသား အများစုမှာ ဩဇာတိက္ကမရှိပြီး ဥစ္စာပစ္စည်း တောင့်တင်းသော ဦးစိန်ချစ် ကျေးဇူးနှင့် မကင်းကြ။

ရွှေလက်ပံသာမက ရွာနီးချုပ်စပ်ကပါ ဦးစိန်ချစ်ကို မသိသူမရှိ။ လူငယ်ပိုင်းက ဗဟုသုတအဖြစ် သိချင်သမျှကို စာတတ်ပေတတ် နံ့စပ်သော ဦးစိန်ချစ်ထံ ချည်းကပ်ကြသည်။ ဦးလေးချစ်ဟု တရင်းတနှီး ခေါ်ကြသည်။ အားလုံးက ချစ်ခင်လေးစားကြသည်။

ဦးလေးချစ်နှင့် ဒေါ်နှင်းမြိုင်တို့မှာ သားသမီးလေးယောက် ထွန်းကား သည်။ ကိုရေအေးက အကြီးဆုံး၊ ဒုတိယက မအေးလှ၊ သူ့အောက်က လှခိုင် ဆိုသည့်သူငယ်က နို့ညှာ၊ ခိုင်ထွေးစိန်က အငယ်ဆုံးဖြစ်သည်။ ဦးလေးချစ်၏ နှမရင်း ရောဂါသည် ဒေါ်မြချစ်မှာ အိမ်မှာ အတူနေသည်။

အိမ်မှာလာနေကြသည့် သူ့ဘက်ကိုယ့်ဘက်က အမျိုးတွေလည်း ရှိကြသည်။ သူရင်းငှား အလုပ်သမားများလည်းရှိသည်။ လူအင်အားလည်း ကောင်းသည်။ ငွေအင်အားလည်း တောင့်တင်းသည်။ စေတနာ သဒ္ဓါတရားကလည်း အားကြီးသည်။ ဒီတော့ ဦးလေးချစ်တို့ မိသားစုမှာ ရွာမျက်နှာဖုံး ဖြစ်လေသည်။

ယခုလည်း ရွာမှာ ဓားပြတိုက်သွားသည့်ကိစ္စနှင့် ပတ်သက်၍ တိုင်ပင် ကြဖို့ ဦးလေးချစ်က သူကြီး ဦးထွန်းလူအိမ်သို့ ထွက်သွားခြင်းဖြစ်၏။

ဦးလေးချစ်တစ်ယောက် မြင်ကွင်းမှ ပျောက်သွားသည်နှင့် ကိုရေအေးသည် အိမ်ကထွက်ကာ တောင်ကျောင်းဆီသို့ သုတ်ခြေတင်လေတော့သည် တောင်ကျောင်းဝင်းထဲက ဆွမ်းချက်ရုံလေးဘေးမှာ သရက်ပင်ကြီး တစ်ပင်ရှိသည်။ သရက်ပင်အောက်က သစ်သားခုံတန်းကလေးမှာ ဘကြီးညို ထိုင်နေ သည်။ ကိုရေအေးက ဘကြီးညိုဘေးမှာ ဝင်ထိုင်လိုက်သည်။

“မင်းလာတာနဲ့ အတော်ပဲ၊ မလာရင်တောင် ခေါ်ခိုင်းလိုက်တော့မလို့'

“ဘာဖြစ်လို့လဲ ဘကြီးညို၊ ဘာထူးလို့လဲ”

“မနက်ဖြန် ဒီရွာကို ဧည့်သည်တွေ ရောက်လာကြလိမ့်မယ်လို့ ဆရာ တော်ကပြောတယ်”

“ဘယ်က ဧည့်သည်တွေလဲ ဘကြီးညို”

“မြို့ကတဲ့၊ ကညွတ်ကွင်းတို့၊ ပဲနွယ်ကုန်းတို့က နေမှာပေါ့ကွာ”

“ဘယ်သူတွေလဲဟင်”

“ဘယ်သူတွေလည်းတော့ မဆိုနိုင်ဘူးကွ၊ လူကြီးတွေပါမယ် ပြောတာပဲ”

“ဒီကျောင်းမှာ တည်းကြမှာတဲ့လား”

“အဲဒါ ငါပြောမလို့၊ ဒီမှာတည်းမယ်၊ မတည်းဘူးဆိုတာက နက်ဖြန် သူတို့လာမှပဲ သိရမှာ၊ တကယ်လို့ ဒီမှာတည်းပြီး ဝင်ကြထွက်ကြရင်းနဲ့ ဟိုကလေးမကို တွေ့သွားရင် ဘယ်လိုလုပ်ကြမလဲ”

“သူ ရောက်နေတာ ဆရာတော် မသိသေးဘူး မဟုတ်လား”

“ဘယ်သူမှ မသိသေးဘူး”

“ဧည့်သည်တွေက မနက်ဖြန်လာမှာ သေချာလား'

“ဆရာတော်ကတော့ လာမယ်ပြောတာပဲ၊ ငါလည်း ကိုယ့်ဘက်က လိပ်ပြာမလုံတော့ သိပ်အသေးစိတ် မမေးဝံ့ဘူး”

ဘယ်လိုဖြစ်လာနိုင်သလဲဟု ကိုရေအေး စဉ်းစားနေသည်။

“မင်း ဘယ်လိုလုပ်မလဲ”

“ကျွန်တော်လည်း အဲဒါ စဉ်းစားနေတာပဲ”

“စစ်တပ်ကို အပ်မလား”

“ကျွန်တော်တော့ မအပ်ချင်သေးဘူး၊ အပ်လိုက်ရင် ရန်သူဆိုပြီးတော့ သတ်များ သတ်ပစ်ဦးမလား မသိဘူးနော်”

“သတ်တော့သတ်မှာ မဟုတ်ပါဘူးကွာ၊ မသကာ ဖမ်းထားရုံရှိမပေါ့”

“လောလောဆယ်တော့ အစာအာဟာရလေးဘာလေး ဝဝလင်လင် ကျွေးပြီး အနာတွေပျောက်လို့ နေကောင်းလာတဲ့အထိလည်း ဆေးတွေဘာတွေ ကုပေး ချင်သေးတယ်”

“ဒါဖြင့် ဒီမှာပဲထားမလား၊ တခြားရွှေ့မလား'

“ဒါလည်း စဉ်းစားဦးမယ်၊ နေပါဦး ဘကြီးညို အခု သူ နိုးပြီလား”

“နိုးလောက်ပြီထင်တယ်၊ နိုးရင်တိုက်ဖို့ ငါ ဒီမှာ ဆန်ပြုတ်လေး ကြို ထားတယ်၊ စားပွဲပေါ်မှာ”

“ကျွန်တော် ဝင်ကြည့်လိုက်ဦးမယ်”

ကိုရေအေးတစ်ယောက်တည်း အခန်းလေးထဲ ဝင်လာသည်။ မတ်ဆုမိစံက အိပ်ရာဘေးတွင် ငြိမ်သက်စွာ လဲလျောင်းနေသည်။ ဘကြီးညို၏ ချည်စောင် အနွမ်းကလေးက ရင်ဘတ်အထိ ခြုံထားသည်။ ဒီလိုမှန်းသိရင် အိမ်ကစောင် ကောင်းကောင်းလေး တစ်ထည်လောက် ယူလာခဲ့မိရင် ကောင်းသားဟု တွေးမိသည်။

ဆံစလေးများ ကပိုကရိုဝဲနေသော မတ်ဆုမိစံ၏ နဖူးပြင်ကို ဖွဖွကလေး လက်တင်ကာ စမ်းကြည့်သည်။ မတ်ဆုမိစံ၏ တရှိန်ရှိန် တောက်သော အပူက ကိုရေအေး ရင်ထဲသို့ အရောက် စီးဝင်သွားသည်။

အင်း... ဟူသော ညည်းသံနှင့်အတူ မျက်လုံးဖွင့်ကြည့်သည်။ ကြည့်နေရင်း မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။ မတ်ဆုမိစံ၏ ခံစားချက်များကို ကိုရေအေး နားလည်ပါသည်။

ကိုရေအေး ရင်ထဲမှာ စာနာစိတ်နှင့် စိတ်မကောင်းဖြစ်ရပါသည်။ ဆန်ပြုတ်ပန်းကန်ကို လှမ်းယူပြီး အနားမှာချသည်။ မတ်ဆုမိစံ၏ ကျောပြင် အောက်ကို လက်လျှိုကာ ပွေ့ထူပေးသည်။ ထိုင်နိုင်သော်လည်း လွှတ်ပေးလိုက်၍ မရ။ ပြန်လဲမကျအောင် နောက်ကျောမှာ ခေါင်းအုံးခံကာ ဒူးနှင့် မေးထားပေးပြီး မှ ဆန်ပြုတ်ကို တိုက်ရသည်။

“အီ... ယေး” မတ်ဆုမိစံက မသောက်။ ဟင့်အင်းဟု ဂျပန်လိုငြင်းသည်။ ကိုရေအေး ဆန်ပြုတ်ကို ထိုးပြရင်း-

“နည်းနည်းတော့ သောက်လိုက်ပါဦး၊ သောက်မှ အားရှိမှာ၊ ဒါမှ မြန် မြန်နေကောင်းသွားမှာ”

ကိုရေအေးက လက်ဟန်ခြေဟန်ပါထည့်ပြီး တိုက်တွန်းသည်။ ဇွန်းကို မတ်ဆုမိစံ နှုတ်ခမ်းနှစ်လွှာနား အသာကပ်သည်။ မတ်ဆုမိစံ လက်ခံသဖြင့် ကိုရေအေးက ဝမ်းသာအားရ ဆန်ပြုတ်ကိုတိုက်သည်။ သို့သော် သွားကိုစေ့ကာ ထမင်းလုံးအဝင်မခံဘဲ ထမင်းရည်ကိုသာ စုပ်ယူမျိုချနေသည်။ အဖျားဝေဒနာကို သူ့ဘာသာသူ ချိန်ဆကာ အဖတ်မပါဘဲ အရည်ကိုသာ မှီဝဲနေခြင်းဖြစ်သည်။

ကိုရေအေး သဘောပေါက်သွားသည်။ နောက်ဇွန်းတွေကျတော့ ထမင်းစေ့မပါဘဲ ထမင်းရည်ကိုသာ စစ်ပြီးတိုက်သည်။

"ဘာမှမပူနဲ့နော်၊ နေကောင်းအောင် ဆေးတိုက်ပေးမယ်၊ အခုလို အစာဝင်ရင်လည်း ခဏလေးနဲ့ အားပြည့်လာမှာပါ"

ကိုရေအေးဆိုလိုသည့် အရိပ်အကဲကို မတ်ဆုမိစံ နားလည်ပါသည်။ ရင်ထဲက တလှပ်လှပ် ဖြစ်နေပါသည်။ ပါးပြင်ပေါ်သို့ မျက်ရည်ဥကလေးတွေ တလိမ့်လိမ့်ကျဆင်းလာသောအခါ ကိုရေအေးက မျက်နှာသုတ်ပဝါနှင့် တို့ကာဖြည်းဖြည်းချင်း သုတ်ပေးသည်။

ထို့နောက် မတ်ဆုမိစံကို အိပ်ရာပေါ်ပြန်လှဲသိပ်ပေးပြီး ကိုရေအေး ထိုင်ရာမှထသည်။ အပြင်ဘက်က ခုံတန်းကလေးမှာ ဘကြီးညိုက ပုတီးကလေး တလှုပ်လှုပ်စိပ်နေသည်။

"ဘကြီးညို ကျွန်တော် သူ့ ကို နေရာရွှေ့မယ်"

"အေး... ဘယ်ကိုရွှေ့မတုံး"

"ကျွန်တော့်အိမ်ကို"

"ဟ... လူတွေမြင်ကုန်မှာပေါ့"

"ညကျမှပါ"

"မင်းအဖေကို ပြောပြီးပြီလား"

"အခြေအနေအရ ကြည့်ပြောရမှာပေါ့လေ၊ ဘကြီးညိုက ဂျပန်မလေးကိုသာ ဂရုစိုက်ထားပေးပါ"

"အေးပါကွာ၊ စိတ်ချစမ်းပါ"

ကိုရေအေး အိမ်သို့ ပြန်လာခဲ့သည်။

မိုးနတ်ဒေဝါကိုပဲ ကျေးဇူးတင်ရတော့မည်ထင်သည်။ သူ လှုပ်ရှားသမျှ ကို ဘယ်သူမှ မကြားစေချင်၊ မမြင်စေချင်။ မှောင်မှောင်မည်းမည်း မိုးသည်းသည်းက ကိုရေအေး လှုပ်ရှားသမျှကို အကာကွယ် ပေးထားသည်။

ကိုရေအေးတို့ အိမ်နောက်ဖေးက ခြံဝင်းထောင့်မှာ ထင်းတဲရှိသည်။ အမိုးသာရှိပြီး အကာမရှိသော တဲလေးဖြစ်သည်။ တဲထဲမှ ထင်းတွေကို သယ်ထုတ်သည်။ ပြီးတော့ နံရံလေးဘက်မှာ အုတ်ရိုးစီသလို ဆင့်ကာဆင့်ကာ

ပြန်စီသည်။

အပြင်ကကြည့်လျှင် တဲတစ်ခုလုံး ထင်းအပြည့်သိပ်ထားသလို မြင်ရသည်။ အထဲမှာတော့ ထင်းနံရံပတ်လည် ကာထားသော လျှို့ဝှက်အခန်းလေး ဖြစ်သွားသည်။ နောက်ဖေးဝင်းထရံဘက်က ထင်းနံရံကိုမူ လူဝင်သာရုံ အပေါက်ကလေး ဖောက်ထားသည်။

ထင်းတဲအတွင်းက မြေပြင်ပေါ်မှာ ဝါးကပ်ခင်းသည်။ ဝါးကပ်ပေါ်မှာ ကောက်ရိုးထပ်ခင်းသည်။ ကောက်ရိုးပေါ်မှာ အဝတ်ထပ်ခင်းကာ အိပ်ရာပြင်သည်။ တစ်ယောက်တည်း လုပ်ရသည်လည်းဖြစ်၊ လူမသိအောင် သတိထား လှုပ်ရှားရသည်လည်းဖြစ်၍ အချိန်အတော်ကုန်သည်။ ပြင်ဆင်ပြီးတော့ သန်းခေါင်ကျော်ပြီ၊ လူလည်း လက်ပန်းကျပြီ။ သို့သော် အလုပ်က ဤမျှနှင့်မပြီးသေး။ မတ်ဆုမိစံကို တောင်ကျောင်းမှနေပြီး ဒီနေရာအရောက် သယ်ရဦးမည်။

အိမ်ပေါ်က လူတွေ၏ အရိပ်အခြည်ကိုကြည့်၍ ခြံထဲမှထွက်သည်။ ထိုအခိုက် မိုးက ခေတ္တစဲနေသည်။

တောင်ကျောင်းသို့ ရောက်သောအခါ ဘကြီးညိုက မအိပ်ဘဲ စောင့်နေသည်ကို တွေ့ရ၏။ မတ်ဆုမိစံက အိပ်မောကျနေသည်။ ကိုရေအေးက အချိန် ကုန်မခံတော့ မတ်ဆုမိစံကို ကောက်ထမ်းကာ ခပ်သွက်သွက်လှမ်းရင်း ကျောင်းဝင်းထဲမှထွက်သည်။ မတ်ဆုမိစံက ပခုံးပေါ်မှာ အိပ်ပျော်လျက်ပင် ပါလာသည်။

ရွာလမ်းပေါ်အရောက်မှာ မိုးကသွန်ပြီး ရွာချသည်။ မိုးကြောင့် မတ်ဆုမိစံ နိုးလာသည်။ သူ အကြီးအကျယ် လန့်သွားသည်။

ဘယ်ကို ခေါ်သွားနေပါလိမ့်၊ ထမ်းသွားပုံက ကြမ်းကြမ်း၊ လမ်းသွားပုံက ရမ်းရမ်း၊ အော်ဟစ်လိုက်ချင်သော်လည်း အော်နိုင်အားကမရှိ၊ ထို့ပြင် အကြောက်တရားက ဖိစီးလာသဖြင့် အသံကမထွက်။ ထွက်လျှင်လည်း ဒီမိုးဒီလေကြားမှာ ဘယ်သူမှ ကြားမှာမဟုတ်။ ကြားလျှင်တောင် ဘယ်သူမှ လာကူကြမှာမဟုတ်။ ကူမည့်လူမရှိ၊ ကယ်မည့်လူနတ္ထိ။

ရှီဂေဟာရုစံ ပြောခဲ့သည့် စကားများကို ပြန်သတိရသည်။ မြန်မာတွေ ကလဲ့စားချေကြတော့မည့် အန္တရာယ်ကို တွေးမိလာသည်။ ငါ့ကို သတ်မည့်နေရာ အရောက် ထမ်းခေါ်သွားနေတာလားဟု သူ စဉ်းစားသည်။

ကိုရေအေးမှာ အလွန်အမင်း မောဟိုက်နေသည်။ အသက်ကို မနည်းပင် ကြိုးစားပြီး မှန်အောင်ရှူရသည်။ ထင်းတဲသို့ရောက်တော့ အပြင်ဘက်မှာ မိုးစဲပြီ။

အရုဏ်တက်ကာ ရောင်နီလာချေပြီ။

အခန်း (၁၃)

တစ်ညလုံး မအိပ်ခဲ့ရဘဲ ပင်ပန်းလှသည်နှင့် အိမ်အောက်ထပ်က ကွပ်ပျစ်မှာ အိပ်ပျော်သွားသည်။ ကိုရေအေး ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မသိ နားထဲမှာ ကျယ်လောင်စွာ စကားပြောသံကြောင့် နိုးလာသည်။

အိပ်နေရာမှ ထကြည့်လိုက်တော့ ဒေါ်လုံးနှင့် မြမောင်။

ဒီမနက် ဒီ သားအမိကို မြင်လိုက်ရသဖြင့် ကိုရေအေး စိတ်ရှုပ်သွားသည်။ တစ်ရွာလုံးက ဒေါ်လုံးဆိုလျှင် သတိထားကြရသည်။ ဒေါ်လုံး၏ အဓိက အလုပ်မှာ အိမ်တကာတက်၍ စပ်စုခြင်းနှင့် အတင်းအဖျင်း လှည့်လည်ဖြန့်ဝေခြင်း ဖြစ်သည်။

မြမောင်က ဦးလေးချစ်ကို အာပေါင်အာရင်းသန်သန်နှင့် ပြောပြနေ သည်။

"ကျွန်တော်က ပထမတော့ ဂျပန်တွေ ယူသုံးပြီး ပစ်ထားခဲ့လို့ မျောလာတယ် ထင်တာပေါ့၊ နောက် လှေပေါ်တက်ကြည့်တော့မှ ဦးလေးချစ်တို့အိမ်က လှေပဲဆိုတာ အတတ်သိလိုက်တာ"

ဒေါ်လုံးက ထပ်ဖြည့်စွက်သည်။

"ကျုပ်ကလည်း မနက်က သရက်ဆိပ်မှာ ကိုစိန်ချစ် လှေပျောက်တယ် ကြားထားတော့ ဒီလှေပဲဖြစ်ရမယ်ဆိုတာ တွက်ပြီး"

"မင်း ဒီလှေကို ဘယ်ကရခဲ့တာလဲ မြမောင်"

"သစ်ပတ်ချောင်းထဲကပဲ ဦးလေးချစ်"

"ဟုတ်ပြီလေ၊ ဘယ်နေရာကတွေ့တာလဲ မေးတာ"

"ဟိုး... သပြေလဟာရွာနားတောင် ရောက်နေပြီဗျ"

မြမောင်က သူ့စရိုက်အတိုင်း ချဲ့ကားသည်။

လှေက လက်ပံရွာအထွက် တောင်ဘက်တစ်ခေါ်လောက်မှာ ဒိုက်သရောထဲ ခေါင်းစိုက်ကာ ထိုးတင်နေခြင်း ဖြစ်သည်။

"ကျွန်တော် တွေ့ပေလို့သာပေါ့၊ မတွေ့ရင် စစ်တောင်းအထိ မျောပါသွား မလား မသိဘူး"

လေလုံးထွားထွားတွေကို နားမဝင်၊ ခပ်ချဉ်ချဉ်ဖြစ်လာသဖြင့် ကိုရေအေးက

ကွပ်ပျစ်ပေါ်မှထသည်။ ဒေါ်လုံးက-

"ရေအေး နင့်နှယ်ဟယ် လှေတောင်မချည်ခဲ့မိရအောင် ဘာတွေများ ဇောကပ်နေလို့တုံး"

"မိုးကလည်းရွာ ချမ်းကလည်းချမ်းနဲ့မို့ပါ"

"ညက မိုးတော်တော်ချုပ်တယ်ဆို"

ကိုရေအေးက ဘာမှမပြောဘဲ နေလိုက်သည်။

"အဲဒါ နင် ဘယ်ကပြန်လာသလဲ"

ဒေါ်လုံး၏ မေးခွန်းတွေက ဆုံးတော့မှာမဟုတ်။ သူ ဆက်ဖြေမနေချင်တော့။

ထိုအခိုက် နောက်ဖေးဘက်က မအေးလှ ထွက်လာသည်။

"အဖေ ထမင်းစားရအောင်"

အေးအေးဟုဆိုကာ ဦးလေးချစ်က ထိုင်ရာမှထသည်။

"ဒွေးလုံးတို့ ထမင်းစားသွားကြပါလား"

"မစားတော့ပါဘူး မအေးလှရယ်၊ အိမ်မှာလည်း ချက်ခဲ့ပြီးသားမို့ပြန်ဦးမယ်"

"ဦးလေးချစ် ကျွန်တော်တို့ ပြန်ဦးမယ်"

"အေးအေး... မြမောင်ရာ၊ ငါ့လှေကလေး ပြန်ဆွဲလာပေးတာ ကျေးဇူးပါပဲ"

ဒေါ်လုံးတို့သားအမိ ပြန်သွားကြသည်။

အားလုံး ထမင်းဝိုင်းသို့ ရောက်ကြသော်လည်း ကိုရေအေး မထိုင်နိုင် သေး။ ထင်းတဲဆီသို့ ခိုးခိုးပြီး လှမ်းကြည့်ကာ ယောင်လည်လည်လုပ်နေသည်။ ဦးလေးချစ် မိသားစု ထမင်းဝိုင်းက မြိုင်ဆိုင်နေသည်။

"ရေအေး၊ လာ ထမင်းဝင်စားတော့လေ"

"မဆာသေးလို့ အမေ"

ဒေါ်နှင်းမြိုင်က ကိုရေအေးကို လှမ်းကြည့်ရင်း ဟင်းပန်းကန်ထဲရှိ ဇွန်းသို့ လက်လှမ်းသည်။ ခိုင်ထွေးစိန်ကလည်း လက်အလှမ်းနှင့် လက်ချင်းဆုံသွား သည်။

“ဟောတော့ အမေ”

“ငါ အရင်လှမ်းတာပါ”

“အမယ်… သမီးက အရင်ပါနော်”

“မနက်ကလည်း အိမ်ရှေ့မှာ ကျီးသာတယ်၊ အခုလည်း ထမင်းပွဲမှာ လက်ဆုံတယ်၊ ဒီနေ့တော့ ဧည့်သည်လာလိမ့်မယ်”

“ဖွန်းကို ပြောင်းပြန်မွှေလိုက်ပါလား”

မအေးလှက ဝင်ပြောသည်။ လက်ဆုံသွားသည်ကို ပြန်ချေဖျက်သည့် သဘော။ ဦးလေးချစ် ဟန့်သည်။

“ပြန်မမွှေနဲ့၊ မမွှေနဲ့၊ လာပါစေ၊ ဘယ်ဧည့်သည်လာလာ လာတဲ့ဧည့်သည် ကျွေးသမျှ ကုသိုလ်ရတာပေါ့”

ဦးလေးချစ်တို့ ဇနီးမောင်နှံ လူတစ်ဖက်သားကို အလွန်စေတနာကောင်း သည်။ ကျွေးချင် မွေးချင် ပေးချင် ကမ်းချင်သည်။ သူတို့အိမ်မှာ ဧည့်သည်က မပြတ်။ နေ့ချင်းပြန်၊ ညအိပ်၊ ရပ်နီး၊ ရပ်ဝေးလာသမျှ ချက်ကျွေးရာမှာ မငြူစူကြ။

သို့သော် ယခုမူ ပူစရာက ရှိလာသည်။ ဒီလိုခေတ်ကာလမှာ အစား အသောက်က နည်းပါး၊ အဝတ်အထည်က ရှားပါး၊ အသုံးအဆောင်က ခေါင်းပါးလှသည်။ ပေါများလှသည့် အရာမှာ ရောဂါဘယများသာဖြစ်သည်။ စစ်အတွင်း ဆုတ်ကပ်ကြီးပဲလေဟု သဘောထားကာ ခန္တီပါရမီဖြည့်ရင်း ခါးစည်းခံကြသည်။ ကုန်ဈေးနှုန်းတွေက မတန်တဆ ကြီးမြင့်လာသည်။

ပိုဆိုးသည်က ငွေစက္ကူပြဿနာ။

ဂျပန်ခေတ် ရောက်လာသောအခါ အင်္ဂလိပ်ခေတ်တုန်းက သုံးခဲ့ကြသည့် အင်္ဂလိပ်ပိုက်ဆံတွေကို ဂျပန်က သိမ်းသည်။ အင်္ဂလိပ် ငွေစက္ကူကို လုံးဝမသုံးရ။ လက်ထဲမှာပင် မထားရ။

လက်ဝယ်မိသူကို ဖမ်းဆီးခေါ်ဆောင်သွားခံရသူများမှာ ဘယ်သောအခါမှ အိမ်ပြန်မရောက်ကြသူတွေ များသည်။ ထို့ကြောင့် ဂျပန်ခေတ်မှာ အင်္ဂလိပ် ငွေစက္ကူကို ဘယ်သူမှ လက်ဝယ်မထားရဲကြ။

ဂျပန်က မြန်မာပြည်တွင်သုံးရန် ဂျပန်ပိုက်ဆံထုတ်သည်။ သုံးနှစ်သုံးမိုး အုပ်စိုးသည့်ကာလ ငွေစက္ကူသန်းပေါင်းများစွာကို စည်းမဲ့ကမ်းမဲ့ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့ကြောင့် ဂျပန်ပိုက်ဆံက မတရား ဖောင်းပွလာခဲ့သည်။

သုံးသည့်နေရာတွင်လည်း "**ထောင်မလဲသဲကော်**" အသစ်ဆိုမှ သုံး၍ ရသည်ဟု ပြောစမှတ်ပင် ဖြစ်လာသည်။ ငွေစက္ကူကို ထောင်ထားလျှင် ခါးကြိုး ကြေ၍ လဲသွားတာမျိုးမဖြစ်ရ။ ထိုငွေစက္ကူအသစ်ဖြင့် သဲကိုကော်ကြည့်လျှင် ခံနိုင်လောက်အောင် တောင့်နေရမည်။ ယခုတော့ ပြည်သူတွေက စစ်မှာမြှုပ်၊ ဂျပန်တွေက တပ်တွေဆုတ်၊ ဂျပန်ငွေက တန်ဖိုးယုတ်လာသည်။ လုံးဝ သုံးမရတော့။

အင်္ဂလိပ် ငွေစက္ကူများကိုသာ ပြန်သုံးကြရမည်ဟု ဗြိတိသျှ စစ်အုပ်ချုပ်ရေးဌာနက ကြေညာသည်။ ခက်သည်က လူတွေလက်မှာ ထိုငွေ မရှိတော့။

ကိုယ့်ရေ ကိုယ့်မြေ ကိုယ့်ဌာနေကို တိုင်းတစ်ပါးသား နယ်ချဲ့များက မတရား သိမ်းပိုက်အုပ်စိုးလိုက်ကြသောအခါ ကိုယ့်ပြည်သူတွေမှာ ဒုက္ခပင်လယ် ဝေခဲ့ကြရပါသည်။

နယ်ချဲ့စစ်ကြောင့် ဖြစ်ပေါ်လာသော အဆိုးတရား အနိဋ္ဌာရုံများကို အခံရဆုံးက ကျေးလက်တောရွာနေ လယ်သမားတွေသာ ဖြစ်ပါသည်။

ဒေါ်နှင်းမြိုင်တို့အနေနှင့် လာသမျှ ဧည့်သည်ကို ထမင်းရေချောင်းစီး မညည်းမညူ ကြည်ဖြူပါသည်။ ဒါပေမယ့် အရင်ကလို ပေါပေါများများ ချောင် ချောင်လည်လည် မဟုတ်တော့ပေ။

အခု ထင်းတဲထဲမှာ ရောက်နေတဲ့ ဧည့်သည်ကို ကျွေးဖို့ မွေးဖို့ကတော့ သိပ်ကုန်လှမှာ မဟုတ်ပါဘူးအမေရာဟု ကိုရေအေး စိတ်ထဲက ပြောနေမိသည်။

အခုလည်း ထင်းတဲထဲက ဂျပန်မလေးအတွက် မနက်စာကို စီစဉ်ဖို့ရှိသည်။ ကိုရေအေးက မီးဖိုထဲမှာ လူရှင်းတော့မှ မအေးလှအနားသို့ ကပ်ရသည်။

"အေးလှ… ငါ့ကို ဆန်ပြုတ်ကလေး ပြုတ်ပေးစမ်းပါဟာ

"ဘာလုပ်ဖို့တုံး"

"ဟ… ဆန်ပြုတ်ပါဆိုနေမှ ဘာလုပ်ရမတုံး သောက်ဖို့ပေါ့"

"ထမင်းမစားဘူးလား"

"လျှာရှည်လိုက်တာဟာ၊ ငါ့ဗိုက်မကောင်းလို့ ထမင်းမစားတော့ဘူး၊ ဆန်ပြုတ်ပဲသောက်မယ်၊ ကျိုမှာသာ ကျိုစမ်းပါ"

ပြောမိသည့်စကားကို ယုတ္တိရှိအောင် ကိုရေအေးတစ်ယောက် မနက်စာ တစ်နပ်ကို အငတ်ခံလိုက်ရလေသည်။

ခြေထောက်က ပြောင့်စူးသောဒဏ်ရာကို ကိုရေအေးက ဆေးထည့်ပေးသည်။ ဆေးထည့်ပေးရင်း ခြေခုံဖြူလွလွကို ဖွဖွဆုပ်ကိုင်လျက် ကိုရေအေးစိတ် တွေ လှုပ်ရှားနေသည်။ ကိုရေအေးက အနာအားလုံးကို ဂရုစိုက်ပြီး ဆေးထည့် ပေးသည်။

အိမ်ကို ရွှေ့လာခဲ့မိလို့ တော်သေးတာပေါ့၊ ဘုန်းကြီးကျောင်းမှာသာ ဆက်ထားလို့ မြို့ပေါ်ကလူကြီးတွေများ တွေ့သွားကြရင် ဒုက္ခဟု ဆေးထည့်ပေး ရင်း သူ တွေးမိသည်။

မတ်ဆုမိစံက ဘေးပတ်လည်မှာ စီထားသော ထင်းတွေကို လှည့်ကြည့်သည်။ လူမြင်မခံစေချင်သည့် နေရာတစ်ခုသို့ သူကို ရွှေ့ထားကြောင်း တွေ့ရသည်။ ဒါဆို ငါ အဖမ်းခံနေရတာမဟုတ်ဘူးဟု သဘောပေါက်သည်။ သို့သော် ခြေထောက်က ဒဏ်ရာနှင့် ကျန်းမာရေး အခြေအနေအရ အိပ်ရာထဲက တော် တော်နှင့် ထနိုင်ဦးမည်မဟုတ်။ ချီတက်သွားကြသော ဂျပန်များနှင့်မူ ပို၍ပို၍ ဝေးကွာသွားလေပြီကော။

ဟီဆာနိုးဒါတေးစံဆိုသည့် စစ်သားကလေးကို သတိရသည်။ ကျွန်တော် ဒီမြေပေါ်မှာ မကျန်ခဲ့ချင်ဘူး ဆရာမရယ်၊ ဒီတိုင်းပြည်မှာ ကျွန်တော် မကျန်ခဲ့ရပါစေနဲ့နော်ဟု တဖွဖွပြောသံကို ကြားယောင်သည်။ ယခုတော့ မတ်ဆုမိစံမှာ သူကိုယ်တိုင် ကျန်ရစ်ခဲ့ပါပြီ။

ဆေးထည့်ပြီးတော့ ကိုရေအေးက ဆန်ပြုတ်တိုက်၏။ မနေ့ကထက် ပိုဝင်သည်။ မတ်ဆုမိစံ ခြေဆင်း၍ ထိုင်နိုင်သည်။ ဆန်ပြုတ် တိုက်နေသော ကိုရေအေး မျက်နှာကို သူ သေသေချာချာကြည့်သည်။ ပကတိ ရိုးသားဟန်ရှိသော မျက်နှာပေါ်က ကြင်နာမှုကို သတိထားမိသည်။ ဒီစေတနာရှင်သာ မကယ်ရင် ချောင်းစပ်မှာပင် ဇီဝိန်ချုပ်လိမ့်မည်။

ရှီဂေဟာရစံ ပြောခဲ့သည့် စကားတွေက ဘယ်မှာမှန်လို့လဲ။ ခုတော့ သူ့အသက်ကို မသတ်ကြသည့်အပြင် မြန်မာများကပင် ကယ်တင် စောင့်ရှောက်ထားလေပြီကော။ ကျေးဇူးကြီးလှပါတယ် ရှင်ရယ်ဟု စိတ်ထဲက ပြောနေ မိသည်။

ဆန်ပြုတ်ကလေး အတော်ဝင်သွားပြီမို့ ကိုရေအေး လက်စသတ် သည်။ ထိုအခိုက်... ။။

“အစ်ကိုရေး... အစ်ကိုရေး”

ခိုင်ထွေးစိန် အော်ခေါ်သံကို ကြားရသည်။

ခိုင်ထွေးစိန်က အစ်ကိုရေအေးဟု ခေါ်လျှင် အစ်ကိုရေးဟုသာ နှုတ်ကျိုးနေသည်။ ကိုရေအေးက ထင်းတဲထဲမှာ ငြိမ်နေလိုက်သည်။

"ခုနပဲ ဒီနားတင် တွေ့လိုက်ပါတယ်"

ခိုင်ထွေးစိန်က လှည့်ပတ်ရှာသည်။ ထိုအခိုက် ခြံဝဆီက လူသံတွေကြားရသည်။ အော်ခေါ်သံ၊ နှုတ်ဆက်သံ၊ ရယ်မောစကားပြောသံများကိုကြားရသည်။ အိမ်က ခွေးတွေဟောင်ပုံကို နားထောင်ကြည့်ရခြင်းအားဖြင့် လူစိမ်းတွေ ဖြစ်ရမည်။

"ရှင့်. လာပြီအမေ"

အိမ်ဆီသို့ ခိုင်ထွေးစိန် ပြန်ပြေးသွားသောခြေသံက ဝေးဝေး သွားသည်။ မတ်ဆုမိစံကို အိပ်ရာပေါ် အသာပြန်လှဲပေးခဲ့သည်။ လူရိပ် လူခြည်ကြည့်ပြီး ကိုရေအေး ထင်းတဲထဲမှ အသာထွက်လာခဲ့ရသည်။

ခြံဝမှာ အိမ်ထဲဝင်နေကြသူများကို တွေ့ရသည်။ သူကြီး ဦးထွန်းလူ၊ ဆယ်အိမ်ခေါင်းအချို့နှင့် ရွာလူကြီးအချို့က ခရီးဦးကြိုပြုကာ ခေါ်ဆောင်လာကြသည်ကို တွေ့ရ၏။ မျက်နှာစိမ်းများဖြစ်ကြ၏။ ကညွတ်ကွင်းဌာနအုပ်နှင့် ပုလိပ် နှစ်ယောက် သုံးယောက်လည်း ပါလာသည်။ ကိုရေအေးက နောက်ဖေး ပေါက်မှ မီးဖိုထဲသို့ လှမ်းဝင်လိုက်သည်။

"အစ်ကိုရေး... ဘယ်သွားနေတာလဲ"

"ရှိပါတယ်ဟ"

ဒေါ်နှင်းမြိုင်က အကြမ်းအိုးများနှင့် ပန်းကန်လုံးများကို ပြင်ဆင်နေသည်။ မအေးလှက လက်ဖက်ပွဲပြင်နေသည်။

"အမေ ဘယ်သူတွေလဲဟင်"

ကိုရေအေးက မေးသည်။

"ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်က သခင်တွေတဲ့"

"ဒီအိမ်မှာ တည်းကြမှာလား"

"ဟုတ်တယ်" လယလ ပဒေးဗျာ။ လာပြီပဘာ အရာဝ

ကိုရေအေး စိတ်ညစ်သွားသည်။

ဘုန်းကြီးကျောင်းမှာ တည်းကြမည်မှတ်၍ အိမ်ကိုရွှေ့လာပါမှ သူတို့က ဆိုက်ဆိုက်မြိုက်မြိုက် ဒီအိမ်မှာ လာတည်းကြသည်။ ဒီလိုမှန်းသိရင် ဂျပန်မလေး ကို ဘုန်းကြီးကျောင်းထဲမှာပဲ ထားခဲ့ရ အကောင်းသား။ အမှန်တော့ ကိုရေအေး စဉ်းစားမိဖို့ကောင်းသည်။ မြို့ကလူကြီးတွေ လာတိုင်း ဘုန်းကြီးကျောင်းမှာ တည်းလျှင်တည်း၊ မတည်းလျှင် ဒီအိမ်မှာပင် လာတည်းဖူးသည်။ အခုလို အိမ်မှာ ဧည့်သည်တွေများတော့ သူ ထင်းတဲထဲ အဝင် အထွက် ခက်သွားပြီ။ ဂျပန်မလေးကို ကျွေးမွေးဆေးတိုက်ဖို့က ရှိသေးသည်။

ခေါင်းဆောင်ပိုင်းက ပုဂ္ဂိုလ်တွေ ဂျပန်မလေးကို တွေ့သွားရင် ဘယ်လို အပြစ်တွေများ ဖြစ်မလဲဟု သူ တွေးပူသည်။ ထိုအခိုက်-

"မမ"

ဝမ်းသာအားရ ခေါ်သံနှင့်အတူ မီးဖိုထဲအထိ ဝင်လာသူကို ဒေါ်နှင်းမြိုင်က လှည့်ကြည့်သည်။

"ဟဲ့... ကံသာပါလား'

မမ နေကောင်းလား"

"အေး.. နေကောင်းတယ်၊ နင် ပါလာမယ်မှန်း မသိဘူး"

ဒေါ်နှင်းမြိုင်က သူ့မောင်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာနေသည်။ ဒီမောင်နှမ မတွေ့ရတာက ကြာပြီ။ မအေးလှက-

"မနက်က ကျီးလည်းသာတယ်၊ ထမင်းပွဲမှာ လက်လည်းဆုံတယ်၊ ဒါကြောင့် ဧည့်သည် ရောက်လိမ့်မယ်လို့ ပြောနေကြတာ ဦးလေးရဲ့"

"ဦးလေး ဘယ်ရောက်နေတာလဲ"

ကိုရေအေးက မေးသည်။

"ငါ ဖျာပုံဘက်မှာကွ၊ မြစ်ဝကျွန်းပေါ်မှာ တာဝန်ကျနေတာကြာပြီ၊ အရင် တစ်ပတ်ကမှ သခင်သိန်းမောင်တို့နဲ့ ဖြူးရောက်လာတာ"

ဒေါ်နှင်းမြိုင်တို့ မွေးချင်းငါးယောက်မှာ သခင်ကံသာက တစ်ဦးတည်း သော ယောက်ျားသား။ အငယ်လည်း အငယ်ဆုံး။ ဒေါ်နှင်းမြိုင် အချစ်ဆုံး။ သူ့ မူလအလုပ်က ကျောင်းဆရာ။ နိုင်ငံရေး ဝါသနာပါသည်။ စာသင် ခန်းကိုပစ်ကာ နိုင်ငံရေးလောကထဲသို့ အဆင်းရဲ အငတ်ပြုတ်ခံပြီး ခြေစုံပစ်ဝင်သည်။ ဆရာကံသာက သခင်ကံသာဖြစ်လာသည်။ ဂျပန်တော်လှန်ဖို့ စီစဉ် ကြတော့

မြေအောက်လျှို့ဝှက်စည်းရုံးရေး အလုပ်ကို စွန့်စားတာဝန်ယူသည်။ တက်ကြွစွာ အားသွန်ခွန်စိုက်လုပ်သည်။ စာအလွန်ဖတ်၍ ဗဟုသုတ ကြွယ်သည်။

ထို့ကြောင့်လည်း ဦးလေးချစ်နှင့် ပိုပြီး သွေးစည်းသည်။ ဦးလေးချစ်ကလည်း စာပေဗဟုသုတ ရှာမှီးဖို့ ဝါသနာကြီးသည်။ လက်လှမ်းမီသမျှ စာအုပ်၊ မဂ္ဂဇင်း၊ သတင်းစာ အကုန်ရှာဖွေကာ မက်မောစွာဖတ်သည်။ ဝါသနာတူ စရိုက်တူချင်းဖြစ်ကြ၍ သူတော်ချင်းချင်း သီတင်းလွှေလွှေ ပေါင်း ဖက်တွေ့သည်။ သမီးယောက်ဖ အလွန်အလွမ်းသင့်ကြသည်။

“လှခိုင် တစ်ယောက်ရော”

တူတော်မောင် အငယ်ကောင် မတွေ့၍ သခင်ကံသာက မေးသည်။

“ပြောက်ကျားတပ်ထဲ လိုက်သွားတယ်လေ”

“ဟ… တယ်ဟုတ်ပါလား ဒီကောင်”

“အမယ်လေး ဟုတ်လိုက်ပုံကတော့ မပြောပါနဲ့တော့”

ဒေါ်နှင်းမြိုင်က သားငယ်အကြောင်းပြော၍ အသံက တက်ကြွ နေသည်။ တော်လှန်ရေးထဲ လိုက်သွားသော သားငယ်အကြောင်း ပြောချင် လှသည်။

“ကျွန်တော်နဲ့ မတွေ့တာတောင် အတော်ကြာပြီနော်”

“မင်းတွေ့ရင် မှတ်တောင်မှတ်မိမှာ မဟုတ်ဘူး၊ နဲတဲ့ကောင်ကြီးမှ မဟုတ်တာ၊ ရေအေးထက်တောင် ထွားသေး၊ ဒါပေမယ့် ရေအေးလို မဟုတ်ဘူး၊ ဒီကောင်က စိတ်ကြမ်း၊ လူကြမ်းသမား”

“ဒါဆို တပ်ထဲလိုက်သွားတာ ဟန်ကျတာပေါ့”

“ဟန်ကျရုံတင် ဘယ်ကမလဲ၊ အခု ဒီကောင်က ဘာတဲ့… တပ်စု ခေါင်းဆောင်ဆိုလား၊ တပ်စိတ်ခေါင်းဆောင်ဆိုလား ဖြစ်နေပြီတဲ့၊ ဗိုလ်ကြီးတွေ ဗိုလ်မှူးတွေကဆိုရင် လှခိုင်၊ လှခိုင်နဲ့နေတာပဲ၊ အားကိုးရလွန်းလို့ လက်သပ်မွေး ထားကြတယ်တဲ့”

“အခု ဘယ်မှာတဲ့လဲ”

“ဘယ်ရောက်နေလဲတော့ မဆိုနိုင်ဘူး၊ ဂျပန်တွေကို လိုက်တိုက်ရင်း တောအနှံ့ တောင်အနှံ့ ရောက်နေမှာပေါ့”

မီးဖိုထဲတွင် ဒေါ်နှင်းမြိုင်က သားငယ်အကြောင်း ဂုဏ်ယူဝင့်ကြွားစွာ

ပြောနေသည်။

ကိုရေအေးမှာ ဦးလေးသခင်ကံသာ ရောက်လာသဖြင့် ဝမ်းသာသော် လည်း တစ်ဖက်က စိတ်ပူပန်မှု ကဲနေသည်။

ညှော့သည်များက ထမင်းစားပြီးသောအခါ အိမ်အပေါ်ထပ် ကြမ်းပြောင်ပြောင်မှာ ထိုင်ကြသည်။ သခင်အေးမောင်က စပြောသည်။

"ကျွန်တော်တို့ အခုလာတာက ဒီဒေသခံ လူကြီးတွေနဲ့ ဆွေးနွေးကြပြီးတော့ လုပ်စရာကိုင်စရာရှိတာတွေ လုပ်ဖို့ပါ"

ဦးလေးချစ်တို့၊ သူကြီးဦးထွန်းလူတို့၊ မြောက်ပိုင်းက ကျောင်းဒကာကြီး ဦးဘခင်တို့၊ ဆယ်အိမ်ခေါင်းကိုစံထွန်းတို့ စသည့် ရွာခံများက စကားဝိုင်းမှာ စိတ်အားထက်သန်နေကြသည်။

"စစ်ကြောင့် နေရာတိုင်းမှာ အုပ်ချုပ်ရေးတွေကလည်း ပြိုကွဲ၊ လူတွေက လည်း ဖရိုဖရဲ၊ ဒါတွေကို အများကြီး ပြန်လုပ်ယူကြရဦးမယ်"

သခင်အေးမောင်က စကားပြောပြီး ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။ နေမကောင်းဘူးလားဟု ဦးလေးချစ်က မေးသည်။ ဖျားချင်သလိုလို ပဲဟု ဖြေသည်။ ဦးလေးချစ်က ကိုရေအေးကို လှမ်းခေါ်ကာ ငန်းနီကျော်ဆေး ယူခိုင်းလိုက်သည်။ ထို့နောက် သခင်ကံသာဘက်သို့လှည့်၍-

"အေးကွာ... တို့လည်း တိုင်းရေးပြည်ရေးတွေ သိချင်တာနဲ့ မင်းတို့ ရောက်လာတာနဲ့ အတော်ပဲ၊ သတင်းစာအဟောင်းတွေ ပါသေးလား"

"ပါတာပေါ့ အစ်ကိုရာ၊ အစ်ကို ဖတ်ချင်မယ်ဆိုတာသိလို့ တမင်ကို ထည့်ယူလာတာ၊ အစုံပဲ"

သခင်ကံသာက သူ့အိတ်ကြီးကို ဆွဲယူလိုက်ပြီး သတင်းစာနှင့် စာစောင် များကို ဆွဲထုတ်သည်။

"အင်္ဂလိပ်က ဝါဒဖြန့်ချင်တယ်၊ ကျွန်တော်တို့ ဗမာ့အုပ်ချုပ်ရေးပိုင်း ကလည်း တိုင်းပြည်ကို ပြောပြချင်တာတွေရှိတယ်၊ ပြည်သူလူထုကလည်း ကမ္ဘာ့သတင်း မြန်မာ့သတင်းတွေကို သိချင်ကြတယ်၊ ဒီအတွက် သတင်းစာတွေ စာစောင်တွေကိုပဲ အားကိုးနေရတာ"

"တို့မှာလည်း သတင်းစာက ဒီမရောက်တော့ လူကြုံပဲ မျှော်နေတာ'

"ခက်တာက စက္ကူကလည်း အင်မတန်ရှား၊ ပုံနှိပ်စက်တွေကလည်းပျက်၊

လမ်းပန်းဆက်သွယ်ရေး ကလည်း မကောင်းတော့ သတင်းစာက လိုသလို မရောက်နိုင်ဘူးပေါ့ အစ်ကိုရာ”

သခင်ကံသာ ယူလာသည်က မျိုးစုံသည်။ မြန်မာ့အလင်း သတင်းစာ၊ တို့ဗမာအောင်မြေသတင်းစာ၊ လေနတ်သား လွတ်လပ်ရေးစာစောင်၊ လူထုဂျာနယ်၊ ဒီးဒုတ်ဂျာနယ် စသည်ဖြင့်…

“ကျေးဇူးတင်လိုက်တာကွာ”

ဦးလေးချစ်က သတင်းစာတွေ လှန်လှောကြည့်နေစဉ် ဆယ်အိမ်ခေါင်း ကိုစံထွန်းက သူနှင့် မျက်နှာချင်းဆိုင်ရှိ သခင်လှဦးကို မေးသည်။

“အခု ကျွန်တော်တို့ မြန်မာပြည်မှာတော့ ဂျပန်တွေ ရှုံးပြီး ခွေးပြေးပြေးနေရပါပြီ၊ တခြားနိုင်ငံတွေမှာရော ဒီကောင်တွေ အခြေအနေ ဘယ်လိုရှိလဲ”

“အခြေအနေကတော့ ဘာကောင်းမလဲ၊ အရှေ့တောင်အာရှ နိုင်ငံတွေက စစ်မျက်နှာတွေမှာ ဂျပန် အရှုံးကြီးရှုံးနေပါပြီ၊ အဲဒါထက်ပိုဆိုးတာက အိုကီနာဝါ ကျွန်း ကျသွားတာဆိုးတာ”

“အိုကီနာဝါကျွန်းဆိုတာက ဘယ်မှာရှိတာတုံး”

“ဂျပန်ကျွန်းမကြီးနဲ့ ဘာဝေးမလဲ၊ အရှေ့တောင်ဘက် မိုင်သုံးရာလောက် မှာရှိတာပါ၊ အဲဒီလို ဂျပန်ပြည်မနဲ့ နီးနေတဲ့ ကျွန်းတစ်ကျွန်း အမေရိကန်လက်ထဲ ကျသွားပြီဆိုတော့ သူတို့ ဘယ်လောက်အထိ နာပြီဆိုတာ သူတို့ သိပြီလေ”

“ဒါဆို ဒီကောင်တွေ ဂျပန်ပြည်မလည်း မကြာခင်ကျမှာပဲ”

“သိပ်မကြာတော့ပါဘူးဗျာ”

“ဒါပေါ့၊ အတုံ့အလှည့်ဆိုတာ လာပြီလေ၊ ဝဋ်ဆိုတာက မနေဘူးဗျ” အိမ်ရှေ့ပိုင်းမှာ စကားဝိုင်းက အရှိန်ကောင်းနေသည်။

နောက်ဖေးဆီမှာ မိန်းမသားတွေက အလုပ်များနေသည်။ အိမ်လည်ခန်းတွင် ကိုရေအေး အကြံအိုက်နေလေသည်။

■

အခန်း (၁၄)

နောက်တစ်နေ့ မိုးမရွာ။

အိမ်မှာ လူတွေက ရုန်းရုန်းဖြစ်နေသည်။

ဧည့်သည်တွေနှင့် ရွာခံတွေ ဝင်ချည်ထွက်ချည်ရှိနေသည်။ ဧည့်သည်တွေအတွက် အစားအသောက်၊ နေရာထိုင်ခင်း အစစ လိုလေသေး မရှိအောင် စီစဉ်ပေးသည်။ ဒေါ်နှင်းမြိုင် မီးဖိုချောင်အသုံးစရိတ်ကိုလည်း ဦးလေးချစ်က မဆိုင်းမတွလိုသမျှ လောက်ငအောင် ထုတ်ပေးသည်။ အင်္ဂလိပ် ငွေစက္ကူများ ဖြစ်၍ ဒေါ်နှင်းမြိုင်က တပြုံးပြုံး။ ဘယ်ကရတုံးဟုပင် မမေးမိ။

ကိုရေအေးက ရာဝင်စဥ့်အိုးကြီးထဲက ရေတွေကိုခပ်ပြီး သောက်ရေအိုးထဲသို့ စစ်ထည့်နေသည်။ ထိုအခိုက် ခိုင်ထွေးစိန်က အနားသို့ ရောက်လာသည်။

"အစ်ကိုရေး"

"ဟို လေ ... ဟို"

ကိုရေအေးက ခိုင်ထွေးစိန်ကို လှည့်ကြည့်သည်။

"ဘာဟိုလဲ"

"ဟိုဟာလေ... ဟို. ထင်းတဲထဲမှာ"

"ဟင်..."

ကိုရေအေး ရင်မှာထိတ်သွားသည်။

"ထင်းတဲထဲမှာလေ"

ခိုင်ထွေးစိန် သိသွားပြီ။

"ရှူး... တိုးတိုးပြောစမ်းပါဟ"

ကိုရေအေး စိတ်မလုံ။

"ဘယ်က ရောက်လာတာလဲဟင်"

"နင် ဘာလို့သွားကြည့်တာလဲ'

"သိဘူးလေ၊ ထင်းသွားယူရင်း ထင်းပုံကြီးကြည့်ရတာ တစ်မျိုးဖြစ်နေပါတယ်ဆိုပြီး လျှောက်ကြည့်မိတာပါ"

အမှန်တော့ ကိုရေအေး မူပျက်နေသည်ကို ခိုင်ထွေးစိန် အရိပ်အကဲဖမ်းမိသည်။ သူ့အစ်ကို ထင်းတဲနားမှာ ပျောက်သွားသည်ကို မသင်္ကာ၊ ထို့ကြောင့် အလစ်မှာ ထင်းတဲကို တမင်ဝင်ရှာခြင်းဖြစ်သည်။

"အဲဒါ ဘယ်သူလဲဟင်"

"ဒုက္ခရောက်နေတာတွေ့လို့ ငါ သယ်လာတာ၊ ဘယ်သူလဲဆိုတာ နောက်မှ ရှင်းပြမယ်၊ ဒါပေမယ့် လောလောဆယ်တော့ နင် ဘယ်သူ့မှ မပြောရ ဘူးနော်"

"မပြောပါဘူး"

"ပြောရင်တော့ ပြဿနာ အကြီးအကျယ်တက်လိမ့်မယ်"

"မပြောပါဘူးဆို စိတ်ချစမ်းပါ'

ခိုင်ထွေးစိန် ထွက်သွားသည်။ စိတ်ချစမ်းပါဆိုသည်က ပို၍ စိတ်မချစရာကောင်းသည်။ ခိုင်ထွေးစိန်မှာ ဘယ်သောအခါမျှ နှုတ်လုံသူမဟုတ်၊ မပြောပါနှင့်ဟုပိတ်လေ၊ ပိုပြောချင်လေ၊ တစ်အိမ်လုံး တိုးတိုးတိတ်တိတ် ကြိတ်ကာလျှောက်ပြောတော့မည်မှာ သေချာသည်။

သူများပြော၍ အဖေ့နားကို ပေါက်သွားတာမျိုး မဖြစ်စေချင်၊ တစ်နေ့သောအခါ မလွဲမသွေ ဖွင့်ပြောရမည့်ကိစ္စ။ အဖေ့ကို ကိုယ်က ဦးအောင်ဖွင့်ပြောလိုက်တာကောင်းမည်။

အဖေ့ကိုပြောဖို့ ကိုရေအေး အိမ်ပေါ်တက်လာခဲ့သည်။

အိပ်ခန်းထဲမှာ သားအဖနှစ်ယောက်တည်း မတ်ဆုမိစံကိစ္စကို အစအဆုံး ရှင်းပြသည်။

သစ်ပတ်ချောင်းမှာတွေ့၍ ခေါ်လာပုံကအစ၊ ဆွမ်းချက်ရုံမှာ ကျွေးမွေး ဆေးတိုက်ပေးတာအလယ်၊ အိမ်သယ်လာတာအဆုံး အကုန်လုံးကို အတိုချုံးကာ ရှင်းပြလိုက်ပါသည်။

ဂရုတစိုက် နားထောင်နေသော ဦးလေးချစ်မှာ အံ့ဩပုံမရ။ စိတ်လှုပ်ရှားမှုလည်းမဖြစ်။ အေးအေးဆေးဆေးပင်။ အဖေ စိတ်မဆိုးလို့ တော်ပါသေးရဲ့ဟု တွေးရင်း ဆက်ပြောသည်။ ဦးလေးချစ်က မေးသည်။

"မင်း ဘယ်တုန်းက သယ်လာတာလဲ"

မနေ့ညက

"အခု ဘယ်မှာထားသလဲ"

"ထင်းတဲထဲမှာ"

"ဟင်..."

ဟင်ဟူသော ဦးလေးချစ်အသံက အတော်ကျယ်သွားသည်။ ဦးလေးချစ်က ကိုရေအေးမျက်နှာကို စူးစိုက်ကြည့်သည်။

ဦးလေးချစ် မျက်နှာထား တင်းသွားသည့်အတွက် ဆက်မပြောဘဲ ကိုရေအေး ငြိမ်နေသည်။

"ငါ့ကို အစက ဘာလို့မပြောတာလဲ"

"အချိန်မရတော့ဘူးအဖေ၊ ညကလည်း အဖေတို့အိပ်နေမှ နှိုးပြောဖို့ မကောင်းလို့၊ မနက်ကျတော့လည်း ဧည့်သည်တွေရောက်လာတော့ မပြောဖြစ်တာပါ"

ဦးလေးချစ်က စဉ်းစားနေသည်။ ပြီးမှ သက်ပြင်းတစ်ချက်ချသည်။

"မင်းဟာမင်း ဂျပန်မပဲခေါ်လာလာ၊ ဂျပန်စစ်တပ်ကြီး တစ်တပ်လုံးပဲ ခေါ်လာလာ အကြောင်းမဟုတ်ပါဘူး၊ ငါ ကြည့်လုပ်မှာပေါ့၊ ဆေးကုတန်ကုပေး၊ ထမင်းကျွေးတန်ကျွေးပေါ့၊ ဒါပေမယ့် ဘယ်မှာထားရမယ်ဆိုတာတော့ ငါ့ကို မေးဖို့ကောင်းတယ်၊ မင်းဟာမင်း စွတ်လုပ်တာပဲ"

ကိုရေအေး ဘာမှပြန်မပြောနိုင်။

"ပြီးတော့ မနေ့တည်းက ငါ သိရရင်လည်းကောင်းသား၊ ကံသာတို့ ရောက်ရောက်ချင်း ဖွင့်ပြောလိုက်ရင် ပြီးတာပဲ၊ အခုမှ သိရတာဆိုတော့ မင်း ဝှက်ထားတာကို သူတို့ စဉ်းစားစရာဖြစ်သွားမှာပေါ့"

"အဖေက သူတို့လက်အပ်လိုက်ရင် သူတို့ ဖမ်းမှာပေါ့'

"အရောက်ရောက်ပေါ့ကွာ"

"အခုတော့ သူ သိပ်ဖျားနေတယ်အဖေ၊ ခြေထောက်အနာကလည်း ဆိုးနေတယ်၊ ဒါကြောင့် ဆေးလေး ဘာလေး ကုပေးဦးမလားလို့ နောက်မှ...

'အေးလေ… မင်းသဘောပဲ”

ကိုရေအေး ငိုင်ကျန်ရစ်ခဲ့သည်။ ဂျပန်မလေး သယ်လာတာကို အပြစ်မပြော၊ ထင်းတဲထဲမှာ ထားတာကို အပြစ်ပြောချင်သည်။ ရှင်းပြတုန်းက ငြိမ်နားထောင်နေခဲ့ရာမှ ထင်းတဲထဲမှာ ထားတယ်ဟု ပြောလိုက်သောအခါမှ အဖေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို သတိထားလိုက်မိသည်။

ဘာဖြစ်လို့ပါလိမ့်။

ညကျတော့ မတ်ဆုမိစံ အိပ်မပျော်ဘဲ မျက်စိကြောင်နေသည်။ တိတ်ဆိတ်နေသော အချိန်မှာ ဆွဲဆွဲငင်ငင်အူသော ခွေးအူသံကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေသည်။ ဒီလိုနေရာ၊ ဒီလိုအချိန်မျိုးမှာ ခွေးအူသံ အမင်္ဂလာကို မတ်ဆုမိစံ ကြောက်သည်။

မှောင်မိုက်ခြင်း၊ ကျဉ်းမြောင်းခြင်း၊ မွန်းကျပ်ခြင်း၊ အထီးကျန်ခြင်းနှင့် အားငယ်ခြင်းများက တစ်ပြိုင်နက်တည်း ဖိစီးနေကြသည်။

ထင်းပတ်လည် ကာရံထားသော နေရာလေးမှာ ရေးကံကြမ္မာ ဘယ်လိုဖန်လာဦးမည်မသိ။ လောလောဆယ် ကယ်တင်ထားသည့် မြန်မာ ယောကျ်ားက အကြင်နာတရားတော့ ရှိပုံရသည်။ သို့သော် ဘာရည်ရွယ်ချက်နှင့် ကယ်ခဲ့ပါသနည်း။ မိမိမှာ မိန်းမသား၊ သူတစ်ပါးလက်မှာ ပြုသမျှနုရမည့်အခြေ။

အိပ်မပျော်တိုင်း တွေးချင်ရာတွေးကာ စိတ်ကဂနာမငြိမ်။ စဉ်းစားနေစဉ်မှာပင် တဲအပြင်မှ လူသံတွေကြားရသည်။ တဲဆီသို့လာနေကြသော ယောကျ်ား သံများဖြစ်သည်။ အချိန်မတော်ကြီးမှာ ဘယ်သူတွေပါလိမ့်။

မီးခွက်ကိုကိုင်ပြီး ဝင်လာသော ယောကျ်ားတစ်ယောက်ကို သူတွေ့ရသည်။ ဝင်လာသူ၏ မျက်နှာကို သေသေချာချာကြည့်သည်။ သူ့ကို ကယ်လာသူမဟုတ်။ ဒီလိုအချိန်မတော်ကြီးမှာ ဝင်လာသည်က ဘာမှန်းမသိ၍ စိုးရိမ်ပူပန်စိတ်များက ရင်ထဲမှာ ကြီးထွားလာသည်။

မီးခွက်ကိုင်ထားသူက အနားကပ်လာသည်။ မတ်ဆုမိစံက အိပ်ရာပေါ်က ပက်လက်ရှိရာမှ ဆက်မနေရဲတော့သဖြင့် အတင်းအားယူ လက်ထောက်ပြီး ထထိုင်သည်။

အပေါက်ဝမှာ ကိုရေအေး ဝင်လာသည်။ ကိုရေအေးကိုမြင်မှ မတ်ဆုမိစံ အတန်ငယ် စိတ်အေးသွားသည်။

“သူ ဖျားနေတုန်းပဲလား”

"ဟုတ်တယ် အဖေ"

"ခြေထောက်က ဒဏ်ရာဆိုတာကရော"

"ဒါလည်း မသက်သာသေးပါဘူး အဖေရယ်"

ဦးလေးချစ်နှင့် ကိုရေအေးတို့ ပြောနေကြသည့် မြန်မာစကားကို မတ်ဆုမိစံ မသိ။ သို့သော် သေသေချာချာ အာရုံစိုက်နားထောင်၍ အဖေဆိုသည့် စကားတစ်လုံးကိုတော့ သူ နားလည်သည်။ မီးခွက်နှင့် ရှေ့ကဝင်လာသူမှာ မိမိကို ကယ်တင်လာခဲ့သူ၏ ဖခင်ဖြစ်ကြောင်း မတ်ဆုမိစံ သဘောပေါက်သွားသည်။

မတ်ဆုမိစံ၏ စိုးရိမ်စိတ်များ လျော့ကျသွားသည်။

ကိုရေအေးက မတ်ဆုမိစံ ခြေထောက်ပေါ်မှ စောင်ကို ဆွဲမပြီး ဦးလေး ချစ်ကိုပြသည်။ ဦးလေးချစ်က မီးခွက်ကို ရှေ့တိုးပြီး မတ်ဆုမိစံ၏ အဝတ်စည်း ထားသော ခြေထောက်ကအနာကို ကြည့်သည်။

သူတို့သားအဖ ဆက်ပြီး တိုင်ပင်နေကြသည်မှာ သူ့ခြေထောက်က ဒဏ်ရာအကြောင်းသာ ဖြစ်လိမ့်မည်ဟု မတ်ဆုမိစံ စဉ်းစားနားလည်မိပါသည်။

ဦးလေးချစ်နှင့် ကိုရေအေးတို့ တဲထဲမှ ပြန်ထွက်သွားကြသည်။ မတ်ဆုမိစံ တစ်ယောက်တည်း မှောင်နှင့်မည်းမည်းမှာ ကျန်ရစ်ခဲ့လေသည်။

■

အခန်း (၁၅)

ဒီလမ်းကို ငယ်ငယ်တည်းက ကိုရေအေး သွားနေကျ။

တကယ်တော့ ရွှေလက်ပံရွာနှင့် ကညွတ်ကွင်းမြို့ဆိုသည်က ဘာမှဝေးလှသည်မဟုတ်။ အခုလိုရက်မျိုးမှာ ကိုရေအေး အိမ်ကမခွာချင်။ မလွှဲသာလို့ ထွက်ရပြန်တော့ နောက်ဆံတင်ငင်။

ယခုလည်း နောက်ပိုင်းကို စိတ်မချသောကြောင့် အမြန်ဆုံး ရောက်အောင် ကြိုးစားပြီးလျှောက်သည်။ အိမ်မှာရောက်နေသည့် ဧည့်သည် တွေထဲက သခင်အေးမောင် ဖျားနေသည်။ ကညွတ်ကွင်းမှာ တိုင်းရင်း သမားတော်ကြီး ဆရာမှီရှိသည်။ ဆရာမှီက သူတို့မိသားစု လက်စွဲဆရာကြီး ဖြစ်သည်။ ဦးလေးချစ်နှင့် လည်းခင်သည်။ ထို့ကြောင့် ပင့်လာခဲ့ရန် ဦးလေးချစ်က ကိုရေအေးကို လွှတ်သည်။

ဦးလေးချစ် ထုတ်မပြောသော်လည်း ဆရာရောက်လာလျှင် သခင်အေးမောင်ကိုသာမက မတ်ဆုမိစံကိုပါ တိုးတိုးတိတ်တိတ် ကုစေလိမ့်မည်ဟု ကိုရေအေး သိသည်။ ဆရာနှင့် တွေ့ပါ့မလားဟု လမ်းသွားရင်း ကိုရေအေး စိတ်ပူသည်။ အရင်တစ်ခါ အမေဖျား၍ လာပင့်ခဲ့စဉ်က ဆရာမှီမရှိ။ ရန်ကုန်သွားနေသည်။ စိန်မဟာသဘင်မှ လာပင့်သွားခြင်းဖြစ်သည်။ ဆရာမှီမှာ ဇာတ်မင်းသားကြီး ဂရိတ်ဦးဖိုးစိန်ကြီး၏ လက်သုံးသမားတစ်ဆူဖြစ်သည်။

ဒီတစ်ခါတော့ ကိုရေအေး ကံကောင်းသွားသည်။ ဆရာမှီကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့သည်။ ကောက်ကာငင်ကာ ထလိုက်လာသည်။ ရွာအပြန်ခရီးမှာမြန်မြန်ပြန်ရောက်ချင်သည်။ သို့သော် မိုးတွင်းကန်သင်းရိုးမှာ ခရီးမတွင်။ လှည်းလမ်းမပေါက်၊ ကုန်းကြောင်းလျှောက်ရသည်က ဗွက်ထဲမှာ ချော်မလဲအောင် မနည်းထိန်းရသည်။ ဆရာမှီ ပါလာပြီး လူကြီးဆိုတော့ ခြေလှမ်းကမသွက်။ ကိုရေအေးက စောင့်ခေါ်ရသည်။

ရွှေလက်ပံရွာထဲ ဝင်လိုက်တော့ ထူးခြားနေသည်။

လူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ ဘာဖြစ်ပါလိမ့်။

အိမ်ဘက်သို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ အိမ်ရှေ့မှာ လူတွေ ရုံးစုရုံးစုဖြစ်နေသည်။

လူစိမ်းတွေ၊ သေနတ်တွေနှင့်။

ပြဿနာတော့တက်ပြီ။ ကိုရေအေး စိတ်ပူသွားသည်။ ဂျပန်မလေးရှိနေ

သည်ကို ဘယ်လိုလုပ်ပြီး သိသွားကြပါလိမ့်။ ဒေါ်လုံးနှင့် မောင်မြတို့ သားအမိစနက်ပေလား။ အိမ်ဆီသို့ မြန်မြန်လှမ်းသည်။ ဆရာမှီကို စောင့်ခေါ်ဖို့ပင်သတိမရတော့-

"ဒိုင်း... ဒိုင်း"

ခြံဝင်းထဲက သေနတ်သံတွေ ကြားရသည်။

ဘယ်သူတွေ ဘာကိုပစ်နေကြပါလိမ့်။ ဂျပန်မလေးကိုများ ပစ်သတ်လိုက်ကြပြီလား။ ဘုရား... ဘုရား။ စိုးရိမ်ပူပန်စိတ်တို့က ထိပ်ဆုံးသို့ရောက်လာသည်။

"ဒိုင်း... ဒိုင်း"

"အုန်း ..."

"ဟေး... ဝေးဟေးဟေး"

အုန်းခနဲ မြေကြီးပေါ် ပစ်ကျသံနှင့်အတူ လူစုလူဝေး ညာသံပေးကာ ဟစ်ကြွေးလိုက်ကြသံတို့ကို ကြားရသည်။ သူ ခြံထဲသို့ လှမ်းဝင်လိုက်သည်။ လက်နက်ကိုင်လူတစ်စုကို ရွာခံကာလသားအချို့နှင့်အတူ တွေ့ရသည်။

သေနတ်ပြောင်းဝတစ်ခုက ခြံဝမှဝင်လာသော ကိုရေအေး ရင်ဝတည့်တည့်သို့ ထိုးချိန်လိုက်သည်။

"ရပ် မလှုပ်နဲ့"

ကျယ်လောင်သော အမိန့်ပေးသံကြောင့် ကိုရေအေး ခြေလှမ်းတွေ ချက်ချင်းရပ်သွားသည်။ ဆက်မလျှောက်ဝံ့။းဝပို

ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်ကျသွားသည်။

အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်လျက်။ သေနတ်ပြောင်းဝက ကိုရေအေး နှလုံးသားကို အတိအကျ ချိန်ထားသည်။ သေနတ်မောင်းကို တင်လိုက်သည်။

"လက်မြှောက်"

ကိုရေအေးက လက်ကို ဖြည်းဖြည်းမြှောက်တင်လိုက်ရ၏။

"ဟဲ့... မလုပ်နဲ့၊ ဒီလိုမလုပ်နဲ့"

ရုတ်တရက် အိမ်ပေါ်က အော်သံထွက်လာသည်။ သို့သော် သေနတ်

ပြောင်းဝက မရွှေ့။

"ဟား... ဟား... ဟား"

သေနတ်ချိန်ထားသူက သဘောကျစွာ ရယ်နေသည်။ ဘေးကလူတွေက ပွဲတစ်ခုပမာ ဝိုင်းကြည့်နေကြသည်။

သေနတ်နှင့်လူမှာ အင်္ဂလိပ် စစ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထား၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့် ပါးမြိုင်းမွေးတွေက ထူထဲနေသည်။

"ဟဲ့... ဩော်၊ ဒီလိုမလုပ်နဲ့ဆို... ဒီကောင်လေး"

အော်ဟစ်ဆိုရင်း ဒေါ်နှင်းမြိုင်က အိမ်ထဲက အပြေးထွက်လာသည်။ ခိုင်ထွေးစိန်က အမေ့နောက်မှ ကပ်ပါလာသည်။ ဒေါ်နှင်းမြိုင်က သေနတ်ကြီး ကို ဝင်ဆွဲရင်း......

"မတော်တဆ ကျည်ဆန်ထွက်သွားရင် ဘယ်နှယ့်လုပ်မလဲ"

" ကျည်ဆန် မရှိတော့ပါဘူး အမေရ၊ ဘာမှမဖြစ်ပါဘူး"

အသံကြားမှ ဘယ်သူဆိုတာကို ကိုရေအေး သိလိုက်သည်။

"ဟာ... လှခိုင်"

"ကိုကြီး"

လှခိုင်က ဦးထုပ်ချွတ်ပြီး ဆီးကြိုသည်။ ခုမှ သူ့ရုပ်ပေါ်လာသည်။ ကိုရေအေးက သူ့ထံ လျင်မြန်စွာလျှောက်သွားသည်။ လှခိုင်က သေနတ်ကို ပခုံးမှာလွယ်လိုက်သည်။

"ညီလေး နေကောင်းတယ်နော်"

"ဒေါင်ဒေါင်မြည်ပဲဗျ၊ ကျွန်တော် စလိုက်တာ ကိုကြီး တော်တော်လန့် သွားလား"

"အေးကွာ၊ မင်းပုံစံကြီးကလည်း ငါတောင် မမှတ်မိဘူး"

"ကိုကြီးမပြောနဲ့၊ အမေတို့တောင် မြင်မြင်ချင်းတုန်းက ကျွန်တော် ဟုတ်မှဟုတ်ပါ့မလားလို့တဲ့"

"မင်း ခုန ဘာတွေပစ်နေတာလဲ"

"ဟိုမှာလေ"

ကိုရေအေးက ညီတော်မောင် ညွှန်ပြရာသို့ ကြည့်လိုက်သည်။ မြေပြင်မှာ ကျနေသော အုန်းသီးများကို တွေ့ရသည်။ ခိုင်ထွေးစိန်က အဲဒါတွေ အစ်ကိုလေးပစ်ချတာပေါ့ဟု အားရဝမ်းသာပြောသည်။ ကျွန်တော်တို့တပ်မှာ ကျွန်တော်က လက်အဖြောင့်ဆုံး ကိုကြီးရဟု လှခိုင်က ဝင့်ကြွားသည်။

"မင်း ဘယ်တုန်းက ရောက်နေတာလဲ"

"ခုမနက်ပဲ၊ ကိုကြီးက ဘယ်ကပြန်လာတာလဲ"

"ကညွတ်ကွင်းသွားတာ၊ ဆရာသွားပင့်တာ"

လှခိုင် မေးမှ သတိရသည်။ ကိုရေအေး နောက်လှည့်ကြည့်မိသည်။ ဆရာမှီ ရပ်စောင့်နေသည်။

"ဆရာ အိမ်ပေါ်ကိုကြွပါ"

ကိုရေအေးက ဆရာ့ကို အိမ်ပေါ်ခေါ်သည်။ လှခိုင်တို့လူသိုက်ပါ အိမ်ထဲဝင်လိုက်ကြသည်။

ဦးလေးချစ်က ဆရာမှီကို သခင်အေးမောင်အား ဆေးကုဖို့ အပေါ်ထပ် သို့ ခေါ်သွားသည်။ မိသားစုနှင့် ရွာခံများက အိမ်အောက်မှာပဲ စကားဝိုင်းဖွဲ့သည်။

"မင်း နည်းနည်းပိန်သွားတယ်"

"ဒီလောက်တော့ ရှိမှာပေါ့ ကိုကြီးရာ"

"အသားတွေလည်း မည်းသွားတယ်"

"အစကမှ မဖြူတာ ကိုကြီးရာ"

အားလုံး ဝိုင်းရယ်ကြသည်။

"သမီးရေ... အေးလှ၊ နင့်မောင်နဲ့ ရဲဘော်တွေအိပ်ဖို့ နေဖို့နေရာလေး လုပ်ပါဦး"

"နေပါစေ အမေ၊ ကျွန်တော်တို့ ညမအိပ်ဘူး"

"ဟင်... အမေက လူလေး အပြီးပြန်လာတယ်မှတ်လို့"

"ဘယ်ဟုတ်မလဲ အမေရ၊ ကျွန်တော်တို့ တော်လှန်ရေးကြီးကမှ မပြီး

သေးတာ၊ ဒီဂျပန်ငပုတွေကို အပြတ်ရှင်းရဦးမှာ”

ဦးလေးချစ်က အိမ်ပေါ်ထပ်မှ ဆင်းလာပြီး စကားဝိုင်းထဲဝင်သည်။

“တို့တစ်တိုင်းပြည်လုံး လွတ်လပ်ရေးရတဲ့အထိအောင် ဆက်တိုက်ရ ဦးမှာပေါ့ မနှင်းမြိုင်ရဲ့”

“ကျွန်တော်တို့က လမ်းသင့်နေတာနဲ့ ရွာကို ခဏဝင်လာတာ၊ ကြုံတုန်း အမေတို့ အဖေတို့ကိုလည်း တွေ့ချင်လို့၊ ပြီးတော့...”

“ဒါဖြင့် လူလေး ဘယ်တော့သွားမှာလဲ”

“ကျွန်တော် ဒီနေ့ နေ့လယ်ကို ခရီးဆက်ရမှာ အမေ”

“နေစမ်းပါဦး မနှင်းမြိုင်ရယ်၊ လူလေး စကားမဆုံးသေးဘူး၊ မင်းက ဖြတ်မေးတာပဲ၊ ဒါနဲ့ လူလေး ခုပြောတာ ပြီးတော့ ဆိုတာလေ၊ ပြီးတော့ ဘာဖြစ်သလဲ”

“ပြီးတော့ ဒီလိုလေ အဖေရာ၊ ကျွန်တော်တို့က ခားပြကိစ္စ လိုက်ရဦးမယ်”

“ဟေ... ခားပြကိစ္စ၊ ဟုတ်လား”

သူကြီးဦးထွန်းလူ စိတ်ဝင်စားသွားသည်။

“ဘယ်လိုတဲ့လဲ... သူငယ်ချင်း”

ကာလသားခေါင်း ရွှေမောင်က ရှေ့တိုးပြီးမေးသည်။

“အဲဒါပြောပြမယ်၊ အားလုံး နှုတ်တော့လုံကြပါစေနော်”

“စိတ်ချစမ်းပါကွာ”

မြမောင်က ရဲရဲအာမခံသည်။

“ဒီလို... ဒီလို၊ ဂျပန်တော်လှန်ရေး လုပ်တော့မယ်လို့ ပြင်ကြဆင်ကြ တုန်းက ကျွန်တော်တို့ ဗိုလ်ကြီးက သေနတ်အချို့ ရှာလို့ရလာတယ်၊ အဲဒါတွေကို သပြေကန်သင်္ချိုင်းက အုတ်ဂူထဲမှာ ဝှက်ထားခဲ့တယ်၊ ဒါပေမယ့် ဘယ်လိုက ဘယ်လို လူသိသွားတယ်မသိဘူး၊ ဖော်ယူသွားကြတယ်”

“ဟောဗျာ”

“ဒီမအေပေးတွေက အဲဒီသေနတ်တွေယူပြီးတော့ ဂျပန်ကိုတော့ ပြန်မချ

ဘူး၊ ရွာစဉ်လှျှောက် ခေးပြတိုက်တော့တာပဲ”

“ဟင်… ဒါဖြင့် တို့ရွာမှာ ဝင်တိုက်သွားတာလည်း ဒီကောင်တွေပဲလား မသိဘူး”

“သိပ်ဖြစ်နိုင်တာပေါ့”

“ခေတ်သိထဲကပဲဖြစ်မယ်”

“ဘယ်သူတွေဆိုတာ သတင်းရပြီးပါပြီ”

“ဘယ်သူတွေတုံး လူလေး”

“ကျော်သောင်းတို့အုပ်စုပေါ့ အဖေရာ'

“ကွမ်းရိုးစင်းရွာက ကျွန်းပြန်ကျော်သောင်းလား”

ရွှေမောင်းက ဝင်မေးသည်။

“ဟုတ်တယ်ကွ၊ ထောင်ဖောက်ပြေးလာတဲ့ကောင်”

မြမောင်က လက်ဖျောက်တစ်ချက်တီးလိုက်ပြီး

“အဲ… ကျွန်တော် အစတည်းက စဉ်းစားနေတာ၊ ဒီကောင်တွေ လက်ချက်ပဲ ဖြစ်ရမယ်လို့”

အားလုံးက မြမောင်ကို စိတ်ပျက်စွာကြည့်လိုက်ကြသည်။

“ဒါဖြင့် မင်း ဘာဖြစ်လို့ အစတည်းက ငါတို့ကို မပြောလဲ”

“ဒါကတော့ ဦးလေးချစ်ရာ သေမှမသေချာသေးတာ၊ အခု လှခိုင်ပြောမှ သေချာသွားတာကိုး”

လှခိုင်ကမူ ဒီသူငယ်ချင်းအကြောင်း ငယ်ကပေါင်းလာသူမို့ ကောင်းကောင်းကြီး သိပြီးဖြစ်သဖြင့် ဘာမှဆက်မပြောဘဲ တစ်ချက်ပြုံး၍ မြမောင်ကို လှည့်ကြည့်သည်။ ပြီးမှ စကားဆက်သည်။

“အဲဒီနောက်ကို ကျွန်တော်တို့ လိုက်ရဦးမယ်”

“မြမောင် မင်း လိုက်သွားပါလားကွာ၊ ငါ့နှစ်လုံးပြူး ပေးလိုက်မယ်”

သူကြီးဦးထွန်းလူက မဲ့ပြီးပြောလိုက်သည်။

“ ဟာ… သူကြီးရယ် အိမ်မှာ အမေတစ်ယောက်တည်း မဖြစ်ပါဘူး”

“ကျွန်တော့်ဗိုလ်ကြီးတို့ တပ်စုတွေတော့ ဒီကောင်တွေ ပုန်းနေတဲ့နေရာကို သွားကြပြီ၊ ကျွန်တော်က ဒီကိုဝင်ချင်လို့ ခွင့်တောင်းပြီး ခဏလေးဝင်လာတာ၊ အခု အဲဒါ အမီလိုက်ရမယ်”

“ရိုင်းလိုက်တဲ့ကောင်တွေကွာ၊ တစ်တိုင်းပြည်လုံး လွတ်လပ်ရေးရဖို့ ရှာထားတဲ့ လက်နက်တွေကိုခိုးပြီး လူတွေကို ပြန်နှိပ်စက်တဲ့ကောင်တွေ၊ ဆိုးဝါးလိုက်တာ”

ဦးလေးချစ်က ညည်းသည်။

“လူတွေ စစ်ကြောင့် ဒီလောက်ဒုက္ခရောက်နေရတဲ့အထဲမှာ ဒီကောင်တွေက လူသတ်၊ ဓားပြတိုက်နဲ့ ဟင်း… မိရင်တော့လားကွာ၊ တောက်”

သူကြီးက ဒေါပွနေသည်။

“ဦးလေးစိတ်ချ၊ မမိမှာတော့မပူနဲ့၊ မိလာရင် သက်သေ အထောက်အထားတွေနဲ့ သေသေချာချာစစ်မှာ”

လှခိုင် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။ နဂိုကမူ လူကြမ်း စိတ်ကြမ်းကလေး လှခိုင်။ ခုတော့ သေနတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားသည်။ မြန်မာ့ရန်သူတွေကို သုတ်သင်နိုင်ပြီဆိုတော့ ကိုယ်တွင်းမှာ အင်အားတွေက ဆထက်ထမ်းပိုး တိုးလာသည်။

ထမင်းစားပြီး နေ့လယ် မွန်းတည့်ချိန်မှာ လှခိုင်နှင့် ရဲဘော်များ ခရီး ဆက်ကာ ထွက်ခွာသွားကြသည်။

■

နေ့ချင်းပြန်မည်ဟု ဆရာမှီကပြောသည်။ တစ်ညလောက် အိပ်သွားပါဦး ဟု ဦးလေးချစ်က တိုက်တွန်းသည်။ သခင်အေးမောင်အတွက် ဆေးဝါးအပြည့် အစုံ ပေးခဲ့သည်။ ဒေါ်လေးမြချစ် အတွက်လည်း ဆေးတွေ ပေးခဲ့သည်။ ညအိပ်ဖို့ မလိုတော့ပါ ဆရာမှီက ပြန်ရှင်းပြသည်။ ဘာပဲဖြစ်ဖြစ် ဒီတစ်ညတော့ ဒီမှာပဲ အိပ်ပါဟု ဦးလေးချစ်က မနည်းတောင်းပန်မှ ဆရာမှီ အိပ်ဖြစ်သည်။

ထင်းတဲမှာ ဝှက်ထားသည့် လူနာကို ကြည့်ပေးဖို့ ဦးလေးချစ်က ဆရာမှီကို အိပ်ရာဝင်ခါနီးမှ ပြောသည်။ သခင်ကံသာတို့ အိပ်ကုန်ကြတော့မှ ဦးလေးချစ်တို့ သားအဖက ဆရာမှီကို ထင်းတဲသို့ ခေါ်လာသည်။

ဆရာမှီက ဂျပန်စကားမတတ်။ မတ်ဆုမိစံကလည်း မြန်မာစကား တစ်လုံးတလေသာတတ်သည်။ ထို့ကြောင့် မေးဖို့ ဖြေဖို့ခက်သော်လည်း ဝါရင့် တိုင်းရင်းသမားတော်ကြီးတစ်ဦးအနေနှင့် လူရိပ်လူကဲ ကြန်အင်လက္ခဏာ စစ်ဆေး စမ်းသပ်ရုံနှင့် ဝေဒနာကို အသေအချာသိသည်။ ခြေထောက်ကအနာ ဖန်ရေဆေး ပုံ၊ ဆေးထည့်ပုံ၊ အဝတ်စည်းပုံများကို ဆရာမှီက ကိုရေအေးအား လက်တွေ့ပြ သည်။ အားလုံးပြီးချိန်မှာ ခိုင်ထွေးစိန် လှစ်ခနဲ ဝင်လာသည်။

“ဟဲ့… ဘာလာလုပ်တာလဲ”

“လာကြည့်တာပေါ့”

“ဒါ နင့်အလုပ်လား”

“အောင်မယ်၊ ထွေးစိန် အလုပ် ဟုတ်လား မဟုတ်လားဆိုတာ သူ့အဝတ် အစားတွေလည်း ကြည့်ပါဦး”

မှုန်တိမှုန်မွှား မီးရောင် အားနည်းသဖြင့် စောစောက ဂရုမပြုမိခဲ့။ အခု သေသေချာချာကြည့်မှ အံ့သြသွားသည်။ မတ်ဆုမိစံ ကိုယ်ပေါ်မှာ ခိုင်ထွေးစိန် အင်္ကျီလုံချည်များ။

“နင် ဘယ်တုန်းက လာလဲပေးထားတာလဲ'

ခိုင်ထွေးစိန်က မပြောဘဲ မတ်ဆုမိစံကို ပြုံး၍ လှမ်းကြည့်သည်။ မတ်ဆုမိစံက ခိုင်ထွေးစိန်ကို အပြုံးဖြင့် ပြန်ကြည့်သည်။

မတ်ဆုမိစံ အပြုံးကို ကိုရေအေး ပထမဆုံးအကြိမ် မြင်ရခြင်းဖြစ်၏။ အိမ်မှာ လူတွေ ဒီလောက်ရှုပ်နေသည့်ကြားက ဒီကလေးမ ဘယ်အချိန်ကများ ဒီအထဲဝင်ပြီး လဲပေးလိုက်ပါလိမ့်။ ခုတော့ သူတို့ မိန်းကလေးချင်း မဟာမိတ် ဖြစ်နေကြပြီ။

ဒီနေရာက အနံ့အသက်မကောင်း၊ လေဝင်လေထွက်မရှိ၊ အလင်းရောင် လည်းမရ၊ မြေကြီးနှင့်ကပ်၍ အစိုဓာတ်ရှိသည်။ လူနာကို ဒီနေရာ မထားဖို့ ဆရာမှီကပြောသည်။

သူတို့ ထင်းတဲထဲက ပြန်ထွက်လာခဲ့ကြသည်။ ဆရာမှီ အိပ်ရာထဲဝင်တော့ ဦးလေးချစ်က ကိုရေအေးကို ပြောသည်။

“မနက်ဖြန် အိမ်ပေါ် ရွှေ့မယ်'

“ဘယ်နေရာမှာ ထားမလဲ အဖေ”

"ဗိုလ်အုန်းညွှန့် နေသွားတဲ့အခန်းပေါ့ကွာ"

"ကောင်းပါတယ်အဖေ၊ ကောင်းတယ်'

အသင့်တော်ဆုံးနေရာဖြစ်သည်။

အပေါ်ထပ် အတွင်းဘက် ထောင့်ဆုံးရှိ အခန်းမြှောင်ကလေးဖြစ်သည်။

အိမ်ပေါ်ထပ်မှာ အိမ်ရှေ့ခြမ်းတွင် ဘုရားခန်းနှင့် ဧည့်ခန်းကျယ်ကြီးရှိသည်။ နောက်ဘက်ခြမ်းမှာမူ ခေါင်းရင်းပိုင်းနှင့် ခြေရင်းပိုင်း အလယ်မှာ လူသွားစင်္ကြံရှိ၏။ ခေါင်းရင်းပိုင်း၌ ဦးလေးချစ်တို့အခန်း၊ ဒေါ်လေးမြချစ် အခန်းတို့ရှိသည်။

ခြေရင်းပိုင်း၌ ကိုရေအေးအခန်းနှင့် မအေးလှတို့ ညီအစ်မအခန်းရှိ၏။ သူတို့အခန်းပြီး နောက်အစွန်ဆုံးမှာ အခန်းကျဉ်းလေးတစ်ခန်း ရှိသေးသည်။

ထိုအခန်းလေးက ရှိမှန်းပင်မသိရ။ အခန်းကို အပြင်လူ မရောက်ဖူးကြ။ ရွာထဲကလူတွေကလည်း ဒီအိမ်လာလျှင် အပေါ်ထပ် သိပ်တက်လေ့မရှိ။ ဒီအခန်းလေးထဲမှာ ဘယ်သူမှမနေ။ အိမ်မှာမသုံးသည့် ပစ္စည်းပိုတွေထားသည်။ ဖက်ဆစ်တော်လှန်ရေးအတွက်တော့ တစ်ခါ သုံးဖူးသည်။ ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးက အိန္ဒိယရောက် မြန်မာ့မျိုးချစ်သားကောင်း မြန်မာ့တော်လှန်ရေး သမားများကို လေယာဉ်နှင့် တင်လာပြီး မြန်မာပြည်အနှံ့ တပ်ဖြန့်ကာ လေထီးနှင့်ချပေးသည်။ မဟာမိတ် တပ်ဖွဲ့ ၁၃၆ မှ အရာရှိအချို့နှင့် စစ်လက်နက်ပစ္စည်းများလည်း ပါသည်။

လေထီးနှင့် ဆင်းလာသူများကို တော်လှန်ရေး မစမီတွင် ဂျပန်ကင်ပေတိုင် လက်မှ လွတ်အောင် ဒေသခံရွာသားတွေက ဝှက်ထား ပေးကြရသည်။ ရွှေလက်ပံ ရွာအနီးတွင် ဗိုလ်အုန်းညွှန့်ဆိုသူ လေထီးနှင့် ဆင်းလာသည်။

ထုံးစံအတိုင်း ဒီရွာမှာ အကြောင်းကြီးငယ် ပေါ်လျှင် ဦးလေး ချစ်တို့အိမ်က တာဝန်ယူစမြဲ။ ဦးလေးချစ်တို့အိမ်က တော်လှန်ရေးကြီး အတွက် လှည်းလိုလျှင်လှည်း၊ လှေလိုလျှင်လှေ၊ ငွေလိုလျှင်ငွေ လက်မနှေးဘဲ ကူညီမြဲဖြစ်၏။ ငွေသာမက ဆန်၊ ဆီ၊ ဆားရေတ်၊ ကြက်သွန်ကအစ လိုအပ်သမျှ မြန်မာတပ်တွေ အတွက် လှူခဲ့သည်။

ရွာသို့ ဗိုလ်အုန်းညွှန့် ရောက်လာသောအခါ ဦးလေးချစ်အိမ်မှာပင် ခေါ်ထားပြီး လုံခြုံစွာ စခန်းတစ်ထောက်နားစေသည်။ ဒီအခန်းလေးထဲမှာထားသည်။ ယခုလည်း မတ်ဆုမိစံကို ဒီအခန်းလေးထဲမှာပဲ ထားမည်။ အခန်းက ကျဉ်းသော်လည်း ပြတင်းပေါက်ရှိသည်။ လေဝင်လေထွက်ကောင်းသည်။ အလင်း ရောင်ရသည်။ ထင်းတဲနှင့်တော့ တခြားစီ။

“အဖေ… ဦးလေးကံသာတို့ရှိတော့ ဘယ်လိုလုပ်မလဲ”

“ငါ ကြည့်ပြောပါ့မယ်၊ မင်း ပူမနေစမ်းပါနဲ့ ရေအေးရာ”

ပူမနေစမ်းပါနဲ့ဟူသော စကားနှင့်အတူ ဦးလေးချစ်က ကိုရေအေးကို ကြည့်သည်။ အကြည့် စူးစူးရဲရဲ ရှိသည်။

ကိုရေအေး မျက်နှာလွှဲနေသည်။ ဦးလေးချစ် နေရာမှ ထွက်သွားတော့ ကိုရေအေး တစ်ယောက် ရပ်လျက်ကျန်ခဲ့သည်။

ငါ တကယ်ပဲ ပူနေသလား၊ အပူလွန်နေသလား၊ ဘာဖြစ်လို့ပါလဲ။ မှောင်နှင့်မည်းမည်း မမြင်ရဘဲနှင့် ထင်းတဲဆီသို့ သူ လှမ်းကြည့်နေမိလေသည်။

■

အခန်း (၁၆)

မတ်ဆုမိစံ အပေါ်ထပ်က အခန်းလေးထဲရောက်သည်မှာ လေးရက်ရှိပြီ။

စစ်ဆုတ်ရာခရီးကန္တာတစ်လျှောက် ဒုက္ခရောက်ခဲ့ရသလောက် ယခုရောက်သည့် အခန်းလေးမှာ သူ့အတွက် သုခဘုံပင်။ အပြင်မှာ မိုးဘယ်လောက်ရွာရွာ ဒီအခန်းလေးထဲမှာ ခြောက်သွေ့သည်။ ပျဉ်ကာ၊ ပျဉ်ခင်း သန့်ရှင်းသည်။

မတ် ဆုမိစံက ထူထူထောင်ထောင် ဖြစ်လာပြီ။

ထင်းတဲထဲမှာသာ ဆက်နေရလျှင် အဖျားပျောက်ဖို့မလွယ်။ ဒီအခန်းလေးထဲကို ရွှေ့ပေးသော ကိုရေအေးကို သူ ကျေးဇူးတင်သည်။ ရွှေ့ပေးထားတာလေးတစ်ခု အတွက်သာ မဟုတ်ပါ။ သူ့အသက်ကို သေတွင်းထဲမှာ ဆွဲတင်ခဲ့သော ကျေးဇူးတရားက ကြီးမားပါဘိ။

ဆက်လက်ချီတက်သွားကြသောတပ်က အခုလောက်ရှိ မတ်ဆုမိစံ နာမည်ကို ကျဆုံးသူများစာရင်းမှာ သွင်းလောက်ပြီထင်၏။

အခုလို အိမ်ရှင်တွေက ဆေးကုပေး၊ အစာကျွေး၊ လိုလေသေးမရှိ ပြုစု ကြ၍ နေကောင်းလာလျှင် ဘာဆက်လုပ်ရပါမည်နည်း။ ဝေးသွားသော ဂျပန်တပ်ဖွဲ့သို့ ဘယ်လိုဆက်သွယ်ရပါ့။ ဘယ်ဆီရောက်နေကြပြီ ဟုလည်း မသိရ။ နေကောင်း လာသောအခါမှာရော ဒီအိမ်ထဲက၊ ဒီရွာထဲက ထွက်လို့ဖြစ်ပါ့မလား။

အပြင်ထွက်လျှင်တော့ ဗြိတိသျှတပ်က ဖမ်းမှာသေချာ၏။ ဒီလိုတော့ သို့ပန်းဘဝ အရောက်မခံချင်။ ဒါဖြင့် နေကောင်းလာလျှင် ဘာဆက်လုပ်မည်နည်း။ မတ်ဆုမိစံ ဘာလုပ်ရမှန်းမသိ။ ခရီးပန်းတိုင်ကို မှုန်ရီဝေဝါးမျှပင်မမြင်ရ။ ဒီအချိန်မှာ ဘယ်သူ့ကို အားကိုးရမှာလဲ။ ခုပတ်ဝန်းကျင်မှာ အိမ်သူ အိမ်သား၊ ရွာသူရွာသားတွေ အများအပြားရှိနေကြသည်ကို သိပါလျက် နေရထိုင် ရသည်က အထီးကျန်ဆန်လှသည်။ မတ်ဆုမိစံ တွေးရင်း အားငယ်လှသည်။ အခန်းဝရောက်မှ ကိုရေအေး ဝင်လာသည်။

ဆေးပုလင်း၊ ဆေးပန်းကန်လုံးနှင့် သောက်ရေခွက်တို့ကို ကိုင်လာသည်။ မအေးလှက နောက်မှာပါလာသည်။ မအေးလှက အငွေ့ တထောင်းထောင်းထနေသော ကြက်စွပ်ပြုတ် ပန်းကန်လုံးကြီးကို လက်သုတ်ပဝါခံပြီး ဂရုတစိုက် ကိုင်လာသည်။ စွပ်ပြုတ်နံ့ကလေးက သောက်ချင်စရာ မွှေးကြိုင်နေပါသည်။

ကိုရေအေးက နေ့စဉ် ဆေးတိုက်သည်။ ခြေထောက်ကအနာကို ဆေးထည့်ပေးသည်။ ဆရာမှီ ဆေးတွေကလည်း အစွမ်းထက်သည်။ မအေးလှက အိမ်၏ အိုးသူကြီးပီပီ မတ်ဆုမိစံအတွက် အစားအသောက် တာဝန်ယူသည်။ ခိုင်ထွေး စိန်က သူ့အဝတ်အစားတွေနှင့် နေ့စဉ်လဲပေးသည်။ ရေဖတ်တိုက်ပေးသည်။

ကိုရေအေးက ဆေးဝါးနှင့် ဂရုစိုက်၍ ညီအစ်မနှစ်ယောက်က စားရေး၊ ဝတ်ရေးနှင့် သန့်ရှင်းရေး ဂရုစိုက်ကာ သွေးသားရင်းပမာ ပြုစုကြသည်။ သူတို့ မောင်နှမသုံးယောက်နှင့် မတ်ဆုမိစံတို့ ခင်မင်နေကြပြီ။

မတ်ဆုမိစံ ကျန်းမာရေးက သိသိသာသာ ကောင်းမွန်တိုးတက်လာ သည်။ ဖြူလျော့ဖျော့တော့ခဲ့သော အသားအရေမှာ သွေးရောင်လျှမ်းလာသည်။ လျော့ရဲနေသော အသားဆိုင်များက ပြည့်တင်းလာကြသည်။ ပိန်လှီနေသော လက်မောင်းသားလေးတွေက ပုံမှန်ပြန်ဖြစ်လာသည်။ နားထင်၊ နားရင်းလေးများ ပြည့်ကာ နဂိုအလှ ပေါ်လွင်လာသည်။ ဒီနေ့ မတ်ဆုမိစံ မျက်နှာနည်းနည်း လန်းသည်။

မအေးလှက စွပ်ပြုတ်ပန်းကန်ကို မတ်ဆုမိစံ အိပ်ရာဘေးမှာ ချသည်။ မတ်ဆုမိစံက ဂျပန်အမျိုးသမီးတို့ ထိုင်နေကျပုံစံအတိုင်း ပုဆစ်တုပ်ထိုင်နေ ရာက ခါးကိုကိုင်းပြီး ညွတ်လိုက်သည်။

"အာရိဂတ်တော့ ဂိုဆိုင်း(အိ)မတ်(စ်)'

ဘာပြောသည်ကို ကိုရေအေးတို့ မောင်နှမ နားမလည်သဖြင့် မတ်ဆုမိစံ မျက်နှာကို စိုက်ကြည့်နေကြသည်။

"ချေးဇူးတင်ဘာတယ်"

မြန်မာလိုပြောသဖြင့် သူတို့မောင်နှမ သဘောကျသွားကြသည်။ မအေးလှက မေးသည်။

"နာမည် ဘယ်လိုခေါ်လဲ"

မတ်ဆုမိစံက မအေးလှကို ကြည့်မြဲကြည့်၍ ထပ်မေးသည်။

"နာမည် ဘယ်လိုခေါ်လဲလို့၊ နာမည်လေ နာမည်"

"နာမအေ့"

"ဟုတ်တယ်... နာမည်... နာမည်"

"နာမည်" ဆိုသော မြန်မာစကားကို ဂျပန်လို "နာမအေ့"ဟု ပြောရသဖြင့် အသံထွက်ချင်းက သိပ်မကွာလှသောကြောင့် နားလည်သည်။

"ချွန်မနာမရယ် မတ်ဆုမိ"

"မတ်ဆုမိ... ဟုတ်လား"

"ဟွတ်ကဲ့၊ မတ်ဆုမိ"

"မတ်ဆုမိ၊ မတ်ဆုမိ"

ကိုရေအေးက တတွတ်တွတ် ခေါ်ကြည့်သည်။

မအေးလှက-

"အစ်ကို့နာမည် ကိုရေအေး... ကိုရေအေးတဲ့"

"ခိုရီအေး... ခိုရီအေး"

"ခိုရီအေး မဟုတ်ဘူးလေ ကိုရေအေး"

မတ်ဆုမိစံရော မအေးလှပါ ရယ်ကြသည်။

"ခိုရေအေး"

မတ်ဆုမိစံက ထပ်ကြိုးစားသည်။

"ကိုရေအေးပါ . ဆို"

"ကိုရေအေး"

မတ်ဆုမိစံ အသံထွက်မှန်သွားသည်။

"ကျွန်မနာမည်က မအေးလှ"

မတ်ဆုမိစံက လိုက်ခေါ်ကြည့်သည်။

"မဲ့အေးရ'

"မဟုတ်ဘူးလေ၊ မအေးလှ... မအေးလှ"

'မဲ့အေးရ၊ မဲ့အေးရ'

ဂျပန်လူမျိုးတို့သည် မြန်မာစကားလုံး "လ"ကို လွယ်လွယ်နှင့် မှန်အောင်

အသံမထွက်တတ်ကြ။ ဟထိုးပါသော "လှ"ဆိုလျှင် ပို၍ပင် မခေါ်တတ်ကြ။

လှကို ရ (RA) ဟု ဖြစ်နေလေ့ရှိသည်။ မတ်ဆုမိစံက တစ်ယောက်စီကို လက်ညှိုးထိုးပြရင်း...

"ကိုရေအေး.... မာ့အေးရ... မတ်ဆုမိစံ"

နာမည်သုံးခုစလုံးကို ခေါ်သဖြင့် ဝမ်းသာအားရ ရယ်မောလိုက်ကြသည်။ မအေးလှက စွပ်ပြုတ်ပန်းကန်ကို ရှေ့ထိုးပေးရင်း။

"စွပ်ပြုတ်.. စွပ်ပြုတ်"

"ဆိုဗျို့"

မတ်ဆုမိစံက လိုက်ပြောသည်။ မြန်မာစကား အနည်းအပါး တတ်ထားသည်ဆိုသော်လည်း မတ်ဆုမိစံမှာ သိစရာ သင်ယူစရာတွေ အများကြီး လိုသေးသည်။ မအေးလှက သင်သည်။

"စွပ်ပြုတ်"

"ဆုပြုတ်"

မတ်ဆုမိစံက လိုက်ပြောသည်။

မအေးလှက ဇွန်းကို ကောက်ကိုင်ပြီး ကြက်သားတုံးလေးတစ်တုံး ဆယ်သည်။

"ကြက်သား"

"ကြ့်သား၊ ကြ့်သား"

"အဲ... ဟုတ်ပြီ၊ ဟုတ်ပြီ ဒီလိုသာ သင်လိုက်ရင် ခဏလေးတတ်မှာ"

မအေးလှ သဘောကျနေသည်။

"ကဲ... နောက်တစ်ခု သင်ပေးမယ်၊ ပန်းကန်လုံး"

"အေးလှ နေစမ်းပါဦး၊ တစ်ခုပြီးမှ နောက်တစ်ခုသင်ပါ၊ စောစောက ဟာပဲ ပြန်မေးပါဦး"

မအေးလှက စွပ်ပြုတ်ကိုပြ၍ မေးသည်။

"ဘာလဲ… ဒါဘာလဲ"

မတ်ဆုမိစံက ခဏတုံ့ဆိုင်းနေပြီးမှ-

"ကွတ်ပြုတ်"

"ဟောတော့… ကွတ်ပြုတ်တဲ့"

"ကြက်သားနဲ့ စွပ်ပြုတ် ရောပြီးပြောလိုက်တာ၊ ကွတ်ပြုတ်ဖြစ်သွားပြီ၊ ဟား… ဟား အမလေး မတ်ဆုမိရယ် ခင်ဗျား ကွတ်ပြုတ်တော့ မသောက်ချင်ပါနဲ့၊ တော်ကြာ မြွေပြုတ်တို့၊ တီကောင်ပြုတ်တို့ပါ ပြုတ်ခိုင်းနေမှ ဒုက္ခ ဟား… ဟား…"

"အခစ် … ခစ်၊ အစ်ကိုကလည်း ရွှံ့စရာတွေ"

သူတို့ မောင်နှမနှစ်ယောက် ပြောပြီးရယ်နေကြသည့် စကားများကို နားမလည်သော်လည်း မတ်ဆုမိစံပါ ရောနှောရယ်မောမိသည်။

အခန်းလေးထဲမှာ ရယ်သံတွေ စီစီလျံလျံက်။

သခင်အေးမောင်တို့ နိုင်ငံရေးညွှန့်သည်အုပ်စု ခရီးဆက်လက်ထွက်ခွာသွားကြသည်။ သခင်ကံသာ တစ်ယောက်တော့ ၎င်းတို့နှင့် ဆက်လိုက်မသွားသေးဘဲ ဦးလေးချစ်တို့အိမ်မှာ နေခဲ့သည်။

ဒီတော့မှ ဦးလေးချစ်က သခင်ကံသာကို နှစ်ယောက်ချင်းထိုင်ကာ မတ်ဆုမိအကြောင်း ပြောသည်။ ကိုရေအေး ကယ်လာပုံ၊ ဆေးကု၊ ကျွေးမွေး ဝှက်ထားပေးပုံ ဇာတ်စုံခင်းကာ အကြောင်းစုံရှင်းပြသည်။ သခင်ကံသာက စိတ်ဝင်စားစွာ နားထောင်သည်။

"ဒီအတွက် အပြစ်တွေ ဘာတွေ ဖြစ်လာနိုင်သလား"

"ဆိုးဆိုးဝါးဝါးတော့ ဖြစ်စရာမရှိပါဘူး အစ်ကို၊ အခုဟာက ရန်သူ အားပေးတာတို့၊ တော်လှန်ရေးကြီးကို နှောင့်ယှက်တာတို့မှ မဟုတ်ဘဲ၊ ဒုက္ခရောက်လာသူကို ခဏကူညီစောင့်ရှောက်တာပဲ၊ ဂျပန်စစ်ဗိုလ်တစ်ယောက်ကို မိလာတာမျိုးဆိုရင်တော့ တစ်မျိုးပေါ့လေ၊ စစ်တပ်ကို ချက်ချင်းသွားအပ်ရမှာပဲ၊ သူကတော့ မိန်းကလေးလည်းဖြစ်၊ သူနာပြုဆရာမလည်းဖြစ်၊ ဖျားကလည်း ဖျားနေဆိုတော့ ဒီလောက်တော့ အပြစ်မကြီးပါဘူး၊ ဒါပေမယ့် အချိန်တန်ရင် သွားအပ်ဖို့တော့ လိုလိမ့်မယ်"

"အေးပါ၊ ငါတို့ကလည်း ဆေးလေးကုပေး၊ အစားအစာလေးဝအောင် ကျွေးချင်လို့ ခဏဝှက်ပေးထားတာပါ၊ ဒါနဲ့ မင်းက ဒီမှာရှိနေဦးမှာမဟုတ်လား"

“ရှိမှာပါ၊ ကျွန်တော် မသွားသေးပါဘူး”

“အေးကွာ၊ မင်းရှိတော့ ပိုကောင်းတာပေါ့”

“ကျွန်တော် မရှိလည်း အစ်ကိုတို့ ဒီကိစ္စကို ပူစရာမလိုပါဘူး”

“တခြားလူဆိုရင်တော့ တစ်မျိုးဖြစ်ချင်ဖြစ်မယ်၊ အစ်ကိုတို့ကျတော့ တစ်နယ်လုံးက သိနေတာပဲ၊ ရပ်ရေး ရွာရေး၊ တော်လှန်ရေးအတွက် အစ်ကိုတို့ လုပ်ပေးခဲ့တာတွေက နည်းတာမှမဟုတ်တာ”

“ဟုတ်ပါတယ်လေ”

“ပတ်ဝန်းကျင်က ရိုက်ခတ်လာမယ့် ကိစ္စတွေကို အစ်ကို ဘာမှမပူနဲ့ ကျွန်တော် ပူတာက အပြင်လူမဟုတ်ဘူး၊ ပြဿနာဖြစ်နိုင်တာက အတွင်းလူ ဖြစ်နိုင်တယ်”

“ဟင်.. ဘယ်လို... ဘယ်လို”

“အစ်ကို စဉ်းစားကြည့်လေ၊ အငယ်ကောင်ပြန်လာရင် ဘာပြောမလဲ၊ ကျွန်တော် ဒီတစ်ခေါက် ဒီကောင့်ကိုတွေ့ရတာ တော်တော်အံ့ဩသွားတယ်၊ တကယ့် တိုက်ခိုက်ရေးသမားကြီးဖြစ်လို့”

“ဟုတ်တယ်၊ လူလေးက ဂျပန်ဆိုရင် သိပ်မုန်းတာ၊ ယောက်ျားရယ် မိန်းမရယ်လို့လည်း ခွဲနေမှာမဟုတ်ဘူး၊ စစ်သားလား၊ အရပ်သားလားလို့လည်း စဉ်းစားမှာမဟုတ်ဘူး။ ဂျပန်ဆိုရင် အကုန်သတ်ချင်နေတဲ့ကောင်”

“ကြည့်ဖျောင်းဖျရမှာပေါ့ အစ်ကိုရာ”

နေ့လယ်ခင်း လူရှင်းတော့ ဦးလေးချစ်က သခင်ကံသာကို မတ်ဆုမိစံ အခန်းထဲသို့ ခေါ်သွားသည်။

သခင်ကံသာက မတ်ဆုမိစံကို အကဲခတ်သည်။ မတ်ဆုမိစံက သခင်ကံသာ ကို ငေးကြည့်နေသည်။ မင်း အင်္ဂလိပ်စကား ပြောတတ်သလားဟု သခင်ကံသာက စမေးသည်။

“ကဲန်ယူစပိ (ခ်) အင်းကလိ”

မတ်ဆုမိစံက ခေါင်းကို ညင်သာစွာညိတ်သည်။

“ဗုဒ္(ထ်)အစ်(ဇ်)ယွာနိမ်း(မ်)'

"မတ်ဆုမိ အိနို"

"ဝှဲယူလစ်(ဖ်)"

"ဟီရိုရှီးမား"

ဂျပန်ပြည် ဟီရိုရှီးမားပြည်မှာ နေတယ်တဲ့၊ မတ်ဆုမိစံ ဖြေသည်ကို သခင်ကံသာက ဦးလေးချစ်အား ဘာသာပြန်ပေးသည်။ သူ စစ်တပ်ထဲမှာ အလုပ်မလုပ်ဘူးလားဆိုတာ မေးပေးစမ်းပါကွာဟု ဦးလေးချစ်က ခိုင်းသည်။

"မင်းက စစ်သမီးမဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မ စစ်သမီး မဟုတ်ပါဘူး"

မတ်ဆုမိစံ ဖြေပုံကို သခင်ကံသာ မျက်စိလည်သွားသည်။ စစ်မှုထမ်း မဟုတ်ရင်လည်း (ဟင့်အင်း)ဟု အရင်ပြောပြီးမှ (ကျွန်မ စစ်သမီးမဟုတ်ပါဘူး) လို့ ပြောပါတော့လား။ အခုတော့ (ဟုတ်ကဲ့) လည်းဆိုသေး၊ (မဟုတ်ပါဘူး) လည်းဖြေသေး။ သခင်ကံသာ ဆက်မေးသည်။

"မင်းက အရပ်သူ မဟုတ်ဘူးလား"

"ဟင့်အင်း၊ ကျွန်မက အရပ်သူပါ"

သခင်ကံသာ ခေါင်းရှုပ်သွားပြန်သည်။ အရပ်သူ ဟုတ်ပါတယ်ဟု ပြောမှာကို (ဟုတ်ကဲ့)ဟု ပြောပြီးမှ (ကျွန်မ အရပ်သူပါ) လို့ ပြောပါတော့လား။ ခုတော့ သူ့ဟာက (ဟင့်အင်း) လို့လဲဆိုသေး (ဟုတ်ပါတယ်) လို့လည်းဖြေသေး။

ဘယ်လိုဆက်မေးရမလဲဟု သခင်ကံသာ စဉ်းစားသည်။ အမှန်က ဂျပန်လူမျိုးတို့၏ ထုံးစံမှာ အငြင်းဝါကျ မေးခွန်းများဖြေရာတွင် အင်္ဂလိပ် အယူအဆ အသုံးအနှုန်းနှင့်မတူ။

မေးသူ၏ အဟုတ်မေးခွန်း (Positive Question) အမေးကို အမေးတိုင်း ပြန်မဖြေဘဲ ဆန့်ကျင်ပြီး ဖြေလိုလျှင် (နောက်က အဖြေက အငြင်းအဖြေဖြစ်နေသည့်တိုင်) ရှေ့က (ဟုတ်ကဲ့) ဟုသာ ခံပြီး ဖြေတတ်ကြသည်။

တစ်ဖန် မေးသူ၏ အငြင်းမေးခွန်း (Negative Question) အမေးကို အမေးအတိုင်း ပြန်မဖြေဘဲ ဆန့်ကျင်ပြီးဖြေလိုလျှင် (နောက်ကအဖြေက အဟုတ်အဖြေ ဖြစ်နေသည့်တိုင်) ရှေ့က (ဟင့်အင်း)ဟုသာခံပြီး ဖြေတတ်ကြသည်။

သခင်ကံသာက ဦးလေးချစ်ကို လှည့်ကြည့်လိုက်ပြီး-

“ဂျပန်စကားပြန်တစ်ယောက်လောက်တော့ ခေါ်ဦးမှပဲ အစ်ကိုရ”

“ဂျပန်စကားပြန် ဟုတ်လား၊ မင်းအသိထဲက ရှိလား”

“ရှိပါတယ်၊ ကျွန်တော့်တပည့် ကရင်လေးတစ်ယောက်ရှိတယ်၊ လူလွှတ်ခေါ်ခိုင်းလိုက်ရင် ရပါတယ်”

“ဘယ်မှာသွားခေါ်ရမှာလဲ”

“ပဲခွယ်ကုန်းတင်ပါ၊ ကျွန်တော် စာရေးပေးလိုက်မယ်”

သခင်ကံသာက မတ်ဆုမိစံကို ဒီအိမ်မှာ ဘာမှစိတ်ပူစရာမလိုကြောင်း၊ မကြာခင် နေကောင်းမှာဖြစ်ကြောင်းများ အင်္ဂလိပ်လို ပြောပြသည်။

မတ်ဆုမိစံကလည်း ဒီအိမ်သားတွေက အလွန်စိတ်ကောင်းရှိပြီး ကြင်နာတတ်ကြကြောင်း၊ မိမိလို ရန်သူ့ဘက်သားတစ်ဦးကို ကယ်ဆယ်၊ ကူညီ၊ ပြုစုပေးကြသဖြင့် အင်မတန်ပင် အံ့ဩမိပါကြောင်း၊ တစ်သက်တာ ကျေးဇူးတရားများ ကြီးမားလှပါကြောင်းများကို အင်္ဂလိပ်လို ပြန်ပြောပြသည်။

သခင်ကံသာနှင့် ဦးလေးချစ်တို့ အခန်းလေးထဲမှ ပြန်ထွက်ကြသည်။ မတ်ဆုမိစံက ခါးကိုကိုင်းရင်း ဦးအကြိမ်ကြိမ်ညွှတ်ကာ ကျေးဇူးတင်ကြောင်း ပြောရင်း ကျန်ရစ်လေသည်။

■

“မင်း မျက်နှာသစ်ပြီးပြီလား”

“မသစ်ရသေးဘူး အဖေ”

ဦးလေးချစ်က အောက်ထပ်ရှိ ကွပ်ပျစ်အောက်မှ ပေါက်တူးနှင့် သံတူရွင်းကို ဆွဲထုတ်ပြီး ကိုရေအေးကို ကမ်းပေးသည်။

“လာကွာ၊ နောက်မှသစ်”

ဦးလေးချစ်ကပြောပြီး နောက်ဖေးဘက် ထွက်သွားသဖြင့် ကိုရေအေးက ပေါက်တူးနှင့် သံတူရွင်းကိုင်လျက် ထက်ကြပ်လိုက်ရသည်။ တစ်အိမ်သားလုံး အိပ်တုန်း။ ဒီလောက်အစောကြီး အဖေ ဘာလုပ်မလို့ပါလိမ့်။ အိမ်ကထွက်ပြီး ထင်းတဲသို့သွားသည်။ ထင်းတဲနားရောက်တော့ ဦးလေးချစ်က ရှေ့နောက်ဝဲယာ ကို တစ်ချက်ကြည့်သည်။

အဖေ ဘယ်တုန်းကမှ ဒီလို ပုန်းလျှိုးကွယ်လျှိုးအလုပ်မျိုး မလုပ်ခဲ့။

ခိုးကြောင်ခိုးဝှက်ဆိုတာ အဖေ့ဘာဝမှာမရှိ။ အံ့ဩစရာကောင်းအောင် ထူးခြားနေသဖြင့် အဖေ ဘာလုပ်မလို့လဲဟု မေးလိုက်ချင်သည်။ မမေးဝံ့။

ဦးလေးချစ်က ထင်းတဲထဲသို့ လှစ်ခနဲဝင်လိုက်သည်။

ကိုရေအေးလည်း သွက်သွက်လိုက်ဝင်သည်။ အထဲရောက်တော့ မတ်ဆုမိစံ အိပ်သွားသောနေရာမှာ ဦးလေးချစ်ထိုင်သည်။

"ဒီကိစ္စ မင်းအမေကိုတောင် အသိပေးတာမဟုတ်ဘူး"

"ဟုတ်ကဲ့"

ဟုတ်ကဲ့သာ ပြောလိုက်ရသည် ဘာကိစ္စမှန်းလည်းမသိ။ ဦးလေးချစ်က မြေကြီးတစ်နေရာကို ထောက်ပြကာ-

"တူးစမ်းကွာ"

ကိုရေအေးက တူးသည်။ တူရွင်းတစ်လှည့် ပေါက်တူးတစ်လှည့်တူးရင်း တွင်းကလေးဖြစ်သည်။ အကျယ်နှစ်တောင် အနက်လက်တစ်ဆုပ်သာသာ ရှိလာသည်။

"ဒုတ်"

အမာခံတစ်ခုကို ထိမိသည်။

"နေဦး၊ နေဦး"

ဦးလေးချစ်က လက်နှင့်နှိုက်၍ စမ်းကြည့်သည်။

"ဖော်ကွာ"

ကိုရေအေးက တွင်းထဲမှ အမာထည်ပစ္စည်းကို တူရွင်းနှင့်ဖော်သည်။ စဉ့်အိုးကလေးတစ်လုံး။

အမြင့်တစ်တောင်သာသာရှိသည်။ အိုးပေါ်က ရွှံ့မြေများကို လက်ဖြင့် ဖယ်ရှားသည်။

"အဖေ ဘာတွေလဲဟင်'

"ဖွင့်ကွာ"

အိုးကို စည်းနှောင်ထားသော ကြိုးအထပ်ထပ်ကိုဖြေသည်။ အံဝင်ခွင်ကျ

ဖုံးထားသော အဖုံးကိုကော်ပြီး ဖွင့်လိုက်သည်။ ကိုရေအေးက အိုးထဲကို လက်နှိုက်လိုက်သည်။ လက်ထဲတွင်ပါလာသော အရာများကို ဆွဲထုတ်လိုက်သောအခါ-

"ဟာ"

"အင်္ဂလိပ်ပိုက်ဆံတွေပါလား"

ငွေစက္ကူအထပ်လိုက်ကို မျက်တောင်မခတ်ကြည့်၍

"အဖေ... ဒါ... ဒါတွေ

"ဒါတွေကို အဖေကိုယ်တိုင် မြှုပ်ထားတာ"

"ဘယ်... ဘယ်တုန်းက အဖေမြှုပ်......"

"ကြာပြီသား၊ ကြာပြီ၊ တို့ဗမာပြည်ကို ဂျပန်တွေ စရောက်ကတည်းကပဲ"

ကိုရေအေး ဖခင်ကို ငေးကြည့်သည်။

"ဒါ... အဖေတို့ ကောင်းရောင်းကောင်းဝယ်လုပ်ပြီး ရှာဖွေစုဆောင်၊ ထားတဲ့ ခမ္မီရလဒ္ဓ ပစ္စည်းပါကွ"

"ဟုတ်ကဲ့"

"ဒါတွေ တစ်နေ့ ပြန်အသုံးကျလိမ့်မယ်ဆိုတာ အဲဒီတုန်းကတည်းက အဖေ ကြိုတွေးမိတယ်၊ ဟော... အခုတော့ လိုလာပြီမဟုတ်လား"

အတွေးအခေါ်ကောင်းသော၊ ခေတ်ကိုကြိုမြင်သော၊ အမြော်အမြင်ကြီး သော ဖခင်ကို ကိုရေအေး ပို၍ အထင်ကြီး လေးစားသွားသည်။

ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင် အခုလိုကာလမျိုးတွင် ဂျပန် ငွေစက္ကူတွေ မသုံးရတော့သဖြင့် လူတွေ ဒုက္ခရောက်ကြသည်။ အင်္ဂလိပ် ငွေစက္ကူမရှိ၍ အခက်ကြုံရသည်။ သို့သော် ကိုရေအေးတို့အိမ်မှာမူ ဩဇ္ဈသည်တရှိန်းရှိန်းနှင့် ကျွေးနိုင်မွေးနိုင်လျက်ပင်ရှိသည်။ မပူပန်ရသည်မှာ ဘာကြောင့်ဟု မတွေးမိ။ အခုမှပင် အဖေ့ အစီအမံတွေကို သိရသည်။

မတ်ဆုမိစံကို အိမ်ခေါ်လာသည့်ကိစ္စ အဖေ့အား ဖွင့်ပြောပြခဲ့စဉ်က အဖြစ်ကို ကိုရေအေး ပြန်သတိရသည်။ ဂျပန်မလေး ခေါ်လာသည်ကို အပြစ် မတင်၊ ထင်းတဲထဲမှာ ထားသည်ဟု ပြောပြတော့ အဖေက အပြစ်တင်သည်။ ခုမှ သဘောပေါက်တော့သည်။

ဒီလို အရည်အချင်းရှိတဲ့ အိမ်ထောင်ဦးစီး၊ ဒီလို အတွေးအခေါ် ကောင်းတဲ့ ဖခင်တစ်ယောက်ထံမှာ သားတစ်ယောက်ဖြစ်ရတာကို ကိုရေအေး ဝမ်းသာသည်။ ဒီလိုဆိုတော့ မတ်ဆုမိစံကိစ္စလည်း အဆင်ပြေသွားမှာပါဟု ကိုယ်လိုရာ ကိုယ်ဆွဲတွေးနေမိသည်။

ကိုရေအေးက ကျင်းကို မြေပြန်ဖို့သည်။ ဦးလေးချစ်က အသင့်ယူလာသော အဝတ်အိတ်ထဲသို့ ငွေစက္ကူတွေထည့်သည်။ ကိုရေအေးက ပေါက်တူး နှင့် တူရွင်းကို သိမ်းသည်။ သားအဖနှစ်ယောက် တဲထဲက ထွက်ကြသည်။

"ဦးလေးချစ်... ဦးလေးချစ်"

အိမ်ရှေ့မှ အော်ခေါ်သံနှင့်အတူ အိမ်ဘေးသို့ ကွေ့ဝင်လာသော မြမောင် ကို တွေ့ရသည်။ ဦးလေးချစ်နှင့် ကိုရေအေးတို့က ထင်းတဲမှအထွက် မြမောင်က အရောက်။ မြမောင်က ဦးလေးချစ် လက်ထဲက အထုပ်ကို လည်းကောင်း၊ ကိုရေအေးလက်ထဲမှ တူရွင်းနှင့် ပေါက်တူးကိုလည်းကောင်း၊ ကိုရေအေး လက်မှာ ပေနေသော ရွှံ့မြေများကိုလည်းကောင်း စူးစမ်း သည့်သဘောနှင့် ကြည့်သည်။

"အမယ် ဦးလေးတို့သားအဖ ဘာတွေအလုပ်ရှုပ်နေကြလဲ"

"ဘာရယ်မဟုတ်ပါဘူးကွာ၊ အိမ်အလုပ်ဆိုတာ ဒီလိုပဲပေါ့"

"အိမ်အလုပ်ကလည်း စောစောစီးစီးရယ်"

ကိုရေအေး သိပ်စိတ်မရှည်ချင်တော့-

"မင်းကရော စောစောစီးစီး ဘာကိစ္စ"

ဦးလေးချစ်က မြမောင်ကို ရှောင်ကွင်းကာ အထုပ်ပိုက်ရင်း အိမ်ဘက် သို့ လျှောက်သွားသည်။

"မင်းတို့အိမ်ကို ဆရာမှီ လာတယ်ကြားလို့၊ ငါ့အမေ ရင်ဘတ်ထဲက အောင့်အောင့်နေတာ ပြချင်လို့"

စကားသာပြောနေသော်လည်း မြမောင် မျက်လုံးများက ထင်းတဲဆီသို့ ဝေ့ကာ အကဲခတ်နေသည်။ ကိုရေအေးက-

"ဆရာမှီဖြင့် ပြန်သွားတာ သုံးလေးရက်ရှိပြီ၊ မင်းက အခုမှလာမေးနေ"

"သိဘူးလေ၊ ရှိသေးတယ်မှတ်လို့"

ကိုရေအေးလည်း အိမ်ထဲ ဝင်လာခဲ့သည်။ မြမောင်လည်း ယောင်ပေပေ

လုပ်ပြီး ခြံထဲက ထွက်သွားလေသည်။

"ကြည့်ရတာကတော့ ရုပ်ကလေးကလည်းချော၊ အသားလေးကလည်း ဖြူနဲ့ သနားစရာလေးပါတော်၊ ဒါပေမယ့် ကိုစိန်ချစ်..."

ဦးလေးချစ်က ကွမ်းကိုယာနေရာမှ ဒေါ်နှင်းမြိုင်ကို လှည့်ကြည့်သည်။ နေ့လယ်ခင်း အပေါ်ထပ်မှာ လင်မယားနှစ်ယောက်ချင်းမို့ အတွင်းစကားပြောဖြစ်သည်။

"ကျုပ် တစ်ခုစဉ်းစားမိတယ်"

"အင်း"

ကွမ်းယာကို ပါးစပ်ထဲ ထိုးထည့်ရင်း အင်းဟုဆိုသည်။

"ဖြစ်ပါ့မလားလို့"

"ဘာကိုမဖြစ်ရမှာလဲ မနှင်းမြိုင်ရဲ့၊ မင်းစကားကလည်း အရင်းမရှိ အဖျားမရှိ"

"အော... ဒီသူငယ်မလေး ရောက်နေတာလည်း ရက်အတော်ရလာပြီ၊ စစ်တပ်ကို မအပ်ဘဲ ဒီမှာ ရေရှည်ဆက်ထားလို့ ဖြစ်ပါ့မလားလို့"

"ဘာလို့မဖြစ်ရမှာလဲ၊ နေလို့မှ ကောင်းကောင်း မကောင်းသေးတာ"

"ဖြစ်ရင်လည်း ပြီးတာပါပဲလေ၊ အမှန်ကတော့ လူကိုမပြောနဲ့ ကြက်ကလေး၊ ငှက်ကလေး တွေကိုတောင် တမင်ဝယ်ပြီး ဘေးမဲ့လွှတ်ရသေးတာပဲ၊ သူ့အသက်ကယ်တော့ ဇီဝိတဒါနပေါ့ ဟုတ်ဘူးလား"

"ဒါပေါ့"

ဦးလေးချစ်က ကွမ်းသွေးများကို ထွေးခံထဲသို့ တစ်ချက်ထွေး လိုက်သည်။

"ဒါပေမယ့်လေ..."

ဦးလေးချစ်က ကွမ်းဝါးရင်း နားထောင်နေသည်။

"မယ်မြကတောင် မနက်ကပြောသေးတယ်၊ ခြေနှစ်ချောင်းလည်း မကယ်နဲ့ မင်းလှေမျောလည်း မဆယ်နဲ့တဲ့၊ ကျုပ်ပြောတာ မဟုတ်ဘူးနော်၊ တော့်နှမပြောတာကို ပြောပြတာ"

ဒေါ်နှင်းမြိုင်က ဒေါ်လေးမြချစ်ကို မယ်မြဟုခေါ်သည်။

"လွယ်ပါတယ်ကွာ၊ နည်းရှိပါတယ်"

"ဘယ်လိုလုပ်မှာတုံး"

"ဒီကလေးမကို အိမ်ပေါ်ခေါ်တင်မိလို့ ခြေနှစ်ချောင်းဝင်သလို ဖြစ်တယ်ဆိုရင် နောက်ထပ် ဂျပန်တစ်ယောက်ထပ်ရှာပြီး အိမ်ပေါ်တင်လိုက်၊ အဲဒါဆို ခြေလေးချောင်း ဖြစ်ရောပေါ့ကွ ဟား... ဟား... ဟား"

"တော်ကတော့ လုပ်ပြီ၊ ကျုပ်ပြောရင် ဘယ်တော့မှ အရေးမစိုက်ဘူး၊ ပေါ့တီးပေါ့ပျက် လုပ်ပစ်တာချည်းပဲ"

ဦးလေးချစ်က အရယ်ရပ်ပြီးမှ-

"မဟုတ်ပါဘူးကွာ၊ ခြေနှစ်ချောင်းဝင်တော့ရော ဘာဖြစ်သလဲ၊ လူတွေမှာ ဒီအယူအဆတွေက ဟုတ်သေးပါဘူး၊ ခြေနှစ်ချောင်းဝင်တိုင်းရော မကောင်းရတော့ဘူးတဲ့လား၊ ဒုက္ခရောက်လာတဲ့လူကို ကျွေးမွေးလို့ ကုသိုလ်ရတာတို့၊ သေတော့မယ့်လူရဲ့ အသက်ကိုကယ်လို့ ကုသိုလ် ရတာကိုလည်း ထည့်ပြောဦးမှပေါ့"

"ကျုပ်က မင်းပြစ်မင်းဒဏ်နဲ့ပတ်သက်ပြီး စိတ်ပူလို့ပြောတာပါ"

"ဒါကိုတော့ မပူနဲ့၊ ကံသာကလည်း ငါ့ကို ရှင်းပြပြီးပြီ၊ ဒီကိစ္စနဲ့ပတ်သက်လို့တော့ ပူစရာမရှိဘူး၊ ပူစရာရှိတာက မင်းသား အငယ်ကောင်"

"ဘာဖြစ်လို့"

"ဘာဖြစ်ရမလဲ၊ ဒီကောင်က ဂျပန်ဆိုရင် အသေအလဲ မုန်းတာ၊ တော်ကြာ..."

"ဘာမှစိတ်ပူစရာမရှိပါဘူး၊ ကျုပ်သားကို ကျုပ် နိုင်ပါတယ်၊ နှစ်ခါမပြောရဘူး၊ ပူစရာက အငယ်ကောင်မဟုတ်ဘူးတော် သိရဲ့လား၊ အငယ်ကောင် မဟုတ်ဘူး"

"အငယ်ကောင် မဟုတ်ဘူးဆိုတော့ မင်းဟာက ဘာလဲ"

"အကြီးကောင်၊ ရေအေးကိုပြောတာ"

"ဘာဖြစ်လို့လဲ"

"တော်ကြာ သူခေါ်လာတဲ့ ကောင်မလေးကို သူ စွဲနေဦးမယ်"

မင်းကလည်း ပူတတ်ရန်ကောကွာဟု ပြောရင်း ဦးလေးချစ် ထိုင်ရာမှ

ထသည်။

"ဩော်... ပူရတယ်တော့ ပူရတယ်၊ တော်ကြာ ရှင့်သားက မမြင်ဖူး မှူးမြစ်ထင်ပြီး အရူး အမဲသားကျွေးမိသလို ဖြစ်နေမှဖြင့် ဒုက္ခ"

"မဖြစ်နိုင်ပါဘူးကွာ"

ဦးလေးချစ်က ထိုင်ရာထက အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မိခင်ဖြစ်သူ ရင်အေးအောင် မဖြစ်နိုင်ပါဘူးကွာဟု ပြောခဲ့ရသော်လည်း ဒီဂျပန်မလေးကို သားတော်မောင်ရေအေး ဂရုစိုက်သည်က လိုတာထက်ပင် ပိုနေပြီထင်သည်။

■

အခန်း (၁၇)

"လာကွာ ဖိုးခွား၊ အစောကြီးပါလား"

"ဆရာ ခေါ်ခိုင်းတယ်ဆိုတော့လည်း စောစောလာရတာပေါ့"

သခင်ကံသာက စောလယ်ဝါးကို နာမည်မခေါ်။ ချစ်စနိုးနှင့် ဖိုးခွားဟု ခေါ်သည်။ ဖိုးခွား ဆိုသည်မှာ ကရင်လို လူလေး၊ ချာတိတ်၊ ကောင်လေးဟု အဓိပ္ပာယ်ရသည်။ သခင်ကံသာ ကျောင်းဆရာဘဝက စောလယ်ဝါးကို စာသင်ပေးရုံမက သွေးသားရင်းပမာ ပေးကမ်းကျွေးမွေး စောင့်ရှောက်ခဲ့သည်။

ယခု စောလယ်ဝါးအလုပ်က ဆေးရုံက ဆေးစပ်ဆရာ ကွန်ပေါင်ဒါလေး ဖြစ်သည်။ သို့သော် ဆေးရုံမှာ အမြဲမရှိ။ ဂျပန်စကား တတ်ထား သဖြင့် စကားပြန် လိုက်လုပ်နေရသည်။

"အခု မင်းကို စကားပြန် လုပ်ခိုင်းမလို့ ငါခေါ်တာ"

"ရပါတယ်ဆရာ၊ ဆရာခိုင်းချင်တာခိုင်းပါ"

"ဖြည်းဖြည်းပေါ့ကွာ၊ ရေနွေးသောက်ဦး"

သခင်ကံသာက ရေနွေးကြမ်းအိုးကို ရှေ့တိုးပေးလိုက်၏။ ဆေးပေါ့လိပ် တစ်လိပ်ကို ယူ၍ မီးညှိနေစဉ် ခြံဝဆီမှ-

"ဦးလေးချစ်... ဦးလေးချစ်"

အော်ခေါ်သံကို ကြားရသည်။ ဆယ်အိမ်ခေါင်း ကိုစံထွန်း ဝင်လာသည်ကို တွေ့ရ၏။

"သြော်... ဦးလေးကံသာကလည်း နိုးနေပြီကိုး"

"ငါကတော့ အစောကြီးနိုးတတ်တယ်၊ လာ ထိုင်ကွာ၊ ရေနွေးသောက်ဦး"

"ဦးလေးချစ်ရော"

"နွားတဲထဲမှာ နို့ညှစ်နေတယ်ထင်ပါရဲ့၊ လာပါလိမ့်မယ်"

ဘယ်သူတုံးပေဟေ့ဟူသော အသံနှင့်အတူ နွားနို့ချိုင့်ကိုကိုင်လျက် အိမ်နောက်ဖေးဘက်မှ ဦးလေးချစ် ထွက်လာသည်။

"ဪ... စံထွန်းပါလား၊ လာကွာ နွားနို့သောက်ရအောင်"

ဦးလေးချစ်က နွားနို့ချိုင့်ကို ချပေးသည်။

"အစ်ကို ဒါ စကားပြန်လုပ်ဖို့ ကျွန်တော် ခေါ်ခိုင်းတဲ့ကောင်လေးလေ စောလယ်ဝါးတဲ့'

"အေး... ကောင်းတယ်၊ ကောင်းတယ်

ဦးလေးချစ်က ရေနွေးကြမ်းလင်ပန်းထဲက ပန်းကန်များကိုယူကာ နွားနို့

တွေ ထည့်သည်။

"သောက်ကြဦးကွာ"

"ကျွန်တော် မသောက်တော့ဘူး၊ ဦးလေးချစ်ကို လာခေါ်တာ၊ ဦးလေးကံသာရော လိုက်ခဲ့ပါ ဟိုမှာ ဂျပန်တွေမိလာလို့"

"ဒါဆို ဖိုးခွား ရောက်လာတာနဲ့ အတော်ပဲ"

"အခု သူတို့ ဘယ်မှာလဲ"

ဦးလေးချစ်က မေးသည်။

"ဝိသာခါကို ခေါ်သွားကြပြီ"

ဝိသာခါဆိုသည်မှာ ရွာ၏ အနောက်မြောက်ဘက်ရှိ စေတီငယ်တစ်ဆူနှင့် ဇရပ်ကြီးတစ်ဆောင်ကို ခေါ်ခြင်းဖြစ်သည်။ ဝိသာခါ စေတီလေးကို ကမူလေး ပေါ်မှာ တည်ထားသည်။ ကုန်းကမူလေး အောက်ခြေမှာ ချိုင့်ဝှမ်းကျယ်ကြီးရှိသည်။ ထိုကွက်လပ်တွင် ဇရပ်ကြီးတစ်ဆောင်ရှိသည်။ ဝိသာခါဇရပ်ဟုခေါ်သည်။ စေတီ၏ မြောက်ဘက်မှာ ဘုန်းကြီးကျောင်းရှိသည်။

ဒီရွာမှာ ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိသည်။ မတ်ဆုမိစံကို ပထမဆုံး သွားဝှက်ထားသည့် ကျောင်းက တောင်ကျောင်း၊ ယခု ဝိသာခါ စေတီအနားရှိကျောင်းက သုသာန်ကျောင်း၊ ကျောင်း၏ ဟိုဘက်မှာရှိသော သုသာန်ကို အဖွဲ့ ပြု၍ ခေါ်ကြခြင်းဖြစ်သည်။

ဝါတွင်းကာလ ရွာကလူတွေ ဥပုသ်သီတင်း ဆောက်တည်ကြဖို့ တောင်ကျောင်းတစ်လှည့် သုသာန်ကျောင်းတစ်လှည့် အဆင်ပြေသလို သွားကြသည်။ နှစ်ကျောင်းစလုံးကို ခွဲခွဲခြားခြားမရှိဘဲ သဒ္ဓါတရားထက်သန်စွာ ကိုးကွယ် ကြသည်။

သုသာန်ကျောင်းမှာ သီလယူပြီးလျှင် ဝိသာခါ ဇရပ်ကြီးမှာ စတည်းချကြသည်။ ရွာမှာ ဓမ္မကထိက တရားပွဲလုပ်လုပ်၊ နိုင်ငံရေး တရားပဲဟောဟော၊ အငြိမ့်လေလံပွဲ ကျင်းပကျင်းပ၊ ဘာပွဲဖြစ်ဖြစ် ဒီဇရပ်ကြီးထဲ မှာပဲ ခြိမ့်ခြိမ့်သဲ ကျင်းပသည်။

ယခုလည်း ဖမ်းမိလာသော ဂျပန်တွေကို ဝိသာခါဇရပ်သို့ ခေါ်သွားသည်။ ဦးလေးချစ်က စင်လေးပေါ်က စာအုပ်နှင့် ခဲတံကိုယူသည်။ ဘာကိစ္စမဆို မှတ်မှတ်သားသား လုပ်ထားလေ့ရှိသည်။ အကြောင်းကြီးငယ် ဖြစ်ပျက်ခဲ့သမျှကို အချိန်မရွေး ပြန်ကြည့်နိုင်သည်။

"ရေအေး... ရေအေး"

ကိုရေအေးက စောင်ခေါက်နေသည်ကိုချကာ အခန်းထဲကထွက်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဦးလေးချစ်စံ ခေါ်သံက အရေးကိစ္စတစ်ခုခု ရှိနေပုံကိုပြသည်။

"ဘာဖြစ်လို့လဲ အဖေ"

"ကိစ္စရှိလို့ကွာ၊ လာ... ဝိသာခါသွားရအောင် စစ်တပ်တွေ ရောက်နေပြီ"

စစ်တပ်တွေ ရောက်နေပြီဆိုပါလား။ ရင်ထဲတွင် လှိုက်ခနဲပူသွားသည်။ မတ်ဆုမိစံကို လာဖမ်းသွားကြပြီလား။ စောစောက အပေါ်ထပ်တွင် မတ်ဆုမိစံ အခန်းသို့ မကြည့်ခဲ့မိ။ အဖေ့ကို မေးကြည့်လိုက်ချင်သည်။ သို့သော် ကိုယ်ပူ တာကို အဖေ မသိစေချင်။

ဘယ်သူမှ နွားနို့သောက်မနေနိုင်ကြတော့ဘဲ အိမ်ထဲက ထွက်လာခဲ့ကြသည်။

■

မတ်ဆုမိစံက အိပ်ရာမှ နိုးနိုးချင်း အာဆာဒါစံကို သတိရသည်။ စိတ်အလျဉ်ဝယ် စဉ်းစားမထားဘဲ ထူးထူးခြားခြား သတိရမိခြင်းဖြစ်၏။ အတူ လှမ်းခဲ့သည့် လမ်းတစ်လျှောက် အာဆာဒါစံကို အားကိုးရင်း သံယောဇဉ်ဖြစ်ခဲ့ မိသည်ကအမှန်။ အစ်ကိုကြီးတစ်ယောက်ပမာ သံယောဇဉ်မျိုးပေလား ဟုတွေးကြည့်သည်။ စစ်၏ အနိဋ္ဌာရုံကြားဝယ် နှလုံးသားက လှုပ်ရှားသည် မလှုပ်ရှားသည်ကို စဉ်းစားချိန်မရှိခဲ့။ တွေးမိခဲ့ဖို့လည်း အခြေအနေမပေး။ သေပြေးရှင်ပြေး ရုန်းကန်ပြေးခဲ့ရသော ဆုတ်ခရီးကန္တာမှာ နှလုံးသားငယ် ခိုတွယ်မခိုတွယ် မဆိုတတ်။

ဒါဖြင့် အာဆာဒါစံဘက်ကရော မိမိအပေါ်မှာ တိမ်းညွတ်ခဲ့သလား။

ဤသည်ကလည်း အရည်အချင်းရှိပြီး အနေအထိုင်ပိရိသော ထောက်လှမ်းရေး သမားတစ်ယောက်ကို မတ်ဆုမိစံ အပီအပြင် အကဲမဖြတ်နိုင်။ ချုပ်ချယ်ကန့် သတ်ထားသော စစ်စည်းကမ်းများနှင့် ကြုံဆုံခဲ့ရသော အရှုံးတရားစစ်ဒုက္ခများ ကြောင့် နှလုံးသားအတွက် အခြေအနေမပေးခဲ့။

သို့သော် အာဆာဒါစံ မျက်လုံးတွေက မတ်ဆုမိစံအပေါ်မှာ စကားပြော ခဲ့ကြသည်ကတော့ အမှန်ပင်။ ဒီအတွက် မိမိ မျက်လုံးတွေကရော တုံ့ပြန် စကားပြန်ခဲ့မိ မပြန်ခဲ့မိ မတ်ဆုမိစံ မသိတတ်ခဲ့။

ဘယ်လိုပင်ဖြစ်စေ ဒီမနက် သတိတရရှိလှသည်။ မြန်မာနှင့် အလွန် တူသော သူ့အသွင်ကို မြင်ယောင်နေသည်။ "ဗမာနဲ့ တူတယ်ဆိုလို့လည်း ဗမာပြည်မှာ မနေခဲ့နဲ့ဦးနော်"ဟု မတ်ဆုမိစံ ကိုယ်တိုင် ပြောခဲ့သည့်စကား။ ပြန်ကြားယောင်မိသည်။ အခုတော့ မိမိကိုယ်တိုင် ဒီမြန်မာပြည်မှာ ကျန်ရစ်ခဲ့ သည့်အဖြစ်။ တကယ်တော့လည်း အခုလို ခွဲခွာကြရပြီရှိမှတော့ အာဆာဒါစံကို မေ့ပစ်လိုက်တာ အကောင်းဆုံးဖြစ်မည်။

နောက်ဖေးလှေကားမှ အောက်ကိုဆင်းပြီး မျက်နှာသစ်သည်။ ကိုယ်လက် သုတ်သင်ရန် မနက်စောစော လူမရှုပ်ခင်တစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်သာ အောက်ကိုဆင်းပြီး တစ်နေ့လုံးမူ အပေါ်မှာပဲနေသည်။ လူမြင်မခံချင်။

အိမ်ပေါ်ပြန်တက်လာရင်း သတိထားမိသည်က ကိုရေအေး မရှိ။ မနက်တိုင်း အိပ်ရာထလျှင် မတ်ဆုမိစံ မြင်လောက်သည့် တစ်နေရာမှာ သူ ရှိနေတတ်သည်။ အခန်းထဲရောက်တော့ ခြင်ထောင်ဖြုတ်၊ စောင်ခေါက်၊ တံမြက်စည်းလှဲသည်။ သန့်ရှင်းသပ်ရပ်ခြင်းက သူ့စရိုက်ဖြစ်သည်။

ပြတင်းပေါက်တံခါးကို သူဖွင့်သည်။ မနက်တိုင်း ဒီတံခါးကို ဖွင့်လိုက် သည်နှင့် မတ်ဆုမိစံ စိတ်ချမ်းမြေ့ရသည်။ ပြတင်းပေါက်မှ မြင်ရသော ရှုခင်းက သာယာလှသည်။

အခန်းထဲမှ လှမ်းကြည့်လျှင် ထုံးဖြူဖြူ စေတီငယ်ကို အရင်ဆုံးမြင်ရ သည်။ စေတီငယ်၏ ထီးတော်မှ ဆည်းလည်းသံသာကို ကြည်နူးဖွယ်ရာ ကြား ရသည်။ စေတီ၏ ဟိုဘက်မှာ ပြသာဒ်ချွန်ချွန်နှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း ကို တွေ့ရသည်။ ကျောင်း၏ ဟိုဘက်မှာ သင်္ချိုင်းတစ်ခုကို လှမ်းမြင်ရသည်။ သင်္ချိုင်း၏နောက်က ရေတွေပြည့်နေသော လယ်ကွင်းပြင်မှာမူ တစ်မျှော် တစ်ခေါ်ကြီးဖြစ်သည်။

စေတီကုန်းကမူလေးအောက် အနိမ့်လွင်ပြင်မှာ ဇရပ်ကြီး တစ်ဆောင်က လှမ်းမြင်ရသည်။ ဇရပ်နှင့် မတ်ဆုမိစံ အခန်းက သိပ်ပြီး အလှမ်းမဝေးလှ ဇရပ်ထဲမှာ

လူရှိလျှင် လူလုံးကွဲအောင် အပေါ်စီးမှ မြင်နိုင်သည်။ ဇရပ်၏ နောက်က သစ်ပင်အုပ်များက စိမ်းစိမ်းစိုစို ရှိလှသည်။

စစ်ဘေးစစ်ဒဏ် ခံလာခဲ့ရာမှ နာလန်ထတော့ စိမ်းလန်းစိုပြည် ပင်အုပ်တွေနှင့် စေတီတန်ဆောင်း ကျောင်းနှင့်ပြာသာဒ် ဇရပ်လွင်ပြင် စိတ်ကြည်စရာ မြန်မာ့ရှုခင်းသာ၏ အလှအပသဘာဝကို မနက်တိုင်းကြည့်ရင်း ကြည်နူးမိသည်

မြင်နေကျ ဒီရှုခင်းအလှကို ဒီနေ့မနက် အကျည်းတန်စရာတစ်ခုက ဖျက်ဆီးလိုက်သည်။ မရှုချင်ပါဘဲ မြင်နေရသည်။

ဂျပန်စစ်သားများမှာ အဝတ်အစားတွေ စုတ်ပြတ်နေကြ၏။ ခြေလှမ်းကူ မလှမ်းချင်လှမ်းချင် အားခဲကာ လှမ်းနေကြသည်။ ပိန်လှီသော ခန္ဓာကိုယ်များကို အနိုင်နိုင် သယ်နေကြသည်။ အချို့ လမ်းမလျှောက်နိုင်သော ရဲဘော်များကို ထမ်းစင်များဖြင့် သယ်လာကြသည်။ ထမ်းသူများမှာ မြန်မာရွာသားများ ဖြစ်ကြသည်။ ခြေဒရွတ်ဆွဲနေသော ဂျပန်စစ်သားများကို မြန်မာရွာခံများက တွဲခေါ်လာကြသည်၊ ဒဏ်ရာရလာကြသူများလည်း ပါသည်။

မတ်ဆုမိစံက ကြည့်ရင်း ငိုချင်လာသည်။

မျက်ရည်တွေ မကျအောင် စိတ်ကိုတင်းရင်း မြင်ကွင်းကို မမှိတ်မသုန် ကြည့်နေမိသည်။ စစ်သားတွေနောက်မှာ ကိုရေအေး၊ ကိုရေအေး ဖခင်နှင့် သူ့ကို အင်္ဂလိပ်စကားဖြင့် လာမေးမြန်းသော လူကြီးတို့ လိုက်ပါလာကြသည်ကို သူ တွေ့ရသည်။

သူတို့နောက်မှာ ရွာသူရွာသားများ၊ ကလေးလူကြီးများ တစုတဝေးကြီး လိုက်ပါလာကြသည်။ ဇရပ်ထဲမှ ဘုန်းတော်ကြီးများက ရပ်စောင့်ကာ ဆီးကြိုနေကြသည်။

ဂျပန်စစ်သားများမှာ ဇရပ်ထဲရောက်သည်နှင့် မဟန်နိုင်ကြတော့။ ပုံပျက်ပန်းပျက် ခွေလဲသူလဲ၊ တိုင်မှီကာ ဖင်ထိုင်ကျသူကျ၊ ပက်လက်လှန်ကာ လှဲချ သူချ ဖြစ်ကုန်ကြသည်။

ရွာသားတွေက ဘုန်းကြီးကျောင်းမှ ဖျာကြမ်းများကို သွားသယ်လာကြ ပြီး ဇရပ်ထဲမှာ ခင်းပေးသည်။ ဗိုလ်ကြီးအောင်မင်းက သူကြီးအား တိုင်နားရှိဂျပန်စစ်သားနှစ်ယောက်ကို လက်ညှိုးထိုးပြရင်း-

"ဟိုနှစ်ယောက်က ဝမ်းတွေသွားနေတယ် သူကြီး၊ သူတို့ကို သတ်သတ်ခွဲထားပေးပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ ရွှေမောင်းရေ ဒီနှစ်ယောက်ကို ဟိုဘက်ထောင့်ရွှေ့ကြကွာ"

ကာလသားခေါင်းဆောင် ရွှေမောင်းတို့လူစုက သွက်လက်စွာ လှုပ်ရှားကြသည်။

"ရေအေးရေ၊ မင်း အိမ်တစ်ခေါက်ပြန်ပြီး ဆေးတွေသွားယူကွာ"

"ဘာဆေးတွေ ယူခဲ့ရမလဲ အဖေ"

"ဝမ်းရပ်ဆေးရယ်၊ ငှက်ဖျားဖြတ်ဆေးရယ်၊ အနာထည့်တဲ့ဆေး... အိုကွာ မင်း လက်လှမ်းမီတာ အကုန်သာယူခဲ့"

"ဟုတ်ကဲ့ အဖေ"

"မြန်မြန်သွားကွာ"

ကိုရေအေး သုတ်ချေတင်လေသည်။

ဖမ်းမိလာသော ဂျပန်စစ်ဗိုလ်ကို ရှေ့တွင်ထိုင်စေကာ ဗိုလ်ကြီးအောင်မင်းနှင့် သခင်ကံသာတို့က အင်္ဂလိပ်လို မေးမြန်းကြသည်။ ဂျပန်စစ်ဗိုလ်က တစ်ခွန်းမှ ပြန်မဖြေ။ အင်္ဂလိပ်လိုပင် နားမလည်သည်ပင်လော။ မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်နေသည်။

"ကျွန်တော့်မှာ စကားပြန်ကောင်လေးတစ်ယောက်ပါတယ်"

"ကောင်းတာပေါ့ဗျာ၊ ဘယ်မှာလဲ ခေါ်ပါဦး"

"ဖိုးခွားရေ လာစမ်းပါဦးကွာ ဒီကို"

စောလယ်ဝါးက အနားရောက်လာသည်။ သခင်ကံသာတို့က မေးချင်သည်များကို စောလယ်ဝါးအား ပြောပြသည်။ စောလယ်ဝါးက ဂျပန်လိုမေးပေးသည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

ဂျပန်စစ်ဗိုလ်က မဖြေ။

"ခင်ဗျား ဘယ်တပ်ကလဲ"

ဂျပန်စစ်ဗိုလ်က ဘာမျှပြန်မပြော။ ခရီးကြမ်းမှာ အပြင်းအထန် ပင်ပန်းလာသဖြင့် အားအင်ကုန်ခန်းကာ လူကနုံးချည့်နေသည်။ အစာရေစာ

ငတ်ပြတ်လာသဖြင့် မဟန်နိုင်သော်လည်း စိတ်ကိုတင်းကာ ခါးကိုမတ်မတ်ထားပြီး ထိုင်နေသည်။ ဘယ်သူကိုမှ မကြည့်ဘဲ ရှေ့တူရူသို့သာ စူးစိုက်ထားသော မျက်လုံးများကမူ အရောင်တောက်နေဆဲ။

"ခင်ဗျားတို့တပ်မှာ လူအင်အား ဘယ်လောက်ရှိလဲ'

"..............."

"ခင်ဗျားတို့တပ် အခု ဘယ်ရောက်နေလဲ"

"..............."

ဂျပန်စစ်ဗိုလ်မှာ ဘာမေးမေး နှုတ်ပိတ်နေသည်။ လှုပ်လည်းမလှုပ် ကျောက်ရုပ်ပမာ ငုတ်တုတ်။ တိုက်ပွဲများစွာ ကွဲလာခဲ့သဖြင့် "ကြောင်"သွားပြီလားဟု ထင်ရသည်။ ခဏကြာမှ တစ်စုံတစ်ခုကို ဒေါသတကြီးလေသံနှင့် ဂျပန်လိုပြောလိုက်သည်။

"သူ ဘာပြောတာလဲ ဖိုးခွား"

"သူ့ ကိုယ်ပိုင်နံပါတ်ကို ပြောပြနေတာ၊ သူ့ရာထူးက ဗိုလ်ကြီးတဲ့၊ ဒါပဲပြောတယ်"

"စောစောကမေးတဲ့ မေးခွန်းကို ဖြေပါလို့ပြောကွာ"

စောလယ်ဝါးက ဂျပန်လိုထပ်မေးသည်။ ဂျပန်ဗိုလ်က တိုတိုတုတ်တုတ် သာ ပြန်ဖြေသည်။

"သူကပြောတယ်၊ ရာထူးနဲ့ ကိုယ်ပိုင်နံပါတ်ကိုဖြေရင် ပြည့်စုံတယ်တဲ့၊ ဂျနီဗာစာချုပ်အရ ဘာမှထပ်ဖြေစရာမလိုဘူးတဲ့"

ဗိုလ်ကြီးအောင်မင်းမှာ ပြုံးရခက်၊ မဲ့ရခက်ဖြစ်သွားပြီး-

"တောက်...... လာပဲလာချည်သေးကွာ"

သူတို့ ထပ်မမေးကြတော့။ သခင်ကံသာက ခေါင်းကုတ်နေသည်။ ဒေါ်လုံးကမူ အနားတွင်ရပ်လျက် စောလယ်ဝါး ဘာသာပြန်ပြောပြနေသည်ကို အထူးအဆန်းသဖွယ် ငေးကြည့်နေသည်။

ဦးလေးချစ်က လူငယ်တွေနှင့်အတူ အလုပ်များနေသည်။ ရွာသားအချို့က ဂျပန်စစ်သားတို့၏ အနာများထဲမှ ဝင်နေသော ရွှံ့များကိုဆေးဖို့ ရေခတ်ပေး နေကြသည်။ အလုပ်တွေများနေသည့်ကြားက မိန်းမပျိုတစ်သိုက် ခိုးခိုးခစ်ခစ်

ရယ်နေကြသံများကို ကြားရသဖြင့် ဦးလေးချစ်က လှမ်းကြည့်လိုက်သည်။ ရွာထဲက ကွမ်းတောင်ကိုင် မခင်စိန်တို့တစ်သိုက် တွတ်ထိုးကာ ရယ်နေကြသည်။

"ဟဲ့... ဘာရယ်နေကြတာလဲ"

ကလေးမတစ်သိုက်မှာ ဂျပန်စစ်သားတစ်ယောက်ကိုကြည့်ကာ အရယ်မရပ်ကြ။ သူတို့ကြည့်ရာသို့ ဦးလေးချစ် လှမ်းကြည့်လိုက်တော့ ခေါင်းမှာ ဒဏ်ရာရပြီး ချိုစောင်းမှ သွေးတွေယိုစီးကျနေသော စစ်သားဖြစ်သည်။ ခေါင်းတွင် စည်းထားသော ပိတ်စမှာ ထဘီစကြီးဖြစ်နေသဖြင့် ရယ်နေကြခြင်းဖြစ်သည်။

"ခင်စိန်တို့ ရယ်မနေကြနဲ့၊ ဘုန်းကြီးကျောင်းသွားပြီး သောက်ရေအိုးတွေ သယ်ခဲ့ကြစမ်း"

"ဟုတ်ကဲ့ ဦးလေးချစ်"

"ရေခွက်တွေပါ ယူခဲ့"

မိန်းကလေးတစ်သိုက် နေရာမှ ထွက်သွားကြသည်။

ဂျပန်စစ်သားအချို့မှာ ပိန်လှီကာ မျက်တွင်းဟောက်ပက် ဖြစ်နေကြသည်။ ငှက်ဖျားမိလာသူတွေက ချမ်း၍ တုန်နေကြသည်။ ဦးဘခင်က ဆယ်အိမ်ခေါင်း ကိုစံထွန်းကို စံထွန်းရေ ငါ့အိမ်သွားပြီး စောင် သုံးလေးထည်လောက် ပေးလိုက်ပါလို့ မင်းအဒေါ်ကိုပြောပြီးတော့ ယူခဲ့၊ ကြာရင် ဒီဂျပန်ကောင် သေသွားလိမ့်မယ်ဟု လှမ်းပြောသည်။

ဦးလေးချစ်နှင့် သူကြီးတို့က ရောက်လာကြသူများကို ချက်ပြုတ်ကျွေးမွေး ဖို့ အမျိုးသမီးတစ်စုကို စေခိုင်းသည်။ ဂျပန်ဆရာဝန် မွေးပေးသွားသော ကလေးအမေ မမြက အချက်အပြုတ်ကောင်းသူဖြစ်၍ ဂျပန်စစ်သားတွေစားဖို့ ချက်ပြုတ်နေကြသော အမျိုးသမီးအဖွဲ့မှ ခေါင်းဆောင် အိုးသူကြီးတာဝန်ယူသည်မှာ ချွေးတစ်လုံးလုံးနှင့်။

ဝမ်းရောဂါ ဖြစ်လာသူနှစ်ဦးကို အခြားသူနှင့် မရောဘဲ သတ်သတ်ခွဲထားသည်။ နံစော်ပေကျံနေသည်များကိုလည်း ရေဆေး ပေးကြသည်။ အိပ်ရာနေရာလုပ်ပြီး သိပ်ထားလိုက်သည်။ နေရာတကာ လတ်လျားလတ်လျား ဘော်ကြော့သမား လုပ်နေတတ်သော မြမောင်ပင် ခါတိုင်းလိုမဟုတ်။ ကိုယ်တိုင်ပါဝင်သည် ဝိုင်းလုပ်ကိုင်နေသည်။

ဂျပန်စစ်ဗိုလ်မှာ ဗိုလ်ကြီးအောင်မင်းတို့ရှေ့တွင် တုတ်တုတ်မျှမလှုပ်ဘဲ ထိုင်နေဆဲဖြစ်သည်။

ထိုအခိုက်ဝယ် တအီအီနှင့် ငိုကြွေးသံကြားရသည်။

အသံက ယောကျ်ားသံဖြစ်နေ၍ ဂျပန်စစ်ဗိုလ်က လှမ်းကြည့်လိုက်သည်။ တရှုံ့ရှုံ့ ငိုကြွေးနေသော ဂျပန်စစ်သားကို တွေ့ရသည်။ ဂျပန်စစ်ဗိုလ်က ထိုင်ရာမှ ရုတ်တရက်ထကာ ထိုစစ်သားရှေ့သွားပြီး-

"တတွဲယော့"

ကျယ်လောင်စွာ ဟစ်အော်အမိန့်ပေးလိုက်သံကြောင့် ထိုင်ငိုနေသော စစ်သားမှာ ဝုန်းခနဲထကာ သတိဆွဲရပ်လိုက်၏။ ဂျပန်စစ်ဗိုလ်၏ မျက်နှာမှာ ဒေါသကြောင့် နီမြန်းနေသည်။ ဗိုလ်က ဂျပန်လိုမေးသည်။

"ဘာဖြစ်လို့ငိုတာလဲ"

"ကျွန်တော်တို့ကို ဖမ်းမိရင် ရက်ရက်စက်စက် နှိပ်စက်ပြီး သတ်ပစ်လိုက်ကြလိမ့်မယ်လို့ ထင်ခဲ့ကြတာ၊ အခုတော့ ဗမာတွေက ကျွန်တော်တို့ကို ကောင်းကောင်းပြုစုနေကြတာတွေ့ရလို့ ငိုမိတာပါ ဗိုလ်ကြီး'

ဂျပန်စစ်ဗိုလ်မှာ ခဏမျှ တွေဝေသွားသည်။ ပြီးမှ မျက်နှာကို ပြန်တင်းလိုက်ပြီး ရက်ဒေါသဖြင့်-

"ဘာ့ခဲရိုး"

'ဖြန်း... ဖြန်း..."

ပါးနှစ်ဖက်ကို အားနှင့်လွှဲကာ ဘယ်ပြန်ညာပြန် ရိုက်ချလိုက်သည်။ နဂိုကမှ မကျန်းမမာဖြစ်ကာ အားကုန်နုံးချည့်နေသော စစ်သားမှာ ခွေကျ သွားတော့ သည်။

ဂျပန်ဗိုလ်မှာ အရုပ်ကြီးတစ်ရုပ်ပမာ တရွေ့ရွေ့လှမ်းကာ လျှောက်ရင်း ဗိုလ်ကြီးအောင်မင်းရှေ့သို့ ပြန်ရောက်လာပြီး တစ်ကိုယ်လုံး အင်အားတွေ ကုန်ခန်းသွားသလို ဒူးညွတ်ကျသွားပြီး ထိုင်ချလိုက်သည်။ ဂျပန်ဗိုလ်မှာ ခေါင်းငုံ့ထားရာမှ မော့ကာ ဗိုလ်ကြီးအောင်မင်း၏ မျက်နှာကို အတန်ကြာအောင် ငေးစိုက်ကြည့်နေပြီးမှ အလွန်ပီသသော အင်္ဂလိပ်စကားဖြင့်-

"ကျွန်ုပ်ကိုယ်ကျွန်ုပ် သတ်သေခွင့်ပြုပါ"

ဗိုလ်ကြီးအောင်မင်းနှင့် သခင်ကံသာတို့က ခေါင်းများကို ယမ်းခါလိုက်ကြသည်။ ဂျပန်ဗိုလ်၏ မျက်လုံးများမှာ စောစောကလို မတောက်ပနိုင်တော့ချေ။

■

အာကာယံတစ်ခွင်လုံး မိုးမင်းလွင်မှောင်တွေ ဖုံးလာသည်။ တဖြည်းဖြည်း အုံ့ဆိုင်းလာပုံက ကောင်းကင်ယံကြီး ပြိုတော့မလို ဖြစ်လာသည်။ စောစောက နံနက်ချိန်ခါ ရှုခင်းသာမှာ ပြောင်းလဲခဲ့ပါပြီ။

ဂျပန်စစ်သားတို့၏ ဇရပ်ထဲက မြင်ကွင်းကို မျက်ဝါးထင်ထင် လှမ်းမြင်နေခဲ့ရသဖြင့် မတ်ဆုမိစံရင်မှာ နှလုံးမသာနိုင်တော့။ ခံစားနေကျ ရှုခင်းအလှမှာ အကျည်းတန်ရချေပြီကော။

မတ်ဆုမိစံရင်မှာ ဆို့နင့်လာသည်။

မျက်လုံးအိမ်များက ပူလာကြသည်။ ငါ မငိုဘူးဟု စိတ်ကိုတင်းထားသည်။ မျက်ရည်မကျအောင် ထိန်းရင်း ပင့်သက်ကို တစ်ဝရှူသွင်းသည်။ အောက်နှုတ်ခမ်းများကို ခဲထားမိသည်မှာ နာရကောင်းမှန်းပင်မသိ။

ဒုက္ခရောက်လာသော ဂျပန်စစ်သားများကို ရွာသူရွာသားများက ဝိုင်းဝန်း ကူညီပြုစုပေးနေသည် ကို မြင်ရသဖြင့် ငါတစ်ယောက်တည်း ကိုမှ ကူညီတာ မဟုတ်ပါလားဟု သဘောပေါက်လေသည်။ ကမ္ဘာပေါ်မှာ စစ်သွေးဆာနေတဲ့ စစ်ဝါဒီခေါင်းဆောင်တွေ ကြီးစိုးနေသမျှ ဒီလို ဒုက္ခတွေ ခံစားနေကြရမှာပဲ။ အသက်ကို ဖက်ရွက်လောက်မှ သဘောမထားတဲ့ ဆာမူရိုင်းဆိုတာက တို့လူမျိုးမှာပဲရှိတာပဲ။ သေခြင်းတရားကို မကြောက်ရွံ့အောင် သွန်သင်ပြီး သေဝံ့အောင် လေ့ကျင့်ပေးခဲ့ကြတယ်။ အမိန့်ကို တစ်သဝေမတိမ်း နာခံတတ်အောင် ပုံသွင်း ထားခဲ့တယ်။ ဒါတွေကြောင့်များ ဒီလို စစ်ဝါဒီခေါင်းဆောင်တွေရဲ့ ဦးဆောင်မှု အောက် ဂျပန်စစ်သည်တွေက ဖက်ဆစ်ရယ်လို့ ဖြစ်လာကြတာလား။

မတ်ဆုမိစံ အတွေးများက ရှည်လျားနေသည်။

“မတ်ဆုမိ”

အခန်းဝက အသံကြား၍ လှည့်ကြည့်လိုက်သည်။ ကိုရေအေး အခန်းထဲ ဝင်လာသည်။ ဆန်ပြုတ်နှင့် ငါးကြော်ပန်းကန်များကို မတ်ဆုမိစံရှေ့မှာ ချသည်။

“အာရိကတ်တော့ဂိုဇိုင်းမတ်စ်”

ကျေးဇူးတင်ပါတယ်ဟု မတ်ဆုမိစံက ဦးညွှတ်၍ပြောသည်။ ကိုရေအေးက ငါးကြော်ကို ကောက်ယူပြီး အရိုးထွင်ပေးသည်။ မတ်ဆုမိစံက ကိုရေအေး လုပ်ကိုင်နေသည်ကို ကြည့်နေသည်။

ဒီမနက် သတိရသော အာဆာဒါစံတစ်ယောက်တော့ အခုလောက်ရှိ ဘယ်သောင်ဘယ်ကမ်း ဆိုက်လေပြီမသိ။ မြန်မာလို၀တ် မြန်မာလို စကားပြောသော

အာဆာဒါစံ မရှိတော့ပေမယ့် မြန်မာအစစ် ကိုရေအေးတစ်ယောက် ပြုံစု နေသည်ကို မတ်ဆုမိစံမှာ ပြည့်စုံနေသည်။

အသားညိုသော်လည်း ယောကျ်ားပီသသော ဥပမိရုပ်နှင့် အစဉ်ကြည်လင် ပြုံးချိုနေသော မျက်နှာထားကို ဂရုပြုမိသည်။ ရိုးသား တည်ကြည်သောအသွင်မှ ကိုရေအေး၏ ကြင်နာသောနှလုံးသားကို မတ်ဆုမိစံ မြင်နေရသည်။

လိုလေသေးမရှိအောင် ပြုစုနေသဖြင့်လည်း မတ်ဆုမိစံမှာ မနေတတ် မထိုင်တတ်အောင် ဖြစ်ရသည်။ အရိုးစင်သွားသော ငါးကြော်ပန်းကန်ကို ရှေ့တိုးပေးသည်။

"ငါးကြော်"

မတ်ဆုမိစံက ကြိုးစားပြီးပြောလိုက်သည်။

"ငါးချော်"

ကိုရေအေး ဆန်ပြုတ်ပန်းကန်ကို ညွှန်ပြ၍

"ဆန်ပြုတ်"

"ဆန်မြို့"

မတ်ဆုမိစံ မပီသည်ကို ကိုရေအေး ပြုံးသည်။

"ငါးချော်၊ ဆန်မြို့"

မတ်ဆုမိစံက ပြောရင်း ပန်းကန်ကို အသာလှမ်းယူသည်။ ကိုရေအေးက မတ်ဆုမိစံ စားသောက်နေသည်ကို ရှေ့မှထိုင်ကာ တစိမ့်စိမ့်ကြည့်နေချင်သေးသည်။ သို့သော် မိန်းကလေးတစ်ဦး မလုံမလဲ ရှက်ကိုးရှက်ကန်းဖြစ်နေမှာကို ငဲ့ရဦးမည်။ ရိုင်းရာကျမည်စိုး၍ ဆန္ဒကို ချိုးနှိမ်ကာ ထိုင်ရာမှထသည်။

နောက်သို့ လှည့်ထွက်မည်အပြု ခန်းစည်းကန့်လန့်ကာလေးက ရိပ်ခနဲလှုပ်သွားသည်။ ကိုရေအေးက အခန်းပြင်သို့ လျင်မြန်စွာ ထွက်လိုက်သည်။ ချောင်းကြည့်နေရာမှ ကပျာကယာခွာလိုက်ကြသော ခိုင်ထွေးစိန်နှင့် မအေးလှတို့ကို တွေ့ရသည်။ သူတို့ ညီအစ်မ ခိုးခိုးခစ်ခစ် ရယ်နေကြသည်။

ကိုရေအေး ကျွဲမြီးတိုသွားသည်။

မအေးလှတို့က ရယ်ချင်စိတ်ကို မျိုသိပ်ကာ

မျက်နှာပိုးသတ်ထားသော်လည်း ခိုင်ထွေးစိန်မှာ ဖုံးဖိ၍မရအောင် ပြုံးစိစိနှင့်-

“နင်တို့ ဘာလုပ်နေကြတာလဲ”

ကိုရေအေး အသံက မာနေသည်။ မအေးလှက ခိုင်ထွေးစိန်ကို ကြည့် သည်။ ခိုင်ထွေးစိန်က မအေးလှကို ပြန်ကြည့်သည်။ ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အစ်ကိုဖြစ်သူ၏ အမေးကို မဖြေကြ။

“ပြောလေ... နင်တို့ ဘာလုပ်နေကြတာလဲ၊ ဝင်ရင်လည်းဝင်၊ ထွက်ရင် လည်းထွက်ပေါ့၊ နင်တို့ ချောင်းကြည့်နေကြတာ မဟုတ်လား”

“သူ... သူ...”

အမယ်... ထွေးစိန်နော်၊ နင်ကစတာ မဟုတ်ဘူးလား”

“နင်တို့က ချောင်းကြည့်ရအောင် ငါက ဘာလုပ်နေလို့လဲ”

“ဟုတ်ပါဘူး၊ ထွေးစိန်တို့က အစ်ကိုရေအေးကို လာခေါ်တာ၊ အဖေနဲ့ ဦးလေးကံသာတို့ ပြန်လာပြီလို့ ပြောမလို့ဟာ”

“အဲဒါ အစ်ကိုက အပြင်ထွက်လာတာနဲ့ အေးလှတို့လည်း အထဲမဝင်တော့တာ”

သူတို့ ဖြေရှင်းချက်တွေ ပေးနေကြသော်လည်း မျက်နှာတွေက ဘာလိုလို ဖြစ်နေကြ၍ ကိုရေအေးမှာ စိတ်ဆိုးမပြေတတ်။

“သွားသွား... ဆင်းကြမယ်'

ကိုရေအေးက တွန်းတွန်းထိုးထိုး မောင်းချသည်။ လှေကားထိပ်အရောက် ခိုင်ထွေးစိန်က လှည့်၍-

“အစ်ကိုရေ”

“ဘာလဲ”

“ချောတယ်နော်”

“တယ်... ဒီကောင်မလေး၊ ငါ လုပ်လိုက်ရ၊ ဆင်းမှာသာ ဆင်းစမ်း”

သူတို့မောင်နှမတွေ အောက်ထပ်သို့ ဆင်းသွားကြသည်။ ကိုရေအေး ရင်ထဲမှာမူ တဖျတ်ဖျတ် လှုပ်ခတ်လျက်။

■

အိမ်ပေါ်ထပ်မှာ ထူးခြားနေသည်။

ဘယ်အချိန်ကြည့်ကြည့် ကြမ်းပြင်မှာ ဖုန်မရှိ။ ကြမ်းပြင်က နဂိုထက် ပြောင်လက်နေသည်။ ပစ္စည်းတွေက နေသားတကျရှိသည်။

မတ်ဆုမိစံက အိမ်ပေါ်မှာ အလကားမနေ။ အားနေသည်နှင့်အမျှ အလုပ်တစ်ခုခု ရှာလုပ်နေသည်။ နာလန်ထကာစမို့ ဘာမှမလုပ်ပါနှင့်ဦးဟု အိမ်သားတွေက တားသော်လည်းမရ။ အိမ်အပေါ်ထပ်က အလုပ်ကို မတ်ဆုမိစံက တာဝန်ယူထားသဖြင့် မအေးလှတို့ ခိုင်ထွေးစိန်တို့ သက်သာသည်။ ခိုင်ထွေးစိန်က မတ်ဆုမိစံကို အတုယူပြီး ဦးညွတ်ကာ အာရိဂတ်တော့ ဂိုဇိုမတ်စ်ဟုပင် ပြောတတ်နေပြီ။

မွန်းလွဲချိန်ကျတော့ အပေါ်ထပ်ကို တက်ကြသည်။ အိမ်ရှေ့ခန်း ကြမ်းပြောင်ပြောင်တွင် စောလယ်ဝါးကို အလယ်မှာထားပြီး ထိုင်သည်။ ဒီဘက်မှာ သခင်ကံသာ၊ ဦးလေးချစ်၊ ကိုရေအေးနှင့် ခိုင်ထွေးစိန်တို့ မျက်နှာချင်းဆိုင် ဘက်မှာ မတ်ဆုမိစံ တစ်ယောက်တည်း။

နာမည်ကတော့ သိသွားပြီမို့ မေးစရာမလို။ ဘာအလုပ်လုပ်သလဲ၊ ဘာရာထူးလဲ စသည်ဖြင့် မေးကြသည်။ မတ်စုမိစံက ဂျပန်လို ဖြေသမျှကို စောလယ်ဝါးက ဘာသာပြန်ပေးသည်။

"သူနာပြုဆရာမတဲ့'

မတ်ဆုမိစံက ဆက်ပြောသည်။ ကိုရေအေး အသက်ကယ်ပေးရုံမက ဆေးကုပေးကြ၊ ကျွေးမွေးပြုစုကြနဲ့ ကျေးဇူးကြီးလှပါတယ်တဲ့။ ကျေးဇူးတင်လွန်းလို့ ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ဘူးတဲ့။ သခင်ကံသာက ဂျပန်စစ်တပ်တွေအကြောင်း မေးသည်။ သူနာပြုဆရာမ တစ်ယောက်အနေနှင့် စစ်ဆုတ်ချိန်ကြမှသာ တပ်ထဲပါလာသဖြင့် တပ်တွေအကြောင်း သေသေချာချာ မသိပါဟု ဖြေသည်။

ဦးလေးချစ်က မတ်ဆုမိစံတို့ ဖြတ်လာခဲ့ရသည့် ခရီးကိုမေးသည်။ ခက်ခဲကြမ်းတမ်းလှသော ခရီးမှာ ဆင်းရဲပင်ပန်းကာ ဒုက္ခကြီးစွာ ရောက်ခဲ့ရပုံ များကို ပြောပြသည်။

ကိုရေအေးက ရှေ့ ဘာဆက်လုပ်ချင်သလဲဟုမေးသည်။ ဒီအတွက် မတ်ဆုမိစံ စောစောပိုင်းထဲက စဉ်းစားခဲ့ပါသည်။ သို့သော် လောလောဆယ်မှာ အဖြေမထွက်ဘဲ ဂျပန်တပ်တွေဆီကို အမီလိုက်ဖို့လည်း မဖြစ်နိုင်။ ဗြိတိသျှ တို့၏

သို့ပန်းအကျဉ်းစံဘဝလည်း မရောက်ချင်။ ရှေ့ရေးကိုတွေးကာ မွန်းကျပ် လာရုံမှအပ ဘာမှမမြင်။ ထို့ကြောင့်လည်း အမေးကို အမေးနှင့်သာ တုံ့ပြန်သည်။

"ကိုရေအေးတို့ ဘယ်လိုစီစဉ်ချင်ပါသလဲ"

စောလယ်ဝါးက တစ်ဆင့်မေးသည်။ ဒီအမေးကို ဖြေချင်သဖြင့် မဆိုင်း မတွပင်-

"ကောင်းကောင်းနေလို့ ကောင်းသေးတာမှ မဟုတ်ဘဲ အေးအေးဆေးဆေး အားမွေးပြီး ဒီမှာပဲ နားပါဦးလား၊ ဘာမှ အားနာစရာမရှိပါဘူး'

စောလယ်ဝါးက ဘာသာပြန်ပေးနေသည်။ "အားနာတယ်"ဟူသော မြန်မာ့စိတ်ထားကို ဖော်ပြသည့် ယဉ်ကျေးမှုစကားလုံးကို ဂျပန်လို စကားလုံး ရှာမတွေ့သဖြင့် စောလယ်ဝါး ခက်နေသည်။ ခိုင်ထွေးစိန်က ကိုရေအေးနားကပ် လာသည်။ လက်တို့ကာ နားနားကပ်၍ အစ်ကိုရေးကလည်း ဒီမှာပဲ တစ်သက်လုံး နေပါလို့ ပြောလိုက်လေဟု တိုးတိုးပြောသည်။ သွားစမ်းပါဟု ပြန်ပြောလွှတ် လိုက်သည်။ ငါ့ရင်ထဲက ပြောချင်နေတဲ့စကားကို ဒီကောင်မလေးများ သိနေ သလားဟု မလုံမလဲ ဖြစ်မိသည်။

စောလယ်ဝါးက သူနာပြုအလုပ်နှင့် ဆေးဝါးတွေအကြောင်း မေးစမ်း ကြည့်သည်။ မေးသမျှ အစီအစဉ်တကျ ဖြေနိုင်သည်။ ရနိုင်လျှင် ငှက်ဖျားဖြတ် ဆေး၊ ဝမ်းပိတ်ဆေး၊ အရက်ပြန်၊ ဂွမ်း၊ ပတ်တီး စသည်ဖြင့် ဆေးဝါးများ ရသလောက် လိုချင်ကြောင်းပြောသည်။ စောလယ်ဝါးက ရှာပေးပါမည်ဟုဆို သည်။

စကားဝိုင်းသိမ်းတော့ မတ်ဆုမိစံက သူ့အခန်းလေးထဲ ပြန်ဝင်သွားသည်။ အိမ်သားတွေက အောက်ထပ်ဆင်းလာကြသည်။ အောက်ထပ်မှာ ဒေါ်လုံး ရောက်နေသည်ကို တွေ့ရ၏။ ဒေါ်လုံးက အပေါ်ထပ်မှ ဆင်းလာသော စောလယ်ဝါးကိုကြည့်ကာ လက်ညှိုးထိုး၍-

"ဟဲ့... ဒါ.. ဟို ဝိသာခါဇရပ်မှာတွေ့တဲ့ ကောင်လေးမဟုတ်လား၊ ဒီမှာလာပြီး ဘယ်သူ့ကို စကားပြန်လုပ်ပေးနေတာတုံး"

ဦးလေးချစ်နှင့် ကိုရေအေးတို့မှာ ချက်ချင်း ဘာပြန်ပြောရမှန်းမသိ။

"ခင်ဗျားကလည်း စွတ်ပြောနေပြန်ပါပြီ၊ ဒါ ကျုပ်တပည့်ဗျ၊ ငယ်ငယ် လေးတည်းက သားလိုသမီးလို နေလာတဲ့ကောင်၊ အခု ကျုပ်ခေါ်လို့ ဒီရွာရောက် လာတာ'

"ဩော်... ဩော်... မသိလို့ပါတော်"

ဒေါ်နှင်းမြိုင်က ခါးရှည်ချွေးခံအင်္ကျီအိတ်ထဲ နှိုက်စမ်းနေသော လက်ကို ဆွဲထုတ်လိုက်ပြီး ပါလာသော ငွေစက္ကူနှစ်ရွက်ကို ထိုးပေးရင်း-

"ကဲ... မလုံး၊ ရော့ ဒါလေးပဲရှိတယ်၊ ရှိတာပဲယူပြီး ပြန်တော့"

ဒေါ်လုံးက ဒေါ်နှင်းမြိုင်လက်မှ ပိုက်ဆံကို ဆွဲယူလိုက်ပြီး

"ကျေးဇူးပဲ မနှင်းမြိုင်"

ဒေါ်လုံး ထိုင်ရာမှထသည်။

"ကိုစိန်ချစ် ကျွန်မ ပြန်ဦးမယ်၊ မယ်မြ အနိုပ်တွေဘာတွေ ခံချင်တဲ့အခါ ခေါ်နော်'

"နေပါစေဗျာ၊ ရပါတယ်'

ဒေါ်လုံး ခြံပြင်ရောက်မှ-

"ဒီမိန်းမကြီး ဘာလာလုပ်တာလဲ အမေ"

ကိုရေအေး မေးသည်။

"ပိုက်ဆံလာချေးတာလေ၊ သူတောင်းသလောက် မပေးလိုက်လို့ တယ် မကျေနပ်ချင်ဘူး"

"အလကား၊ ယူပြီးပြန်ဆပ်တာလည်း မဟုတ်ဘဲနဲ့"

"ဘာတတ်နိုင်မှာတုံး ဆုံးတော့လည်း ဒါနပဲလို့ မှတ်ရမှာပေါ့ကွယ်"

ခိုင်ထွေးစိန်က ဒေါ်နှင်းမြိုင်ဘေးမှာ ဝင်ထိုင်လိုက်သည်။

"အမေတို့ဟာကလည်း ကြွေးတောင်းလို့မရတော့မှ ဒါနပေါ့တဲ့၊ နို့အိုးကြီး ကွဲတော့မှ ရွှေစည်းခံ့လှူတာ ကျနေတာပဲ"

"ဟဲ့... ဒီကောင်မလေးက နေရာတကာဝင်ပါတယ်၊ အမေ့ကို ဒီလို ပြောရသလား"

ကိုရေအေးက ငေါက်လိုက်သည်။

ဒေါ်လုံးနှင့် စောလယ်ဝါး ဆုံပုံကို ကိုရေအေး မနှစ်မြို့။ ပြီးတော့ ပိုက်ဆံလာချေးပုံကို ဘဝင်မကျ။ မရှိ၍ လာချေးသည်က မဆန်းပါ။ သို့သော် ယခု လာချေးသည်က စဉ်းစားစရာရှိသည်။

ထင်းတဲမှာ ဝှက်ထားသည့် ပိုက်ဆံကို ဖော်သည့်မနက်က မြမောင် ရောက်လာပုံကို ပြန်သတိရသည်။ ဒီဟာကို မြမောင် ရိပ်မိ၍ သူ့အမေကို ပြန်ပြောရာက ဒေါ်လုံး ပိုက်ဆံလာချေးသလားဟု ဆက်စပ်စဉ်းစားကြည့်သည်။ တောင်းသလောက်မရ၍ သူကပင် မကျေမနပ်ဖြစ်သွားသေးသည်ဟုလည်း အမေ ပြောပြသည့်အထဲမှာပါသည်။

စိတ်အနှောင့်အယှက် ဖြစ်ရသည်။

အောက်ထပ် နောက်ဖေးဘက်မှာ ကိုရေအေး ချွေးတလုံးလုံးနှင့် အလုပ်များနေသည်။ လွှတွေ၊ တူတွေ၊ သံတူရွင်းတွေနှင့် ထုလိုက်ရိုက်လိုက်နှင့် သစ်တိုသစ်စတွေက ရှုပ်ပွနေသည်။ မအေးလှတို့ ခိုင်ထွေးစိန်တို့ ရေချိုးသည့် စဉ့်အိုးကြီးနေရာကို အကာအရံများ လုပ်ပေးနေခြင်းဖြစ်သည်။

ညနေစောင်းမှာ ရေချိုးခန်းလေးတစ်ခု ဖွဲ့ပြီးဖြစ်သွားသည်။ ကျေးလက် တောရွာ မြန်မာ့အိမ်များမှာ သမီးပျိုလေးတွေ ရှိကြပေမယ့် ရေချိုးခန်းများကို တခုတ်တရဖွဲ့လေ့ မရှိကြ။ အိမ်ဘေး စဉ့်အိုးမှာ ရေတွင်းမှာ ချောင်းကမ်းစပ်မှာ စသည်ဖြင့် အဆင်ပြေသလို ချိုးကြသည်။

သို့သော် ကိုရေအေးအနေဖြင့် မတ်ဆုမိစံအတွက် ရေချိုးဖို့ အခက်အခဲ မရှိစေချင်။ နေမကောင်းစဉ် ရေမချိုးနိုင်တုန်းက ကိစ္စမရှိ။ ယခုလို နေလည်းကောင်းလာ ရေချိုးဖို့ လိုလာသောအခါ သူတို့စရိုက်သဘာဝအရ အေးလှတို့ ထွေးစိန်တို့လို ချိုးဖို့ကိစ္စမှာ စိတ်အနှောင့်အယှက်ဖြစ်နေမှာစိုးသည်။

ညဦးပိုင်းမှာ ကိုရေအေး အိမ်ပေါ်တက်လာခဲ့၏။ မတ်ဆုမိစံက မီးရောင်မှာထိုင်ကာ အပ်တစ်ချောင်းနှင့် အလုပ်ရှုပ်နေသည်။ သူ့လက်ထဲမှာ ခေါင်းအုံးစွပ်တစ်ခုကို တွေ့ရသည်။ ချုပ်ရိုးပြဲနေသည်ကို ပြန်ချုပ်နေခြင်း ဖြစ်သည်။ ချုပ်ရိုးကလေးတွေက လက်ကွက်စိပ်ကာ ညီညွတ်သေသပ်လှသည်။

ဘေးမှာလည်း ကုလားထိုင်စွပ်ကအစ ခြင်ထောင်အဆုံး တွေ့သမျှ အပေါက်အပြဲတွေ အကုန်လုံး ပြန်ချုပ်ပေးထားသည်။

“အဟမ်း” ချောင်းသံပေးရင်း အနားကပ်တော့ မတ်ဆုမိစံ လှည့်ကြည့်သည်။ ကိုရေအေးကိုမြင်တော့ ပြုံးသည်။ ကိုရေအေးက ကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်သည်။ လက်ထဲမှာ ပန်းကန်တစ်ချပ် ပါလာသည်။ မတ်ဆုမိစံထံ လှမ်းပေးသည်။ မတ်ဆုမိစံက ခေါင်းအုံးစွပ်ကို ပေါင်ပေါ်တင်ပြီး ပန်းကန်ကို ယူသည်။

မြေပဲနှင့် ထန်းလျက်ခဲများ။

အို… တောထဲတောင်ထဲမှာတုန်းက ရှားရှားပါးပါး အကောင်းဆုံးထားကာ စားခဲ့ရသည့် သရေစာတွေပါလား။ အာဆာဒါစံ လာပေးခဲ့သည်နှင့် တိုက်တိုက်ဆိုင်ဆိုင် တူနိုင်ရန်ကော။ အခွံချွတ်ပြီးသား လုံးဝန်းညီညာသော မြေပဲစေ့ ဖြူဖြူလေးများကို မတ်ဆုမိစံ ငေးကြည့်နေမိသည်။

'မြီဘဲ၊ ဒည့်"

ကိုရေအေးက အံ့ဩဝမ်းသာသွားသည်။ မြေပဲနှင့် ထန်းလျက်ကို မတ်ဆုမိစံ မြန်မာလို ပြောတတ်နေသည်ပဲ။

တောင်ပေါ်စခန်းက ချောင်းနံဘေးမှာ အာဆာဒါစံနှင့် နှစ်ယောက်တည်း ဆုံတွေ့ခဲ့ရသည်ကို သတိရသည်။ မြေပဲနှင့် ထန်းလျက်ခဲများ ကို လာပေးစဉ် မြန်မာလို "မြေပဲ၊ ထညက်"ဟု သင်ပေးခဲ့သည်ကို သူမမေ့။

မမေ့ဘဲ ပြောနိုင်သည်ကို မတ်ဆုမိစံက သူ့ဘာသာသူ သဘောကျပြီး ရယ်သည်။ ရယ်သံလွင်လွင်ကို နားထောင်ရင်း ကိုရေအေး စိတ်ထဲက အချိန် တွေရယ် မကုန်ပါစေနဲ့ဦးဟု ဆုတောင်းနေမိသည်။

အနားမှာ နေချင်သေးသော်လည်း ကြာကြာနေ၍မကောင်း။ ခုနေ တစ်ယောက်ယောက် အိမ်ပေါ်တက်လာလျှင် ပြောစရာဖြစ်တော့မည်။ စိတ်ကို ချိုးနှိမ်ကာ မထချင်ထချင်ဖြင့် ထိုင်ရာမှထသည်။

နှုတ်ဆက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

စစ်ရိပ်စစ်ငွေ့များက မသေနိုင်ကြသေး၊ ရွာမှာလည်း မြို့က စစ်ပြေး ဒုက္ခသည်တွေ ပြည့်နေသည်။ စစ်ဒုက္ခတွေ ရှိနေကြသော်လည်း ဦးလေးချစ်နှင့် ဒေါ်နှင်းမြိုင်တို့မှာ ဆွမ်းဝတ် ကွမ်းဝတ် မပျက်ကြ။ ဥပုသ်နေ့ဖြစ်၍ သူတို့ ဇနီးမောင်နှံ ယနေ့ ဘုန်းကြီးကျောင်းသွားနေကြသည်။ မအေးလှက မီးဖိုထဲမှာ ချက်ပြုတ်နေသည်။ ကိုရေအေးက ရေတွင်းမှ ရေငင်ပေး၍ ခိုင်ထွေးစိန်က ချိုင့်တွေဆေးနေသည်။

ရွာလယ်ပိုင်းက လူသံတွေ ကြားရသည်။ အော်ခေါ်သံ မေးသံ ဖြေသံ များနှင့်အတူ ကလေးသံတွေကလည်း ကျွတ်ကျွတ်ညံနေသည်။ ခွေးဟောင်သံ များ လည်း ရောနေသည်။

တစ်ခုခုတော့ ထူးပြီဟု သိလိုက်သည်။ မကြာပါ ထွန်းရ အမောတကော ပြေးဝင်လာသည်။

"ဦးလေးချစ်.. ဦးလေးချစ်"

"ဟေ ထွန်းရ၊ လာလေကွာ၊ အဖေတို့ သုသာန်ကျောင်းသွားတယ်"

"မင်းညီ လှခိုင် ပြန်ရောက်ပြီကွ၊ သေနတ်တွေမှ အများကြီးပဲ၊ ဓားပြတွေဖမ်းလာတယ်"

ကိုရေအေးက အိမ်ထဲသို့ လှမ်းအော်သည်။

"အေးလှ၊ ထွေးစိန် လှခိုင် ပြန်လာပြီတဲ့ဟေ့"

မအေးလှက မီးဖိုထဲမှ အားရဝမ်းသာ ပြေးထွက်လာသည်။ ခိုင်ထွေးစိန်က ရေခွက်ကြီးကိုင်လျက် ရေတွင်းမှ ပြေးလာသည်။ မောင်နှမသုံးယောက် အမြန်ထွက်ကြသည်။ ခြံဝရောက်မှ ထွန်းရက-

"ဟဲ့... နင့်လက်ထဲက ရေခွက်ကြီးက ဘာလုပ်ဖို့လဲ"

"ဩော်... မေ့လို့ မေ့လို့"

အစ်ကို့ကို တွေ့ချင်ဇောနှင့် ကိုင်လာမိသော ရေခွက်ကို ပြန်ပြေးထားရသည်။

လှခိုင် ဘယ်မှာလဲဟု ထွန်းရကို မေးနေစရာမလို။ ဝိသာခါဇရပ်ကြီးမှာ စုဝေးကြမှာ သေချာသည်။ အားလုံးခြေလှမ်းသွက်နေကြ၏။ သတင်းကြားသည့် အိမ်တွေကလည်း ထွက်လိုက်လာသည်။

သူတို့ ရောက်သွားတော့ လူတွေတရုံးရုံးဖြစ်နေသည်။ ဇရပ်ရှေ့ မြေကွက်လပ်မှာ သူကြီး၊ ဆယ်အိမ်ခေါင်းများနှင့် လူကြီးများစုံနေသည်။ တော်လှန်ရေး ရဲဘော်များနှင့် စကားပြောနေကြသည်။ ဦးလေးချစ်နှင့် ဒေါ်နှင်းမြိုင်တို့လည်း ဘုန်းကြီးကျောင်းမှ ဆင်းလာကြသည်။

မြေကွက်လပ်အလယ်မှာ လူဆယ်ယောက်ကို ကြိုးတုပ်ပြီး ထိုင်ခိုင်းထားသည်။ လူအုပ်ကြီးက သူတို့ကို ဝိုင်းထားကြသည်။ ဒေါသထွက်သော မျက်လုံးများနှင့် ဝိုင်းကြည့်နေကြသည်။ လက်နက်ကိုင် ရဲဘော်များက ဓားပြတွေနားမှာ နေကာ စောင့်ကြပ်နေကြသည်။

"တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုတာ ဒါမျိုးပေါ့ကွ"

"တိုင်းပြည် လွတ်လပ်ရေးအတွက် သုံးဖို့ လက်နက်တွေကိုမှ ခိုးပြီး ဓားပြတိုက်တဲ့ မအေပေးတွေကွာ၊ တောက်"

ရွာသူရွာသားတို့မှာ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။

ရွှေမောင်းတို့၊ ထွန်းရတို့ ကာလသားတစ်စုမှာ တောက်တခေါက်ခေါက် လက်သီးတစ်ဆုပ်ဆုပ်နှင့် ရှိကြ၏။

ခားပြတို့ လက်ချက်ဖြင့် အသက်ထွက်ခဲ့ရသော အိမ်ရှင်ဦးကျော်ရင်၏ ကျန်ရစ်သူဇနီးက သူယောက်ျားကို သတိရသဖြင့် သစ်ပင်အောက်မှာထိုင်ကာ တရှုပ်ရှုပ် ငိုကြွေးနေရှာသည်။ ဦးကျော်ရင်သား အကြီးကောင်က ခားကြီးတစ် ချောင်းဆွဲကာ ရှူးရှူးရှားရှား ပြေးဝင်လာပြီး ခားပြတွေကို အသေခုတ်မယ် လုပ်နေသဖြင့် ရွာလူကြီးများက ဝိုင်းဆွဲထားရသည်။

မလှမ်းမကမ်းမှာ လှခိုင်က သူ့မိသားစုနှင့် ရပ်စကားပြောနေသည်။ ခိုင်ထွေးစိန်က လှခိုင်ပခုံးမှာ လွယ်ထားသော ရိုင်ဖယ်သေနတ်ကြီးကို အနီးကပ် စူးစမ်းနေသည်။ ဒေါ်နှင်းမြိုင်ကမူ သားငယ်၏ လက်မောင်းကို ဆုပ်ကိုင်ကာ မုတ်ဆိတ်မွေး ပါးမြိုင်မွေးများကို ငေးကြည့်နေသည်။ ဦးလေးချစ်နှင့် ရွာလူကြီး များက မြန်မာ့မျိုးချစ်တပ်မှ ဗိုလ်ကြီးနှင့် စကားပြောနေသည်။

“ကျွန်တော်တို့ရွာမကိုလည်း ရောက်ခဲ့တယ်၊ အဲဒီမှာလည်း ဒီကောင်တွေ အမှုကို စစ်ခဲ့ပါတယ်”

တပ်နှင့်အတူ လိုက်လာသော ရွာမသူကြီးက ဝင်ပြောသည်။

“ဟုတ်ပါတယ်၊ ကျွန်တော်တို့ရွာကို ဝင်တိုက်သွားတာလည်း ဒီကောင် တွေပဲ”

“ကဲ... သူကြီး၊ ဒီရွာက ခားပြတိုက်ခံရတဲ့ အိမ်ရှင်တွေခေါ်ဗျာ၊ အခု ဖမ်းလာတဲ့ကောင်တွေထဲက လူဆွဲပြခိုင်းရအောင်”

ဗိုလ်ကြီးက စစ်လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်သည်။ “ဒီရွာက အတိုက်ခံရလို့ ပါသွားတဲ့ ပစ္စည်းစာရင်း ရေးထားတာရှိတယ် မဟုတ်လား၊ အဲဒါပေး ဒီမှာပြန်ရလာတဲ့ ပစ္စည်းတွေနဲ့ တိုက်ကြည့်မယ်”

ဗိုလ်ကြီးက သူကြီးဦးထွန်းလူပေးသော စာရွက်ကိုကိုင်လျက် အထုပ်ကို ဖြေသည်။ အဖိုးတန် ရွှေငွေ လက်ဝတ်လက်စားများက နေရောင်မှာ တောက်နေ ကြသည်။ ပစ္စည်းအချို့ ပြန်မရသော်လည်း ယခု ပြန်ရလာသော ပစ္စည်းများက စာရင်းနှင့် ကိုက်ညီသည်။

ဗိုလ်ကြီးက ခားပြတွေကို မတ်တတ်ရပ်ပြီး တန်းစီစေသည်။ အိမ်ရှင် များကိုခေါ်ပြီး လူဆွဲပြခိုင်းသည်။ အားလုံးက လူလေးယောက်ကို တညီတညွတ် တည်း ဆွဲပြကြသည်။

“ခင်ဗျားတို့ ပြတဲ့လူတွေမှန်တယ်၊ ဟိုမှာတုန်းကလည်း ဒီလေးကောင်ပဲ”

ဗိုလ်ကြီးက ရပ်နေသူဆယ်ယောက်ကို ဟိုခြောက်ကောင် သွားတော့ဟု ပြောသည်။ အဆွဲမခံရသော ခြောက်ယောက်ကို ကြိုးဖြေ ပေးသည်။ အမှန်က ဒီခြောက်ယောက်က ဓားပြမဟုတ်ဘူး။ ကျွန်တော့်ရဲ့ ရဲဘော် တွေပါ။ တရားခံ မှန်ကို ရွာက ဖော်ထုတ်ပေးဖို့ တမင်ရောထည့်ထားတာဟု ဗိုလ်ကြီးက ရှင်းပြ သည်။

ပစ္စည်းရှင်တွေကို ခေါ်စစ်သည်။ သေဆုံးသူ မိသားစုများကို ခေါ်စစ်သည်။ ဓားပြတွေကို တစ်ယောက်ချင်းစစ်သည်။ ထင်ရှားသော ရာဇဝတ်မှုတွေက တစ်သီကြီးဖြစ်၏။ ခေါင်းဆောင်လုပ်သူက ကျော်သောင်းဖြစ်သည်။ ကျော်သောင်းမှာ မုဒိမ်းမှု၊ လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျနေခဲ့ရာမှ ခေတ်ပျက်တော့ ထောင်ဖောက်ပြေးလာသူဖြစ်သည်။

ကျူးလွန်ခဲ့ကြသော အမှုများကြောင့် ဒီနယ်တစ်ဝိုက်မှာ ဒီကောင်တွေအကြောင်း ကောင်းကောင်း သိကြပါသည်။

လူတွေက အုတ်အော်သောင်းတင်း ဆူဆူညံညံ ဖြစ်နေကြသည်။

လူသံတွေ ဆူညံနေသဖြင့် အိမ်အပေါ်ထပ်မှ မတ်ဆုမိစံ ထွက်ကြည့်သည်။

မြေကွက်လပ်မှာ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ ဖက်ဆစ်တော်လှန်ရေး ပြောက်ကျား လက်နက်ကိုင်ရဲဘော်များက ကြိုးတုပ်ထားသော လူလေးယောက်ကို တောင်ကမူလေး ခြေရင်းသို့ ဆွဲခေါ်လာကြသည်၊ တန်းစီပြီး ရပ်ခိုင်းသည်။ ထိုနေရာရှိ လူတွေကို အဝေးသို့မောင်းထုတ်သည်။ ထိုတရားခံများနှင့် မလှမ်းမကမ်းမှာ တော်လှန်ရေးရဲဘော် လေးယောက် ရိုင်ဖယ် ကိုယ်စီ ကိုင်ကာ တရားခံများဘက်သို့ မျက်နှာချင်းဆိုင်ကာ ရပ်နေကြသည်။

စောစောက ကျွတ်ကျွတ်ဆူနေသော ပရိသတ်မှာ အသံတွေ လုံးဝတိတ်ဆိတ်သွားသည်။ မီးကို ရေနှင့်ငြိမ်းလိုက်သည့်ပမာ အားလုံး ငြိမ်ကျသွားသည်။ ဘယ်သူမှ လှုပ်ရှားမှုမရှိတော့။ မြင်ကွင်းကို ငေးစိုက်ကြည့်နေသော မတ်ဆုမိစံပင် အသက်မရှူမိ။

အနားတွင် ရပ်နေသော စစ်ဗိုလ်က အောင်မြင်ခန့်ညားသော အသံဝါကြီးဖြင့် အော်ကာ အမိန့်ပေးသည်။ ရဲဘော်လေးယောက်က သေနတ်များကို မြှောက်ကာ ပခုံးမှာထောက်လိုက်ကြသည်။ တရားခံများအား မျက်လုံးများကို အဝတ်စည်းပေးထားသည်။ ဗိုလ်ကြီးက နောက်တစ်ခွန်း ကျယ်လောင်စွာ အမိန့် ပေးလိုက်သံနှင့်အတူ

"ဒိုင်း.. ဒိုင်း.. ဒိုင်း...'

မြည်ဟည်းပေါက်ကွဲလိုက်သော သေနတ်သံများက တိတ်ဆိတ်သော ဝန်းကျင်မှာ ဟိန်းထွက်လာသည်။

ကိုယ်နှင့် မပတ်သက်သော်လည်း မြင်ကွင်းကိုကြည့်ရင်း မတ်ဆုမိစံ ရင်တွေခုန်နေသည်။ ကြည့်နေစဉ်မှာပင် တရားခံလေးယောက်မှာ အရုပ် ကြိုးပြတ် လဲကျသွားကြသည်။

ရိုင်ဖယ်ကိုင် လေးဦးအနက် ထိပ်ဆုံးက တော်လှန်ရေးရဲဘော်အနားသို့ မိန်းမကြီးတစ်ယောက် ကပ်သွားသည်ကို လှမ်းမြင်ရသည်။ ထိုမိန်းမကြီးကို သေသေချာချာကြည့်တော့မှ ကိုရေအေး၏ မိခင်ဖြစ်ကြောင်း သူ သိလိုက်သည်။

ထိုလူ အနီးသို့ ကိုရေအေးမောင်နှမတွေ ကပ်သွားကာ စကားပြော နေကြသည် ကိုလည်း တွေ့ရသည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနှင့် ဒီလူက ဘယ်သူများပါလိမ့်ဟု မတ်ဆုမိစံ တွေးနေမိသည်။

■

အိမ်အောက်ထပ်က စကားဝိုင်းမှာ စိုပြည်နေပါသည်။ ပြောပြနေသူက လှခိုင်တစ်ယောက်တည်း။ ဝိုင်းနားထောင်နေကြသူများက အိမ်သူအိမ်သား မိသားစု သာမက မြမောင်တို့ ရွှေမောင်းတို့ ထွန်းရတို့ပင် ပါသေးသည်။

"ဗိုလ်ကြီးက ကျွန်တော့်ကို သိပ်ချစ်တာ အမေရ၊ သူ့အနားမှာ အမြဲ ခေါ်ထားတယ်၊ ညီလေးအရင်းလိုပဲ စောင့်ရှောက်တယ်"

ဦးလေးချစ်က ထောက်ခံသည်။

"အေး... ဟုတ်တယ်၊ အခုတောင် မင်းတို့ဗိုလ်ကြီးက ငါ့ကို ပြောလိုက် သေးတယ်၊ ဦးလေးချစ်သားက တိုက်ပွဲမှာရော တပ်ထဲမှာရော၊ သိပ်အားကိုးရတာတဲ့၊ သူ့ရဲ့ ညာလက်ရုံးပဲတဲ့၊ လက်လည်း သိပ်တည့်တာပဲတဲ့"

ခိုင်ထွေးစိန်က သူ့အစ်ကို အရည်အချင်းကို ဂုဏ်ယူသည်။

"အဲဒီမှာ အစ်ကိုလေးလို လက်တည့်တဲ့လူတွေပါလား"

"တော်တော်နည်းတယ် ထွေးစိန်၊ သေနတ်ပစ်တယ်ဆိုတာ အမြင်သာ လွယ်တာနော်၊ တကယ်ပစ်ကြည့်တော့ ထိဖို့မလွယ်ဘူး"

"တစ်ခါလောက် ပစ်ကြည့်ချင်တယ်"

"နင် နိုင်မှာမဟုတ်ပါဘူး၊ အလေးကြီးကို"

သခင်ကံသာက တိုက်ပွဲအတွေ့အကြုံတွေ မေးသည်။

"ကျွန်တော်တို့ကတော့ ပြောက်ကျားနည်းပဲ ဦးလေးရဲ့၊ သူတို့ ဂျပန်စခန်းတွေမှာ သွယ်ထားတဲ့ ဖုန်းလိုင်းတွေ၊ မီးလိုင်းတွေကို အကုန် ဝင်ဖြတ်တယ်၊ သူတို့စခန်းတွေကို အဝင်အထွက်ရှိတဲ့ မော်တော်ကားလမ်းတွေ ဖုံးခွဲတယ်၊ တံတားတွေချိုးပစ်တယ်၊ ပြီးတော့ အဲဒီစခန်းတွေ ဝင်စီးတာပေါ့၊ ကျွန်တော်တို့ အနေနဲ့ ဒီလိုမလုပ်လို့ မရဘူးလေ၊ ကျွန်တော်တို့ အင်အားက နည်းတယ်၊ သူတို့အင်အားက အဆမတန်များတယ်"

ဒေါ်နှင်းမြိုင်က ငါ့သား သူရဲကောင်းကြီးဟူသော ပီတိဖြင့်ကြည့်ရင်း နားထောင်နေသည်။

"ရိုးမပေါ်က ပြေးလာတဲ့ ဂျပန်တွေလေ၊ ဟို... သုံးခွကြီးအင်းထဲက ထိန်ပင်ကြီးတွေ ရှိပါရောလား၊ အဲဒီရောက်နေကြတာ၊ ရရာအရွက်နုနုလေးတွေ ခူးစား၊ ငါးရှာစားနဲ့ ကျွန်တော်တို့သွားတော့ အပင်ကြီးတွေပေါ် တက်ပုန်း နေကြတာကိုး၊ ကျွန်တော်တို့က အောက်က ပစ်ချတော့လေ ပြုတ်ပြုတ်ကျလာ တာများဆို အသီးတွေကြွေသလို တဖြုတ်ဖြုတ်ပဲ"

"အင်္ဂလိပ်တပ်တွေကရော"

"ဘယ်... အင်္ဂလိပ်တပ်တွေက အဝေးကနေ အမြောက်တွေ လက်နက်ကြီးတွေနဲ့ထုတာ၊ ဒီကောင်တွေက လက်နက်နဲ့ ယန္တရားကို အားကိုးပြီး တိုက်တာများတယ်၊ ကျွန်တော်တို့က လက်နက်ခဲယမ်း မီးကျောက်ကို သူတို့လောက် သုံးနိုင်တာမဟုတ်တော့ လူကိုပဲ ပိုအရင်းစိုက်ပြီး အားထုတ်ရတယ်၊ အနီးကပ် သူသေကိုယ်သေ ချတော့လည်း ကျွန်တော်တို့ပဲ၊ ကိုယ့်ရင်ဘတ်ကို ခံတပ်လုပ်၊ လုံ့စွပ်ကို အဟုတ်ထားပြီး တရကြမ်း ဝင်ဆော်ပစ်တာပေါ့ ဘာရမလဲ"

ခိုင်ထွေးစိန်က ငါ့အစ်ကို တယ်ဟုတ်ပါလားဟု စိတ်ထဲက ချီးမွမ်းနေ သည်။

"ဟိုတလောတုန်းကလည်း ဆင်ဆိပ်တောထဲမှာပေါ့၊ ချုံကြီးတစ်ချုံထဲ ကိုအရောက် ဂျပန်နဲ့ တည့်တည့်ကြီးသွားတိုးတာ စစ်သားမဟုတ်ဘူးဗျ ကောင်မတွေ"

"ဟေ... ဘယ်လို"

"ဂျပန်မတွေလေ

နားထောင်နေသူအားလုံးက စိတ်ဝင်စားသွားကြသည်။

"သေနတ်နဲ့ ပစ်ကြရောလား"

"အနားကပ်မှ ဖြုန်းခနဲတွေ့လိုက်ရတော့ သေနတ်နဲ့ပစ်ဖို့တောင် အချိန် မရလိုက်ပါဘူး

"အချိန်ရရင်ရော"

"အိုး... အချိန်ရလို့တော့ ဘယ်နေပါ့မလဲ၊ ဂျပန်ဟာ ဂျပန်ပဲ၊ ယောက်ျား သော မိန်းမသော ခွဲမနေဘူး၊ တစ်ခါတည်း အပြတ်ရှင်းပစ်လိုက်မှာပေါ့"

လှခိုင် အားရပါးရ ပြောချလိုက်သောစကားက ကိုရေအေးကို လှုပ်ရှား စေသည်။

"သူတို့မှာ လက်နက်တော့ ဘာမှမပါဘူး၊ တို့ကိုလည်းတွေ့ရော သောက်ကောင်မတွေ ကြောက်လိုက်ကြတာ တုန်နေတာပဲ၊ မြေကြီးမှာ ပြားပြားဝပ် ရှိခိုးတောင်းပန်ကြတယ်"

"ဘယ်နှယောက်ရှိလဲ"

"ငါးယောက်၊ လူတွေကလည်း ပိန်ချုံးလို့၊ အနာတွေကလည်း ပွနေတာပဲ၊ တို့ကို ရှိခိုးပြီး စားစရာပေးဖို့ တကျီကျီတောင်းတာပဲ၊ တော်တော့်ကို ငတ်ပြတ်နေတယ်ထင်ပါရဲ့၊ ဒါနဲ့ ဖမ်းပြီးခေါ်လာခဲ့တယ်၊ တို့တပ်မှူးဆီရောက်တော့ စားစရာတွေလည်း ချကျွေးရော အိုး... ဘယ်ဘဝက ငတ်ပြတ်လာတယ် မသိပါဘူး၊ မျိုလိုက်ကြတာ၊ စားပြီးလို့ အေးအေးဆေးဆေး စစ်ကြည့်တော့မှ ဘယ်လိုကောင်မတွေ အောက်မေ့လဲ"

"လုပ်စမ်းပါဦးကွ၊ ဘယ်လိုကောင်မတွေလဲ"

လှခိုင်က မဲ့ပြုံးပြုံးလျက်-

"ဖာသယ်တွေကွ"

"ဟင်... မင်းဟာကလည်း စောစောကပြောတော့ ဂျပန်မတွေဆို"

ရွှေမောင်း နားရှုပ်သွားသဖြင့် မေးသည်။

"အေးလေ၊ ဂျပန်ဖာသယ်မတွေပေါ့ကွ"

"ဟုတ်ရဲ့လားကွာ"

“ဟာကောင်ရ၊ ငါက မင်းကို မဟုတ်ဘဲပြောပါ့မလားကွ”

မြမောင်က သခင်ကံသာကို လှမ်းကြည့်သည်။ သခင်ကံသာက-

“ဟုတ်တယ်ကွယ့်၊ ငါ့တူမရှေ့ပဲ ပြောပြရဦးမယ်၊ သူတို့ဂျပန်တွေမှာ ဖျော်ဖြေဖို့ ပြည့်တန်ဆာမတွေထားတယ်၊ ဂျပန်တင်မကပါဘူး၊ တရုတ်မ၊ ကိုရီးယားမ၊ ဖိလစ်ပိုင်မတွေလည်း ပါတာပဲ၊ စစ်ဆုတ်ကြပြီဆိုတော့ သူတို့လည်း အားလုံး ဒုက္ခရောက်ကြတာပေါ့”

စကားဝိုင်း ခဏမျှ ငြိမ်သက်သွားသည်။ ထိုအခိုက် မအေးလှ နောက်ဖေး ဘက်မှ ထွက်လာသည်။

“ထမင်းစားကြရအောင်၊ အဆင်သင့်ပြင်ပြီးပြီ၊ ကိုရွှေမောင်တို့ ကိုမြမောင်တို့လည်း တစ်ခါတည်း ဝင်စားသွားလေ”

“နေပါစေ အေးလှ၊ ငါတို့လည်း ပြန်ဦးမယ်”

“ကဲ… လူလေး သွားစားလိုက်ဦး၊ ထမင်းစားပြီးရင် အဖေ စကားပြော စရာရှိသေးတယ်”

လှခိုင်တို့ ထိုင်ရာမှထကာ နောက်ဖေးဝင်သွားကြသည်။

■

ထမင်းစားသောက်ပြီးကြတော့ အိမ်ပေါ်ထပ်မှာ သီးသန့် စကားဝိုင်းကလေး တစ်ခု ဖြစ်လာသည်။ ဦးလေးချစ်၊ သခင်ကံသာနှင့် ကိုရေအေးတို့တစ်ဖက်၊ လှခိုင် တစ်ယောက်တည်းက တစ်ဖက်၊ ကိုရေအေးက မတ်ဆုမိ ဒီအိမ်ရောက် လာပုံကို ပြောပြသည်။ ဒီကိစ္စအပေါ် ခံယူပုံကို ဦးလေးချစ်က ရှင်းပြသည်။

“အဖေပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ အခုကိစ္စကတော့ မဟုတ်သေးဘူးထင်တယ် အဖေ”

“ဘာကိုမဟုတ်တာလဲဆိုတော့ ဒီဂျပန်ကောင်တွေက တစ်လျှောက်လုံး ကျွန်တော်တို့အပေါ်မှာ မတရား အနိုင်ကျင့်ပြီး ညှဉ်းပန်းနှိပ်စက်လာခဲ့တဲ့ ဖက်ဆစ်တွေပဲ”

လှခိုင် မျက်လုံးတွေက အရောင်တဖျတ်ဖျတ် တောက်နေကြသည်။

“ကျွန်တော်တို့ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ကြီးရဲ့ ရည်ရွယ်ချက်ကိုက ဒီဂျပန်တွေကို ကျူပင်ခုတ် ကျူငုတ်မကျန်အောင် တိုက်ခိုက်

မောင်းထုတ်ပစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထတိုက်ကြတာ၊ ဦးလေးကံသာတို့ ပိုသိပါတယ်”

“သိတယ်လေ”

“အဲဒီတော့ ကျွန်တော်တို့က ဂျပန်ဆိုရင် ဟောဒီ ဗမာ့မြေပေါ်က အကုန်ရှင်းပစ်ရမှာပဲ၊ ပြီးတော့ တော်လှန်ရေး အစီအစဉ်တွေထဲမှာ ဂျပန်ကိုယ်စားလှယ်လုပ်သူတွေနဲ့ နိုင်ငံ့ သစ္စာဖောက်တွေကို သုတ်သင်ပစ်ရမယ်ဆိုတဲ့ အစီအစဉ်ရှိတယ်”

“ဒါကတော့ လူလေးရယ်၊ ဒုက္ခရောက်လာတဲ့လူကို ကူညီရုံလောက်နဲ့ နိုင်ငံ့သစ္စာဖောက် ဖြစ်တဲ့အထိတော့ မရောက်နိုင်ပါဘူးကွာ၊ တို့က ဒီတော်လှန်ရေးကို အနှောင့်အယှက်မပေးရုံတင်မကဘူး တော်လှန်ရေးကြီး အောင်မြင်ဖို့ ကူညီနေကြတဲ့လူတွေပဲ”

“ကျွန်တော်က သဘောကိုပြောပြတာပါ အဖေ၊ စစ်တပ်က ထုတ်ပြန်ထားတဲ့ ပြန်တမ်းထဲမှာပါတာက ဦးလေးကံသာတော့ ဖတ်ဖူးမှာပါ၊ ဂျပန်တွေကို တိုက်ရိုက်ဖြစ်ဖြစ်၊ သွယ်ဝိုက်တဲ့နည်းနဲ့ဖြစ်ဖြစ် ကူညီသူတွေ ကိုတွေ့ရင် ပြည်သူ့လွတ်လပ်ရေးတပ်ခွဲကို ဖမ်းခေါ်လာရမယ်တဲ့၊ ဆုတောင် ချီးမြှင့်လိုက်ဦးမယ်တဲ့”

“ဒီလိုရှိပါတယ် ငါ့တူရဲ့”

“ခဏလေး ဦးလေး၊ ကျွန်တော် ဆက်ပြောပါရစေဦး၊ ရန်သူကို တိုက်ရိုက်ဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးတော့ဖြစ်ဖြစ် အားပေးကူညီရင် စစ်ခုံရုံးတင်ပြီး ကြီးလေးတဲ့အပြစ်ဒဏ် ပေးမယ်လို့ ကြေညာထားတယ်”

“ဟုတ်ပါတယ် လူလေးရယ်၊ ဒါပေမယ့် ရန်သူ အားပေးတယ်ဆိုတာက စစ်ရေးမှာပြောတာပါ၊ ဂျပန်တွေ စစ်နိုင်အောင် တစ်ဖက်ကလှည့်ပြီး ကူညီပေးတာမျိုးကို ဆိုလိုတာပါ။ ဥပမာကွာ ဂျပန်စစ်တပ်ကို ရိက္ခာဖြည့်ပေးတာတို့၊ ဆက်သားလုပ်ပေးတာတို့၊ ဒီဘက်က သတင်းတွေ ဟိုဘက်သွားပေးတာတို့၊ လက်နက်ပေးတာတို့၊ အဲဒါမျိုးတွေကို ပြောတာပါ သားရယ်”

ဦးလေးချစ် စကားအဆုံးမှာ သခင်ကံသာက ဆက်သည်။

“ဒီလိုရှိတယ် ငါ့တူ၊ တို့တော်လှန်တာ၊ တိုက်ခိုက်တာက ဖက်ဆစ်ကို တော်လှန်တိုက်ခိုက်ကြတာနော်၊ ပြီးတော့ ဂျပန်စစ်ဗိုလ် စစ်သားတိုင်းက ဖက်ဆစ်တွေဖြစ်နေတာ မှန်တယ်”

“ဒါကြောင့် ဆော်ပစ်ရမယ်ပြောတာပေါ့”

"အေး… ဒါပေမယ့် ဂျပန်လူမျိုးတိုင်းဟာ ဖက်ဆစ်ပဲလို့တော့ ပြောလို့ မရဘူး ငါ့တူရဲ့၊ မင်း ခုနပြောတဲ့ တို့အဖွဲ့ချုပ်က ထုတ်ပြန်ထားတဲ့ တော်လှန်ရေးအစီအစဉ်ဆိုတဲ့ ပြန်တမ်းထဲမှာ အထူးမှတ်ရန်ဆိုတဲ့ အချက်တွေ ပါသေးတယ်'

လှခိုင်က ငြိမ်ပြီးနားထောင်နေသည်။

"ဒီစစ်ဝါဒီ ဖက်ဆစ်တွေဟာ တို့ဆီမှာသာ အခုလို လာရမ်းကားနေကြ တာမဟုတ်ဘူး၊ သူတို့ ဂျပန်ပြည်မှာရှိတဲ့ ဖက်ဆစ်မဟုတ်တဲ့ လူတွေအပေါ်မှာ လည်း နှိပ်စက်တာပဲတဲ့"

လှခိုင်က နှုတ်လှန်မထိုးတော့ဘဲ သခင်ကံသာကို ကြည့်နေသည်။

"အဲဒီလို နိုင်ငံထက်စီးနင်း လုပ်နေကြတာက စစ်သွေးဆာနေတဲ့ ဂျပန် စစ်ဝါဒီခေါင်းဆောင်ကြီးတွေရဲ့ တိုက်ချင်၊ ခိုက်ချင်၊ နယ်ချဲ့ချင်နေတဲ့ အလိုဆန္ဒ တွေပဲတဲ့၊ သာမန်အရပ်သူ အရပ်သား ဂျပန်တွေဟာ ဖက်ဆစ်မဟုတ်ဘူးဆိုတဲ့ အကြောင်း ရှင်းပြထားပါတယ် ငါ့တူရဲ့"

သခင်ကံသာက စကားကိုရပ်ကာ လှခိုင်ကို အကဲခတ်သည်။ လှခိုင်က ငြိမ်ပြီးနားထောင်နေသည်။

"ဂျပန်စစ်ရာဇဝတ်ကောင်တွေကို ဖမ်းမိရင် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ် တာတွေ မလုပ်ရဘူးတဲ့၊ စောင့်ရှောက်ကျွေးမွေး နေရာပေးပြီးတော့ စစ်ဌာနချုပ် ကို ပို့ပေးရမယ်တဲ့"

သခင်ကံသာ ခဏနားတော့ ဦးလေးချစ်က စကားဆက်သည်။

"ပြီးတော့ လူလေးရယ်၊ အခုအချိန်မှာ ဂျပန်တွေ စစ်ရှုံးနေပြီလေ၊ ခွေးပြေး ပြေးနေရပြီပဲ၊ တို့လက်ခုပ်ထဲကရေ ဖြစ်နေပြီမဟုတ်လား၊ ဒီဘဝရောက်ပြီး လက်မြှောက်၊ ဒူးထောက်၊ မှောက်လျက်လဲနေမှတော့ ဘာလုပ်မလဲသားရယ်၊ ခွေးကို ကြိုးနဲ့တုပ်ပြီး ရိုက်သလိုရှိတော့မပေါ့၊ တို့က ဗမာလူမျိုးပဲ၊ အသက် ကယ်တန်တာ ကယ်မယ်၊ ဆေးကုတန်တာ ကုပေးမယ်၊ ပြုစုကျွေးမွေးတန်တာ လည်း ကျွေးမွေးပေါ့"

လှခိုင်ထံမှ စကားပြန်မရတော့။ ခဏမျှ စဉ်းစားရင်း ငြိမ်နေသည်။ ကိုရေအေးက လေပြည်လေးနှင့် ရှင်းပြသည်။

"ဟို့. လွန်ခဲ့တဲ့ ငါးလလောက်က ဒီရွာမှာ မပြ မီးဖွားတော့ မင်းလည်း ရှိသားပဲ၊ ဂျပန်ဆရာဝန်က သူ အနစ်နာခံပြီး ဝင်ကယ်လို့ ကလေးရော မအေပါ

အသက်ချမ်းသာရာ ရခဲ့တယ်မဟုတ်လား၊ အဲဒါ ဦးလေးကံသာ ခုန ပြောတဲ့ ဖက်ဆစ်မဟုတ်တဲ့ လူတွေဆိုတာ ဒါမျိုးပေါ့၊ ခုဟာကကွာ စစ်သား လည်းမဟုတ်ဘူး၊ ဖက်ဆစ်လည်းမဟုတ်ဘူး၊ ပြီးတော့ မိန်းမသားကွာ၊ သူနာပြု ဆရာမ၊ ငါနဲ့တွေ့တဲ့အချိန်မှာလည်း သေလုမြောပါးဖြစ်နေတယ်၊ ငါ မကယ်ရင် သေမှာပဲ၊ ဒါကြောင့် ငါက အသက်ကယ်ခဲ့တဲ့သဘောပဲ”

“ဟုတ်ပြီလေ၊ ကယ်တာလည်း ကယ်တာပေါ့၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်”

“ပြောစမ်းပါဦး”

“သူနာပြုဆရာမလို့ ဘယ်သူပြောလဲ”

“သူ ပြောပြတာလဲ”

“ဟုတ်ဦးမှကိုဗျ”

“ဘာဖြစ်လို့လဲ”

“တော်ကြာ ကျွန်တော် စောစောကပြောသလို ဂျပန်စစ်တပ်ရဲ့ အဖျော်ဖြေခံ မိန်းမပျက်တွေ ဘာတွေ ဖြစ်နေဦးမယ်”

“ဟာကွာ.. ညီလေးကလည်း မဟုတ်တာ”

“အဖေ အကဲခတ်ရသလောက်တော့ မိန်းမကောင်းလေးပါကွာ”

“ဟုတ်ပါတယ် ငါ့တူ၊ ဒီကိစ္စကို စကားပြန်ကောင်လေး လာတုန်းက သေသေချာချာ စစ်ဆေးပြီးပြီ၊ ဆေးဝါးအကြောင်း၊ ရောဂါအကြောင်း၊ လူနာ ပြုစုပုံအကြောင်းတွေ အသေးစိတ်မေးတယ်၊ မတ်ဆုမိစံက တော်တော် ကျွမ်းကျွမ်း ကျင်ကျင် ဖြေနိုင်ပါတယ်၊ အရည်အချင်းပြည့်ဝတဲ့ သူနာပြုဆရာမလေး တစ်ယောက်ပါပဲ'

“ဟုတ်ရင် ပြီးတာပါပဲလေ”

“ကဲ... လာ၊ သူ့အခန်း သွားရအောင်”

■

မတ်ဆုမိစံက အခန်းထဲမှာ အေးအေးဆေးဆေး ကျောဆန့်ကာ နားနေသည်။ အခန်းဝမှ လူသံတွေကြားရ၍ အိပ်ရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်။ ခြေသလုံးသားမှာ အထက်တက်သွားကာ ထဘီနားကို ချက်ချင်းဆွဲချရသည်။

ဖရိုဖရဲဖြစ်နေသော အင်္ကျီကို အမြန်ဆွဲဆန့်ရသည်။

အခန်းတွင်းသို့ ချင်းနင်းဝင်ရောက်လာသူ၏ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေကို မြင်သည်နှင့် မနက်က တရားခံလေးယောက်ကို သေဒဏ်ပေးရာတွင် ထိပ်ဆုံးမှ ရိုင်ဖယ်ကြီးကိုင်ကာ ပစ်ခဲ့သည်ကို ချက်ချင်း မှတ်မိလိုက်သည်၊ ဘယ်သူပါလိမ့်ဟု မတ်ဆုမိစံ ရင်ထိတ်နေသည်။

နောက်မှ ကိုရေအေးတို့ ဦးလေးချစ်တို့ ပါလာတော့မှ ရင်ထဲက နည်းနည်းလျော့သွားသည်။ သခင်ကံသာက မိတ်ဆက်ပေးသည်။

"ဒါ မတ်ဆုမိစံပဲ"

လှခိုင်က မတ်ဆုမိစံကို မမှိတ်မသုန်ကြည့်နေသည်။ သခင်ကံသာက မတ်ဆုမိစံကို အင်္ဂလိပ်လိုပြောပြသည်။ လှခိုင်ဟုခေါ်ပါကြောင်း၊ ကိုရေအေး၏ ညီအရင်းဖြစ်ကြောင်း။

မတ်ဆုမိစံက ချိုသာစွာ ပြုံးပြီး ဦးညွှတ်သည်။

လှခိုင်က မတုံ့ပြန်ဘဲ စူးစူးရဲရဲ ကြည့်မြဲကြည့်လျက် စူးစမ်းနေသည်။ သခင်ကံသာက လှခိုင်မှာ ဗမာ့တော်လှန်ရေး ပြောက်ကျားတပ်မှ မျိုးချစ်ရဲဘော်တစ်ယောက်ဖြစ်ကြောင်း၊ ဆက်လက်ရှင်းပြသည်။

ငါ့ကိုများ လာဖမ်းတာလားဟု ပူမိသည်။

သို့သော် အခြေအနေကြည့်ရသည်မှာ အန္တရာယ်မရှိနိုင်ပါဘူးလေးဟု စဉ်းစားမိသည်။

မကြာပါ။ လှခိုင်တို့ ပြန်ထွက်သွားကြသည်။

■

အိမ်ရှေ့ခန်းတွင် လှခိုင်က ဦးလေးချစ်ကို ဂျပန်ဓားရှည်ကြီးတစ်ချောင်း ပေးပြီး -

"ဒီဓားကို သေသေချာချာ သိမ်းပါအဖေ"

"အဖိုးတန် ဓားကောင်းတစ်ချောင်းပဲ"

အမျိုးအစားကောင်းတစ်လက်မှန်း မြင်ရုံနှင့် သိသာပါသည်။ ဦးလေးချစ်က ဓားရိုးကိုဆုပ်ကာ သတိထားပြီး ဆွဲထုတ်လိုက်သည်။ လွယ်ကူ ချောမွေ့စွာ လျှောခနဲ ထွက်လာသော ဓားသွားက အလင်းရောင်မှာ လက်သွားသည်။

“ဗိုလ်ကြီးက ကျွန်တော့်ကို ဆုချတဲ့ခါး အဖေရ”

ဦးလေးချစ်က ဂျပန်ဓားရှည်ကြီးကို တမြတ်တနိုး တန်ဖိုးထားကာ ဘုရားစင်ပေါ် သွားတင်လိုက်သည်။ လှခိုင်က အိမ်သားတွေကို နှုတ်ဆက်ပြီး လူကြီးတွေကို ကန်တော့သည်။ ဒေါ်နှင်းမြိုင်က သားငယ်နှင့် ခွဲရပြန်ဦးမည်ဆိုတော့ မျက်ရည်ကလေး စမ်းစမ်း စမ်းစမ်း ဖြစ်နေသည်။

“အမေ ဘာမှမပူနဲ့၊ အဖေ ခဏခဏပြောသလိုပဲ၊ ရတနာသုံးပါးနဲ့ မိဘ ဆရာသမား ဂုဏ်ကျေးဇူးကြောင့် ကျွန်တော် ဘာမှမဖြစ်ဘူး၊ ကျွန်တော် ပြန်လာရင် လွတ်လပ်ရေးပါလာမှာ၊ အမေ စိတ်အေးအေးသာနေပါ”

ဦးလေးချစ်က လှခိုင်ကို ပီတိဖြင့် ပြုံးကြည့်နေသည်။ လှခိုင်က ကိုရေအေး အနားသို့ကပ်သည်။

“ကိုကြီး ကျွန်တော်သွားမယ်၊ အဆင်ပြေသလိုသာ ကြည့်လုပ်ကြပေါ့ ဗျာ၊ ကျွန်တော်ကတော့ တော်တော်နဲ့ အိမ်ပြန်ရောက်နိုင်ဦးမှာ မဟုတ်ဘူး”

“အေးကွာ၊ အေး.. အေး”

လှခိုင်က ဦးထုပ်ကို ကောက်ဆောင်းပြီး ခြံ၀မှာ စောင့်နေသော သူ့ရဲဘော်များနှင့်အတူ ထွက်ခွာသွားလေသည်။

■

အခန်း (၁၈)

"မိုးကြီးချုပ်လှမှတော် ဘယ်ကပြန်လာတာတုံး"

မီးခွက်ကို လက်တစ်ဖက်ကကိုင်လျက် ကျန်တစ်ဖက်ဖြင့် တံခါးဖွင့်ရင်း ဒေါ်နှင်းမြိုင် မေးသည်။ ဦးလေးချစ်က အိမ်ထဲဝင်ရင်း ဖြေသည်။

"သူကြီးအိမ်ကကွာ၊ ငါလည်း အစောကြီးပြန်လာမလို့ပဲဟာ၊ စီစဉ်စရာ ရှိတာတွေ ပြောကြ ဆိုကြ တိုင်ပင်ကြနဲ့ မိုးချုပ်သွားတာ"

"ဘာတွေ အရေးကြီးလို့တုံး"

"ဟို... ဒုက္ခရောက်လာတဲ့သူတွေ ကိစ္စပါ"

စစ်လမ်းကျသော ရွာမှန်သမျှ ဒုက္ခရောက်ကြသည်။ အသက်ဆုံးရှုံးကြသည်။ သားတစ်ကွဲ၊ မယားတစ်ကွဲ၊ မိသားစုများ ကွဲကုန်ကြသည်။ အိမ်ခြေ၊ ယာမြေ၊ လှည်းလှေ စသည်များ ပျက်စီးကုန်ကြရသည်။ ကျွဲတွေ၊ နွားတွေ ဆုံးရှုံးကြသည်။ စားရာမဲ့၊ ဝတ်ရာမဲ့၊ နေရာမဲ့ဘဝသို့ ရောက်ကြသည်။ ရွာပျက် အခြေပျက်သူများက ရွာကြီး ရွာခိုင်များသို့ ပြေးဝင်ခိုလှုံကြသည်။

ကိုရေအေးတို့ရွာ တောင်ကျောင်းအောက်ထပ်မှာ စစ်ပြေးဒုက္ခသည် တို့၏ ခိုလှုံရာ ဖြစ်လာသည်။ ဦးလေးချစ်တို့လို ငွေကြေး တတ်နိုင်သူ ရွာမိရွာဖ တွေက ဝိုင်းဝန်းကူညီ ကျွေးမွေး ထောက်ပံ့ကြသည်။

ဦးလေးချစ်က တံခါးမင်းတုပ်ကို အသေအချာပိတ်ရင်း-

"ထမင်းစားပြီးပြီလား"

"ကျုပ် ဒီနေ့ ဥပုသ်စောင့်တယ်လေ၊ ရှစ်ရက်ဥပုသ်နေ့ကို"

"ဟေ... သွားပါပြီကွာ၊ ငါ့မလဲ ရပ်ရေးရွာရေး စစ်ရေးတွေနဲ့ အလုပ် ရှုပ်နေလိုက်တာ၊ ဒီတစ်ပတ် ဥပုသ်တောင် ပျက်သွားပြီ'

"ထမင်းပွဲပြင်လိုက်ရမလား'

"မစားတော့ပါဘူးကွာ'

ဦးလေးချစ်က အပေါ်ထပ်သို့ တက်လာခဲ့သည်။

မတ်ဆုမိစံက ဒေါ်လေးမြချစ်အား နှိပ်ပေးနေသည်ကို တွေ့ရ၏။

"အမယ် တယ်ဟုတ်နေပါလား"

"ကျုပ်က ခိုင်းတာမဟုတ်ပါဘူး၊ သူ့ဟာသူ လာနှိပ်ပေးတာ"

"တစ်နေ့က မလုံးကတောင် ပြောသေးတယ်၊ အနှိပ်ခံချင်ရင် သူ့ကိုခေါ်ပါတဲ့"

"အမလေး နေပါစေ၊ မလုံးကတော့ စကားလည်းရှုပ် လူလည်းရှုပ်နဲ့ နှိပ်တတ်တာလည်း မဟုတ်ဘူး၊ စပ်စုလိုက်တာလည်း လွန်ရော၊ သူများအတင်း ပြောလိုက်တာများ လျှာပေါ်တံတွေးမတင်ဘူး"

ကြမ်းပေါ်မှာ ထိုင်နေသော ဒေါ်လေးမြချစ်ကို မတ်ဆုမိစံက နောက်ကျော မှနေပြီး ခပ်စိပ်စိပ် နှိပ်ပေးနေသည်။

"ဒီသူငယ်မ တော်တော်လက်ပေါက်တယ်၊ နှိပ်ကလည်း နှိပ်တတ်ပါဘိ'

"ဒါဆိုရင် ဟန်ကျတာပေါ့"

ပြောသမျှ မြန်မာစကားတွေ မတ်ဆုမိစံ နားမလည်သော်လည်း သူ့ အကြောင်းပြောနေမှန်း ရိပ်မိသည်။ ဦးလေးချစ်ကို ပြုံးပြီးမော့ကြည့်သည်။ ကြည်လင်သော မျက်နှာနှင့် ချိုသာသော အပြုံးက သူ့စရိုက်ပင်။

■

ညဘက် အိပ်ရာဝင် နောက်ကျသော်လည်း မနက်ကျတော့ အစောကြီးနိုး နေသည်။ အပြင်ဘက်မှာ မှောင်နေသေး၍ ခြင်ထောင်ထဲမှာပဲ လှဲနေ လိုက်သည်။ ပြန်အိပ်မရသည့်အလျောက် အတွေးတွေက ဟိုရောက် ဒီရောက်၊ ချည်ခင်အူ ပေါက်။

နားထဲမှာ "ဟန်ယုနေ့ ယာဒို" သီချင်းသံကို ကြားယောင်နေမိသည်။

"သာစွဌာနေ ကိုယ့်အိမ်ခြေ"ဆိုသည့် သီချင်းက ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းလှသည်။ အဝေးဆီမှ ပျံ့လွင့်လာသည်ဟု စိတ်ထဲက ထင်ရသည်။ ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့မှာ ရှိနေသည့် အိမ်သူအိမ်သား တွေကို သတိရလှ သည်။ မိဘဆွေမျိုးအားလုံးကို အောက်မေ့ တမ်းတသည်။ ဟိုမှာလည်း အေးအေးချမ်းချမ်းမဟုတ်၊ စစ်ဘေးစစ်ဒဏ်ကို အလူးအလဲ ခံရသည်။ ဒီမှာလည်း ကိုယ့်ဘဝနှင့်ကိုယ်၊ ကိုယ့်ဒုက္ခနှင့်ကိုယ်။ တောင်မင်းကို မြောက်မင်းမကယ်နိုင်။

လောလောဆယ်ဖြင့် ကိုယ့်တောင် သူများအသက်ကယ်ထားလို့ အသက် ရှင်နေသည့်ဘဝ။ ဒီအိမ်ကလူတွေကို ကျေးဇူးတင်လှသည်။ တစ်စတစ်စ ရင်းနှီးလာရာက သံယောဇဉ်ဖြစ်ရသည်။ ရွာကလူတွေအကြောင်း သိလာရတော့

မြန်မာလူမျိုးတို့၏ မေတ္တာဝါဒကို နားလည်လာရပြီ။

နဂိုက မြန်မာစကား နည်းနည်းပါးပါး တတ်ထားရာက ဒီအိမ်ရောက်တော့ စကားလုံးတွေ ပိုပြီးသင်ဖြစ်သည်။ သူပြောချင်သည့် စကားလုံးတွေကို စောလယ်ဝါး လာတုန်းကလည်း မေးထားလိုက်သည်။ ခိုင်ထွေးစိန် ထံမှလည်း ရသမျှ သင်ယူသည်။ စာအုပ်စာရွက် ရှားပါးသဖြင့် ရသမျှ ပြက္ခဒိန်နောက်ကျောမှာ ရေးမှတ်ထားသည်။

ကိုရေအေးက ထမင်းနှင့် ပုစွန်ကြော် လာပေးသည်။ ဝါးတူကလေး တစ်စုံလည်း လုပ်လာသည်။

“ကျေးဇူးတင်ဘားဒယ်'

‘ခိုရီအေးစားဘာ’

ပန်းကန်ကို လက်နှစ်ဖက်နှင့် လှမ်းပေးသည်။

“မတ်ဆုမိ စားပါ”

ပန်းကန်ကို ပြန်တွန်းပို့သည်။ ပန်းကန်ကို အသာမယူရင်း မတ်ဆုမိက ရွှန်းလဲ့သော မျက်ဝန်းအစုံဖြင့် ကြည့်သည်။

ဒီလိုကြည့်တိုင်း ရေအေးရင်မှာ လှုပ်ခတ်ရသည်ပဲလေ။ ကိုယ့်ရင်ခုန်သံ ကို ကိုယ်ပြန်ကြားနေရသည်။ ကြည်လင်ရွှင်ပျသော မတ်ဆုမိစံ၏ အပြုံး ကလည်း ကိုရေအေး အသည်းနှလုံးကို ဆွဲကျုံးယူသလို ရှိပါသည်။

ဆုံကြည့်မရဲ၍ လွှဲမိသော မျက်လုံးတွေက နောက်ထပ်အခါခါ ပြန်ကြည့် ဖြစ်ကြပြန်ပါသည်။

အနာတွေ ပျောက်ကင်းကုန်သဖြင့် အသားအရေ စိုပြည် နဂိုနေအရှိ ပကတိအလှကို မြင်ရသည်။ ဖြူဝင်းနုညက်သော ပါးပြင်ကလေးမှာ ပန်းနုရောင် ပြေးနေပါသည်။ အစာအာဟာရ ဝဝလင်လင် စားရပြီဖြစ်၍ စိုပြည်ပြည့်ဝ အလှသွေးကြွလာသည်။

မတ်ဆုမိစံက တူကိုပြန်ကောက်ကိုင်သည်။ ပုစွန်ကြော်ကို တူနှင့် သေသေသပ်သပ် ညှပ်ယူသည်။ သူလာပို့သော စားစရာတွေကို သူလုပ်ပေးသော တူကလေးနှင့် စားနေသည်ကိုကြည့်ကာ ကိုရေအေး ပီတိဖြစ်နေသည်။ ထိုအခိုက် အခန်းဝမှ အသံကြားရသည်။

“အစ်ကိုရေး အစာကျွေးနေတာလား”

ခိုင်ထွေးစိန်က ပြောရင်း အခန်းထဲဝင်လာသည်။

"ဟိတ်.. ကောင်မလေးနော်၊ အစာကျွေးတယ်ဆိုတာ တိရစ္ဆာန်ကိုပဲ ပြောရတာ"

"ဩော်... ဟုတ်သားပဲ၊ ဘွာ... ဘွာ"

ခိုင်ထွေးစိန်က နောက်ပြောင်ရယ်မောရင်း အခန်းတွင်းမှ ပြန်ထွက်သွားသည်။

ကိုရေအေးလည်း အခန်းထဲက လိုက်ထွက်ခဲ့ရသည်။

တကယ်တော့ မတ်ဆုမိစံ အနားမှာ အကြာကြီး နေချင်သည်။ သို့သော် အခြေအနေကမပေး။ မနေသင့်သည့်အတွက် ကိုယ့်ကိုယ်ဆုံးမကာ ထလာခဲ့ရသည်ချည်းပင်။

တစ်အိမ်ထဲမှာ နီးကပ်စွာနေရပါလျက် စိတ်ထဲက ဝေးလှသည်ဟု ကိုရေအေး ခံစားရသည်။ ဖြစ်နိုင်ပါက ရွာမြောက်မှာ အိမ်ဆောက်၍ နှစ်ယောက်တည်းသာ နေလိုက်ချင်ပါသည်။

ငါ့စိတ်တွေ ဘယ်လိုဖြစ်နေပါလိမ့်ဟု စဉ်းစားမိသည်မှာကြာပြီ။ မတ်ဆုမိစံ အိမ်ပေါ်ရောက်တည်းက ဖြစ်သည်။ ပြောပြချင်ပါသည်။ နားလည်စေချင်ပါသည်။ ဘာသာစကား အခက်အခဲကို မကျော်နိုင်သေးပေမယ့် ကိုယ့်မျက်လုံးတွေကိုတော့ နားလည်နိုင်ကောင်းပါရဲ့။

စစ်ကြီးပြီး၍ အေးချမ်းသွားသည့်အခါ မတ်ဆုမိစံ ပြန်သွားမှာကို ကြိုပြီး တွေးကြည့်မိသည်။ သူ့ဇာတိမြေဆိုသည်က ဝေးကွာလှသည့်ဒေသ။ စိတ်ကပင် မှန်းဆ၍မမီ။ မခွဲရမီ လွမ်းနှင့်သည်က စိတ်တွေစောပြီး မောနေမိသည်။ ငါ့ အတွေးတွေ ဟုတ်သေးရဲ့လားဟု သတိထားကာ ဖြေဖျောက်ပစ်ရသည်။

ဧည့်သည်တစ်ယောက်ကို ဆန်ဆုံစား၊ ကံကုန်သွားဟု သဘောမထားနိုင်သည်က ကိုယ့်ဝေဒနာ ကိုယ်မွေးသလို ရှိနေပါချေပြီကော။

မတ်ဆုမိစံကို ဒီမြေမှာနေ၊ ဒီရေကိုသောက် မြန်မာမလေးတစ်ယောက် ဖြစ်မြောက်လာစေချင်သည်။ စိတ်ကူးအာရုံမှာ ပုံဖော်ကြည့်ရသည်ကအမော။

မြန်မာနာမည်လေးတစ်ခု ပေးရလျှင် ကောင်းမည်။ မအေးလှတို့ ခိုင်ထွေးစိန်တို့ကလည်း မတ်ဆုမိစံကို မြန်မာနာမည် ပေးချင်နေကြသည်။ နေ့သင့်နံသင့် နာမည်ပေးဖို့ကျတော့ သူ ဘာနေ့သမီးမှန်းလည်းမသိ။ မေးကြည့်ဖို့ရာက အင်္ဂလိပ်လိုမတတ်။ ဂျပန်လိုဆိုရင် ပိုတောင်ဝေးသေး။

အဖေတို့ ညီအစ်ကို မောင်နှမတွေကတော့ နေ့သင့်နံသင့် ပေးကြသည့် နာမည်မျိုးဖြစ်သည်။ အဖေက အင်္ဂါသားမို့ ဦးစိန်ချစ်။ ကြာသပတေးသမီး ဒေါ်လေးက ဒေါ်မြချစ်။ ဗုဒ္ဓဟူးသား ဘကြီးက ဦးရွှေချစ်။

အမေတို့ဘက်က နာမည်ပေးပုံကျတော့ တစ်မျိုး။ အဘွားက အဓိပ္ပာယ် ကောက်ကာ ပေးခဲ့သည့် နာမည်တွေဖြစ်သည်။ နှင်းတွေကျနေသည့် အချိန် တောမှာ မွေးခဲ့သဖြင့် အမေ့နာမည်ကို မနှင်းမြိုင်ဟု မှည့်ခေါ်သည်။

မိသားစု ကံမကောင်းသည့်နှစ်မှာ မွေးလာသော ဦးလေးကို ကုသိုလ်ကံ ကောင်းမွန်စေရန် ကံသာ။ ဒီလိုမှည့်ခေါ်ခဲ့သည်။

ကိုရေအေးတို့ ညီအစ်ကိုမောင်နှမတွေကို ဦးလေးချစ် နာမည်ပေးပုံကျ တော့ တစ်မျိုးဖြစ်သည်။ နေ့သင့်နံသင့်လည်းမဟုတ်။ အတိတ်တပေါင် နိမိတ် ဆောင်ကာ မှည့်တာမျိုးလည်းမဟုတ်။

ကိုရေအေး

မအေးလှ

လှခိုင်

ခိုင်ထွေးစိန်

ကိုရေအေး နာမည်၏ နောက်ဆုံးက "အေး" တစ်လုံးကိုယူကာ ဒုတိယမွေးသည့် သမီးနာမည်၏ ရှေ့ဆုံးမှာ "အေး"ဟုထည့်ပြီး မအေးလှဟု မှည့်သည်။ မအေးလှ နာမည် နောက်ဆုံးစားလုံး "လှ"ကိုယူကာ နှိုညှာကောင် နာမည်ရှေ့ဆုံးမှာထည့်ကာ လှခိုင်ဟု တွင်စေသည်။ လှခိုင် နာမည် နောက်ပိတ် ခိုင်ကိုယူ၍ အငယ်ဆုံးမလေး နာမည်ထိပ်မှာ ထည့်မှည့်သည်။ ခိုင်ထွေးစိန်။

ဘာဖြစ်လို့ အဲဒီလိုမျိုး မှည့်ရတာလဲ အဖေဟု တစ်ခါတုန်းက ကိုရေအေး မေးကြည့်ဖူးသည်။

ပုဂံခေတ်နည်းပေါ့ကွာဟု ဦးလေးချစ်က ဖြေသည်။

ပျူစောထီး

ထီးမင်းယဉ်

ယဉ်မင်းပိုက်

ပိုက်သေလဉ်

သေလဥ်ကြောင်

ကြောင်ဒူရစ်

စသည်ဖြင့် နန်းစဉ်ဘုရင် အဆက်ဆက် မှည့်ခဲ့ကြပုံကို ပြောပြဖူးသည်။

မတ်ဆုမိစံကို မြန်မာနာမည် ပေးချင်သည်။

မောင်နှမသုံးယောက် တိုင်ပင်ရင်း နာမည်ရွေးကြသည်။ စိတ်ကြိုက် နာမည်ကို တော်တော်နှင့် ရှာမရ။

■

ညနေစောင်းမှာ အပေါ်ထပ်ကို တက်လာတော့ မတ်ဆုမိစံ အခန်းဆီမှ သနပ်ခါးတုံးနှင့် ကျောက်ပြင် ပွတ်တိုက်သံကို ကိုရေအေး ကြားရသည်။ အခန်းဝ သွားကြည့်တော့ အထဲမှာ မအေးလှရော ခိုင်ထွေးစိန်ပါ ရောက်နေသည်။

မအေးလှက သနပ်ခါးတုံးကြီးကို အားရပါးရ သွေးနေသည်။ ခိုင်ထွေး စိန်က ကျောက်ပျဉ်ပေါ်မှ သနပ်ခါးနှစ်များကို လက်ဖြင့်သပ်ယူကာ မတ်ဆုမိစံ မျက်နှာမှာ လိမ်းပေးနေသည်။

အခန်းဆီးကို မ,ကာဝင်လာသော ကိုရေအေးကို သူတို့သုံးယောက် ပြိုင်တူ မော့ကြည့်လိုက်ကြသည်။ မတ်ဆုမိစံက ရှက်စနိုးနှင့် မျက်လွှာချကာ ခေါင်းငုံ့သွားသည်။ ကိုရေအေးက ကြည့်ပြီး ရယ်နေသည်။

“အစ်ကိုက ဘာရယ်တာလဲ”

“ဘာမှမဟုတ်ပါဘူး၊ သဘောကျလို့ပါ”

“ဘာကို သဘောကျတာလဲ”

“သနပ်ခါးလိမ်းတာကို”

“ဇာတ်သွင်းတာလေ၊ ဗမာဇာတ်သွင်းနေတာ၊ ဟဲ… ဟဲ”

ခိုင်ထွေးစိန်က ရယ်ကြဲကြဲနှင့် ပြောသည်။

“ကောင်းတယ်၊ ကောင်းတယ်”

ကိုရေအေး ရပ်ကြည့်နေသည်။

“ကဲ… သွားပါ၊ အစ်ကိုရေးကလည်း မိန်းကလေးတွေ သနပ်ခါးလိမ်း တာကို

ကြည့်မနေပါနဲ့၊ ဒီမှာ ရှက်နေပြီ”

ခိုင်ထွေးစိန်က မတ်ဆုမိစံ မျက်နှာပေါ်က သနပ်ခါးတွေကို ညီအောင်ညှိပေးရင်းက ပြောသည်။

“နေပါဦးဟ၊ ငါ ပြောစရာရှိလို့”

“ဘာလဲ ပြော’

“သူ့ကို နာမည်ပေးဖို့ ငါ စဉ်းစားလို့ရပြီ”

“ဟုတ်လား၊ ဘာတဲ့လဲ၊ လုပ်ပါဦး”

ကိုရေအေး အခန်းထဲဝင်လိုက်သည်။

“နေ့တွေ နံတွေ ဘာတွေလုပ်မနေတော့ဘူးဟာ၊ ဂျပန်နာမည်နဲ့ မတိမ်း မယိမ်းဖြစ်အောင် ပေးရရင် ကောင်းမလားလို့”

“ကောင်းသားပဲ၊ ရွေးပြီးပြီလား အစ်ကို”

“ရွေးပြီးပြီ၊ သူ့နာမည်ရင်းက မတ်ဆုမိစံဆိုတော့ ဇမာလို မစုမေလို့ ပေးမလို့”

“မစုမေ ဟုတ်လား၊ ကောင်းတယ်၊ ကောင်းတယ်”

“မတ်ဆုမိစံကို မစုမေလို့ ပြောင်းလိုက်ပါတယ်'

ခိုင်ထွေးစိန်က မတ်ဆုမိစံ လက်မောင်းကို ဆွဲကိုင်ပြီး-

“မတ်ဆုမိစံကို ဇမာနာမည် ပေးမလို့ ရွေးပြီးပြီ”

“အင်”

“ဇမာနာမည်၊ ဇမာနာမည်”

“ဘိရုမာ နာမအေ့ ဒွဲစ်ကား”

“ဇမာနာမည်လေ၊ မစုမေလို့ခေါ်မယ် မစုမေ၊ မစုမေ”

“ချွန်မာ့နာမယ်ကာ့..”

ဂျပန်ဘာသာတွင် အမေးစကားများကို (KA) ကာနှင့် အဆုံးသတ်သည်။

“ကာ့”ဆိုသည်မှာ မြန်မာလို “လား” ဖြစ်သည်။ မတ်ဆုမိက မြန်မာလို ပြောပေမယ့် အမေးစကားများကိုလားဟု အဆုံးမသတ်ဘဲ ကာ့ဟုဆိုတတ်သည်။ ခိုင်ထွေးစိန်ကတော့ နားယဉ်၍ သဘောသိနေပြီ။

“ဟုတ်တယ်၊ မတ်ဆုမိစံ နာမည်လေ”

“ဗမာလိုကာ့”

“ဟုတ်တယ်၊ ဗမာလို မစုမေ၊ မစုမေ”

“မစုမေ”

“ဟုတ်တယ်၊ မစုမေတဲ့”

မတ်ဆုမိစံက သူ့နာမည်သူ မစုမေဟု ခေါ်ကြည့်သည်။

“ခေါင်းတယ်၊ ခေါင်းတယ်"

မတ်ဆုမိစံက မြန်မာလိုပြောသည်။

“ယောရောရှိ၊ ယောရောရှိ”

ခိုင်ထွေးစိန်ကလည်း ကောင်းတယ်၊ ကောင်းတယ်ဆိုသည်ကို အားကျ မခံ ဂျပန်လို (YOROSHI) ဟု ပြန်ပြောသည်။ မတ်ဆုမိစံက အလွန်သဘော ကျသွားပြီး သူတို့အားလုံး ရယ်မောမိကြသည်။

■

ညပိုင်းမှာ ကိုရေအေး အိပ်၍မပျော်။

တစ်အိမ်ထဲမှာ နေနေကြ၍ မဝေးသောခရီးပေမယ့် မနီးသောဘဝ။ ရန်သူ့ ဘက်တော်သား ဖြစ်၍လည်း မအပ်သောအကြံ မမှန်သောအတွေးနှင့် လှုပ်ရှားလာသော နှလုံးသားအရေးကို ကိုရေအေး မစဉ်းစားချင်။ ဆင်ခြင် နေသည့်ကြားက နှလုံးသားတွင် ဖြစ်တည်လာသော မေတ္တာကို ဥပေက္ခာပြု ၍မရ။ သည်းပွတ်တွင်းက ဝေဒနာကို တွန်းလှန်ခြင်းငှာ မစွမ်းသာ။

အသက်ကယ်ခဲ့ဖူးသော ကျေးဇူးတရားကိုကိုင်ကာ အမြတ်ထုတ်သည့် အဖြစ်မျိုး ရောက်မှာကိုလည်း စိုးသည်။

ဒီတစ်ခါ စောလယ်ဝါးလာရင် ပြောချင်တဲ့စကားတွေကို ဂျပန်လို

သင်ထားဦးမှပဲ စိတ်ကူးရသည်။ ကိုရေအေး၏ အနေအထားကို ညီမများ သာမက အိမ်သားတွေကလည်း အရိပ်အကဲ ဖမ်းမိကြပါသည်။

ကိုရေအေးရင်မှာ ဘယ်လိုရှိသည်ကို မတ်ဆုမိစံလည်း သိပါသည်။ နှလုံးသား၏ ပြတင်းတံခါးဖြစ်သော မျက်လုံးများက လှစ်ပြနေသည်။ ဘယ်လို ခံစားချက်ရှိသည်ကို စဉ်းစားစရာမလို။ ပိုပိုသာသာ ဂရုစိုက်လွန်းနေတာက သိသာလှပါသည်။ မတ်ဆုမိစံအနေနှင့် အားကိုးမိသည်မှန်သော်လည်း မဝံ့မရဲ စရာ အပိုင်းအခြားတွေက တံတိုင်းအလား ဆီးတားနေကြပါသည်။

အိပ်မရသောညများကို မတ်ဆုမိစံရော ကိုရေအေးပါ သက်ပြင်းအခါခါ ချရင်း အသီးသီး ကျော်လွန်ခဲ့ကြရပါသည်။

■

ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်နေသည်။

တစ်ရွာလုံး အိပ်မောကျလျက်ရှိပြီ။

ဦးလေးချစ်ကမူ ဘုရားစင်ရှေ့တွင် တစ်ယောက်တည်း။ မအိပ်နိုင်သေး။ မီးကလေးထွန်းကာ တကုပ်ကုပ် အလုပ်ရှုပ်နေသည်။ တိတ်ဆိတ်သော သန်းခေါင်ယံမှာ ဦးလေးချစ်၏ ကျောက်သင်ပုန်းပေါ်သို့ ကျောက်တံနှင့် ရေတွက်သံတချောက်ချောက်က ပေါ်ထွက်နေသည်။

ကိုရေအေး၏ ဇာတာခွင်ကို တွက်ချက်ထားသည်များကလည်း ကျောက်သင်ပုန်း၏ မျက်နှာ နှစ်ဖက်လုံးမှာ ပြည့်နေပြီ။ ဦးလေးချစ်က ကျောက်သင်ပုန်း ကို ကြည့်ရင်း စဉ်းစားသည်။

အင်း... ဒီကောင် ကောဇာ ဇာတာမှာ အာယုစန်းနက္ခတ်နဲ့ သောကြာ ပူးပြီး စုတ်အိမ်မှာ စုတ်ကြိုက်နေတာကိုး။ ပြီးတော့ ဒီကောင်က သောကြာဒသာ စားထဲမှာဆိုတော့ ဒီနှစ်ထဲမှာ မုချ အိမ်ထောင်ကျတော့မယ့်ကိန်းပါလား။

ဦးလေးချစ်က ကိုရေအေး၏ ထန်းဖူးဇာတာလေးကို ကောက်ကိုင်လိုက်သည်။ နှာခေါင်းပေါ်သို့ လျှောကျလာသော မျက်မှန်ဝိုင်း ကလေးကို ပင့်တင်သည်။ မီးရောင်နားသို့ တိုးကပ်ကာ ဇာတာကို စူးစိုက်ကြည့်သည်။ ဦးလေးချစ် တတ်မြောက်ထားသော ဗေဒင်ပညာက ရေအေး ရှေ့ရေးကို စစ်ဆေးကြည့်ဖို့ အသုံး ကျသည်။

ဒီကောင့် မူလဖွားဇာတာမှာ အိမ်ထောင်ရေးနဲ့ပတ်သက်တဲ့ ပထနီအိမ်က ဓနုရာသီပဲ၊ ဒီဓနုရာသီကလည်း စစ်မက်နဲ့ဆိုင်တဲ့ရာသီ၊ အဲဒီမှာ ရန်သူနဲ့ဆိုင်တဲ့

အာရီရဲ့အရင် အင်္ဂါဂြိုဟ်ကလည်း သွားရပ်တည်နေပြန်ပါလား။

ဦးလေးချစ် သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။

ဟင်း... ဒီမှာ အိမ်ထောင်ရေးဂြိုဟ်ဖြစ်တဲ့ သောကြာဂြိုဟ်က ဓနုရာသီမှာ အင်္ဂါဂြိုဟ်နဲ့ လာပူးနေလိုက်သေးတယ်။

ဦးလေးချစ်က ဇာတာခွင်ကိုကြည့်ရင်း အာခြောက်လာသည်။ ရေနွေးကြမ်းအိုးကို မ,ကာ အကြမ်းပန်းကန်ထဲ ငှဲ့ထည့်သည်။ ရေနွေးကြမ်းက ကျမလာ၊ ပြန်ချထားလိုက်သည်။

သောကြာဂြိုဟ်က ငါးတန့်၊ ဆယ့်နှစ်တန့်သခင်၊ ငါးတန့်ဘာဝက ချစ်သူ၊ ဆယ့်နှစ်တန့်က ဗျာယဘာဝဆိုတတော့ သောက… သောက. အင်း…

ဦးလေးချစ်က မီးတောက်ကလေးကို ငေးကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်ကာ စဉ်းစားနေသည်။

အင်း... ဒီလိုဆိုရင် စစ်မက်ဆိုင်ရာ ရန်သူထဲက တစ်ယောက်ယောက်နဲ့ ပတ်သက်လာဖို့...

ဦးလေးချစ်မှာ ရှည်ရှည်ဝေးဝေး စဉ်းစားစရာတွေ ဖြစ်လာတော့သည်။ ညသည် မှောင်မည်းတိတ်ဆိတ်လျက်ရှိ၏။

■

နောက်တစ်နေ့ ညနေစာစားပြီးချိန် အိမ်မှာ လူရှင်းနေသည်။ အပေါ်ထပ် အိမ်ရှေ့ခန်းတွင် ဦးလေးချစ်က ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။ ကိုရေအေးက အနီးရှိ ကြမ်းပြင်ပေါ်မှာ ထိုင်နေလျက်ရှိ၏။ ဦးလေးချစ်က ကွမ်းကို တမြုံ့မြုံ့စားနေသည်။ ကိုရေအေးက အဖေ ဘာပြောမလဲဟု နားစွင့် နေ၏။

အဖေ ခေါ်သည်ဆို၍ ရှေ့မှောက်ရောက်နေသော်လည်း ဦးလေးချစ်က ချက်ချင်း ဘာမှမပြော။

အရေးကြီး၍ အလေးအနက်ထားရမည့် ကိစ္စတစ်ခုခုရှိလျှင် ဦးလေးချစ်က ချင့်ချိန်စဉ်းစားပြီးမှ ပြောလေ့ရှိသည်။ ထွေးခံကိုယူကာ အကုန်ထွေးထုတ်လိုက် ပြီးမှ စကားစသည်။

“အင်း… ဗဟုဝါရ၊ ဒဿနဖြင့် မိန်းမယောက်ျား မြင်ဖန်များသော် သနားချစ်ခင် စိတ်ကျွမ်းဝင်၍... တဲ့'

ဦးလေးချစ်က ကိုရေအေးကို အကဲခတ်သည်။ ကိုရေအေးက အဖေ ဘာပြောတော့မည်ကို သိသောကြောင့် ဖခင် မျက်လုံးများကို မကြည့်ရဲ။

"ဒါ ... မဃဒေဝလင်္ကာကြီးမှာ မန်လည်ဆရာတော်ဘုရားကြီး ဆုံးမထား တာ၊ ငါ့သား ဖတ်ဖူးတယ်မဟုတ်လား"

ကိုရေအေး ခေါင်းငုံ့ထားရာက ခေါင်းညိတ်ပြလိုက်သည်။ ဦးလေးချစ်က သားသမီးများကို ဆုံးမစကားပြောလျှင် လေချိုလေအေး၊ စာသံ ပေသံနှင့် ပြောလေ့ရှိသည်။

"တစ်မိသားနှင့် တစ်မိသား မြင်ဖန်ကလည်းများ၊ အနေကည်း နီးဆိုရင် တွယ်တာတတ်ကြတာ ဓမ္မတာပဲကွယ့်၊ အေး... ဒါပေမယ့် သင့်မသင့် ရာမရာ ကို စဉ်းစားရမှာက ကိုယ့်အလုပ်ပဲ"

ကိုရေအေး ငြိမ်လျက် နားထောင်နေသည်။

"ငါ့သား အာရုံထွေပြား စိတ်ကစားရာက မှားတာမျိုးတော့ မဖြစ်စေ ချင်ဘူး'

"အဖေ... ကျွန်... ကျွန်တော်'

ဦးလေးချစ်က လက်ကာပြပြီးတားသည်။

"ဒီလိုရှိတယ်သား၊ အမှန်ကတော့ ဧည့်သည်ဆိုတာက အချိန်တန်ရင် အိမ်ပြန်ကြရစမြဲပဲ။ ဒီနေရာက သူ့အိမ်သူ့ယာ သူ့ဌာနေမှ မဟုတ်ဘဲ၊ အဲဒီ နောက်များကျမှ ငါ့သား ပူဆွေးရမယ့်ကိစ္စမျိုးကိုတော့ နဂိုတည်းက စဉ်းစားရမယ်"

ကိုရေအေး အဖေ့ကို ဘယ်လိုရှင်းပြရမလဲဟု စဉ်းစားသော်လည်း စကားစ မပေါ်။

"မင်း သိတဲ့အတိုင်းပဲ အဖေဟာ ဘယ်သားသမီးမှ မချုပ်ချယ်ခဲ့ဘူး၊ အကုသိုလ်အလုပ် မဟုတ်ရင် ဘာပဲလုပ်လုပ် မဟန့်တားခဲ့ဘူး၊ အိမ်ထောင်ရေး မှာလည်း ဒီလိုပဲ၊ ဒါပေမယ့် အဖေ အခုပြောတာက ချုပ်ချယ်တာမဟုတ်ဘူး၊ မသေမချာ မရေရာတဲ့ တစ်ပြည်တစ်ရွာသူများနဲ့ဆိုရင် ရေရှည်မှာ ငါ့သား စိတ်သောကရောက်မှာကို စဉ်းစားပါ၊ မဟုတ်ဘူးလား အဖေပြောတာ"

"ဟုတ်ပါတယ် အဖေ၊ ဒါပေမယ့်"

"ထားပါတော့လေ၊ ဒါပေမယ့်တွေ ဘာတွေ လုပ်မနေပါနဲ့၊ အားလုံးကို အဖေ သဘောပေါက်ပါတယ်"

ကိုရေအေး ဘာမှမပြောတော့-အဖေ ပြောမည်ဆိုလည်း ပြောစရာ။

အမူအရာတွေက ကိုရေအေးရော မတ်ဆုမိစံပါ ညာ၍မရ။ ဖုံး၍မလုံ။ ဟန်ဆောင်၍ မပိရိ။ နှစ်ယောက်သား ဖွင့်မပြောသော်လည်း ရင်တွင်းအရှိကို သိကြသည်။

တစ်နေ့တခြား ကြီးမားသော သံယောဇဉ် အဆောက်အအုံတွင် နှောင်ကြိုးမျှင်တို့က တုပ်ချည်ကြလေပြီ။

ရွှန်းလဲ့သော မျက်ဝန်းများမှ မျက်တောင်ကော့များကို တဖျတ်ဖျတ် ပုတ်ခတ်ကာ မတ်ဆုမိစံ ကြည့်လာတိုင်း ကိုရေအေး ရင်မှာ လှိုင်းတံပိုးပမာ ထကြွမြဲ၊ ရင်မောရမြဲ။

ကျေးဇူးတရားအပေါ် အခွင့်အရေးသမားဟု အထင်သေးခံရမှာ စိုးသည်။ သို့တစေ ရင်မှာဖြစ်တည်လာသော မေတ္တာများကိုတော့ သိစေချင် လှသည်ပဲလေ။ မတ်ဆုမိစံ၏ မျက်လုံးများမှာ အဖြေရှာတိုင်း ကိုယ့်စိတ်ရိုင်း မှာ မရိုးသားသော်လည်း မေတ္တာ၏ ရောင်ပြန်များ ထင်ရှား နေသည်ဟုသာ ကိုရေအေး မှတ်ချက်ချသည်။

ကိုရေအေး၏ အရေးယူလွန်းသော ဂရုစိုက်မှု၊ လိုလေသေးမရှိ ပြုစုမှု၊ သိမ်မွေ့သော အကြင်နာတရားတွေကြားမှာ မတ်ဆုမိစံ အနေသားကျကာ သာယာခဲ့သည်မှာ ရက်လကြာပြီ။

မတ်ဆုမိစံ အနေနှင့်လည်း နှလုံးသားမှ ထိလာသောအငြိကို သိလာသော ဦးနှောက်က ခွင့်မပြု။ တစ်ပြည်သူနှင့် တစ်ရွာသားမို့ နှောင်များမှာ ဝေဒနာ တစ်ရပ် မကျန်စေ့ချင်။ သည့်အတွက်လည်း မတ်ဆုမိစံမှာ မကျွမ်းမီက လွမ်းနှင့်ရပြန်ပါသည်။

■

အခန်း (၁၉)

အနာဂတ်ကို ဘယ်သူမှ ကြိုတင်မသိနိုင်ကြပါ။

ဂျပန်သူ မိန်းမလှလေး ကံကြမ္မာ ဘယ်လိုဖန်လာမည်ကိုမသိ။ မေတ္တာရှင်ကိုရေအေး အနေဖြင့်လည်း ချစ်ရေးပျူငှာ မပြောသာသေးသည့်ကာလ၊ ရှေ့ဘဝ ခရီး ဘယ်နည်းဘယ်ပုံ ကြုံဆုံမည်က မှန်းဆမရ။

မတ်ဆုမိစံမှာ မိခင်နိုင်ငံမြေ ဂျပန်သို့လှမ်းကာ မှန်းဆတမ်းတနေရသည့် အခြေအနေ။ ဂျပန်နိုင်ငံသူ နိုင်ငံသားများသည်ပင် သူတို့ကြမ္မာ ဘယ်လိုငင်လာမည်ကို ဘယ်သူမှ ကြိုတင် မသိနိုင်ကြသေးသည့် အချိန်။ မေးမှိန်စပြုလာသော စစ်တံခွန်အောက်ဝယ် ဂျပန် ဖက်ဆစ်ဝါဒီ ခေါင်းဆောင်ကြီးများ အကြပ်ရိုက်နေကြသည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်၊ တနင်္လာနေ့

"အီနိုလာဂေး"ဟု အမည်ပေးထားသော အမေရိကန်ဘီ ၂၉ ဗုံးကြဲလေယာဉ်ကြီးတစ်စီးသည် ဂျပန်နိုင်ငံ ကျွန်းမကြီးဆီသို့ ဦးတည်ပျံသန်းလျက် ရှိ၏။ လေယာဉ်ပေါ်တွင်ကား "ချာတိတ်"ဟု အမည်ပေးထားသော သေမင်းတမန် အဏုမြူဗုံးကြီးကို တင်ဆောင်လာသည်။

ဤသည်ကပင် ဂျပန်တစ်မျိုးသားလုံး၏ ကံကြမ္မာဖြစ်ပါသည်။

နံနက် ၈ နာရီ ၁၅ မိနစ် ၁၇ စက္ကန့်

အလေးချိန် ငါးတန်နီးပါးမျှရှိသော အဏုမြူဗုံးကြီးကို လူဦးရေ နှစ်သိန်း ခွဲကျော်ရှိသော ဟီရိုရှီးမားမြို့ပေါ်သို့ လွှတ်ချလိုက်လေတော့သည်။

အမြင့်ပေ ၁၈၇၀ အရောက်ဝယ် ကမ္ဘာပေါ်တွင် မကြုံစဖူး ထူးကဲသော ပေါက်ကွဲမှုကြီး ဖြစ်ပေါ်လာလေသည်။ ယမ်းဘီလူးတန်ချိန် ၁၃၅၀၀ နှင့် ညီမျှသော ပေါက်ကွဲမှုကြီးက အံ့မခန်းပင်။

နေဆယ်စင်း ဝင်းခနဲပြက်လိုက်သလို လင်းလက်သွားသည်။ မြင်လိုက်ရသူတို့မှာ မျက်စိကျိန်းကာ ကန်းမတတ်ပင်။ စူးရှတောက်ပ သွားလိုက်သည်က နှိုင်းပြစရာမရှိ။ မိုးခြိမ်းသံကြီးကဲ့သို့ ကြောက်မက်ဖွယ်ရာ ပေါက်ကွဲသံကြီးက လည်း အင်အားကြီးမားလှစွာ မြည်ဟည်းသွားသည်။ ကျယ်လောင် လိုက်သည်မှာ မိုင် ၅၀ အကွာကပင် ကြားနိုင်သည်။

မြို့အထက် ကောင်းကင်သို့ ရောမဘီလူးကြီးတစ်ကောင်ပမာ မှိုပွင့်သဏ္ဍာန် မီးခိုးလုံးကြီးက ကောင်းကင်ပြည့်မျှ ဝုန်းခနဲတက်လာသည်။

အလွန်တရာ ကြောက်မက်ဖွယ်ရာကောင်းသော အနုမြူဗုံးဒဏ်ကြောင့် ဟီရိုရှီးမားမြို့ကြီးမှာ တဒင်္ဂကလေးအတွင်းမှာပင် ဒုက္ခဘုံငရဲမြို့တော် ဖြစ်သွားလေတော့သည်။

ကမ္ဘာ့သမိုင်းမှာ ကြောက်ရွံ့ချောက်ချား တုန်လှုပ်စရာ အကောင်းဆုံး အဖြစ်ဆိုးကြီး၏ ဒုတိယအကြိမ်-

၁၀၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက် နာဂါစကီမြို့။

"အနုပညာရှင်ကြီး"ဟု အမည်ပေးထားသော အမေရိကန်ဘီ ၂၉ ဗုံးကြဲလေယာဉ်ကြီးမှာ "ဖိုး၀"ဟု အမည်ပေးထားသော အဏုမြူဗုံးကြီးကို သယ်ဆောင်လာသည်။ ချရန်ရည်ရွယ်ထားသော ခိုခုရမြို့မှာ တိမ်တွေဖုံးနေ သဖြင့် ဗုံးချ၍မရ။ ထို့ကြောင့် နောက်တစ်မြို့ကို ရွေးချယ်သည်။

နာဂါစကီမြို့ကား ကံဆိုးလှချေသည်။

အနုမြူဗုံး ပေါက်ကွဲအားကြောင့် တစ်မြို့လုံး ပြားပြားဝပ် သွားလေသည်။ ဟီရိုရှီးမားနှင့် နာဂါစကီမြို့နှစ်မြို့ ပျက်သုဉ်းရသည်မှာ ဂျပန်တစ်မျိုးသားလုံး ပျက်သုန်းရသလို ရှိချေတော့သည်။ ဘယ်သောအခါမျှ ဒူးမထောက်၊ လက်မမြှောက်၊ တစ်ယောက်တည်းကျန်သော်မှ အညံ့မခံဆိုသော ဂျပန်မှာ အရှုံးမပေး၍ မရတော့။ လက်နက်မချ၍ မဖြစ်တော့သည့်အဆုံး နောက်ဆုံး အခြေအနေသို့ ရောက်ရှိသွားလေတော့သည်။

■

အခန်း (၂၀)

ဒီမနက် ဘုရားစင်ကို သန့်ရှင်းရေးလုပ်တော့ မတ်ဆုမိစံ စိတ်လှုပ်ရှားစရာ ကြုံရသည်။ ဘုရားစင်ချောင်ထဲက ပန်းခြောက်တွေ ဆွဲထုတ်တော့ ရှည်မျောမျော အရာတစ်ခု စမ်းမိသည်။ စူးစမ်းလိုသောကြောင့် သူ ဆွဲထုတ်လိုက်သည်။

"အလို... ဂျပန်ဓားရှည်တစ်ချောင်းပါလား"

ဓားက သာမညဓားမျိုးမဟုတ်၊ ဆာမူရိုင်း သူရဲကောင်းတို့ အစဉ်အဆက် အမြတ်တနိုး ကိုင်စွဲလေ့ရှိကြသော ဓားမျိုးကောင်း။ အလွန်တန်ဖိုးကြီးသော ဓား။ ဂျပန်သူရဲကောင်းတို့အတွက် ဓားသည် အရေးကြီးသော ရိုးရာလက်နက် တစ်ခုဖြစ်၏။ ဒုတိယ ကမ္ဘာစစ်ကာလ သေနတ်တွေ၊ ဗုံးတွေ၊ အမြောက်တွေ ခေတ်မီထွန်းကားနေသည့်တိုင်အောင် ဂျပန်စစ်ဗိုလ်တို့မှာ ဂျပန်ဓားရှည်ကြီးများကို ခါးမှမချ။

မတ်ဆုမိစံက ဓားရိုးကို ဆုပ်ကိုင်ကာ ဆွဲထုတ်ကြည့်သည်။ လျှပ်ပြက် သလို လက်သွားကာ ဓားသွားက ဓား၏ အရည်အသွေးကို ဖော်ပြနေသည်။ သံကိုသံချင်း ခုတ်ထွင်းပိုင်းဖြတ်မည့်ဓား၊ ဓားသွားမြမြကို သူ့လက်နှင့်ဖွဖွ စမ်းကြည့်သည်။

ဘယ်သူ့ဓားပါလိမ့်။ ဒီဓားပိုင်ရှင်မှာ ဂျပန်တပ်မတော်အရာရှိကြီး တစ်ယောက်သာ ဖြစ်လိမ့်မည်။ အဲဒီအရာရှိကြီးကိုသတ်ပြီး ဒီဓားကို ယူလာတာများ ဖြစ်မည်လား။ ဘယ်သူရှိပါ့မလဲ။ ဟိုနေ့က တွေ့လိုက်သည့် ကိုရေအေးညီ လူကြမ်းလေးသာ ဖြစ်ပေလိမ့်မည်ဟု စဉ်းစားမိသည်။

ဓားကို ဓားအိမ်ထဲမှ အဆုံးထိဆွဲထုတ်လိုက်သည်။ တို့လူမျိုးရဲ့ဓားဟု တစ်ယောက်တည်း ဝင့်ကြွားဂုဏ်ယူသော ပီတိဖြင့် ပြုံးမိသည်။ ဓားရိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဓားအရှည်ကို လက်မှာဆကာ စမ်းကြည့်သည့် အနေဖြင့် လေထဲမှာ တစ်ချက်လွှဲကာ တကယ့်ဓားသမားဟန် အပြည့်ဖြင့် ခုတ်လိုက်ပါ သည်။

ထိုအခိုက်-

"အပေါ်ထပ်မှာ ဘယ်သူရှိတုံး၊ အောက်ထပ်မှာ ဘယ်သူမှမရှိလို့ တက်လာတာ၊ ကိုချစ်စိန်တို့ ဘယ်သွား..."

ပြောရင်း လှေကားမှ တက်လာသော ဒေါ်လုံးမှာ မတ်ဆုမိစံကို မမျှော် လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့အားသင့်ကာ စကားလည်း တစ်ပိုင်းတစ်စနှင့် ရပ်သွားပြီး ခြေလှမ်းများလည်း လှေကားထိပ်မှာ တန့်သွားတော့သည်။

"ကိုချစ်စိန်တို့ မရှိကြဘူးလား၊ ဘယ်သွားကုန်ကြတုံး၊ မုန့်ညင်းဆီလေး နည်းနည်းလောက် လိုချင်လို့လာတာ၊ ခြေရင်းအိမ်က ကလေးဗိုက်နာနေလို့"

ဒီလောက် ရှည်လျားများပြားသော စကားလုံးတွေကျတော့ မတ်ဆုမိစံ နားမလည်နိုင်တော့။ ဘာမှမဖြေတတ်သဖြင့် ဒေါ်လုံးကို ပြုံး၍သာ ကြည့်နေသည်။ ဒေါ်လုံးကမူ ဘယ်လိုပါလိမ့်ဟူသော အတွေးဖြင့် စိမ်းစိမ်းကြည့်လျက်-

"ညည်းက ဧည့်သည်လား"

"ဟွတ်ကဲ့"

ဧည့်သည်ဆိုသော စကားလုံးကိုတော့ သူ နားလည်သည်။

"ဒါနဲ့ နေပါဦး၊ အရင်က မတွေ့ဖူးပါဘူး"

မတ်ဆုမိစံက ဂျပန်တို့ထုံးစံအတိုင်း ခါးကိုအစွမ်းကုန် ဦးညွှတ်၍ အရိုအသေပေးသည်။

"ညည်းက ဘယ်သူတုံး၊ ဘယ်ကတုံး"

ဒေါ်လုံးက သူ့ဝါသနာအတိုင်း စပ်စုသည်။ မတ်ဆုမိစံ အနေနှင့် ဘယ်သူ၊ ဘယ်ကဖြေဖို့ ခက်လှပါသည်။ ထို့ကြောင့် အပြုံးဖြင့်သာ ဒေါ်လုံးကို ခပ်မဆိတ်တုံ့ပြန်သည်။ ဒေါ်လုံးအကြည့်က စူးစူးရဲရဲရှိလှသဖြင့် မတ်ဆုမိစံမှာ တင်းကျပ်ကျပ်ဖြစ်လာသည်။ ဒေါ်လုံးက ရှည်လျားထွေပြားစွာ ဆက်မေးနေသော်လည်း ဒီမျှသော မြန်မာစကားကို သူ နားလည်နိုင်စွမ်းမရှိပါ။ ထို့ကြောင့် ထပ်မံခါးကိုင်း ဦးညွှတ်ကာ အရိုအသေပြုပြီး သူ့အခန်းလေးထဲသို့ ဝင်သွားသည်။

အခန်းထဲရောက်တော့ ပြတင်းဝမှာရပ်သည်။ ပြင်ပမှာ တိုက်ခတ်လာသောလေကို တစ်ဝရှူသွင်းလိုက်သည်။

သူ့မြင်ကွင်းထဲရှိ ဇရပ်ကြီးထဲမှာ လူတွေရောက်နေကြတာ လှမ်းမြင်ရသည်။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးအစုံပင်။ အိုးတွေ၊ ခွက်တွေ၊ အထုပ်အပိုးတွေနှင့်။ ဆင်းရဲစုတ်ပြတ်နေကြသည်။ စစ်ဘေးဒုက္ခသည်များဟု မတ်ဆုမိစံ သိလိုက်သည်။

ကမ္ဘာစစ်ကြီးကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကိုကြည့်ရင်း သူ့ရင် မှာဆို့နင့်လာသည်။

■

"အမေ့ဟာက သေချာရဲ့လားဗျာ"

"ဟဲ့ ငါက မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာပါ"

"မြင်တာကတော့ ဟုတ်ပါပြီ၊ တော်ကြာ သူတို့အမျိုးထဲက ကိုယ်မသိတဲ့ တစ်ယောက်ယောက်များ ဖြစ်နေမလားလို့"

"ဘယ်ကလာ အမျိုးရမှာတုံး၊ ဂျပန်မမှ ဂျပန်မအစစ်"

"ဘာဝတ်ထားတာလဲ၊ ဂါဝန်နဲ့လား၊ ဘောင်းဘီနဲ့လား"

"မဟုတ်ပါဘူး၊ ဗမာလိုဝတ်ထားတာ၊ ဆင်ထားမှာပေါ့ ထွေးစိန်တို့ အေးလှတို့ရှိသားပဲဟာ၊ အမလေး သနပ်ခါးတွေ ဘာတွေတောင် လိမ်းထား လိုက်သေးတယ်"

"အမေနဲ့ ဘယ်နေရာမှာ တွေ့တာလဲ"

"အပေါ်ထပ်က ဘုရားစင်ရှေ့မှာလေ၊ ကိုင်ထားလိုက်တဲ့ ဂျပန်ဓားကြီး ကလည်း တဝင့်ဝင့်နဲ့"

"ဟင်... ဟုတ်လား၊ အမေ စကားပြောကြည့်သေးလား"

"အေးလေ၊ ပြောကြည့်တာပေါ့၊ မုန့်ညင်းဆီလေး လိုချင်လို့လာတာ၊ ညည်းက ဘယ်သူတုံး ဘာညာပေါ့၊ ဒါပေမယ့် သူ့ကိုကြည့်ရတာ အမေ ပြောတာတွေလည်း သိပ်နားလည်ပုံမရပါဘူး။ တစ်ခွန်းနှစ်ခွန်းတော့ ပြန်ပြောတယ်၊ အသံကတော့ သိသိသာသာ ဝဲနေတယ်"

ရုပ်ကရော

"ဂျပန်ဆိုတော့ ဂျပန်ရုပ်ပေါ့ မြမောင်ရဲ့၊ အသားလည်းဖြူတယ်၊ ချော လည်း တော်တော်ချောတယ်၊ ခပ်ငယ်ငယ်ပဲ"

"ကျွန်တော်လည်း ဝင်ထွက်နေတာပဲ အမေရဲ့၊ တစ်ခါမှ မတွေ့ဖူးပါဘူး"

"ဘယ်တွေ့မလဲ၊ အပေါ်ထပ်က အခန်းတစ်ခုခုထဲမှာ ဝှက်ထားမှာပေါ့၊ အမေတောင် မထင်မှတ်ဘဲ သွားတိုးလို့ တွေ့ခဲ့တာ"

"အဲဒီဂျပန်မ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ မသိဘူး"

"ဆိုနိုင်ဘူး၊ ထဘီ၊ အင်္ကျီဝတ်ပုံနဲ့ သနပ်ခါးလိမ်းထားပုံကြည့်ရတာ ကတော့ ရောက်နေတာ ကြာတဲ့ပုံပဲ"

"ဘာလို့များ သွားမအပ်ကြလဲ မသိဘူး"

“ခုမှ ပြန်စဉ်းစားမိတယ်၊ ဟိုးတစ်ခါ ကရင်လေး အိမ်ပေါ်ကဆင်းလာတာလည်း ဒီကိစ္စပဲဖြစ်မယ်”

“ဘယ်ကရင်လေးလဲ အမေရ”

“ဟိုလေ ဝိသာခါဇရပ်မှာ ဂျပန်တွေ ဖမ်းလာတုန်းက စကားပြန်လုပ်ပေးတဲ့ ကရင်လေးပေါ့၊ အဲဒီမှာတွေ့လို့ အမေက မေးမိတာတောင် သခင်ကံသာ ဝင်ဟန့်သေးတယ်၊ အင်း... ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ အဲဒီ မတိုင်ခင်တည်းက ရောက်နေတာနေမှာပါ”

“အမေ ပိုက်ဆံသွားချေးတဲ့နေ့က မဟုတ်လား”

“ဟုတ်ပါ့တော်၊ အဲဒီတုန်းကလည်း မဖြစ်စလောက်လေး ပေးလွှတ်လိုက်တယ်၊ ဒါပေမယ့် လူတိုင်းမှာ သုံးမရတဲ့ ဂျပန်စက္ကူတွေပဲရှိလို့ ကျပ်တည်းနေတဲ့ အချိန်မှာ သူတို့မိသားစုကတော့ အင်္ဂလိပ်ပိုက်ဆံတွေ ရှိလိုက်တာမှ အချိုင့်”

“ဟုတ်တယ် အမေ၊ ကျွန်တော်လည်း အဲဒါစဉ်းစားနေတာ၊ ဒီဂျပန်မ ရောက်နေတာ သူတို့အိမ်နဲ့ ဂျပန်စစ်တပ် ဘယ်လိုအဆက်အသွယ်ရှိပြီး ဘာတွေလုပ်နေသလဲ မသိဘူး”

“အင်း”

“ကျွန်တော် တစ်ခါက မနက်အစောကြီးရောက်သွားတော့ ရေအေးတို့သားအဖ ဘာလုပ်လဲမသိဘူး၊ တူရွင်းတွေ ပေါက်တူးတွေနဲ့၊ တူးဆွပြီး ပြီးခါစ ပေလို့ရေလို့၊ အဘိုးကြီး လက်ထဲမှာလည်း အထုပ်ကြီးတစ်ထုပ်နဲ့၊ သူတို့ကြည့်ရတာတစ်မျိုးပဲ၊ တစ်ခုခု တိတ်တိတ်ပုန်း လုပ်နေကြပုံပေါ်တယ်၊ ဘာလဲတော့ မသိဘူး အမေရဲ့”

ဒီရွာမှာ ဘယ်နေရာ အပ်ကျတာကအစ ဒေါ်လုံးတို့သားအမိ သိခဲ့ကြ စမြဲ။ သို့သော် ဒီတစ်ခါ ကိုရေအေးတို့အိမ်က ဂျပန်မလေးကိစ္စကျတော့ သူတို့ သားအမိ လုံးဝမသိခဲ့ကြ၊ မသိခဲ့ရသည်ကို မခံချိမခံသာ ဖြစ်နေသည်။

“ဒီ ဂျပန်မကို လမ်းမှာတွေ့လို့ ကယ်လာတာပဲ ဖြစ်ချင်ဖြစ်မှာပေါ့”

“ကျွန်တော်တော့ ဒီလိုမထင်ဘူး အမေ၊ မဖြစ်နိုင်ဘူး၊ သူတို့က လူလည်တွေချည်းပဲ၊ ထူးတော့ထူးတယ်၊ ကျွန်တော် စဉ်းစားကြည့်တာက တစ်မျိုးလေ၊ ကျွန်တော် ခုနပြောသလို ဒီဂျပန်မ ရောက်နေတာရယ်၊ လူတကာ ကျပ်တည်းချိန်မှာ သူတို့ အရမ်းချောင်လည်နေတာရယ်၊ သူတို့အိမ် လူဝင်လူထွက်တွေရယ် တစ်ခုစီဆက်စပ်ပြီးတော့ တွေးခေါ်ကြည့်ရတာပေါ့ အမေရာ”

ဒေါ်လုံးက သားတော်မောင် တွေးခေါ်ရှင်ကြီးစကားကို စိတ်ဝင်စားသွားသည်။ ဘယ်လိုဟာမျိုးတုံး မြမောင်ရဲ့ဟု မေးသည်။

"ဥပမာ အမေရာ ဂျပန်စစ်တပ်နဲ့ပေါင်းမယ်၊ ဟိုဟာဒီဟာတွေလုပ်မယ် စသဖြင့်ပေါ့၊ သူတို့မိသားစု ကိုယ်ကျိုးအတွက် လုပ်လို့ရတာတွေ အများကြီးရှိတယ်"

မြမောင်က ဒေါ်လုံးလက်ကို ဆုပ်ကိုင်သည်။

"နေဦးအမေ၊ ကျွန်တော် တစ်ခုသိရပြီ၊ ဟိုးအရင်တစ်ခါတုန်းက ဦးလေးချစ်တို့အိမ်က လှေမျောသွားပါရောလား၊ ကျွန်တော်တောင် လိုက်ဆယ်ပေးရသေးတယ်"

"အေးလေ"

"အမေ စဉ်းစားကြည့်၊ ဒီရွာမှာရှိတဲ့ လူတွေဟာ ကိုယ့်လှေကိုယ် ကြိုးမချည်ဘဲ မေ့ပြီး ကမ်းပေါ်တက်တယ်ဆိုတာ ထုံးစံမရှိဘူး၊ အဓိပ္ပာယ်လည်း မရှိဘူး၊ ရေအေး မဟုတ်တာတစ်ခုခု လုပ်လာတာပဲဖြစ်ရမယ်၊ ပြီးတော့ လှေဆိပ်မှာ ကျွန်တော်တို့ လျှောက်မေးကြည့်ခဲ့သေးတယ်၊ အဲဒီညက ရေအေး သရက် ဆိပ်က တက်ကိုမတက်ဘူးဗျ၊ ဒါတွေဟာ မရိုးဘူးနော် အမေ မရိုးဘူး"

"အေးဟဲ့... ဟုတ်မယ်"

"ကျွန်တော်ထင်ရင် ဘယ်လွဲမလဲအမေ၊ ဒါကို ဒီအတိုင်း ကြည့်နေလို့တော့ မဖြစ်ဘူး၊ တစ်ခုခုတော့ လုပ်ဦးမှ"

သူ့အတွေး သူ့အကြံနှင့် သူ့ဟာသူ ဟုတ်နေပြီး မြမောင် မျက်နှာဝင်း လက်လာလေသည်။

■

ဂျပန်ပြည်မ အစိုးရမှာ ခေါင်းချင်းရိုက်နေသည်။

မဟာမိတ်တို့၏ ပို့စဒမ် ကြေညာချက်ကို လက်ခံရေး၊ မခံရေးမှာ ပြဿနာဖြစ်နေသည်။ တိုကျိုနန်းတော်ထဲတွင် အကြိတ်အနယ် စည်းဝေးကြသည်။ သဘောထားကွဲပြားကြသည်။

နယ်ချဲ့ စစ်သွေးဆာနေသည့် ဖက်ဆစ်အုပ်စုက လှေခွက်ချည်းကျန် အလံမလှဲလိုကြ။ မိမိတို့ ဂျပန်တစ်ယောက်မျှ မကျန်ချင်နေ အသေခံတိုက်မည်။ လက်မမြှောက်စတမ်းဟု။

ကျန်အုပ်စုကမူ တစ်မျိုးသားလုံး ရှေ့ရေးကို မျှော်တွေးသည်။ အလဟဿ သွေးချောင်းစီးကာ ပြည်သူပေါင်းများစွာတို့ အသက်အိုးအိမ် ဆုံးရှုံးကြမည်ကို မလိုလား။ စစ်အသုံးစရိတ် ဖိစီးသဖြင့် တိုင်းပြည်စီးပွားလည်း ပျက်နေပြီ။ ရှုံးချီတွေထပ်ကာ စစ်ပန်းနေပြီဖြစ်သည့်နောက် စစ်ကို ဆက်မတိုက် လိုကြတော့။ ငြိမ်းချမ်းမှုကို ရယူလိုသည်။ ဂျပန်ဘုရင် ဟီရိုဟီတို ကိုယ်တိုင် ကလည်း စစ်ကို ရပ်ကာ ငြိမ်းချမ်းလိုပါသည်။

ငြင်းခုံဆွေးနွေး ညှိနှိုင်းမှုများ၏ အဆုံးမှာ ပီပြင်ပြတ်သားသော ဆုံးဖြတ်ချက် ထွက်လာတော့သည်။

ဩဂုတ်လ ၁၅ ရက်နေ့။

ဂျပန်တို့ လက်နက်ချလေသည်။

■

အခန်း (၂၁)

တစ်ရွာလုံး အုံးအုံးကျွတ်ကျွတ် ဆူညံနေသည်။ စစ်ကြီးပြီး၍ လူတိုင်း ပျော်ရွှင်နေကြသည်။

ရက်ပေါင်း လပေါင်းများစွာ တစ်မျိုးသားလုံးအပေါ်မှာ ပိနေသည့် လေးလံပူလောင်လှသော စစ်ဒုက္ခဝန်ထုပ်ဝန်ပိုးကြီး ပြုတ်ကျသွားလေပြီ။

တပ်တွေ အပစ်အခတ်ရပ်စဲကြဖို့ ညွှန်ကြားချက်ရကြသည်။

အင်္ဂလိပ်တပ်တွင် အရက်တွေ ဖောခြင်းသောခြင်းထုတ်၍ သောက်ကြသည်။ သေနတ်တွေဖောက်ကြ၊ သီချင်းတွေ အော်ဆိုကြ၊ ကကြနှင့် တစ်နေ့လုံး တစ်ညလုံး ပျော်နေကြသည်။ မီးမောင်းထိုးကြရာ ကောင်းကင်မှာ မီးမောင်းအလင်းရောင်တန်းတွေ ယိမ်းကနေကြသည်။ မီးကျည်တွေ ပစ်ဖောက်သည်။ မီးကျည် ရောင် ထိန်ထိန်ညီးနေသည်။

စစ်ကြီးပြီး၍ ပျော်ရသလောက် အလုပ်တွေကလည်း ရှုပ်ရသည်။ တာဝန်တွေ ပိုများလာသည်။ ဦးလေးချစ်၊ သခင်ကံသာနှင့် ရွာလူကြီး များမှာ အိမ်ကပ်ရသည်ပင်မရှိ။ ကိုရေအေးတို့ ရွှေမောင်းတို့ ထွန်းရတို့လည်း မရပ်မနား တစ်တပ်တစ်အား အလုပ်များကြသည်။

ဂျပန်စစ်သားများက တောအနှံ့တောင်အနှံ့ ပျံ့နှံ့နေသည်။ စစ်ကြီးပြီး သွားသည်ကို သူတို့ မသိကြသေး။ ဂျပန်နိုင်ငံက လက်နက်ချလိုက်ပြီ ဖြစ်ကြောင်း၊ သူတို့သိအောင် လိုက်ရှာပြီး အကြောင်းကြားရမည်။ လိုက်ခေါ်ပြီး ပြန်စုရမည်။ ဒီကိစ္စ ဆောင်ရွက်ကြမည့် ငြိမ်းချမ်းရေးတမန် တပ်ဖွဲ့တွေအတွက် ရွာကလမ်းပြ တွေ လိုက်ပေးကြရမည် ဆက်သားလွှတ်ပေးရသည်။

ရောက်လာလျှင်လည်း ရွာမှာ နေရာထိုင်ခင်းပေးဖို့၊ ကျွေးဖို့မွေးဖို့၊ ဆေးဝါး၊ အစားအစာ၊ အကာ၊ အခင်း အစစ ပြင်ဆင်ကြရသည့်တာဝန်က မသေးလှ။

လယ်ထဲယာထဲအနှံ့ တင်းကျမ်းပြန့်နေသော ဂျပန်စစ်သား အလောင်းများကိုလည်း ဝိုင်းကောက် ပေးကြရဦးမည်။ ပြီးတော့ တူးဖို့၊ မြှုပ်ဖို့ စသည်ဖြင့် လုပ်စရာတွေက အများကြီး။

ရွာငယ်များမှ ပြေးလာခိုလှုံကြသော စစ်ဘေးဒုက္ခသည်များကလည်း မနည်းလှ။ သူတို့ကိုလည်း ကိုရေအေးတို့ ကူညီရသည်။

ငင်းကိစ္စအတွက် မြို့ပေါ်မှာ လှုပ်ရှားနေကြသော အလှူခံအဖွဲ့များနှင့်

လည်း ဆက်သွယ်ရသည်။ စစ်ဘေးဒုက္ခသည် ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့ ရှိရာသို့ ရွာမှ လူလွှတ်ကာ အကြောင်းကြားရသည်။

ပင်ပန်းကြပေမယ့် လူတိုင်း ပျော်ရွှင်တက်ကြွနေသည်။

အလုပ်များနေသည့်ကြားက ရွှေမောင်းက ကိုရေအေး အနားကပ်လာသည်။

“ရေအေး... မင်းကို ငါ ပြောစရာရှိတယ်”

“ပြောလေ သူငယ်ချင်း”

“ဒီမှာ ပြောလို့မကောင်းဘူး၊ လာကွာ ဟိုညောင်ပင်အောက်”

အေးမြပြီး လူရှင်းသော အရိပ်အာဝါသမှာ ထိုင်ကြသည်။

ရွှေမောင်းမျက်နှာမှာ အရေးကြီးနေသည်။ အရေးကြီးသောစကားကို ချက်ချင်းပြောမထွက်ဘဲ အရှိန်ယူနေရသည်။

“ငါပြောမှာကို မင်း စိတ်တော့မဆိုးနဲ့”

“ငါ ဘယ်တုန်းက မင်းကို စိတ်ဆိုးဖူးလို့လဲ”

“အေး... ဟုတ်ပါတယ်၊ ငါကလည်း မင်းတို့ အကျိုးအတွက် ပြောမလို့

"ဟော့ကောင် ရွှေမောင်း၊ နိဒါန်းတွေ နိဒက်တွေ လုပ်မနေနဲ့၊ ပြောမှာသာ ပြောစမ်းပါကွာ”

“အေး... ငါပြောမယ်၊ မင်းတို့အိမ်မှာ ဂျပန်မလေးတစ်ယောက် ရှိနေ တယ် မဟုတ်လား”

“ဟေ”

ကိုရေအေးက ရွှေမောင်း မျက်နှာကို ဖျတ်ခနဲကြည့်သည်။

“မင်း ဘယ်သူပြောလဲ”

“ဒီလိုကွ၊ ဒေါ်လုံးတို့သားအမိ မင်းတို့အိမ်မှာ ဂျပန်မလေးတစ်ယောက် နေတာကြာပြီ၊ ဘယ်သူမှမသိအောင် ဝှက်ထားတယ်ဆိုပြီး ရွာထဲလျှောက်ပြော နေတယ်”

“မြမောင်ကလည်း ဒီကိစ္စ ဝင်ပါချင်တယ်၊ သူက မင်းတို့အိမ်ကို မရိုး

သွားဘူးလို့ထင်တယ်၊ ဒီကောင့်အကြောင်းလည်း မင်းသိတာပဲ၊ နေရာတကာ ဝင်စွက်မယ်၊ ဆရာလုပ်မယ်၊ မရရင် နှောင့်ယှက်မယ်"

ကိုရေအေး နားထောင်ရင်း စဉ်းစားနေသည်။

"ဒီကောင်ကြည့်ရတာ ပြဿနာတက်အောင် နှောင့်တော့မယ့်ပုံရှိတယ်၊ အဲဒီ ဂျပန်မလေးဆိုတာ မင်းတို့အိမ်မှာ အခု ရှိသေးလား'

"ရှိတယ်"

"ဘယ်က ဘယ်လို ရောက်နေတာလဲ"

"တိုတိုပြောရရင်ကွာ၊ သေခါနီး ဒဏ်ရာနဲ့ လမ်းမှာလဲနေတာနဲ့ ခေါ်လာတာပဲ၊ အိမ်မှာ ခဏကျွေးမွေး ဆေးကုပေးထားတယ်၊ အသေးစိတ်တော့ နောက်မှ အေးအေးဆေးဆေး ပြောပြမယ်"

"အဲဒီတော့ မင်း ဘာဆက်လုပ်မလဲ"

"ငါကတော့ သူ့ကို ဒီအတိုင်းပဲ ထားချင်သေးတယ်"

"အေးလေ၊ ဒါကတော့ မင်းဆန္ဒအတိုင်းပေါ့၊ ငါ့အနေနဲ့ကတော့ မင်းအတွက် လိုအပ်ရင် ကူညီဖို့ အဆင်သင့်ပဲ"

"ငါ ယုံကြည်ပြီးသားပါကွာ"

"အကြောင်းကိစ္စပေါ်ရင် ငါ့ကို အချိန်မရွေးလာခေါ်"

"အေးကွာ.. အေး"

နှစ်ယောက်သား ညောင်ပင်အောက်မှ ထခဲ့ကြသည်။

အစာအာဟာရ ချို့တဲ့ကာ အားပြတ်နေသော ဂျပန်စစ်သားများ၊ တစ်ကိုယ်လုံး အနာတွေ ပွနေသော ရဲဘော်များ၊ ရောဂါဖိစီးနှိပ်စက်ခံနေသော ဂျပန်စစ်ဗိုလ်များ ရွာထဲသို့ ရောက်လာကြသည်။

စစ်ရှုံးကာ လူလုံးမလှ ပိန်ချုံးနေကြသော စစ်သည်တို့မှာ လူသာမက စိတ်ဓာတ်တွေလည်း ဗုန်းဗုန်းလဲကျနေကြပြီ။

ကိုရေအေးတို့ရွာမှာ ထိုအရာတွေအတွက် အလုပ်များ နေကြလေသည်။

ဦးလေးချစ်နှင့် သခင်ကံသာတို့က အိမ်ရှေ့ခန်းမှာ ထိုင်စောင့်နေသည်။ ခိုင်ထွေးစိန် လာခေါ်သဖြင့် မတ်ဆုမိစံ အခန်းထဲမှ ထွက်လိုက်လာသည်။

ဦးလေးချစ်တို့ရှေ့မှာ ကျုံ့ကျုံ့ကလေးထိုင်သည်။

ဦးလေးချစ်က မတ်ဆုမိစံကို အကဲခတ်သည်။ သခင်ကံသာက မတ်ဆုမိစံကို မကြည့်။ သတင်းစာကို ကောက်ကိုင်သည်။

မတ်ဆုမိစံက သူ့ကိုခေါ်ပြီး ဘာစကားမှ မစကြသဖြင့် ဦးလေးချစ်ကို တစ်လှည့်၊ သခင်ကံသာကို တစ်လှည့်ကြည့်သည်။

ဦးလေးချစ်က သခင်ကံသာ ဘာပြောမလဲဟု နားထောင်သည်။ သခင်ကံသာက ဘာကစပြောရမလဲဟု စဉ်းစားနေသည်။ စဉ်းစား၍ စကားစ ရှာမရသည့်အဆုံး လက်ထဲက သတင်းစာကို မတ်ဆုမိစံလက်သို့ ထိုးပေးလိုက်တော့ သည်။

မတ်ဆုမိစံက လှမ်းယူကာ ဘာများပါလိမ့်ဟု ကြည့်သည်။

အင်္ဂလိပ်သတင်းစာတစ်စောင်။

ရန်ကုန်လစ်ဘရေးတား အထူးထုတ်။

ဩဂုတ်လ ၁၅ ရက်၊ ၁၉၄၅ ခုနှစ်။

ဗုဒ္ဓဟူးနေ့။

မျက်နှာဖုံးသတင်း၏ ကြီးမားသော ခေါင်းစီးစာလုံးမည်းကြီးများ-

JAPAN SURRENDERS UNCONDITIONALLY

ဖတ်လိုက်ရသည်နှင့် မျက်စိထဲမှာ ပြာသွားသည်။

ရုတ်တရက် ပြင်းထန်လှသော ဝေဒနာတစ်ရပ်က ရင်ထဲသို့ဝင်ဆောင့်လိုက်သည်။ ဘုရား... ဘုရား ဟုတ်မှဟုတ်ရဲ့လား။ နောက်တစ်ခါ ပြန်ဖတ်ကြည့်သည်။ မမှားပါ။ ခေါင်းစီးစာလုံးမည်းကြီးများ။

ဂျပန်များ ခြွင်းချက်မရှိ လက်နက်ချပြီ

ကျွန်ုပ်တို့၏ ရန်သူများ အညံ့ခံသွားကြလေပြီဆိုပါလား။

အခု ငါတို့ရဲ့ နီပွန်နိုင်ငံတော်ကြီးက ကမ္ဘာမှာ ဒူးထောက်လိုက်ပြီကော။ မတ်ဆုမိစံက ကိုယ်တွင်းမှာ လှည့်ပတ်နေကြသော သွေးကြောများ ဆုတ်ဆိုင်းရပ်တန့်သွားသလားဟု ထင်ရသည်။ နားထင်နားရင်းကစ၍ ခေါင်းတစ်လုံး ပူလောင်လာသည်။

S.E.A.I. August 15: (07.05) hrs: At 7-10 last night the Japanese

minister in Switzerland left a note with the Swiss authorities. At mid-night (G.M.T) Mr. Attlee made his dramatic announcement and we are able to tell you the Japanese unconditionally surrendered.

Mr. Attle broadcasts text of Japanese Reply.

ဖတ်နေရင်း ဒီသတင်း မှန်မှမှန်ပါလေစဟု မတ်ဆုမိစံ စဉ်းစားသည်။ ဦးလေးချစ်နှင့် သခင်ကံသာကို မော့ကြည့်သည်။

ဒီလူတွေကတော့ လီဆယ်မှာမဟုတ်။ သတင်းစာလည်း အစစ်။ ဒါဆိုရင် အင်္ဂလိပ်တွေ အမေရိကန်တွေက လုပ်ကြံသတင်းထုတ်တာများလား။ ဒါပေမယ့် ဒါကလည်း မစ္စတာအက်တလီလို ပုဂ္ဂိုလ်ကြီးမျိုးရဲ့ နာမည်နဲ့ ကမ္ဘာကို လိမ်မှာတော့ မဟုတ်ပါဘူးလေဟု မတ်ဆုမိစံ တွေးကြည့်သည်။

သတင်းစာကို တစ်ခေါက်ပြန်ဖတ်သည်။

ဂျပန်များ ခြွင်းချက်မရှိ လက်နက်ချပြီ။

အရှေ့တောင်အာရှ စစ်ဌာနချုပ်၊ ဩဂုတ်လ ၁၅ ရက်၊ ၀၇:၀၅ နာရီ။ ယမန်နေ့ည ၇ နာရီ ၁၀ မိနစ်အချိန်က ဆွစ်ဇာလန်တွင်ရှိသော ဂျပန်ဝန်ကြီးသည် ဆွစ်အာဏာပိုင်များလက်သို့ စာတစ်စောင်ရေး ပေး၍ ထားခဲ့လေသည်။

ဂရင်းနစ် စံတော်ချိန် ညသန်းခေါင်ယံအချိန်တွင်ကား မစ္စတာ အက်တလီက ဂျပန်များ ခြွင်းချက်မရှိ လက်နက်ချကုန်ပြီဟူသော သတင်းကို ထုတ်ဖော်လိုက်သဖြင့် ကျွန်ုပ်တို့က ဤသတင်းကို ကြေညာလိုက်ခြင်းဖြစ်၏။

ဒါ… ဒါတွေဟာ တကယ်ဖြစ်နေပါလား။ တကယ် မဟုတ်ပါစေနဲ့။ မဟုတ်ပါစေနဲ့။ မတ်ဆုမိစံ စာဖတ်နေရင်း တောင်းသည့်ဆုက မပြည့်။ မျက်လုံးအိမ်မှာသာ မျက်ရည်တွေပြည့်လာသည်။

ဦးလေးချစ်နှင့် သခင်ကံသာတို့က မတ်ဆုမိရင်ထဲမှာ ဘယ်လိုခံစားနေရသည်ကို နားလည်သည်။ ငြိမ်သက်စွာထိုင်နေကြသည်။

မတ်ဆုမိက သတင်းစာကို ဆက်ဖတ်သည်။

ကျွန်ုပ်တို့၏ နောက်ဆုံးရန်သူများ အညံ့ခံသွားကြလေပြီ။ မစ္စတာအက်တလီက ဂျပန်၏ အကြောင်းပြန်ကြားချက်ကို ဤသို့ အသံလွှင့်ပြောကြားသည်။

ဂျပန်များ လက်နက်ချသွားကြလေပြီ။ ဤအကြောင်းကို ယနေ့နံနက် လွန်ခဲ့သည့် သုံးနာရီကမှ လန်ဒန်၊ ဝါရှင်တန်၊ မော်စကိုနှင့် ချုံကင်းမြို့များတွင် တစ်ပြိုင်နက်တည်း

ထုတ်ပြန် ကြေညာသည်။

မတ်ဆုမိစံ၏ ဖိုလ့်ိုက်သောရင်မှာ အသက်ရှုမဝဘဲ မွန်းကျပ်လာသည်။ မျက်ရည်ပူများက ထိန်းမနိုင်သိမ်းမရအောင် ဒလဟော သွန်ကျလေသည်။ သတင်းစာကို အားတင်းကာ ဆက်ဖတ်နေသည်။

ဂျပန်ကေရာဇ်ဘုရင်မင်းမြတ်သည် ပို့စဒမ် ကြေညာချက်ပါ အပိုဒ်များကို စောင့်သိရိုသေ လေးစားရန် အသင့်ရှိပါသည်။

အလို ဖြစ်မှဖြစ်ရလေ။ မြတ်သော နေမျိုးနွယ် အမ္ဗရာတီဆက အစဉ်အဆက် ဆင်းသက်ပေါက်ဖွား လာတယ်လို့ တို့လူမျိုးတွေ ယုံကြည်လာခဲ့တဲ့ တို့ရဲ့ ဦးသျှောင်သခင် မင်းဘုရင်ကိုယ်တိုင်က တိုင်းတစ်ပါးသားတို့ရဲ့ ရာဇသံ ကို ဦးညွတ် ရပြီဆိုပါလား။

မျက်ရည်တွေက သတင်းစာပေါ်သို့ တစ်ပေါက်ပေါက်ကျလာရင်းက သတင်းစာမှာ စိုရွှဲစပြုလာပြီ။ မျက်ရည်များကြားမှ စာလုံးများကိုပင် ပီပီပြင်ပြင် မမြင်ရတော့။ မျက်လုံးများပြာကာ မြင်ကွင်းများက ဝေဝါးလာသည်။ ဆက်မဖတ်နိုင်တော့ဘဲ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ခေါင်းကိုငုံ့ထားသည်။ ချုံးပွဲချ ငိုရှိုက်နေသော မတ်ဆုမိစံကိုကြည့်၍ ဦးလေးချစ် ဘာစကားမှ မဆိုဖြစ်ကြ။ ခိုင်ထွေးစိန်ကမူ အနားကပ်ကာ မတ်ဆုမိစံ လက်မောင်းကို ဆုပ်ကိုင်ထားလိုက်သည်။

မတ်ဆုမိစံကမူ တသိမ့်သိမ့် ရှိုက်ကာငိုလျက်။

■

“အခုအချိန်က သူ သိပ်စိတ်ထိခိုက်နေတဲ့အချိန်ဆိုတော့ ငါလည်း သူ့ကို ဘာမှမပြောချင်ဘူး ရွှေမောင်းရာ”

“မဟုတ်ဘူးလေ ရေအေးရဲ့၊ ငါဆိုလိုတာက မင်း သူ့ ကိုချစ်နေတယ် ဆိုတာ သူ သိနေလားလို့'

“သိလိမ့်မယ်၊ သိနေမယ်လို့ ငါထင်တယ်”

“တခြားရော၊ ဘယ်သူတွေသိလဲ”

“အဖေကတော့ ရိပ်မိပုံရတယ်၊ ငါ့ကိုခေါ်ပြီး အရိပ်အမြွက် သတိပေးဖူးတယ်”

ကိုရေအေးက ဦးလေးချစ်၏ သဘောထားကို ပြောပြသည်။ မတ်ဆုမိစံ နှင့်

အိမ်သားများ အဆင်ပြေပုံ၊ ချစ်ခင်ကြပုံများကို ပြောပြသည်။ ရွှေမောင်းက ဆေးလိပ်တစ်လိပ်ကိုထုတ်၍ မီးညှိသောက်ရင်း နားထောင်နေသည်။

"ဒါဖြင့် မတ်ဆုမိစံ အနေနဲ့ရော ဘယ်လိုသဘောရှိလဲ"

"ဒါကတော့ အကဲခတ်ရခက်တယ်ကွာ၊ ကျေးဇူးရှိလို့ ငါ့ကို အကောင်းဆုံး ပြန်ဆက်ဆံတာလား၊ ငါစွဲလမ်းသလို ငါ့အပေါ် သံယောဇဉ် ပြန်ဖြစ်နေတာလား ဆိုတာတော့ ခွဲခြားရခက်တယ်"

"အဲဒီနှစ်ခုဟာ လက်ရှိအခြေအနေမှာ ဘယ်ဟာဖြစ်နိုင်မလဲလို့ မင်းထင်သလဲ"

"ဒါကတော့ ငါပြောရရင် ငါလိုရာ ဆွဲပြောတာပဲ ဖြစ်မှာပေါ့"

ရွှေမောင်း ပြုံးသည်။

"အေးကွာ၊ ဒါဆို စဉ်းစားကြသေးတာပေါ့"

ရွှေမောင်းက ဆေးလိပ်ကို ရှိုက်ဖွာလိုက်ပြီးမှ-

"ငါ နောက်တစ်ခု ပြောရဦးမယ်ကွ၊ မနေ့က မြမောင် ဘယ်သွားလဲ သိလား"

ကိုရေအေးက မြေကြီးကို တုတ်နှင့်ခြစ်နေရာမှ မော့ကြည့်ကာ ခေါင်းခါ ပြသည်။

"ပဲနွယ်ကုန်းက အင်္ဂလိပ်စစ်တပ်ကိုသွားတယ်"

"ဟင်... ဟုတ်လား"

"ဒီကောင်သွားတာ မြင်တဲ့လူက သေချာမြင်ခဲ့တာကွ"

စဉ်းစားစရာ အများကြီးရှိလာပါသည်။ ဘာသွားလုပ်ပါသနည်း။ မြမောင် ခြေလှမ်းအကွက်ကြမ်းကို မှန်းဆပုံဖော်ကြည့်သည်။ ရေအေး အတွက်တော့ အကောင်းတော့ မဖြစ်နိုင်။

"ငါထင်တာတော့ မင်းတို့ကို တစ်နည်းနည်းနဲ့ ပြဿနာရှာဖို့ပဲဖြစ်မယ်"

"ဘာဖြစ်လို့များ သူများကို ဒုက္ခပေးချင်ရတာလဲ"

"ဒါကတော့ သူ့ဝသီကိုးကွာ၊ မင်း ဘာဆက်လုပ်ချင်လဲ"

"လောလောဆယ်တော့ ဘာမှလုပ်လို့မရဘူး၊ ဂျပန်လက်နက်ချတဲ့ သတင်း

စာဖတ်ပြီး ထမင်းလည်းမစားဘူး၊ စကားလည်းမပြောဘူး၊ အခန်းထဲကလည်း မထွက်တော့ဘူး၊ ဘယ်သူနဲ့မှလည်း မျက်နှာချင်း မဆိုင်တော့ဘူး”

“ဒါဆို စိတ်ဓာတ်တော်တော်ပြင်းထန်ပုံရတယ်”

“ငါလည်း တစ်နေ့လုံး အမျိုးမျိုး ကြိုးစားကြည့်သေးတယ်၊ ငါ့ကိုတောင် စကားမပြောဘူး၊ ငါ ကျွေးတာလည်း မစားဘူး'

“ဘာလုပ်နေသလဲ”

“သူ့အခန်းထဲမှာ ငုတ်တုတ်ထိုင်နေတာပဲ”

■

အခန်း (၂၂)

လုံးဝမလှုပ် ငုတ်တုတ်ထိုင်နေသည်က ပီဘိကျောက်ရုပ်။

အခန်းကျဉ်းကလေးအလယ်မှာ အိမ်နောက်ဘက် ပြတင်းကို မျက်နှာမူ ကာ ပုဆစ်တုပ်လျက် သူ ထိုင်နေကျပုံစံအတိုင်းဖြစ်၏။ မျက်လုံးများက ရှေ့က ကြမ်းပြင်တစ်နေရာတည်းကိုသာ စိုက်ကြည့်နေသည်။

မနေ့ကတည်းက ဒီပုံစံအတိုင်း ထိုင်နေသည်။

ဒီမနက် ခိုင်ထွေးစိန်က ထမင်းကျွေးသည်။ လုံးဝမစား။ လက်ဖျားနှင့် ပင်မတို့။ နေ့လယ်ကျတော့ ကိုရေအေးက နွားနို့တိုက်သည်။ ခေါင်းငိုက်စိုက် ချထား၍ ကြည့်တောင်မကြည့်။

မအေးလှက အနားသွားထိုင်ကာ ဖျောင်းဖျသည်။ ကြားဟန်မတူ။ ငူငူ ကြီးသာ ထိုင်မြဲထိုင်နေဆဲ။ ဆွေးမြည့်ခြင်း၊ စိတ်ထိခိုက်ခြင်းနှင့် နာကျင်ခြင်း များက မျက်နှာပြင်တွင် အထင်းသားပေါ်နေကြသည်။

ဘာမှလဲ မေးလို့မရ။

တစ်နေ့လုံး ဘယ်အချိန်သွားကြည့်ကြည့် ထိုင်နေသည့်ပုံစံက မပြင်၊ မပြောင်း၊ မညောင်းရှော့သလား မသိ။ ကြည့်နေသည့် မျက်စိကလည်း နေရာ မလွဲ။ အကြိတ်အခဲမရ၍ စိတ်ထဲက ခံစားချက်ပြင်းထန်ကာ ဖွဲ့သန်နေသည်။

နုနယ်ပျော့ပျောင်းသော ကိုယ်ဟန်နှင့် ယဉ်ကျေးသိမ်မွေ့သော စရိုက် အမူအရာတို့၏ နောက်ဝယ် ပြင်းထန်သော စိတ်ဓာတ်က အခုမှပေါ်လာသည်။ မတ်ဆုမိစံ တစ်နေ့လုံး စဉ်းစားနေသည်။ ငါ ဘာလုပ်ရမလဲ။

ကမ္ဘာစစ်ကြီးလည်း ဖြစ်ခဲ့ပြီ။ သူများရေမြေ တိုင်းခြားဒေသသို့ ရောက် နေရပြီ။ တို့လူမျိုးတွေ လက်နက်ချသဖြင့် နီပွန်ပြည်မလည်း သရုပ်မပီသတော့ ပြီ။ ပြည်တော်ပြန် မျက်နှာပန်းမလှ၊ ကမ္ဘာ့အလယ်မှာ လက်နက်ချ၍ ရှက်စရာ ကောင်းလှသည်။

ယခုရောက်နေသော မြန်မာပြည်က မေတ္တာဝါဒသမား မြန်မာများ၏ လေးစားစရာ စိတ်ဓာတ်အသွင် ဓလေ့ကိုလည်း ဘဝင်တွေ့ပါသည်။ သို့သော် မိမိရှေ့ဘဝခရီးမှာ ဤမျှနှင့် လုံလောက်ပါမည်လား။

ဘာဆက်လုပ်ရမလဲ။ စဉ်းစား... စဉ်းစား။

■

ကိုရေအေး အိပ်မရ။

ဘယ်ဘက်နံတောင်းမှ ညာဘက်နံတောင်းသို့ ပြောင်းသော်လည်း အကြောင်းမထူး။ တလူးလူး တလိမ့်လိမ့်ဖြင့်သာ နေပါသည်။ ဘယ်ညာပြောင်း ရာမှ ပက်လက်လှန်။ တစ်ဖန် ပြန်ပြောင်းတစ်ဖက်စောင်း။ ခေါင်းအုံးကိုပြင် အိပ်ချင်စိတ်မွေးသော်လည်း တစ်မှေးမှမရ။ စိတ်ကမချ အိပ်မရသဖြင့် စိတ်ကို လျှော့ချရသည်။

မတ်ဆုမိစံ အခန်းကို နားစွင့်ကြည့်သော်လည်း ဘာသံမျှမကြားရ။ ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ ည၏ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့်သာ အတိပြီးနေသည်။

မတ်ဆုမိစံ အိပ်ပျော်နေပြီလားဟု စဉ်းစားကြည့်သည်။ အိပ်ပျော်မည်ဟု သူမထင်။ နှစ်ရက်လုံးလုံး မစားမသောက် ငုတ်တုတ်ထိုင်လျက်။ မတ်ဆုမိစံ ဘယ်လိုခံစားနေရမည်ကို ကိုရေအေး သဘောပေါက်သည်။

သန်းခေါင်ကျော်ချိန်ရောက်မှ ကိုရေအေး မှေးခနဲပျော်သွားသည်။ သို့သော် သိပ်မကြာခင် ပြန်နိုးလာသည်။

စိတ်ထဲတွင် တစ်မျိုးဖြစ်နေသည်။ အားလုံး အိပ်မောကျ၍ တိတ်ဆိတ် နေချိန်မှာ နားထဲတွင် အသံတစ်ခု ကြားလိုက်သလိုလိုရှိ၏။ အပေါ်ထပ်ကလိုလို အောက်ထပ်ကလိုလို မသဲမကွဲ၊ လှုပ်ရှားမှုတစ်ခုခုမှ ထွက်ပေါ်လာသော အသံဟု ထင်သည်။

အိပ်နေရာက သူ ထထိုင်သည်။ ခြင်ထောင်အပြင်မထွက်သေးဘဲ နားစွင့်ကြည့်သည်။ ခဏကြာသည်အထိ တိတ်ဆိတ်နေမြဲ ဘာသံမျှ မကြားရတော့။ အိပ်မက်မက်တာထင်ပါရဲ့ဟု တွေးကာ ပြန်လှဲချလိုက်သည်။ နေ့လယ်မှာ လည်း ပင်ပန်း၊ ညမှာလည်း အိပ်ရေးပျက်နှင့်မို့ အားရှိဖို့ အိပ်ပျော်အောင် အိပ်မှ။ ကိုရေအေး ပြန်အိပ်ချလိုက်သည်။

■

အပြင်ဘက်တွင် လေတဖြူးဖြူး တိုက်နေသည်။

ပတ်ဝန်းကျင်မှ လေတိုးသံမှအပ မကြားရ။

ည၏ တိတ်ဆိတ်ရာ လူသူကင်းမဲ့သော ဝိသာခါ စေတီကလေးရှေ့ မတ်ဆုမိစံ တစ်ယောက်တည်း။

လရောင်တွင် စေတီတော်လေး၏ ထုံးသင်္ကန်းက ဖွေးနေသည်။ ထီးတော် လေတိုးသဖြင့် ကြားနေရသော ဆည်းလည်းသံလေးများက သာယာလှပသည်။ နားထဲသို့ တိုးဝင်နေသာ လေတိုက်သံကမူ သူ့ဘေးမှ ဝိုင်းနေကြသော မကောင်းဆိုးဝါးများပမာ တဝူးဝူး အော်မြည်လျက်ရှိ၏။

မတ်ဆုမိစံ စဉ်းစားခဲ့ပြီးပါပြီ။

စစ်ရှုံးသူအဖြစ် မျက်နှာငယ်ရသောဘဝနှင့် ကိုယ့်တိုင်းပြည်ကိုယ် မပြန် လိုတော့ပါ။ အကယ်၍ ပြန်သွားသည့်တိုင်အောင် မိမိ မိသားစုနှင့် ပြန်တွေ့နိုင်စရာ အကြောင်းမမြင်တော့။ ကြားရသည့် သတင်းများစကားအရ အဏုမြူဗုံး ကျ၍ ပြာပုံဘဝ ရောက်ခဲ့ရသော ဟီရိုရှီးမားတွင် အိမ်သားတွေမှာ အသက်ရှင် ကျန်ရစ်နိုင်စရာ မရှိကြတော့ပြီ။

မတ်ဆုမိစံ အမျိုးမျိုးစဉ်းစားပြီး နည်းလမ်းတစ်ခုကိုရွေးကာ ဆုံးဖြတ်ချက် ချခဲ့ပါပြီ။

မတ်ဆုမိစံက အသင့်ယူလာသောကြိုးဖြင့် ခြေထောက်နှစ်ချောင်းကို ပူးချည်လိုက်သည်။ ဤသည်မှာ ထုံးစံတစ်ခုဖြစ်၏။ ဂျပန်အမျိုးသမီးများ မိမိကိုယ်ကို အဆုံးစီရင်ကြတော့မည်ဆိုလျှင် အရင်ဆုံး ဤသို့ ချည်နှောင် ရသည်။ သို့မှသာ သေဆုံးသောအခါ ခြေထောက်တွေ ကိုးရိုးကားရားနှင့် အမျိုးသမီး အလောင်း လှူမြင်မကောင်းအောင် မဖြစ်စေချင်။

"စပူကု" ခေါ် ကိုယ့်ကိုယ်ကိုယ် သတ်သေသည့်အလုပ်မှာ လိုအပ်သည့် အခါ နှစ်သက်လိုလားစွာပင် လုပ်နိုင်ကြသည့်အလုပ်ဖြစ်၏။

တုန်လှုပ်တွန့်ဆုတ် ခြင်းကင်းအောင် အစဉ်အဆက် လေ့ကျင့်သင်ကြားပေးခဲ့သည်။

အမျိုးသမီးများမှာ ဝမ်းဗိုက်ကို ဓားနှင့်ခွဲသည့် "ဟာရာကိရိ" မလုပ်ရ။ "ဂျီဂါအိ" လုပ်ရသည်။ လည်မျိုကို ဓားနှင့်ထိုးစိုက်သွင်းကာ သွေးကြောများကို တစ်ချက်တည်း ဖြတ်တောက်ပစ်ခြင်းဖြစ်သည်။ ရှေးခေတ် ဂျပန်ပြည်မှာ ဂျီဂါအိကို တတ်အောင်သင်ထားရသည်မှာ အမျိုးသမီးကောင်းတို့၏ ထုံးစံဖြစ် သည်။

မတ်ဆုမိစံမှာ အကြောက်တရားမရှိ။

တိကျသော ဆုံးဖြတ်ချက်သာရှိသည်။

ဂျပန်ဓားရှည်ကြီးကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ရင်း စေတီငယ်၏ ထီးတော်ဆီသို့ မော့ကြည့်လိုက်သည်။

ဘုရားရှိခိုးပြီး ဆုတောင်းရဦးမည်။

■

ကိုရေအေး ပြန်အိပ်သော်လည်း မပျော်နိုင်။

အိမ်ထဲကို လူဝင်သလားဟု စိတ်ကထင့်နေသည်။ အသံကြားက သူခိုးဝင်သလားဟု စဉ်းစားသည်။ ဟိုတလောက ရွာကို ဓားပြဝင်တိုက်သွားပုံ။

ဒီလိုအချိန်မှာ အန္တရာယ်ကရှိသည်။ အိပ်ရာခေါင်းရင်းမှာ ထားအိပ်လေ့ရှိသော မိုန်းကို မှောင်ထဲမှာ လက်နှင့်စမ်းသည်။ ရှာမတွေ့သည်က အထားမှာ ခြင်းဖြစ်မည်။

လှခိုင် ပေးခဲ့သော ဂျပန်ဓားရှည်ကြီးကို သတိရသည်။ ခြင်ထောင်မှထွက်ကာ ဘုရားစင်ဆီသို့ မှောင်ထဲမှာစမ်းပြီးလာသည်။ ဘုရားမီးထွန်းရန် ဘုရားစင် ပေါ်မှာ အမြဲထားသော မီးခြစ်ကို အလွယ်တကူစမ်းမိသည်။ မီးထွန်းပြီး ဘုရား ကျောင်းဆောင်နောက်ရှိ ဓားရှည်ကြီးကို နှိုက်သည်။

“ဟာ…” မရှိတော့။ ဓားကြီး မရှိတော့။

မီးရောင်ဖြင့်ရှာသည် မရှိ။ ဘယ်ရောက်သွားပါလိမ့်။ အပြေးအလွှား စဉ်းစားသော်လည်း အဖြေမပေါ်။ ဦးလေးချစ် အခန်းသို့ သူလာကြည့်သည်။ အဖေနှင့်အမေ အိပ်မောကျနေကြ၏။ ခိုင်ထွေးစိန်တို့ ညီအစ်မအခန်းမှ အသက်ရှူသံကို ကြားရသည်။

မတ်ဆုမိစံ အခန်းဆီသို့ သူ လှမ်းလာခဲ့သည်။ နားစွင့်ကြည့်သော်လည်း ဘာသံမျှမကြားရ။ အခန်းဆီးကို အသာမက မီးရောင်ဖြင့်ကြည့်သည်။

“အလို”

မရှိပါ။ မတ်ဆုမိစံ မရှိတော့ပါ။ ခြင်ထောင်တင်ထားသည်။ ဘေးတံခါး ဟင်းလင်းပွင့်နေသည်ကို တွေ့ရသည်။ ခြံထဲသို့ ဆင်းလာခဲ့သည်။

“မတ်ဆုမိ.. မတ်ဆုမိ”

အသံပြုကာခေါ်သည်။ ဘာသံမျှ ပြန်မကြားရ။ မိုးမရွာရုံမက လမင်းက ထိန်ထိန်သာနေခိုက်မို့သာ တော်တော့သည်။ လရောင်အောက်မှာ ပတ်ဝန်းကျင်ကို မြင်သာသည်။

လရောင်နှင့် ဝန်းကျင်က အေးမြသော်လည်း ကိုရေအေး ရင်ပူလာသည်။

မတ်ဆုမိစံ ဝေးဝေးရောက်ဦးမှာတော့မဟုတ်။ တွေ့အောင် ရှာမှဖြစ်တော့မည်။ ထိုအချိန်ဝယ် စေတီကလေးရှေ့တွင် မတ်ဆုမိစံသည်ကား…

“ကျွန်တော်မျိုးမ၏ ဝိညာဉ်သည် ဗမာနိုင်ငံ ဤရေမြေ၊ ဤဒေသရှိ ဤဘုရားကုန်းတော်၌သာ ကန်းဝပ်တည်ပါစေသတည်း”

ဓားရိုးကို ကောက်ကိုင်ကာ ဓားသွားကို ဆွဲထုတ်သည်။ လရောင်မှာ ဓားသွားက ပြိုးပြက်ဝင်းလက်သွားသည်။

သေရမှာကို ငါ ကြောက်သလားဟု ကိုယ့်ကိုယ်ကိုယ် စစ်မေးသည်။ စိုးစဉ်းငယ်မျှမကြောက်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။ သို့သော် နှလုံးခုန်မြန်နေသည်ကတော့ အမှန်ပင်။

ရင်မှာ ခံစားမှုကင်း၊ ဟင်းလင်းဗလာ၊ တည်ငြိမ်စွာ စိတ်နေမြတ်၍ အသေတတ်အောင် သူ့ကိုယ်သူထိန်းသည်။ စိတ်ရောလူပါ မတုန်မလှုပ် ကျောက်ဆစ်ရုပ်သို့ ငြိမ်သက်သောအခါ ဓားသွားကိုထောင်ကာ ဓားရိုးကို လက်ဖြင့်ဆုပ်သည်။

ဘယ်မတိမ်း၊ ညာမယိုင်၊ စိတ်ခိုင်ခိုင်နှင့် လည်တိုင်ကို ဓားသွားက တည့်တည့်မတ်မတ် ဝင်သွားမှ တစ်ချက်တည်းနှင့် ကိစ္စပြတ်မည်။ လည်မျို၏ အလယ်တည့်တည့်ကိုရွေးကာ ဓားဦးကို ထောက်လိုက်သည်။ ချွန်မြသော ဓားဦး၏ စူးရှသောထိပ်ဖျားက နူးညံ့ဖြူလွသော လည်တိုင်သားကို ဖောက်ဖို့ရာ ဖိထားပြီ။

ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ကြသည့်အခါ ဂျပန်လူမျိုးတို့၏ ထုံးစံအတိုင်း နောက်ဆုံးဆုတောင်း အနေဖြင့် “ဘုရင်မင်းမြတ် သက်တော် ရာကျော် ရှည်ပါစေ”ဟု ဆုတောင်းဖို့ပဲကျန်သည်။

ဘဝတစ်ခု၏ နောက်ဆုံးအချိန်၊ အသက်ကို ဝအောင်ရှူသည်။ မျက်လုံး ကို မှိတ်ထားသည်။ အသံထွက်အောင်ဆိုသည်။ ကိုယ်ကို ဓားဦးချွန်ပေါ်သို့ အားနှင့်ဖိချလိုက်ရင်း တစ်ပြိုင်နက်မှာပင် ဓားသွားကို လက်ဖြင့်အားကုန်ပင့်ကာ ထိုးတင်လိုက်သည်။

သူ့တစ်ကိုယ်လုံး ဝုန်းဆို လေထဲမှာ မြောက်တက်သွားသည်။ ရင်ထဲမှာ အေးခနဲဖြစ်သွားသည်။

ကိုယ်လုံးကို ဝင်တိုက်ပစ်လိုက်သော အရှိန်ကြောင့် အုတ်ခုံဘေးက မြက်ပင်တွေထဲမှာ ပုံပျက်ပန်းပျက် သူ ကျသွားသည်။ ဓားလည်း လက်ထဲက လွတ်သွားသည်။

သူ့ကို ဝင်ဆောင့်လိုက်သည့် မည်းမည်းသဏ္ဍာန်က လဲနေသော မတ်ဆုစံ ကိုယ်ပေါ်မှာ ထပ်ပြီးဖိလျက်သား။ ဂျပန်ဓားကမူ ထိုသူ၏လက်ထဲ ရောက်နေ သည်။ နောက်ထပ် လှုပ်ရှားမှုမရှိတော့မှ အသာကြွကာ ထပေးသည်။

'ဟင်... ခိုရီအေး'

မတ်ဆုမိစံ အံ့ဩသွားသည်။

ကိုရေအေးက သူ့ဘေးမှာ ဒူးထောက်ထိုင်လိုက်သည်။ မတ်ဆုမိစံက ပက်လက်လဲကျနေရာက ဖြည်းဖြည်းချင်းထသည်။ ကိုရေအေးက သူ့ပခုံးလေးကို တယုတယ ကိုင်ကာ ဖေးမပေးသည်။

မတ်ဆုမိစံရင်မှာ တုန်ယင်နေပါသည်။

မိုင်ပေါင်းများစွာ အဝေးမှ ပြေးလာခဲ့ရသူလို မောဟိုက် ပန်းလျှနေပါသည်။ သူ ထိုင်မိတော့မှ ကိုရေအေး၏ လက်နှစ်ဖက်ကို သတိထား မိပါသည်။

ဘုရား... ဘုရား... သွေးတွေပါလား။

စောစောက သူ့ထံ အချိန်မီအောင် ကိုရေအေး အားသွန်ကာ ပြေးလာခဲ့ ပါသည်။ လက်မတင်လေးမှာ ဝုန်းခနဲခုန်ဝင်ကာ ဓားသွားကို လက်ဖြင့်အမိအရ ဆုပ်ကာ ဆွဲဖယ်ခဲ့ရသည်။ မြနေသော ဓားသွားက ကိုရေအေး၏ လက်ဖဝါးနှင့် လက်ချောင်းအတွင်းသားများကို အားရပါးရ ကြိတ်လှီးမိသွားသည်။

ချင်းချင်းနီသော သွေးတို့က လက်နှစ်ဖက်လုံးမှာ မြင်၍မှုမကောင်း။ ဓားသွားတစ်လျှောက်မှာလည်း သွေးစီးကျနေသည်။

မတ်ဆုမိစံက သူ့ခြေထောက်မှ ကြိုးတွေကို အမြန်ဆုံးဖြည်သည်။ ကြိုးကို ဓားနှင့် နှစ်ပိုင်းပိုင်းသည်။ ပြီးတော့ ကိုရေအေး လက်ကောက်ဝတ် နှစ်ဖက်ကို ကြိုးတစ်စစီဖြင့် စည်းပေးသည်။ သွေးထွက်မလွန်အောင် ထိန်းပေးခြင်း ဖြစ်၏။

“ဘာလို့ ကိုယ့်ဟာကိုယ် အဆုံးစီရင်ရတာလဲကွယ်”

မယ်ဆုမိစံက သူ့အင်္ကျီလက်မောင်းတွေကို ဓားဦးနှင့်ထိုးခွဲကာ ဆုတ်ပြီး ဖြဲထုတ်သည်။ အဝတ်စအချို့နှင့် ကိုရေအေးလက်က သွေးတွေ ကိုသုတ်သည်။ ကျန်အဝတ်စများကို ပတ်တီးသဖွယ်လုပ်ကာ လက်ကို ပတ်ပေးသည်။

“ပြောလေ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲကွယ်”

အဖန်ငါးရာ ငါးကမ္ဘာဟု ဆက်ပြောပြီးမှ မတ်ဆုမိစံ နားလည်မှာ

မဟုတ်ပါဘူးလေဟု သတိရသည်။

"မစုမေ"

မတ်ဆုမိစံက ကိုရေအေးကို မော့ကြည့်သည်။

"နောက် ဘယ်တော့မှ ဒီလိုမလုပ်ရဘူးနော်"

မတ်ဆုမိစံက အဝတ်စည်းပေးရင်း မျက်ရည်တွေ လိမ့်ကျလာကြသည်။ မဖြစ်တည်ခဲ့ဖူးသော ဝေဒနာသစ်တစ်ရပ်ကြောင့် ရင်မှာတလှပ်လှပ် ဖြစ်လာသည်။

မငိုမိအောင် ထိန်းထားသည့်ကြားက ရှိုက်၍ရှိုက်ကာ မထိန်းသာခဲ့။

ကိုရေအေးက ဓားကိုပြပြီး-

"မစုမေ၊ နောက် မလုပ်နဲ့နော်"

မျက်ရည်တွေကြားက ခေါင်းညိတ်ပြသည်။

"ဓားထိတာ မနာပါဘူး မစုရယ်၊ တကယ်လို့များ မပြောကောင်းပြော ကောင်း အချိန်မီ ရောက်မလာရင်တော့ မတွေးဝံ့စရာပဲ၊ ကံကောင်းလို့ပေါ့"

မတ်ဆုမိစံက ရှိုက်ရှိုက်ကာ ငိုနေပါသည်။

ကိုရေအေးက အနားတိုးထိုင်သည်။ ငို၍ရှိုက်ကာ ငိုနေရှာသော မတ်ဆုမိစံ ၏ မေးကလေးကို စီးပတ်ထားသော လက်ဖြင့်ပင် အသာပင့်တင်သည်။ မတ်ဆုမိစံက ခေါင်းမော့လာပြီး ကိုရေအေးကိုကြည့်သည်။ ကိုရေအေးက မျက်ရည်လျှမ်းသော မတ်ဆုမိစံ မျက်ဝန်းများ၏ အကြည့်ကို အဓိပ္ပာယ်ဖော်ဆို နိုင်ပါသည်။

အပြန်အလှန် ကြည့်နေကြသည်က လွှဲဖယ်၍မရ။

ကိုရေအေးက မတ်ဆုမိစံ ပခုံးလေးကို ညင်သာစွာ ဆွဲယူသည်။ နူးညံ့ သော အလှကလေးက သူ့ရင်ခွင်ထဲသို့ အလိုက်သင့် ရောက်လာသည်။

ကိုရေအေး အင်္ကျီရင်ဘတ်ကို လက်တစ်ဖက်ဖြင့် တင်းတင်းဆုပ်ထား သည်။ ရင်အုပ်ကျယ်ကြီးမှာ သူ့မျက်နှာကို ကပ်ထားသည်။ ကျန်လက်တစ်ဖက် က ကိုရေအေး လည်ပင်းကို လှမ်းတွယ်ထားသည်။ မတ်ဆုမိစံက အစဉ်တစိုက် တင်းထားခဲ့သော စိတ်ကိုလျှော့ချလိုက်သည်။ စောစောက ဘုရင်မင်းမြတ် အတွက် ဆုတောင်းခဲ့သည်ကို သတိရသည်။

အိုယုရုရှိတေး ခု ဒါဆိုက်တင်နော်ဟေကာ

ကျွန်တော်မျိုးမအား ခွင့်လွှတ်တော်မူပါ အရှင်မင်းမြတ်

မတ်ဆုမိစံ တောင်းပန်စကားက အဓိပ္ပာယ်များစွာပါသည်။

မတ်ဆုမိစံ ရေရွတ်လိုက်သော ဂျပန်စကားကို ကိုရေအေး နားမလည်ပါ။ ကိုရေအေးက မတ်ဆုမိစံ ကိုယ်လုံးလေးကို တင်းတင်းကြပ်ကြပ် သိမ်းဖက်ထားလိုက်သည်။ ကိုရေအေး လက်မှသွေးတွေက စီးကျနေသည်။ မတ်ဆုမိစံ က ကိုရေအေး ရင်ခွင်မှာ ခေါင်းအပ်ကာ တသိမ့်သိမ့် ငိုလျက်က ပြန်ဖက်ထား သည်။

အရှေ့ဆီမှာ ရောင်ခြည်ဖြာ၍ အရုဏ်မိုးသောက် အလင်းရောက်တော့မည်။

■

အခန်း (၂၃)

"အစ်ကိုရေး"

အပြင်ထွက်မည်အလုပ်တွင် ခိုင်ထွေးစိန် ခေါ်သံကို ကြားရသည်။

"ဘာလဲဟ"

"မစုမေ မရှိတော့ဘူး"

"တကယ်လား"

"ဩော်... တကယ်မရှိတော့လို့ ပြောတာပေါ့"

ညကပင် အဆုံးစီရင်သည့်ကိစ္စကို တားဆီးကာ ချော့မော့ပြီး ပြန်ခေါ်ခဲ့သည်။ သူ့ အိပ်ရာအရောက် ပြန်ပို့ထားခဲ့သည်။ အခုတော့ မရှိတော့ပြီ။

တစ်နေရာသွားပြီး အဆုံးစီရင်သည့်အမှုကိုများ ထပ်ပြု ပြန်လေသလား။ ရင်ထဲမှာ ပူသွားသည်။ ဝိသာခါဇရပ်သို့ အတူသွားကြဖို့ အဖေတို့ ခြံဝမှာ စောင့်နေတာကို သူ မေ့သွားသည်။

အပေါ်ထပ်သို့ အမြန်ပြေးတက်သည်။ မတ်ဆုမိစံ အခန်းကို ကြည့်သည်။ အခြားအခန်းတွေမှာ ရှာသည်။ ယုတ်စွအဆုံး အိမ်သာ၊ ထင်းတဲ၊ နွားတင်းကုပ် ပါမကျန် နှံ့အောင်ရှာသည်။

မတ်ဆုမိစံ တကယ်မရှိတော့။

အပြီးအပိုင် ထွက်သွားတာပဲဖြစ်မည်။ တပ်စခန်းတစ်ခုခုသွား၍ အဖမ်းခံတာတော့ မဖြစ်နိုင်။ ဂျပန်တပ်တွေ ဆုတ်သွားကြရာလမ်းသို့မှန်းကာ လိုက်လေတာများ ဖြစ်မည်လား။

"ရေအေး... ကြာလိုက်တာကွာ၊ ဘာလုပ်နေတာတုံး လာလာ"

ခြံဝမှ ဦးလေးချစ်က စိတ်မရှည်စွာ အော်သည်။

"လာပါပြီ အဖေ"

စိတ်မပါသော ခြေလှမ်းများဖြင့် ရွာလမ်းမှာ အဖေတို့နောက်က ကိုရေအေး လိုက်ရသည်။ ညက ရင်ခွင်ထဲမှာ ထွေးပွေ့ထားခဲ့သည့် မတ်ဆုမိစံ၏ ကိုယ်ငွေ့က ယခုတိုင် မပြယ်နိုင်သေးဘဲ နွေးထွေးဖိုလှိုက်နေဆဲ။ မတ်ဆုမိ မရှိတော့ ပြီဟူသော

အသိက ဖိစီးလာသည်နှင့်အမျှ ခြေလှမ်းများကပင် ပူလောင်လာသည် ထင်ရသည်။

လျှောက်လာရင်း ဝိသာခါ ဇရပ်ကြီးနှင့် နီးလာသည့်အလျောက် လူသံသူသံ အုတ်အုတ်ကျက်ကျက်ကို ကြားလာရသည်။ သူ ဇရပ်ထဲကို လှမ်းဝင် လိုက်သည်။ ဇရပ်ထဲမှာ စစ်ဘေးဒုက္ခသည်တွေ ပြည့်နေသည်။

"ရေအေး လာဟေ့၊ ဒီမှာဝေရမယ့်ပစ္စည်းတွေ အစီအစဉ်လုပ်ကွာ၊ ရွှေမောင်းတို့ ထွန်းရတို့လူစုက စားစရာတွေကို ခြင်းထဲကချ ဟိုစားပွဲပေါ်မှာပုံကွာ"

သူကြီး ဦးထွန်းလူက လူငယ်ပိုင်းကို အကွက်စေ့အောင် ခိုင်းနေသည်။

"ဟိုမိန်းကလေးတွေ ဒီကိုလာကြ၊ ဘကြီးညိုရှေ့က အဝတ်တွေကို ယောကျ်ားဝတ်နဲ့ မိန်းမဝတ် သတ်သတ်စီခွဲပုံကြဟေ့"

ဦးလေးချစ်က အဝတ်အစားတွေ ဝေဖို့စီစဉ်နေသည်။ စစ်ဘေးစစ်ဒဏ် ခံကြရသော ရွာငယ်များမှ အစားအစာမဲ့၊ အဝတ်အထည်မဲ့၊ အားကိုးရာမဲ့ကြ သည်။ ရွှေလက်ပံရွာသို့ ရောက်လာသော ဒုက္ခသည်များကို ရွာခံများနှင့် ဗမာ့ မျိုးချစ်တပ်မတော်သားများက စောင့်ရှောက်ထားကြသည်။

ဦးဘချစ်နှင့် သခင်ကံသာတို့က မြို့မှရောက်လာကြသော လူကြီးများကို ဧည့်ခံစကားပြောရင်း ဆွေးနွေးကြသည်။ ရန်ကုန်တွင် အခြေစိုက်ဖွဲ့စည်းထားသော စစ်ဘေးဒုက္ခသည် ကယ်ဆယ်ထောက်ပံ့ရေး အဖွဲ့ကြီးမှ လူကြီးများက ရွှေလက်ပံရွာသို့ ယနေ့ ရောက်လာကြသည်။ သူတို့နှင့် အတူ ထောက်ပံ့စရာ ပစ္စည်းတွေ ပါလာသည်။ အဝတ်အထည် အများဆုံး ပါဝင်သည်။ အစားအသောက်နှင့် အသုံးအဆောင် ပစ္စည်းများလည်း ပါသည်။ အလှူခံ၍ရလာသော ပစ္စည်းများ ဖြစ်ကြသည်။ ဒီလိုလှူကြဖို့ သတင်းစာများမှ နှိုးဆော်ခဲ့သည်။ စေတနာရှင် တို့က တတ်နိုင်သမျှ အားတက်သရော လှူကြသည်။

စစ်ဘေးစစ်ဒဏ်ခံကြရသော ဒုက္ခသည်များမှာ နေစရာအိမ် မရှိကြတော့။ အချို့မှာ သားသေ၊ လင်ကွဲ၊ မိဘဆုံးကြသည်။ အချို့မူ ဂျပန်နှိပ်စက်သဖြင့် လင်သေ၍ မုဆိုးမဖြစ်ရသူများ ဖြစ်ကြသည်။

"ရေအေး... ဟောဒီဆေးပုလင်းတွေယူပြီး ဟိုစင်ပေါ်သွားပို့၊ လူနာတွေက အဲဒီမှာ"

ဆေးပုလင်းများကိုပြရင်း ရွာတောင်ကျောင်းဆရာတော်က ခိုင်းသည်။ မှန်ပါဘုရားဟုဆိုရင်း ပုလင်းတွေကို သူ ကောက်သည်။ သံဃာစင်ပေါ်မှာ လူနာတွေရှိသည်။ အချို့မှာ အဝတ်မပြည့်စုံ၍ တုန်အောင်ချမ်းနေသည်။ အချို့မှာ ဂုန်နီအိတ်စုတ်ကို စောင်လုပ်နေကြရသည်။ ကလေးအချို့မှာ ဗိုက်ပူနံကားနှင့်။

အနာတွေ က ဗရပွ။

စစ်၏ အနိဋ္ဌာရုံများကို စိတ်မသက်သာစွာကြည့်၍ သက်ပြင်းချမိသည်။ ကိုရေအေးက ဆေးပုလင်းတွေကိုင်ကာ လူနာတွေကြားထဲ တိုးဝင်လိုက်သည်။ ထို အခိုက် -

"ဟယ်..."

သူ မြင်လိုက်သည်။ မျှော်လင့်မထားမိသဖြင့် အံ့ဩခြင်းကြီးစွာ ဖြစ်ရသည်။

"မစုမေပါလား"

မတ်ဆုမိစံက ဒီရောက်နေပါသည်။ လူနာတွေကြားထဲမှာ မတ်ဆုမိစံ အလုပ်များနေသည်။ သူတတ်စွမ်းသည့် သူနာပြုပညာဖြင့် လူနာတွေကို လက်မလည်အောင် ပြုစုနေသည်။ အချို့က မတ်ဆုမိစံကို အထူးအဆန်းသဖွယ် ပွဲကြည့်သလို ဝိုင်းအုံဝိုင်းကြည့်နေကြသည်။ ဘယ်သူတွေ ဝိုင်းကြည့်ကြည့် မတ်ဆုမိစံက ဂရုမပြုအား။ လူနာများအတွက် ဇယ်ဆက်သလို လက်သွက်သွက် ဖြင့် လုပ်ကိုင်ပေးနေသည်။

မတ်ဆုမိစံက ကိုရေအေးကို မမြင်။ ကိုရေအေးမှာမူ အတိုင်းမသိဝမ်းသာနေပါသည်။

"မစုမေ"

လူနာတစ်ယောက်ကို ပတ်တီးစည်းပေးနေရာမှ အသံကြားသဖြင့် လှည့် ကြည့်သည်။ ကိုရေအေးကို မြင်တော့မှ လှိုက်လှဲစွာ ပြုံးပြသည်။ ပြီးတော့ သူ့အလုပ် သူ ဆက်လုပ်နေသည်။ ပတ်တီးစည်းသည့်ကိစ္စ ပြီးသောအခါ ဝမ်းသွားနေသည့် လူနာဆီသို့ ဆက်သည်။

ရွာခံဝမ်းဆွဲသည် မငြိမ်းနှင့် မိန်းကလေးအချို့က မတ်ဆုမိစံနှင့်အတူ ဝိုင်းကူလုပ်ပေးနေကြသည်။

ရေလောင်းပါ။ နည်းနည်းမပါ။ အဝတ်စပေးပါဦး စသည်ဖြင့် မတ်ဆုမိစံ နှုတ်ကလည်း မတတ်တတတ် မြန်မာစကားနှင့် ပြောရင်း ကိုယ်တိုင်လည်း မရှုံမရှာ သုတ်သင်ပေးနေသည်။

ရွာကို စရောက်သည့်နေ့မှ မတ်ဆုမိစံ လူမြင်သူမြင်ခံကာ ရှေ့ထွက်သည်မှာ ဒီတစ်ခါ ပထမဆုံးအကြိမ် ဖြစ်သည်။ လူနာပြုစုဖို့ တာဝန်ယူမယ်ဟူသော ဆုံးဖြတ်ချက်နှင့် ရွာလူထုကြား ဆင်းလာခြင်း ဖြစ်၍လည်း ကိုရေအေး အံ့ဩနေသည်။ သူ့စိတ်ဓာတ်ကို လေးစားချီးကျူးမိသည်။

အချို့က ဒီကလေးမ ဘယ်ကတုံး၊ ဘယ်သူတုံးဟု အချင်းချင်း လက်တို့ မေးကြသည်။ ထိုနေ့က ကိုရေအေးမှာ တစ်နေ့လုံး သံဃာစင်ပေါ်က မဆင်းဘဲ လူနာတွေကြားမှာသာ အလုပ်များနေတော့သည်။

တစ်ရွာလုံးအနှံ့ သတင်းပြန့်ပြီ။

ဘယ်သူ ဘယ်ဝါ ဘယ်ကလာ၍ ဘယ်လိုရောက်နေ ဘယ်အခြေဆိုသည်များက တစ်ယောက်စကား တစ်ယောက်နားမှာ သတင်းပျံ့ကာ သိကုန်ကြပါပြီ။

သိကုန်သည်နှင့်အမျှ ဒုက္ခသည်တွေ ကူညီကြသည့် ကိစ္စမှာဝင်၍ တစ်တပ်တစ်အား တာဝန်ယူသော မတ်ဆုမိစံ၏ စိတ်ရင်းသဘောကို လူတိုင်းကချီးကျူးကြသည်။ ဒီကိစ္စတွေထက် ပို၍စိတ်ဝင်စားနေကြသည်က ဂျပန်မလေးနှင့် ကိုရေအေးတို့ နှစ်ယောက်အကြောင်း၊ ထူးခြားသည့် ဇာတ်လမ်းမို့ ပြောလို့ကောင်းနေသည်။ ရွာသူရွာသားတို့၏ နှုတ်ဖျားမှာ ရေပန်းစားနေသည်။

မတ်ဆုမိစံမှာ လှပရိုးစင်းသော မျက်နှာ၊ ကြင်နာသော အပြုအစုနှင့် ချိုသာသောအပြုံးတို့ဖြင့် လူနာအားလုံး၏ အားကိုးရာဖြစ်လာသည်။

■

ညသည် တိတ်ဆိတ်လျက်ရှိ၏။

ဝိသာခါဇရပ်ကြီးထဲက ပရိသတ်ပင် အိပ်မောကျပြီ။

ခက်လက်စိမ်းစို မြရွက်ညိုတို့ကို လရောင်ရွှေရေးက ပက်ဖျန်းပေးထားသဖြင့် ကြည့်လေရာမှာ လှပနေပါသည်။

ဝိသာခါ စေတီကလေး၏ ရင်ပြင်မှာ ကိုရေအေးနှင့် မတ်ဆုမိစံ။ ကိုရေအေးက ပျပ်ဝပ်ရိုကျိုး ဘုရားကို ရှိခိုးဦးချပြီး လှည့်ကြည့်လိုက်သောအခါ မတ်ဆုမိစံက လက်အုပ်ချီလျက် ရှိခိုး၍ မပြီးသေး။ ဆုတောင်းတွေက ရှည်နေသော်လည်း ဂျပန်ဘာသာစကားမို့ ကိုရေအေး နားမလည်။

ဘုရားစေတီကလေးကို ဦးချပြီး မတ်ဆုမိစံက ကိုရေအေးဘက်သို့ လှည့်သည်။ လက်အုပ်ချီသည်။

"ဘာလုပ်မလို့လဲ"

"ရှိခိုးမယ်"

"ဘာဖြစ်လို့ ရှိခိုးမှာလဲ"

"ချေးဖူးလုပ်တဲ့လူ"

မြန်မာစကားကို အချိန်ရသမျှ ကြိုးစားသင်ယူသော်လည်း ဌာန်ကရိုဏ်း ကျအောင် မပြောနိုင်သေး။

"ကျေးဇူးရှင်လို့ ပြောချင်တာလား'

"ဟုတ်တယ်၊ ချေးဖူးရှင်"

"ကျေးဇူးရှင် မဟုတ်ပါဘူး"

"မဟုတ်ပါဘူး ဘာလဲကွ"

"ချစ်သူ၊ ချစ်သူ"

"အို"

ရက်စနိုးနှင့် ခေါင်းငုံ့သွားသည်။ ခဏကြာမှ ပြန်မော့လာသည်။ သူ့မျက်ဝန်းက လရောင်မှာ ရွှန်းလဲ့တောက်ပနေကြပါသည်။ ကိုရေအေးက မတ်ဆုမိစံ လက်အုပ်ချီထားသော ကြာငုံသဏ္ဍာန် လက်ကလေးကို အသာဆုပ် လိုက်သည်။

"မစုမေ"

"ရှင်"

"အတူတူ နေကြရအောင်နော်"

"အတူတူ"

"ဟုတ်တယ်လေ၊ အတူတူနေကြရအောင်ကွယ်"

"ဘာဖြစ်လို့ကွဲ'

"ချစ်လို့"

မတ်ဆုမိစံက ဘေးဘက် မျက်နှာလှည့်သွားသည်။ အဝေးဆီသို့ ငေးကာ အကြာကြီးကြည့်နေသော မျက်လုံးများက ဝေသီနေကြသည်။ လွမ်းမိုးရိပ်တွေ ညိုလာသော မျက်ဝန်းများက ဘယ်ဆီအထိ မျှော်ကြည့်လေသည်မသိ။ ဂျပန်ပြည်မဇာတိဌာနေဆီသို့တိုင် ရမ်းရော်ကာ လှမ်းမျှော်ကာ ကြည့်နေလေရော့ သလား။ တော်တော်နှင့် စကားမဆိုမိ။

“မစုမေ”

“ရှင်”

“ပြောလေ”

“ခိုရီအေး... အများကြီးရှိတယ်၊ ပြောချင်တယ်၊ ချွန်မ မပြောတတ်ဘူး”

မြန်မာစကားဝါကျတွေက အစီအစဉ်မကျသော်လည်း ကိုရေအေး ရင်ထဲတွင် စွဲထင်သွားပါသည်။

ကိစ္စမရှိပါဘူး မတ်ဆုမိစံရယ်။ မြန်မာစကားကို ဒီထက်တတ်အောင် သင်ပေးမှာပေါ့၊ ပြောတတ်လာတဲ့အခါမှ ရင်ထဲမှာ ပြောစရာရှိတာတွေ ပြောပြလေဟု ကိုရေအေးက တိုးတိုးကပ်ပြောသည်။ သူ ဆုပ်ကိုင်ထားသော မတ်ဆုမိစံကို သူ့ရင်ခွင်ထဲသို့ အသာဆွဲယူလိုက်ရာ နွဲ့လျသော ခန္ဓာကိုယ်လေးမှာ အလိုက်သင့်တိမ်းကာ ယိမ်း၍ပါလာတော့သည်။

■

“ဒီလိုလေ ရေအေးရဲ့၊ ဒီကလေးမ ဒီမှာရှိတာကို မြမောင်တို့သားအမိသွားသတင်းမပေးလည်း စစ်တပ်ကတော့ သိမှာပဲ၊ ခုဟာက ကလေးမ ကိုယ် တိုင်က ရွာထဲမှာ ထင်ထင်ပေါ်ပေါ် နေနေပြီကိုး”

ဦးလေးကံသာ ပြောတာကို ကိုရေအေးက လက်ခံပါသည်။

“အခုအချိန်မှာ ဗမာ့ မျိုးချစ်တပ်မတော်နဲ့ အင်္ဂလိပ်တပ်တွေပေါင်းပြီး တောအနှံ့ တောင်အနှံ့ လျှောက်ပြီးတော့ ဂျပန်တွေကို ပြန်လိုက်ခေါ်နေကြတယ်၊ ဂျပန် လက်နက်ချပြီဆိုတာ သူတို့စစ်သားတွေ မယုံမှာစိုးလို့ လိုက်ခေါ်တဲ့အဖွဲ့တွေမှာ ဂျပန်ဗိုလ်တွေ ကိုယ်တိုင်ပါတယ်၊ အသံချဲ့စက်နဲ့ တောထဲကို ဂျပန်လိုလိုက်အော်ခေါ်နေကြတယ်”

“ဟုတ်ကဲ့”

“ချောင်းရိုးအတိုင်း တက်သွားတဲ့ အဖွဲ့တစ်ဖွဲ့တော့ အပြန်မှာ တို့ရွာကို ဝင်လာမယ် ပြောတယ်”

“ဘယ်နေ့လောက် ရောက်မလဲ ဦးလေး”

“အတိအကျတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် သူတို့ရောက်လာတဲ့ အခါကျရင်တော့ မင်း ကလေးမကိစ္စကို ရင်မဆိုင်ချင်လို့ မရဘူးပေါ့ကွာ၊ မဟုတ်ဘူး လား”

“ဟုတ်ပါတယ် ဦးလေး”

“သူတို့ ရောက်လာလို့ စစ်ကြ မေးကြတဲ့အခါကျတော့လည်း သေကောင်ပေါင်းလဲ ဖြစ်နေလို့ အသက်ကယ်ထားတယ်၊ နေမကောင်းလို့ ဆေးကုသပေးနေရတယ် ရှင်းပြပေါ့၊ ပြန်အပ်လိုက်တော့လည်း မင်း အပြစ်မဖြစ်ပါဘူး”

“ဒါပေမယ့်… ကျွန်တော်တို့နှစ်ယောက်”

“အေးလေ၊ ဒါကတော့ မင်းတို့ လူငယ်ချင်းကိစ္စက တစ်ပိုင်းပေါ့ကွာ၊ အကျိုးအကြောင်း ပြေလည်အောင်တော့ ပြောပြရမှာပေါ့”

“အဲဒါကြောင့် ကျွန်တော် ခုနကပြောသလိုပေါ့လေး သူတို့မလာခင်၊ ဒီမှာတင်ပဲ လူကြီးတွေရှေ့မှာ အကျဉ်းရုံးပြီးတော့ လက်ထပ်လိုက်ချင်တယ် ပြောတာပါ”

“လက်ထပ်လိုက်ရင် မင်း အိမ်သူဖြစ်သွားတာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် အဲဒီလိုဖြစ်သွားရုံနဲ့ သူတို့က ဒီကလေးမကို မင်းနဲ့ထားခဲ့မှာပဲလို့တော့ ဘယ်သူမှ အာမ မခံနိုင်ဘူးကွ”

“ဒါတော့လည်း ဟုတ်ပါတယ်လေ”

“ပြီးတော့ အလောသုံးဆယ် လက်ထပ်ဖို့ဆိုတာလည်း မင်းပြောသလို မင်းတို့ချင်း သဘောတူတာထက် ကိုစိန်ချစ် သဘောကလည်း အရေးကြီးတာပဲ မဟုတ်လား”

■

“အင်း… ငါ့သားပြောသလို လက်ထပ်ချင်တယ်ဆိုတာကတော့ ဟုတ်ပါပြီတဲ့၊ ကလေးမလေးရဲ့ သဘောထားကရော”

“သူ သဘောတူပါတယ် အဖေ”

“သူက ပြောသလား”

“ဟုတ်ကဲ့ ပြောပါတယ်”

“လက်ထပ်ဖို့ သဘောတူပါတယ်ဆိုတာကိုရော ဗမာလို ရေရေလည်လည် ပြောတတ်လို့လား”

အခု ပြောတတ်ပါပြီ အဖေ”

"မင်းဟာက ဟုတ်မှလည်းလုပ်ပါ ရေအေးရာ"

"ဟုတ်ပါတယ် အဖေ

"မင်း စဉ်းစားပြီးပြီလား"

"စဉ်းစားပြီးပါပြီ"

"မဟုတ်ဘူးလေ၊ ရေရှည်ကိုပြောတာ"

"ဟုတ်ပါတယ် အဖေ"

"ခက်တော့နေပါပြီ"

ဦးလေးချစ်က ကုလားထိုင်ကျောကို မှီချလိုက်သည်။ ဘာမှ ဆက်မပြောနိုင်သေးဘဲ အပြင်သို့ ငေးရင်း စဉ်းစားနေသည်။ ခဏကြာမှ-

"ဖြစ်နိုင်မယ် တယ်မထင်ပါဘူးကွာ၊ မင်း စဉ်းစားပါဦး"

စကားလက်စသတ်ကာ ဦးလေးချစ် ထိုင်ရာမှ ထသွားသောအခါ ကိုရေအေးမှာ ကြမ်းပေါ်တွင် တစ်ယောက်တည်း ငြိမ်သက်စွာ ကျန်ခဲ့လေသည်။

■

"အဲဒီတော့ မင်းအဘိုးကြီးက သဘောမတူဘူးဆိုတာကတော့ ထင်ရှားသွားပြီပေါ့ကွာ၊ ဒါဖြင့် မင်းအဘွားကြီးကရော"

ရွှေမောင်းက ဆေးလိပ်ပြာများကို ခြွေချရင်းမေးသည်။

"အိမ်မှာ မင်း သိတဲ့အတိုင်းလေ၊ အဖေပြီးမှ ပြီးရတာ၊ အဖေက အဖြူ ဆို အားလုံးက အဖြူ၊ အဖေက အမည်းဆိုရင်တော့ ငါ့အမေလည်း ဘယ်ဖြူ ဝံ့ပါ့မလဲ'

"ဒါဆိုရင် မင်း စဉ်းစားရမှာက ဒီရွာမှာ မင်းတို့နှစ်ယောက် ဆက်နေလို့ ဖြစ်မလား မဖြစ်ဘူးလားဆိုတာ စဉ်းစား၊ မဖြစ်နိုင်ဘူးဆိုရင်တော့ နှစ်ယောက် အတူတူ ထွက်ပြေးကြကွာ"

"ဟုတ်တယ်ကွ၊ ရွှေမောင်းပြောတာ မှန်တယ်၊ ဘယ်သူ့ အဖမ်းမှ မခံနဲ့၊ မိန်းမခိုးတာပဲကွာ ဘာဖြစ်ရဦးမှာလဲ"

ထွန်းရက ထောက်ခံသည်။ အားပေးသည်။

"ဒါဆိုရင် လုခိုင် ပြန်မလာခင် မင်းတို့ မြန်မြန်လစ်မှဖြစ်မယ်၊ သူ

ပြန်ရောက်လာရင် မလွယ်ဘူးနော်”

“ဟုတ်တယ်ကွ၊ ရေအေး ဟုတ်တယ်”

“ပြေးလို့ရော လွတ်နိုင်ပါ့မလားကွာ”

ကိုရေအေး မဝံ့မရဲဖြစ်နေသည်။

“မင်း ဘာမှမပူနဲ့၊ ငါတို့ တာဝန်ယူမယ်”

“ထွက်မပြေးရင်တော့ မင်း ကောင်မလေးကို လက်လွှတ်ရမှာပဲ”

ဟုတ်သည်။ အခြေအနေက ဖွတ်မထွက်လျှင် လွတ်ချက်မမြင်၊ မတ်ဆုမိစံလက်ကိုဆွဲကာ ဝေးရာကို ပြေးခွာပါမှ ဖြစ်တော့မည်။

“ဒါဖြင့် တို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“ဘယ်လိုလုပ်ရမလဲ လွယ်ပါတယ် ရေအေးရယ်၊ ငါ စဉ်းစားပြီးသားပါ၊ ဒီမှာ… အခု ဂျပန်တပ်တွေ ပဲခူးရိုးမက ဆင်းလာတယ်၊ အရှေ့ဘက် စစ်တောင်းမြစ်ကြီးဆီကို ပြေးတယ်၊ နောက်ကလိုက်တိုက်တဲ့ လူတွေကလည်း အဲဒီငပုတွေပြေးတဲ့ အရှေ့ဘက်ကိုပဲ သဲသဲမဲမဲ ဖိလိုက်နေကြတယ်။ အဲဒါဟာ အချက်ပဲ၊ မင်းတို့နှစ်ယောက် ခိုးပြေးကြရင် အဲဒါနဲ့ ဆန့်ကျင်ဘက်ကိုပြေး၊ အနောက်ဘက်ကိုသာ ပြေးကြ”

“ဒါဆို ပဲခူးရိုးမပေါ် ပြန်ရောက်သွားမှာပေါ့”

“အေးပေါ့၊ အဲဒါပြောတာပေါ့၊ ဒီဟာကို သူတို့ စဉ်းစားမိမှာ မဟုတ်ဘူး၊ လိုက်ဖြစ်ကြမှာလည်း မဟုတ်ဘူး၊ မင်းတို့ကို စစ်တောင်းမြစ်ဘက်ပြေးတယ်၊ ဒါမှမဟုတ် ကားလမ်းအတိုင်း တောင်ဘက်ဖြစ်ဖြစ်၊ မြောက်ဘက်ဖြစ်ဖြစ် လစ်ကြပြီလို့တွေးမှာ”

ရွှေမောင်းက သူ့အယူအဆကို ရှင်းပြအပြီးမှာ ထွန်းရက သတိပေးသည်။

“အေး… တစ်ခုပဲရှိတယ်၊ ဟောဒီ ရွှေလက်ပံကနေပြီးတော့ ကညွတ်ကွင်း အထိရယ်၊ ဟိုး… ကားလမ်းနဲ့ ရထားလမ်းကို ကျော်မိတဲ့အထိတော့ သတိထားရလိမ့်မယ်”

“ဒါကလည်း ညဘက်သွားရင် ရပါတယ်ကွာ

“တို့ လိုက်ပို့မှာပဲ ပူစရာမရှိပါဘူး”

"တောင်ခြေရောက်ရင် သရက်အုပ်၊ ဆင်ဆိပ်ကြီး ဟိုမှာ ကရင်ရွာတွေလည်းရှိတယ်၊ ငါ့အသိတွေ ရှိပါတယ်၊ ဆင်သမားတွေလည်းရှိတယ်၊ အဲဒီဘက်ကို ငါ ကျွမ်းတယ်၊ ဘာမှမပူနဲ့၊ မင်းတို့နှစ်ယောက် အဲဒီမှာ ခဏခိုနေလည်းရတယ်၊ ဆင်နဲ့ ခရီးဆက်ရင်လည်းရတယ်၊ အခြေအနေကောင်းသွားမှ ရွာပြန်လာပေါ့ ကွာ"

အားပေးမည့်လူ၊ ကူညီမည့်သူတွေနှင့် ချစ်လမ်းခရီးမှာ အားရစရာ ပါပေ။

■

"မစုမေ အစ်ကိုပြောမယ်၊ သေသေချာချာ နားထောင်နော်၊ ဒီတစ်ရက် နှစ်ရက်ဆိုရင် ငြိမ်းချမ်းရေးတမန်တော် တပ်ဖွဲ့တွေလာမယ်၊ ဂျပန်တွေကို လိုက်ရှာနေတယ်၊ အဲဒါ ရွာရောက်ရင် မတ်ဆုမိကိုလည်း သူတို့ ပြန်သိမ်းသွားကြ လိမ့်မယ်"

မတ်ဆုမိစံက မျက်လုံးကလေး အဝိုင်းသားနှင့် ကိုရေအေးကို အကြောင် သား ပြန်ငေးကြည့်နေသည်။ ကိုရေအေး ပြောပြချင်ဇောနှင့်မို့ တွန်း၍သာ ပြောချလိုက်သည်။ မတ်ဆုမိစံမှာ ဤမျှရှည်လျားသော မြန်မာစကားကို နားမလည်နိုင်။ ဤမျှ များပြားသော ဝေါဟာရ၏ အဓိပ္ပာယ်ကို သူ မသိသေး၊ ကိုရေအေး သတိရသွားသည်။ မတ်ဆုမိစံကို စကားပြောလျှင် အတိုဆုံးနှင့် အလွယ်ဆုံး မြန်မာစကားများသာ ပြောရပါမည်။

"မစုမေ"

"......"

"အင်္ဂလိပ်၊ ဗမာ၊ ဂျပန် စစ်တပ်တွေလာမယ်"

"လာမယ်ကာ့"

"ဟုတ်တယ် လာမယ်၊ မတ်ဆုမိစံကို ခေါ်လိမ့်မယ်"

"ဟင်... ချွန်မကို ဖမ်းမယ်ကာ့"

"ဖမ်းချင်လည်းဖမ်းမယ်၊ ဇာတိပြန်ပို့ချင်လည်း ပို့ကြလိမ့်မယ်"

"ဇာတိ၊ ဘာလဲ ဇာတိ၊ ဇာတိဆိုတာ ဘာလဲ"

ဝေါဟာရ လွယ်လွယ်ရွေးဖို့ မေ့သွားပြန်သည်။

"ဇာတိဆိုတာ ဂျပန်ပြည်လေ

"ဂျပန်ပြည် ပြန်ဖို့လား"

"ဟုတ်တယ်၊ မပြန်ပါနဲ့နော်"

မတ်ဆုမိစံ ခေါင်းငုံ့သွားသည်။

"ပြောလေကွယ်၊ မပြန်ပါဘူးလို့"

မတ်ဆုမိစံ မဖြေ။

"မစုမေရယ်၊ အစ်ကိုတို့ အတူတူနေကြရအောင်"

"အတူတူကာ့"

"ဟုတ်တယ်"

"ဒီအိမ်မှာ"

"ဒီအိမ်မှာ မဟုတ်ဘူးလေ၊ ဒီရွာမှာလည်း မဟုတ်ဘူး၊ ဟိုအဝေးကြီးကို ထွက်ပြေးကြရအောင်"

"ထွက်ပြေးတယ်ကာ့"

"ဟုတ်တယ်၊ အန္တရာယ်မရှိတဲ့ နေရာကို ပြေးကြမယ်"

"ဘာလဲ... အန္တရာယ်... ဘာလဲ" အန္တရာယ်ဆိုသော မြန်မာစကားလုံး ကို နားမလည်"

"အန္တရာယ်ဆိုတာ ဟို.. ဟိုလေ၊ ရန်သူပေါ့"

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကြည့်နေကြသည်။

"မစုမေရယ်၊ အစ်ကို မခွဲနိုင်တော့ဘူးကွယ်၊ လိုက်ခဲ့ပါနော်၊ လိုက်ခဲ့နော်၊ သွားကြမယ်"

မတ်ဆုမိစံ ငြိမ်နေသည်။

"ဖြေလေ... လိုက်မယ်မဟုတ်လား"

မတ်ဆုမိစံ နှုတ်ခမ်းလေးများက ပြုံးယောင်လာကြသည်။ ခေါင်းကို ဖြည်းဖြည်းညိတ်သည်။

ကိုရေအေးက မတ်ဆုမိစံ၏ အနားသို့တိုးကပ်ကာ ကိုယ်လုံးကလေးကို

သိမ့်ခနဲပါအောင် ဆွဲ၍ဖက်ကာ ပါးချင်းကပ်ထား လိုက်ပါတော့သည်။

■

မနက်ဖြန် သူတို့ လာကြမယ်ဆိုတော့ ဒီည ထွက်ကို ထွက်ကြမှဖြစ်မည်။ နေ့လယ်ဘက်မှာ ရွှေမောင်းတို့လူစုနှင့် ထပ်တိုင်ပင်သည်။ နောက်ဆုံး အစီအစဉ်တွေကို အသေးစိတ်ဆွဲသည်။ ပြီးတော့ အိမ်ပြန်ပြီး ပြင်ဆင်ရသည်။ ယူသွားမည့် ပစ္စည်းတွေ စဉ်းစားပြီး ရွေးထုတ်ရသည်။ နှစ်ယောက်စလုံး အတွက် အဝတ်အစား၊ အနွေးထည်၊ စောင်။ ရနိုင်သမျှ စုထားသော ဆေးဝါး၊ ငါးခြောက်၊ မီးခြစ်၊ ရေခွက်၊ ဓား၊ ဆန်၊ လက်လှမ်းမီသမျှကို သိုသိပ်စွာထည့်သည်။

အိမ်သားတွေ မရိပ်မိအောင် လုပ်ရသည်မို့ ရင်မောရပါဘိ။ သည်ည သန်းခေါင်ကျော်လျှင်ထွက်မည်။

■

"ရေအေး၊ ထမင်းစားပြီးပြီလား"

"ဟုတ်ကဲ့၊ စားပြီးပါပြီ အဖေ"

"လာကွာ... ဟိုဘက်ကို လမ်းလျှောက်ရအောင်"

ကိုရေအေးက ဦးလေးချစ်ကို ကြည့်သည်။ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။ ဦးလေးချစ်က ညနေဘက် လမ်းလျှောက်လေ့မရှိ။ သို့သော် ဘာမှ မမေးဘဲ တိတ်ဆိတ်စွာ လိုက်လာခဲ့သည်။

ဦးလေးချစ် ခြေလှမ်းများက ဝိသာခါစေတီကလေးဆီသို့ ဦးတည်နေ သည်။ နေဝင်ချိန် တိမ်တောက်၍ အနောက်ဘက်က နေခြည်ဖြာသော ညနေ ခင်းဆည်းဆာတွင် စေတီလေး၏ ရှုခင်းမှာ ရှုမဝအောင် လှပသာယာနေပါသည်။ ထီးတော်မှ လေတိုးတိုင်း လှုပ်ခတ်နေသော ဆည်းလည်းသံလေးများက ကြည်နူး ဖွယ်ကောင်းလှသည်။

စေတီတော်ကို ဦးချပြီး ရင်ပြင်ပေါ်မှာ ထိုင်ကြသည်။

"ဒီဘုရားကို မင်းသိလား"

'ဗျာ...'

အဆက်အစပ်မရှိသော မေးခွန်းကို ဘာဆိုလိုမှန်းမသိ။

"ဪ.... ဒီဘုရားအကြောင်း မင်း သိသလားလို့မေးတာ"

"ဟိုဒင်း... ဝိသာခါဘုရားလေ"

"အေး ဟုတ်တယ်၊ ဒီဝိသာခါဘုရားနဲ့ ဇရပ်ကြီးကို တည်ခဲ့တာ ကြာပြီပေါ့ကွာ၊ ကြာဆို ဟိုး... အင်္ဂလိပ်များ လက်ထက်ကပေါ့"

"ဟုတ်ကဲ့"

"အလှူရှင် ဘယ်သူလဲ သိလား"

"ဘုရားအစ်မကြီး ဒေါ်အိမ်သူပါ အဖေ"

"အေး... ဟုတ်တယ်၊ မအိမ်သူဟာ ဒီရွှေလက်ပံရွာသူပေါ့၊ အဖေတို့တော့ မမြင်ဖူးလိုက်ပါဘူး၊ အင်မတန်ကို ချောတယ်ဆိုပဲ၊ သူ့ဇာတ်လမ်းက သနားစရာပါကွာ၊ မင်း ကြားဖူးလား"

"မကြားဖူးသေးပါဘူး အဖေ"

"မအိမ်သူ့ ဂုဏ်သတင်းက ဒီနယ်တစ်လွှား ကျော်ကြားနေတဲ့အချိန်မှာ စပါးအရောင်းအဝယ်ကိစ္စနဲ့ ကုလားသူဌေးတစ်ယောက် ဒီရွာကို ရောက်လာတယ်၊ သူဌေးဆိုပေမယ့် သူဌေးက ခပ်ငယ်ငယ်၊ ဥပဓိရုပ် ကောင်းကောင်း၊ လူချောတစ်ယောက်ပဲတဲ့၊ ချမ်းသာလိုက်တာလည်း ကျိုကျိုတက် ပေါ့လေ၊ ဒါနဲ့ သူဌေးလေးက မအိမ်သူကို မျက်စိကျပါလေရော၊ တိုတိုပြောကြပါစို့ရယ်၊ သူတို့ချင်း ရင်းနှီးရာက မေတ္တာမျှလို့ လူကြီးစုံရာနဲ့ တောင်းရမ်းပြီး အကြောင်းပါကြလေရဲ့"

ဦးလေးချစ်က အသက်ရှူ၍ ခဏနားသည်။

"သျှောင်နောက်ဆံထုံးပါ ရန်းမဖယ်သာ ဆိုတာလိုပေါ့ကွာ၊ ဆင်ပြောင်ကြီး သွားရာနောက် ကောက်ကောက်ပါအောင် လိုက်ကြရတာက ဆင်မယဉ်သာ တို့ရဲ့ ထုံးစံကိုး၊ ဒါနဲ့ မအိမ်သူဟာ ဒီရွာကနေပြီး ကညွတ်ကွင်း၊ အဲဒီကနေပြီး ရန်ကုန်၊ အဲဒီနောက် အိန္ဒိယပြည်အထိ ရောက်ခဲ့သတဲ့၊ ဟိုရောက်တော့လည်း သူဌေးလေးက သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းပါရဲ့၊ ကြင်ကြင်နာနာလည်း ရှိပါရဲ့၊ ဒါပေမယ့် သူ့ခမျာ တစ်နေ့မှ မပျော်ရှာဘူးတဲ့"

မမြင်ဖူးသော မအိမ်သူဘဝကို မှန်းဆကြည့်သည်။

"နောက်တော့ သူတစ်ယောက်တည်း ရွာကိုပြန်ရောက်လာတယ်၊ စိတ်မချမ်းသာလို့နဲ့ တူပါရဲ့၊ အရင်ကလို ဝဝပြည့်ပြည့် စိုစိုပြည်ပြည်မဟုတ်တော့ဘူး၊ ပိန်လှီလို့၊ ဒါနဲ့ ရှိတာတွေ ထုခွဲရောင်းချပြီး ဒီဇရပ်နဲ့ ဒီဘုရားကို တည်တာပဲ၊ ရေစက်လည်းချပြီးရော သူယောကျ်ား လိုက်လာပါလေရော၊ ပြန်ခေါ်မယ်ဆိုပြီး ဂေါ်ရခါး ပုလိပ်တွေနဲ့ကိုလာတာ"

“ပြန်ပေါင်းသွားရောလား”

“ဘယ်ပေါင်းမလဲ၊ ထွက်ပြေးတာပေါ့၊ ပြေးရင်းက ချောင်းထဲကျပြီး အဲဒီမှာတင် အနိစ္စရောက်ရရှာတာပါပဲ”

“လိမ့်ကျသွားတာပေါ့နော်”

“တချို့ကပြောတော့လည်း ရေထဲခုန်ချသွားတယ် ပြောတာပါပဲ၊ အတိအကျတော့ မဆိုနိုင်ဘူး၊ ကြာပြီပဲလေ”

ရင်နှင့် ကြေကွဲစရာ ဇာတ်လမ်းကို မြင်ယောင်လာသည်။

“ဘုရားနဲ့ ဇရပ်ကြီးကို ဝိသာခါလို့ သူပဲ နာမည်ပေးသွားတာ၊ အဲဒီအဓိပ္ပာယ်ရော မင်း သိလား”

“ဟုတ်ကဲ့... ဟို... ဘုရားလက်ထက်က ရှိခဲ့တဲ့ ပုဗ္ဗာရုံကျောင်းအစ်မကြီး ဝိသာခါရဲ့ နာမည်ကိုယူပြီး မှည့်တာပါ”

“အေး... ဟုတ်တယ်၊ ဒါပေမယ့် ဒီထက်လေးနက်တဲ့ အဓိပ္ပာယ်တွေ ရှိသေးတယ်၊ ဘုရားလက်ထက်တော်အခါက သူဌေးသမီး ဝိသာခါဟာ တစ်ပြည်တိုင်းခြား သူဌေးသားတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့တယ်၊ ကျတော့ သူ့ယောကျ်ား တိုင်းပြည်ကို လိုက်သွားရာက မိစ္ဆာဒိဋ္ဌိ ယောက္ခမနဲ့ အဆင်မပြေ ဖြစ်ရတဲ့ အမျိုးသမီးပေါ့ကွာ၊ အဲဒီ အဓိပ္ပာယ်ကိုယူပြီး မှည့်ထားတာပဲ”

ဒီနေရာကိုလာပြီး ဒီသမိုင်းကို လှန်နေသော ဦးလေးချစ်၏ ဦးတည် ချက်က ထင်ရှားနေပါပြီ။ ကိုရေအေး ရင်ထဲက တင်းတင်းကျပ်ကျပ်ဖြစ်သည်။

“အဖေ ဆိုလိုတာကို ငါ့သားလည်း သဘောပေါက်မှာပါကွာ၊ အေး... ဃရာဝါသ၊ သမ္ဘန္ဓဟု၊ ကိစ္စများမြောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်သက်မွေး၊ ခြနှယ်မြေးသား၊ မှုရေးကြယ်စွာ၊ အဖြာဖြာတဲ့ တစ်မိသားနဲ့ တစ်မိသား ဖူးစာ ဆုံလို့ အကြောင်းပါကြတယ်ဆိုတာက ဘဝဘဝက ပါရမီရေစက်ရှိမှ ဖြစ်တာကွဲ့၊ အကြောင်းဆက်လို့ ပေါင်းဖက်ကြမယ်ဆိုရင်လည်း ဓလေ့စရိုက် အကြိုက်ဘာသာ အယူအဆ မျှကြဖို့လိုတယ်၊ မတူသရွေ့ကတော့ သီတင်းလွေ့လွေ့ ပေါင်းဖက် တွေ့ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး သားရယ်”

အရှည်ကြီးပြောလာရသဖြင့် ဦးလေးချစ်က ခဏနားသည်။

“ဂျပန်မလေး အဖေတို့အိမ်ပေါ် စရောက်ကတည်းက အဖေတို့ အကဲခတ် လာခဲ့တယ်၊ တစ်နေ့သောအခါ အိုးချင်းထား အိုးချင်းထိ လာနိုင်တယ်ဆိုတာ တွက်မိပါတယ်၊ အဲဒါကြောင့်လည်း အဖေ မင်းကို သတိပေးခဲ့ဖူးတယ်မဟုတ် လား”

"ဟုတ်ပါတယ် အဖေ

"ဒီကလေးမကို စိတ်နေစိတ်ထား၊ အသွားအလာ၊ အနေအထိုင် အစစအရာရာပေါ့လေ အဖေတို့ သဘောကျပါတယ်၊ တော်ရှာပါတယ်၊ ဣန္ဒြေရတယ်၊ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးပီသတယ်၊ ရုပ်ရည်ကလည်း ဘာမှ ပြောစရာမရှိဘူး"

"ဟုတ်ကဲ့"

"အေး... ဘယ်လိုတော်တော် ဘယ်လိုကောင်းကောင်း အရေးကြီးဆုံးအကြောင်းက ရှိနေတယ်ကွယ့်"

ဦးလေးချစ်က စကားကို ဆိုင်းထားသည်။

"ပြောပါ အဖေ"

"ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသူ ဖြစ်နေလို့ ရေရှည်မှာ အဆင်ပြေဖို့ဆိုတာ မဖြစ်နိုင်ပါဘူးကွယ်၊ ဒါကြောင့် အဖေ ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်တာပဲ"

အစိတ်စိတ်ကွာ၍ အမြွာမြွာကွဲကာ ပြိုကျလေပြီ။ ရင်ထဲက အဆောက်အအုံတို့ တစ်စစီ ပျက်စီးကုန်ပြီဟု ခံစားရသည်။

ပြေး၊ ပြေး၊ ဝေးဝေးလွတ်အောင် ဝေးဝေးပြေးနိုင်ပါမှ မဆွေးရမည့်ဘဝ။

"ငါ့သား သေသေချာချာ စဉ်းစားလေ၊ လူမျိုးချင်းကလည်း မတူဘူး၊ ဘာသာစကားချင်းကလည်း တခြားစီ၊ ဓလေ့စရိုက်ကလည်း ဘာမှမဆိုင်ဘူး၊ ကိုယ်တစ်သက်လုံး လက်တွဲသွားရမယ့် ဘဝခရီးဖော်ဆိုတာ ကိုယ့်လူမျိုးအချင်းချင်းပဲ ကောင်းပါတယ်ကွာ မဟုတ်ဘူးလား"

ဟုတ်ပါတယ် အဖေဟု ဝန်မခံလိုက်မိအောင် သတိထားကာ နှုတ်ဆိတ်နေလိုက်သည်။

"အဖေ ပြောတာ သဘောပေါက်လား'

"ပေါက်ပါတယ် အဖေ"

"အေးလေ၊ ငါ့သားလည်း ဉာဏ်ပညာ မနည်းပါဘူးကွာ၊ ဆင်ခြင်လိုက်ပါ"

စကားကို အနားသတ်၍ ဦးလေးချစ်က ထိုင်ရာမှ ထရပ်သည်။ ကိုရေအေးလည်း လိုက်ထသည်။

ရဲရဲနီသော နေဝန်းကြီးက အနောက်တောင်တကြောမှာ ငုပ်လျှိုးချေပြီ။ အိပ်တန်းတက်သည့် ငှက်ကလေးများလည်း ငြိမ်သက်စပြုလာသည်။ ပတ်ဝန်းကျင်မှာ မှောင်စပျိုးလာပြီ။

သားအဖနှစ်ယောက် ဘုရားကုန်းပေါ်မှ တိတ်ဆိတ်စွာ ဆင်းလာကြသည်။ လမိုက်ညဦး၏ ညို့ညို့မှောင်မှောင်ထဲမှာ ဝိသာခါစေတီကလေးက ထီးထီးကျန်ရစ်ခဲ့ပါသည်။

■

တစ်ရွာလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

ရွာလူကြီးပိုင်းမှာ အလုပ်များနေသည်။ ဂျပန်စစ်သားများကို လိုက်လံရှာဖွေကာ စုရုံးခေါ်ယူသော တပ်ဖွဲ့က ရွှေလက်ပံရွာကို ဒီနေ့မနက် အစောကြီးမှာ ရောက်လာကြသည်။ ချောင်းရိုးတစ်လျှောက် တွေ့လာသော ဂျပန်စစ်ဗိုလ်စစ်သားများ မော်တော်ပေါ်မှာ ပါလာကြသည်။

ရွာခံလူကြီးများက နေရာပေး၍ မျိုးချစ်ပြောက်ကျားများက ထိန်းသိမ်းခဲ့ရသော ရွှေလက်ပံရွာရောက် ဂျပန်စစ်သားများကို ခေါ်ထုတ်လာကြသည်။ ရွာလယ်လမ်းကိုဖြတ်ကာ ရွာအရှေ့ဘက်ရှိ လှေဆိပ်သို့ ပို့ကြသည်။ ကလေး လူကြီး တသီကြီး နောက်ကလိုက်ကြသည်ကလည်း ဘုရားပွဲလှည့်သည့်ပမာပင်။

ဆူဆူညံညံ လူသံ၊ ခွေးသံ၊ ကလေးသံတို့ဖြင့် တစ်ရွာလုံး စီစီညံနေသည်။ လှေဆိပ်သို့ လာပို့သော ဂျပန်များကို ဗမာ့မျိုးချစ်တပ်မတော်မှ တာဝန် ရှိသူများနှင့် အင်္ဂလိပ်စစ်ဗိုလ်အချို့က ကမ်းစပ်မှစောင့်ကာ လက်ခံယူကြသည်။ နာမည်၊ ကိုယ်ပိုင်အမှတ်၊ ရာထူး စသည်များကိုမေးကာ စာရင်းသွင်းကြသည်။

ရွာက အမျိုးသမီးတစ်သိုက်ကမူ မော်တော်နှင့် ရောက်လာကြသူများကို အကျွေးအမွေးများနှင့် ဧည့်ခံနေကြသည်။ ရွာကျောင်း ဆရာတော်နှင့် ရွာသူကြီးများက ဧည့်သည်အရာရှိများနှင့် ရေဆိပ်မှာ စကားပြော နေကြသည်။

လှေဆိပ်မှာ ပွဲတော်တမျှ စည်ကားနေကြပါသည်။

ရွာသူရွာသားများ ပျော်ရွှင်နေကြသည်။ စစ်ကြီးလည်း ပြီးပါပြီ။ ဖက်ဆစ်တွေလည်း ပြန်ကြတော့မည်။ တိုင်းကားပြည်ရွာ သာယာအေးချမ်း ပွင့်လန်းလာတော့မည်။

မော်တော်ပေါ်မှ ဂျပန်တွေကမူ စိတ်ဓာတ်အကျကြီးကျနေကြသည်။

ခွေသူခွေ၊ မှီသူမှီ၊ လှဲသူလှဲနှင့်။ အားနည်းနေသူများ နေမကောင်းဖြစ်နေသူများ ဒဏ်ရာရထားသူများလည်း ပါသည်။

သူတို့အားလုံး စစ်ကြီးရှုံး၍ ယူကျုံးမရ အရှက်ရနေကြသည်။

ရွှေလက်ပံရွာမှ ထိန်းသိမ်းထားခဲ့သော ဂျပန်စစ်သားအစု၏ ခေါင်းဆောင်ဗိုလ်က ရွာလူကြီးများကို နှုတ်ဆက်နေသည်။ အံ့သြစရာ ကောင်းလောက်သည့် မေတ္တာ၊ အကြင်နာတရားများနှင့် မိမိတို့ကို နေရာပေး ကျွေးမွေးဆေးကုပြုစု စောင့်ရှောက်ခဲ့ကြသည်များကို တစ်သက်တာ ကျေးဇူးတင်၍ မဆုံးတော့ပါကြောင်း ကျေးဇူးစကားကို စကားပြန်မှတစ်ဆင့် ပြောသည်။

ဗိုလ်လုပ်သူက မော်တော်ပေါ်တက်ခါနီး ဗမာ့မျိုးချစ်တပ်မတော် အရာရှိများနှင့် အင်္ဂလိပ်အရာရှိများကို အလေးပြုရုံသာမက ရွာသူကြီးတွေကိုပါ အလေးပြုသည်။ သူ့နောက်က ရဲဘော်များကလည်း သူ့နည်းတူစွာ ရွာလူကြီး များကို အလေးပြုသွားကြသည်။

သူတို့အားလုံး မော်တော်ပေါ်ရောက်ကြသည်။

ထိုအခိုက် နောက်နားဆီက အုတ်အုတ်ကျက်ကျက် အသံတွေ ကြားရသည်။ ပြီးတော့ လူတချို့ ဘေးသို့ရှဲပေးလိုက်ကြသည်ကို တွေ့ရ၏။ ရွာလူကြီး တွေက လှမ်းကြည့်လိုက်ကြသည်။

ကိုရေအေးနှင့် မတ်ဆုမိစံ။

ရေဆိပ်သို့ တဖြည်းဖြည်း လျှောက်နေကြသည်။

တစ်ယောက်က တစ်ယောက်ကို လက်တို့ပြရင်း လူတွေအားလုံး၏ မျက်လုံးအစုံတို့မှာ သူတို့နှစ်ယောက်ထံ စုပြုံရောက်သွားကြသည်။ သူတို့နှစ်ယောက်က လူအုပ်ကြားမှာ ဣန္ဒြေရရ ခြေလှမ်းမှန်မှန် လျှောက်လာကြသည်။ လူတိုင်းက သူတို့နှစ်ယောက်ကိုသာ လိုက်ကြည့်ကာ အာရုံစိုက်နေကြသည်။

အိုးခွက်ပန်းကန်နှင့် အကျွေးအမွေး ဝေယျာဝစ္စ လုပ်ကိုင်နေကြသော ရွာမိန်းကလေးတစ်သိုက်ထဲမှ မအေးလှနှင့် ခိုင်ထွေးစိန်တို့ ပြေးထွက် လာကြသည်။ မတ်ဆုမိစံ အနားသို့ သွားကြသည်။

စောစောက ဆူညံနေသော အသံဗလံတွေက တဖြည်းဖြည်း တိတ်ဆိတ် သွားကြသည်။ လူအုပ်ကြီး၏ ထူးခြားမှုကြောင့် မော်တော်ပေါ်မှ ဂျပန်များက ခေါင်းထောင်ကြည့်ကြသည်။ ရေစပ်မှာ ရပ်နေသော လူကြီးတွေကလည်း စကား

ပြောရပ်ကာ လှမ်းကြည့်နေကြသည်။

ကိုရေအေးက ပုဆိုးကွက်ကျဲနှင့် ဖျင်ကြမ်းအင်္ကျီတို့ကို ဝတ်ဆင်ထားသည်။

မတ်ဆုမိစံက မြန်မာအမျိုးသမီးဝတ်စုံကို ဆင်မြန်းထားသည်။ ရင်ဖုံး၊ ပင်နီ၊ ယောထဘီနှင့်။

မြန်မာလို သေသပ်စွာ ဝတ်ဆင်ထားသော်လည်း မော်တော်ပေါ်မှ ဂျပန်များက အဝေးမှမြင်သည်နှင့် နီပွန်သူတစ်ဦးဖြစ်ကြောင်း သိလိုက်ကြသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

မတ်ဆုမိစံက ဦးလေးချစ်ကို ဦးသုံးကြိမ် ရိုသေစွာ ကန်တော့သည်။ နှုတ်က တစ်စုံတစ်ရာ ဘာမှမပြောသော်လည်း မျက်ဝန်းထဲမှာ မျက်ရည်ဝဲနေသည်။ ဦးလေးချစ်က ဆုတွေပေးသည်။

ပြီးတော့ ကိုရေအေးဘက်လှည့်သည်။ မတ်ဆုမိစံက ကိုရေအေးကို မြေပြင်မှ ကန်တော့သည်။ ပြန်ထလိုက်တော့ မတ်ဆုမိစံ မျက်ဝန်းမှ မျက်ရည်တွေက ထိန်းမရ။ တလိမ့်လိမ့် စီးကျလာသည်။

မတ်ဆုမိစံက မအေးလှနှင့် ခိုင်ထွေးစိန်တို့ကို နှုတ်ဆက်သည်။

ကိုရေအေးက မတ်ဆုမိစံကိုကြည့်ရင်း စိတ်ကို တင်းထားသည်။

မတ်ဆုမိစံက ကိုရေအေးရှေ့မှာ ရပ်စကားပြောဖို့ ကြိုးစားသည်။ ဆို့နင့်သောရင်မှ စကားလုံးတို့က ထွက်လာနိုင်စွမ်း မရှိကြတော့ပြီ။ နီထွေးသော နှုတ်ခမ်းလေးများကသာ တဆတ်ဆတ် တုန်နေကြသည်။

'တူ... တူ'

မော်တော်ဥသြသံက ခွဲကြရတော့မည်ကို သတိပေးလိုက်သလို ပေါ်ထွက်လာသည်။ သခင်ကံသာက မတ်ဆုမိစံအကြောင်းကို အရာရှိများအား အင်္ဂလိပ်စကားဖြင့် ရှင်းပြနေသည်။

မတ်ဆုမိစံက ကိုရေအေးကို စေ့စေ့ကြည့်သည်။

"ဆာယိုနာရာ..."

နှုတ်ဆက်ခဲ့ပါတယ် အချစ်ရယ်၊ မွေးရပ်ဌာနေ ဂျပန်မြေကို ပြန်ရပေမယ့် ကျွန်မ လိပ်ပြာက သခင့်ဆီမှာပါကွယ်...

"မစုမေ သွားတော့နော်"

တုန်ယင်သောအသံကို ဟန်လုပ်ကာထိန်းရင်း အနည်းဆုံးသော စကားလုံးများဖြင့်သာ ကိုရေအေး နှုတ်ဆက်မိပါသည်။ ရင်ထဲမှာမူ ကျောက်ဆောင်ကမ်းပါးယံကြီးများ ပဲ့ကြွေကာ ပြိုကျနေသည့်နှယ် ခံစားရသည်။

ကိုရေအေး နှုတ်ဆက်ပြီးတော့မှ မတ်ဆုမိစံ လှည့်ထွက်လာခဲ့သည်။

ကုန်းဘောင်ထိပ်မှာ ရပ်စောင့်ကြိုဆိုနေသော အရာရှိကို သူမ ဘယ်သူဘယ်ဝါဖြစ်ကြောင်း သတင်းပို့သည်။

မတ်ဆုမိစံ မော်တော်ပေါ်တက်သွားသောအခါ လူစုံပြီ။ ရွာလူကြီးများနှင့် အရာရှိများ နှုတ်ဆက်ကြသည်။ ရွာသူရွာသားများနှင့် ဂျပန်များ အပြန်အလှန် လက်ပြနေကြသည်။

ကုန်းဘောင်တံတား ဖျဉ်ပြားရှည်ကို ရွာကမ်းခြေမှ နှုတ်ဆက်လိုက်ကြသောအခါ ကိုရေအေးရင်မှ အသည်းဆိုင် အူအဆုတ်တို့ကို ဆွဲယူနုတ်လိုက် သလိုခံစားရသည်။

မော်တော်က ကမ်းမှခွာလေပြီ။

လူအုပ်ကြားမှာ ယောက်ျားမျက်ရည် မကျရလေအောင် စိတ်ကိုတင်းကာ ထိန်းထားရသည်။

ကိုရေအေး နာကျင်တုန်ယင်သော လက်များဖြင့် ခွဲခွာနှုတ်ဆက် လက်ဖှေ့ယမ်းပြသည်။ မအေးလှတို့ ခိုင်ထွေးစိန်တို့မှာ ကျလာသော မျက်ရည်ကိုသုတ်ရင်း လက်ပြကြသည်။

မော်တော်လက်ရမ်းကို တင်းတင်းဆုပ်ကာ အံကြိတ်လျက် မတ်ဆုမိစံက ကိုရေအေးထံ လှမ်းကြည့်သည်။ မျက်ရည်မိုးတို့က ဖြိုးဖြိုးဖြိုင်ဖြိုင် ရွာလေသဖြင့် မြင်ကွင်းတို့က မပီသတော့။ ကိုရေအေးက ကမ်းခြေမှာရပ်လျက် မော်တော်ပေါ်မှာ ပါသွားသော မတ်ဆုမိစံကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေသည်။ ဘေးပတ်ဝန်းကျင်မှ လူသံများကို သူ မကြားတော့။ မော်တော်စက်သံကသာ သူ့ရင်ထဲမှာ ဒိန်းဒိန်း မြည်နေသည်။

သူ ရပ်ကာ အကြာကြီးငေးနေစဉ်မှာပင် ချောင်းရိုးတစ်လျှောက် မော်တော်လေးက တဖြည်းဖြည်း ဝေးဝေးကာ သေးသေးသွားလေတော့သည်။

ကိုကိုလေး

WHISPER of WORDS
Subscribe Telegram Channel

https://t.me/TheBookR